သာသနဿစ လောကဿ ဝုဍ္ဎိဘာဝတုသဗ္ဗဒါ။

# ဘုန်းတော်ကြီးကျောင်းများတွင်
# တိုင်းရင်းဘာသာပညာသင်ကြားမှု စုံစမ်းရေးအဖွဲ့၏
# အစီရင်ခံစာ
# နှင့်
# ဩဝါဒါစရိယဆရာတော်များ၏
# ဩဝါဒကထာ။

Report of the National Education in Buddhist Monasteries Enquiry Committee.

RANGOON
SUPDT., GOVT. PRINTING AND STATIONERY, BURMA
1948

Price.—Rs. 1-4-0.]

## LIST OF AGENTS FOR THE SALE OF GOVERNMENT OF THE UNION OF BURMA PUBLICATIONS.

### IN BURMA.

AMERICAN BAPTIST MISSION PRESS, Rangoon.
BRITISH BURMA PRESS BRANCH, Rangoon.
BURMA BOOK CLUB, LTD., Rangoon.
CITY BOOK CLUB, Rangoon.
CONTINENTAL TRADING CO., Moulmein.
MAUNG LU GALE, Law Book Depôt, Mandalay.
MESSRS. K. BIN HOON & SONS, Nyaunglebin.
NEW LIGHT OF BURMA PRESS, Rangoon
PROPRIETOR, THU DHAMA WADI PRESS, Rangoon.

### IN INDIA.

BOOK CO., LTD., No. 4/4A, College Square, Calcutta.
BUTTERWORTH & CO. (India), LTD., Phonix Building, Graham Road, Ballard Estate, Bombay.
CITY BOOK CO., Post Box No. 283, Madras.
D. B. TARAPOREVALA, SONS & CO., Bombay.
HIGGINBOTHAM & CO., Madras.
MESSRS. SAMPSON WILLIAM & CO., Cawnpore, United Provinces.
MR. RAM NARAIN LAL, Proprietor, National Press, Katra, Allahabad.
S. K. LAHIRI & CO., NO. 56, College Street, Calcutta.
THACKER, SPINK & CO. (1933), LTD., No. 3, Esplanade East, Calcutta.
THACKER & CO., LTD., Bombay.
W. NEWMAN & CO., Calcutta.

### IN EUROPE AND AMERICA.

The publications are obtainable either direct from THE HIGH COMMISSIONER FOR INDIA, Public Department, India House Aldwych, London, W.C. 2, or through any bookseller.

ပ၁၈၉၁

သာသနဿစ လောကဿ ဝုဍ္ဎိဘဝတုသဗ္ဗဒါ။

# ဘုန်းတော်ကြီးကျောင်းများတွင်
# တိုင်းရင်းဘာသာပညာသင်ကြားမှု၊ စုံစမ်းရေးအဖွဲ့၏
# အစီရင်ခံစာ
# နှင့်
# ဩဝါဒါစရိယဆရာတော်များ၏
# ဩဝါဒကထာ။

---

RANGOON
SUPDT., GOVT. PRINTING AND STATIONERY, BURMA
1948

# မာတိကာ။

## ပဌမကဏ္ဍ—နိဒါန်း။

## ဒုတိယကဏ္ဍ—ရာဇဝင်။


မြန်မာဘုရင်များ၏လက်ထက်တော်။ ... ... ... ၁၉-၂၁။

ဗြိတိသျှအစိုးရ၏လက်ထက်တော်။

(က) အစိုးရအရှိများ၏ခေတ်။ ... ... ... ၂၁-၂၂။

(ခ) ကျောင်းအဖွဲ့များ၏ခေတ်။ ... ... ... ၂၂-၂၆။

အမျိုးသားအစိုး၏ဝါဒ။ ... ... ... ၂၆-၀၀။


## တတိယကဏ္ဍ—ဝိတ္ထာရဝိနိစ္ဆယ။


မေးခွန်းနံပါတ် ၁။ ... ... ... ... ၂၆-၂၈။

မေးခွန်းနံပါတ် ၂။ ... ... ... ... ၂၈-၀၀။

ဘုန်းတော်ကြီးကျောင်းများ၌ စာသင်ရခြင်း၏အဘိုးတန်ပုံ။ ... ... ၂၈-၂၉။

လျှောက်ထားတောင်းပန်သင့်ကြောင်း။ ... ... ... ၂၉-၃၀။

ယောကျ်ားကလေးများအတွက်သာ တောင်းပန်သင့်ကြောင်း။ ... ၃၀-၃၁။

မိန်းမကလေးများအတွက်ချွင်းချက်။ ... ... ... ၃၁-၀၀။

မြန်မာကျောင်းဆရာများ၏အကျိုး။ ... ... ... ၃၁-၃၂။

လျှောက်ရန်တာဝန်နှင့်လျှောက်ပုံ။ ... ... ... ၃၂-၃၄။

သင်ရိုးသင်တမ်း။ ... ... ... ... ၃၄-၀၀။

ဗုဒ္ဓဘာသာသင်ခန်းစာ။ ... ... ... ၃၄-၃၅။

ကျောင်းသားများတရားနာကြရန်။ ... ... ... ၃၅-၃၆။

လောကဓါတ်ပညာ။ ... ... ... ... ၃၆-၀၀။

အစမ်းသာလျှင် အသိအမှတ်ပြုရန်မလိုကြောင်း။ ... ... ၃၆-၀၀။

မေးခွန်းနံပါတ် ၃။ ... ... ... ... ၃၆-၃၇။

မေးခွန်းနံပါတ် ၄။ ... ... ... ... ၃၇-၃၈။

မေးခွန်းနံပါတ် ၅။ ... ... ... ... ၃၈-၃၉။

မေးခွန်းနံပါတ် ၆။ ... ... ... ... ၃၉-၄၁။

မေးခွန်းနံပါတ် ၇။ ... ... ... ... ၄၁-၄၂။

အခြေခံသဘော။ ... ... ... ... ၄၂-၀၀။

ကျောင်းသုံးပရိဘောဂနှင့်စာသင်ကိရိယာတန်ဆာ။ ... ... ၄၂-၄၃။

သုံးလတကြိမ်အလှူတော်။ ... ... ... ၄၃-၄၆။

ထမ်းစရိတ်အထောက်အပံ့။ ... ... ... ၄၆-၄၇။

ကျောင်းအုပ်။ ... ... ... ... ၄၇-၄၈။

ဗုဒ္ဓဘာသာသင်ခန်းစာ။ ... ... ... ၄၈-၀၀။

လက်ထောက်ဆရာ။ ... ... ... ... ၄၈-၅၂။

မေးခွန်းနံပါတ် ၈။ ၅၂-၅၃။

အုပ်ချုပ်ရန်။

စည်းကမ်းဥပဒေများသီးခြားထုံးဖွဲ့ရန်။ ... ... ... ၅၃-၅၉။

မေးခွန်းနံပါတ် ၉။ ... ... ... ... ၆၀-၀၀။

မေးခွန်းနံပါတ် ၁၀။ ... ... ... ... ၆၁-၀၀။

မေးခွန်းနံပါတ် ၁၁။ ... ... ... ... ၆၀-၆၁။

မေးခွန်းနံပါတ် ၁၂။ ... ... ... ... ၆၁-၀၀။
မေးခွန်းနံပါတ် ၁၃။ ... ... ... ... ၆၁-၀၀။
မေးခွန်းနံပါတ် ၁၄။ ... ... ... ... ၆၂-၆၃။
မေးခွန်းနံပါတ် ၁၅။ ... ... ... ... ၆၄-၀၀။
မေးခွန်းနံပါတ် ၁၆။ ... ... ... ... ၆၄-၆၅။
ရာဇဝတ်ရုံးများ။ ... ... ... ... ၆၅-၀၀။
တရားမရုံးများ။ ... ... ... ... ၆၅-၆၆။
ဒေသန္တရရုံးများ။ ... ... ... ... ၆၆-၀၀။
(က) မြူနီစီပါယ်အက်ဥပဒေ။ ... ... ... ၆၆-၆၇။
(ခ) ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေးအက်ဥပဒေ။ ... ... ၆၇-၀၀။
အခြားရုံးများ။
မေးခွန်းနံပါတ် ၁၇။
အခြားအကြံဥာဏ်များ။
(၁) အသိအမှတ်ပြုပြီးဘုန်းတော်ကြီးစာသင်ကျောင်းများ။ ... ... ၆၀-၆၉။
(၂) မိန်းကလေးကျောင်းများ။ ... ... ... ၆၉-၀၀။
(၃) ဘဏ္ဍာရေး။ ... ... ... ... ၆၉-၇၀။
(၄) အရေးပိုင်မင်းများ၏အတိုင်ပင်ခံအဖွဲ့များ။ ... ... ၇၀-၀၀။
(၅) ပညာသင်စရိတ်ထောက်ပံ့ခြင်း။ ... ... ... ၇၀-၀၀။
(၆) စတုတ္ထဘန်းနှင့်အလွတ်ပညာသင်ဘုန်းကြီးကျောင်းသားများ။ ... ၇၀-၀၀။
(၇) မူလတန်းပညာအက်ဥပဒေနှင့်ဘုန်းကြီးကျောင်းသားများ။ ... ၇၁-၀၀။
(၈) မူလတန်းကျောင်းများ၊ အထက်တန်းကျောင်းများနှင့်ဗုဒ္ဓဘာသာသင်ခန်းစာ။ ၇၁-၀၀။
(၉) ဩဝါဒကထာနှင့်အစီရင်ခံစာကို လှူဒါန်းဝေငှရန်နှင့်ပေါ်ပေါ်ရောင်းရန်။ ၇၁-၇၂။

စတုတ္ထကဏ္ဍ—သခေပဝိနိစ္ဆယ။ .... ၇၂-၈၁။

ပဥ္စမကဏ္ဍ—နိဂုံး။ .... ... ၈၁-၈၃။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သာသနဿစ လောကဿ ဝုဍ္ဎိဘဝတုသဗ္ဗဒါ။

# ပဌမကဏ္ဍ——နိဒါန်း။

## ဩဝါဒါစရိယအဖြစ်လက်ခံ၍ချီးမြှောက်တော်မူကြရန်လျှောက်ထားခြင်း။

မြန်မာပြည်အစိုးရမင်းတို့သည် ဘုန်းတော်ကြီးစာသင်ကျောင်းများတွင် တိုင်းရင်းဘာသာ ပညာသင်ကြားမှုစုံစမ်းရေးအဖွဲ့ကိုမဖွဲ့စည်းမီ၊ ထိုအဖွဲ့၏ဩဝါဒါစရိယများ၏အဖြစ်ကို လက်ခံ၍ ချီးမြှောက်တော် မူကြ ပါရန် ဂိုဏ်းပေါင်းစုံ ဆရာတော်ဘုရား များကို အောက်ပါ အတိုင်း လျှောက်ထားတော်မူလေသည်။

"တပည့်တော်ပညာရေးဝန်ကြီးချုပ် မောင်ဘရင် ရှိခိုးလျှောက်ထားပါသည် ဆရာတော် ဘုရား။

မြန်မာနိုင်ငံတော်ရှိ ကလေး သူငယ် အမြောက် အမြား တို့မှာ၊ ဘုန်းတော်ကြီး စာသင် ကျောင်းများတွင် ပညာသင်ယူဆည်းပူးကြသည့် ရှေးမြန်မာထုံးတမ်းအစဉ်အလာကို ပြန်လည် ပေါ်ထွန်းစေခြင်းငှါ၊ နည်းလမ်းများရှာဖွေရန်ရည်ရွယ်လျက်၊ မြန်မာနိုင်ငံတော်အစိုးရမင်းတို့က လူကော်မီတီတခုနှင့် (ထိုကော်မီတီကိုအကြံပေး ဉာဏ်ပေးပြုလုပ်ရန်အလို့ငှါ) ဩဝါဒါစရိယ အဖွဲ့တခုခန့်ထားရန် ကြံရွယ်ပါသည်ဘုရား။ ပညာရေး၊ ဗုဒ္ဓဘာသာ သာသနာတော်ရေးနှင့် အမျိုးသားကြီးပွါးရေးအကျိုးအလို့ငှါ၊ အဆိုပါထုံးတမ်းအစဉ်အလာကိုပြန်လည်ပေါ်ထွန်းစေရန် လွန်စွာလိုအပ်သည်ဟုတင်မြင်သည်ဖြစ်ရာ၊ ယင်းသို့ပြန်လည်ပေါ်ထွန်းစေရန်အရေးကို အစိုးရ မင်းတို့ကဖြစ်စေ၊ ရပ်ကွက်ဆိုင်ရာပညာရေးအာဏာပိုင်တစုံတရာကဖြစ်စေ၊ မည်သည့် အတင်း အကြပ်တိုက်တွန်းမှုမျိုး တစုံတရာမျှမပြုမလုပ်ဘဲ၊ သံဃာတော်များနှင့်တကွ ဗုဒ္ဓဘာသာဝင် ပြည်သူအပေါင်းတို့၏အသိပညာထိုးထွင်းစွာစေတနာစိတ်ထားလျက် ဝိုင်းဝန်းရိုင်းပင်းခြင်းဖြင့်၊ ဖြစ်ထွန်းပြီးမြောက်အောင်ဆောင်ရွက်ရန်ကြံရွယ်ပါသည်ဘုရား။ အထက်ဆိုရာပါထုံးတမ်းအစဉ် အလာ ပြန်လည်ပေါ်ထွန်းခြင်း လိုလားအပ်ကြောင်းကို သံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင် ပြည်သူအပေါင်းတို့ ဂရုပြုစေခြင်းငှါ ညွှန်ကြားရန်မှစ၍၊ ဤပြန်လည်ပေါ်ထွန်းစေရန်အရေးကို ဖြစ်မြောက်အောင်ဆောင်ရွက်ရန်အတွက် အစိုးရမင်းတို့က ၎င်းတို့နှင့်ဝိုင်းဝန်းပူးပေါင်းဆောင် ရွက်နိုင်မည့်အထိ နောက်ဆုံးနည်းလမ်းကိုရှာဖွေရန်အလို့ငှါ၊ ဤကိစ္စတွင်အစိုးရမင်းတို့က စတင် စီမံရပါသည်ဘုရား။

ဩဝါဒါစရိယအဖွဲ့တွင် အောက်ပါဆရာတော်များပါဝင်ဘွယ်ရာရှိပါသည်ဘုရား။

(၁) မန္တလေးမြို့၊ သုဓမ္မာ ဆရာတော် အဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂ မဟာပဏ္ဍိတ ရွှေဂူကြီး ဆရာတော်။

(၂) ရန်ကုန်မြို့၊ သာသနာ့ဝုဍ္ဎိမဟာနိကာယ သံဃာ့အဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ မင်္ဂလာဇေယျုံဆရာတော်။

(၃) ပါဠိ ပညာသင်ကြားရေးအဖွဲ့ နာယက ဆရာတော်တို့၏ ဥက္ကဋ္ဌ၊ အဂ္ဂမဟာ ပဏ္ဍိတ ဆရာတော်ဦးခန္တီ။

(၄) မန္တလေးမြို့၊ အဂ္ဂမဟာပဏ္ဍိ အဘယာရာမဆရာတော် ဦးအဂ္ဂဓမ္မ။

(၅) ဝန်ကြီးချုပ်ဆရာတော်က အမည်တင်မြှောက်ခန့်ထားသည့် ဆရာတော်တပါး။

(၆) တောင်ငူမြို့ မြန်မာနိုင်ငံတော် ဗုဒ္ဓဘာသာနော်မံကျောင်း၊ ကျောင်းအုပ်ဘုန်းတော်ကြီးဦးလက္ခဏ။

လူကော်မီတီတွင် အောက်ပါလူကြီးများ ပါဝင်ဘွယ်ရာရှိပါသည်ဘုရား။

(၁) ရန်ကုန်မြို့၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌ၊ ရွှေတိဂုံဘုရားကြီးဘဏ္ဍာတော်ထိန်း ဝတ်လုံတော်ရဦးသိမ်းမောင်၊ အမ်၊အေ။ အလ်၊အလ်၊ဘီ။ ဥက္ကဋ္ဌ။

(၂) ပါဠိပညာ သင်ကြားရေးအဖွဲ့ ဥက္ကဋ္ဌ၊ အောက်လွှတ်တော်အမတ် ဒေါက်တာသိန်းမောင်၊ ဘီ၊အေ။ အမ်၊အမ်၊အက် (ဒ်)။

(၃) မန္တလေးမြို့၊ ပရိယတ္တိသာသနာ့ဟိတအသင်းဥက္ကဋ္ဌ၊ ဦးကျော်။

(၄) ရန်ကုန်မြို့၊ စေတိယင်္ဂဏအသင်းဥက္ကဋ္ဌ၊ ဦးဘိုးသောင်း၊ အေ၊တီ၊အမ်။

(၅) မန္တလေးမြို့၊ သာသနာ့ရက္ခိတ အသင်း ဥက္ကဋ္ဌ၊ အထက်လွှတ်တော် အမတ်ထိပ်တင်ဖြူ၊ အို၊ဘီ၊အီး။ ကေ၊အက် (စ်) အမ်။

(၆) အောက်ချင်းတွင်းအနောက်ပိုင်းအတွက်အောက်လွှတ်တော်အမတ်ဦးဘတင်။

(၇) တောင်ငူတောင်ပိုင်းအတွက် အောက်လွှတ်တော် အမတ်ဦးဘ။

(၈) ရန်ကုန်မြို့၊ အမျိုးသားကျောင်း ပညာဝန်ဦးဘိုးကျား။

(၉) ရန်ကုန်တက္ကသိုလ် အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း။

(၁၀) မြန်မာနိုင်ငံပညာဝန်ထမ်းပဋ္ဌမတန်း ဦးစိန်ရွက်၊ စက္ကရီတေရီ။

ဩဝါဒါစရိယအဖွဲ့ဝင်တဦးအဖြစ် ပါဝင်ချီးမြှောက်ရန် သဘောတူတော်မူလျက်၊ အစိုးရမင်းတို့အား ဗုဒ္ဓဘာသာ သာသနာတော်အကျိုးနှင့် မြန်မာတိုင်းရင်းဘာသာပညာရေးအကျိုးတို့ကို သည်ပိုးရွက်ဆောင်ရာတွင် ဆရာတော်သည် အစဉ် သနားသောအားဖြင့်၊ ရိုင်းပင်းကူညီပါလျှင်၊ တပည့်တော်အလွန်ပင် ကျေးဇူးဥပကာယတင်ပါမည်ဘုရား။

ပြန်ကြားစာကို ဆောလျင်စွာ ပေးပို့ချီးမြှင့်ပါမည့်အကြောင်း ရိုသေစွာ လျှောက်ထားပါသည်ဘုရား။''

## ကော်မီတီအဖွဲ့နှင့်ဩဝါဒါစရိယအဖွဲ့ကိုဖွဲ့စည်းခြင်း။

ထိုသို့လျှောက်ထား၍၊ ဆရာတော်ဘုရားများသည်၊ ဩဝါဒါစရိယဆရာတော်များအဖြစ် ချီးမြှောက်ကြရန် သဘောတူညီသောအခါမှ အောက်ပါပြဋ္ဌာန်းချက်ဖြင့် စုံစမ်းရေးကော်မီတီအဖွဲ့ကိုင်း၊ ဩဝါဒါစရိယဆရာတော်များ၏အဖွဲ့ကိုင်း၊ ဖွဲ့စည်းတော်မူလေသည်။

မြန်မာနိုင်ငံတော်တွင် မူလတန်းပညာကိုမသင်မနေရ၊ အခလွှတ်လည်း သင်ရအောင်၊ ဆောလျင်နိုင်သမျှဆောလျင်စွာ ပြုလုပ်ရန်ဝါဒအရ၊ မြန်မာနိုင်ငံတော် အစိုးရမင်းတို့ကအသေအချာဆောင်ရွက်တော့မည်ဟု သဘောထားပြီးဖြစ်ပါကြောင်း။ ဗုဒ္ဓဘာသာရဟန်းသံဃာတော်တို့မှာ ဦးရေအင်အားရှိခြင်း၊ တိုင်းသူပြည်သားတို့အပေါ်၌ ဩဇာတိက္ကမရှိခြင်း၊ မရေမတွက်နိုင်အောင်များလှသော ကျောင်းအဆောက်အဦးများရှိခြင်း၊ ပညာသင် ကျောင်းသားအရွယ်ဆင်းရဲနွမ်းပါးသောကလေးသူငယ်တို့အား ခိုကိုးရာဌာန၊ စားရေးသောက်ဘွယ်တို့ကိုပေးကမ်းနိုင်စွမ်းရှိခြင်းများကြောင့်၊ မြန်မာနိုင်ငံတော်တွင် မူလတန်းပညာကို အခမဲ့အနှံ့အပြား မသင်မနေရဖြစ်အောင် ပြုလုပ်စီမံချက်၏ထမြောက်အောင်မြင်ရာအောင်မြင်ကြောင်းအလို့ငှါ၊ အဘိုးအနဂ္ဃထိုက်တန်သော အကူအညီဖြစ်နိုင်သည်ဟု ကစိုးရမင်းတို့ယုံကြည်မြော်ကိုးသဖြင့်၊ မြန်မာအမျိုးသားစာပေပညာပြန့်ပွါးထွန်းကားစိမ့်သောငှါ၊ ရဟန်းသံဃာတော်တို့၏ စွမ်းအားဥဿုံပေါင်းဆုံဆောင်ရွက်ခြင်းကို ခံယူရရှိရန်ဘည်းဟူသော ထပ်ဆင့်ဝါဒအရလည်း၊ မြန်မာနိုင်ငံတော်အစိုးရမင်းတို့က ဆောင်ရွက်ကြတော့မည်ဖြစ်ပါကြောင်း။

## ပညာရေးဌာနအတွင်းဝန်၏အမှာတော်စာ။

ထိုအဖွဲ့အစည်းများကို ဖွဲ့စည်းတော်မူပြီးသည့်နောက်၊ မြန်မာနိုင်ငံတော် အစိုးရမင်းတို့ ပညာရေးဌာနအတွင်းဝန်သည်၊ ကော်မီတီ၏ဥက္ကဋ္ဌထံသို့ အောက်ပါအမှာတော်စာကို ရေးသားပေးပို့ခဲ့လေသည်။

"လူကြီးမင်းခင်များ။

(၁) မြန်မာတိုင်းရင်းဘာသာ ပညာပြန့်ပွါးထွန်းကားစိမ့်သော‌ငှါ၊ ဗုဒ္ဓဘာသာရဟန်းသံဃာတော်တို့ထံမှ စေတနာရှေထား၍၊ အားပေးကူညီစေခြင်းကိုရရှိရန်ဟူသော အစိုးရမင်းတို့၏ဝါဒကို မည်သည့်နည်းလမ်းဖြင့် အကောင်းဆုံးဖြစ်ထွန်းပွါးစီးနိုင်စေမည်ကိုစုံစမ်း၍ အကြံဉာဏ်ပေးရန် လူကော်မီတီအဖွဲ့တခုနှင့်တကွ၊ ထိုကော်မီတီအား အကြံဉာဏ်သြဝါဒပေးရန်အလို့ငှါ၊ သြဝါဒါစရိယ အဖွဲ့တခုကို ဖွဲ့စည်းသည့် ၁၉၄၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့စွဲပါ၊ ဤဌာန ပြဋ္ဌာန်းချက်နံပါတ် ၃၀ ကျူကေ ၄၁ ကို လူကြီးမင်း ကြည့်ရှုရန် ညွှန်ကြားရပါကြောင်း။

(၂) ယခုစာပါနောက်တွဲ (က) တွင် ဖေါ်ပြထားသည့်ကိစ္စများကို ၎င်းကော်မီတီအား လွှဲအပ်ရန် မြန်မာနိုင်ငံတော်ပညာဌာနဝန်ကြီးက အကြံဉာဏ်ပေးခဲ့ပါသည်။

ပညာဌာနဝန်ကြီးက ဆိုခဲ့သည့်အတိုင်း အကြံဉာဏ်ပေးရာတွင် ပြောဆိုသည်မှာ—

ယင်းသည်နှင့် လျော်ညီစွာ မြန်မာနိုင်ငံတော်ကို စီရင်အုပ်ချုပ်တော်မူသော ဘုရင်ခံမင်းကြီးက အသင်းအဖွဲ့တို့၏ကိုယ်စားလှယ်များစုံလင်စွာပါသည့် ကော်မီတီတခုနှင့်တကွ၊ ထိုကော်မီတီကို အကြံပေးဉာဏ်ပေး ပြုလုပ်ရန်အလို့ငှါ၊ ဂိုဏ်းဂဏအဖြာဖြာကိုယ်စားလှယ်ပြည့်စုံစွာပါသည့် သြဝါဒါစရိယအဖွဲ့တခုကို ဖွဲ့စည်းရန်ဆုံးဖြတ်တော်မူသည်။

အဆိုပါကော်မီတီနှင့်အဖွဲ့အား ဆောင်ရွက်ရန်လွှဲအပ်သည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) မြန်မာအမျိုးသားစာပေပညာ ပြန့်ပွါး ထွန်းကားစိမ့်သော‌ငှါ၊ ဗုဒ္ဓဘာသာရဟန်းသံဃာတော်တို့ထံမှ စေတနာအလျောက် စွမ်းအားဉဿုံပေါင်းရွက်ဆောင်မှုကို မည်သည့်နည်းလမ်း၊ မည်သည့်စည်းကမ်းအချက်အလက်များဖြင့် ခံယူရရှိနိုင်မည်ကို စုံစမ်း၍အကြံဉာဏ်ပေးရန်၊ ၎င်းပြင်

(၂) ဝိနည်းဒေသနာတော်များနှင့်လျော်ညီ၍၊ ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်အပေါင်းတို့ ပိုမိုနှစ်သက်လက်ခံတော်မူနိုင်သောအခြေအနေသို့ရောက်အောင်၊ ဘုန်းတော်ကြီး စာသင်ကျောင်းများအား အသိအမှတ်ပြုခြင်း၊ မှတ်ပုံတင်ခြင်း၊ အထောက်အပံ့ပေးကမ်းခြင်း၊ ဆိုင်ရာစည်းကမ်းမည်သည်များတွင် ပြင်ဆင်ချက်များ လိုကြောင်းကို၎င်း၊ သတ်မှတ်သော ဘာသာရပ်များနှင့် သင်္ချာစာများကို မည်သို့ပြုပြင်ပြောင်းလဲသင့်ကြောင်းကို၎င်း၊ အကြံဉာဏ်ပေးရန်။

### သြဝါဒါစရိယအဖွဲ့တွင် အောက်ပါဆရာတော်များ ပါဝင်မည်ဖြစ်ကြောင်း။

၁။ ။မန္တလေးမြို့၊ သုဓမ္မာ ဆရာတော်အဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ ရွှေဂူကြီးဆရာတော်။

၂။ ။ရန်ကုန်မြို့၊ သာသနာ့ဝုဒ္ဓိ မဟာနိကာယသံဃာ့ အဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂ မဟာပဏ္ဍိတ မဂ်လာဇေယျုံဆရာတော်။

၃။ ။ပါဠိပညာသင်ကြားရေးအဖွဲ့ နာယကဆရာတော်တို့၏ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးခန္တီ။

၄။ ။မန္တလေးမြို့၊ အဂ္ဂမဟာပဏ္ဍိတ အဘယာရာမဆရာတော် ဦးအဂ္ဂဓမ္မ။

၅။ ။ဝေဠုဝန် ဆရာတော်က အမည်တင်မြှောက်ခန့်ထားသည့် အရှင်သုမင်္ဂလမဟာ စရိယ၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

၆။ ။တောင်ငူမြို့၊ မြန်မာနိုင်ငံတော် ဗုဒ္ဓဘာသာနော်မံကျောင်း၊ ကျောင်းအုပ် ဘုန်းတော်ကြီးဦးလက္ခဏ။

## လူကော်မီတီတွင် အောက်ပါလူကြီးများ ပါဝင်မည်ဖြစ်ကြောင်း။

၁။ ။ရန်ကုန်မြို့၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းဥက္ကဋ္ဌ၊ ရွှေတိဂုံဘုရားကြီးဘဏ္ဍာတော်ထိန်း၊ ဝတ်လုံတော်ရဦးသိမ်းမောင်၊ ''အမ်၊ အေ၊'' အလ်၊ အလ်၊ ဘီ။ ဥက္ကဋ္ဌ။

၂။ ။ပါဠိပညာ သင်ကြားရေးအဖွဲ့ ဥက္ကဋ္ဌ၊ အောက်လွှတ်တော်အမတ် ဒေါက်တာသိန်းမောင်၊ ဘီ၊ အေ၊ အမ်၊ အမ်၊ အက် (စ်)။

၃။ ။မန္တလေးမြို့၊ ပရိယတ္တိသာသနာဟိတအသင်းဦးဘမှိ။

၄။ ။ရန်ကုန်မြို့၊ စေတိယင်္ဂဏအသင်းဥက္ကဋ္ဌ ဦးဘိုးသောင်း၊ အေ၊ တီ၊ အမ်။

၅။ ။မန္တလေးမြို့၊ သာသနာ့ရက္ခိတ အသင်း ဥက္ကဋ္ဌ၊ အထက် လွှတ်တော် အမတ် ဆိပ်တင်မြ၊ အို၊ ဘီ၊ အီး။ ကေ၊ အက် (စ်) အမ်။

၆။ ။ရွှေဘိုမြောက်ပိုင်းအတွက် အောက်လွှတ်တော်အမတ်ဦးဘစိုး။

၇။ ။တောင်ငူတောင်ပိုင်းအတွက် အောက်လွှတ်တော်အမတ်ဦးဘ။

၈။ ။ရန်ကုန်မြို့၊ အမျိုးသားကျောင်း ပညာဝန်ဦးဘိုးကျား။

၉။ ။ရန်ကုန်တက္ကသိုလ်အဂ္ဂမဟာပဏ္ဍိတဆရာလင်း။

၁၀။ ။မြန်မာနိုင်ငံ ပညာဝန်ထမ်း ပဋ္ဌမတန်း ဦးစိန်ရွှက် စက္ကရီတေရီ။

အဆိုပါအဖွဲ့နှင့် ကော်မီတီအသီးသီးတွင် ပါဝင်ဆောင်ရွက်ရန် သဘောတူကြသဖြင့်၊ ဆရာတော် တို့အားလည်း၊ ဦးသိမ်းမောင်နှင့် အခြားလူကြီးတို့အားလည်း၊ ဘုရင်ခံမင်းကြီးက များစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ထိုအဖွဲ့နှင့်ကော်မီတီမှာ ပညာရေးဌာနအစိုးရမင်းတို့ထံသြဝါဒနှင့် အကြံဉာဏ်များပေးရပေမည်ဖြစ်ကြောင်း။

အမိန့်။ ။ဤပြဋ္ဌာန်းချက်ကော်မီကို သြဝါဒါစရိယ အဖွဲ့ဝင်ဆရာတော်တို့ထံလည်း၊ ထိုကော်မီတီ၏ချယ်ယာမင်နှင့် လူကြီးအားလုံးတို့ထံလည်း၊ မြန်မာနိုင်ငံတော် ပညာဌာနဝန်ကြီးထံလည်း၊ (ပဒေသရာဇ်၊ ရှမ်းပြည်နယ်မြေစု ဝန်ရှင်ကော် မင်းကြီးမှတပါး) ခရိုင်ဝန်ရှင်တော်မင်းကြီးအားလုံးထံလည်း ပေးပို့စေ။

နောက်ထပ်အမိန့်။ ။ပြဋ္ဌာန်းချက်ကို မြန်မာနိုင်ငံတော် အမိန့်တော် ပြန်တမ်းတွင် အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာ ၂ ရပ်လုံးဖြင့်အများကြားသိစေရန် ထုတ်ပြန်ကြော်ငြာစေ။

ဤစာရင်းကို ထောက်ရှုခြင်းအားဖြင့်၊ ကော်မီတီကစုံစမ်း၍အကြံဉာဏ် ပေးမည့်ပြဿနာများမှာ၊ မည်မျှကြီးမားရှုပ်ထွေးကြောင်းကို အတန်အရာ သိနိုင်ပေသည်။ ကလေးများပညာသင်ကြားရေးကိစ္စတွင်၊ အသိအမှတ်မပြုသေးသော ဘုန်းတော်ကြီး စာသင်ကျောင်းများပါဝင်ကြရန်သိမ်းသွင်းမှုမှာ၊တိုင်းရင်းဘာသာ့ပညာကိုဥပဒေ၊ ကျေးလက်ကိုယ်ပိုင်စီရင်အုပ်ချုပ်ရေးအက်ဥပဒေ၊ မြူနီစီပါယ်အက်ဥပဒေများနှင့် မကြာသေးမီအတွင်းက ဥပဒေပြုအဖွဲ့ကအတည်ပြုသည့်မူလတန်းပညာသင်ကြားရေးအက်ဥပဒေတို့ကိုမှီငြမ်းပြုရမည့်အပြင်၊ ၎င်းဥပဒေများရှိစည်း

မျိုးများအတွင်းမှာသာလျှင်ဖြစ်ရပေလိမ့်မည်။ ထိုကိုဥပဒေနှင့်အက်ဥပဒေများကိုပြင်ဆင်ခြင်း၊ သို့မဟုတ်နှုတ်သိမ်းပယ်ဖျက်ခြင်းမရှိသေးမီနန်းရင်းဝန်ကြီးက ၁၉၄၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့၌ ဥပဒေပြုအဖွဲ့တွင်၊ မိမိ၏ဝါဒကို ထုတ်ဖော် ပြောဆိုရာ၌ မိန့်ဟမြွက်ကြားသော မြန်မာတိုင်းရင်းဘာသာပညာပြန့်ပွါးရန်အတွက်၊ ဘုန်းတော်ကြီးစာသင်ကျောင်းများ၏ကူညီမှုကိုခံယူရရှိအောင်စီမံချက်မှာ၊ထိုကိုဥပဒေနှင့်အက်ဥပဒေများအတွင်းမှာသာဖြစ်ရပေလိမ့်မည်။

အခက်အခဲများ ရှိလင့်ကစား၊ အသိအမှတ်မပြုသေးသော ဘုန်းတော်ကြီး ကျောင်းများကဲ့သို့သောတိုင်းပြည်နှင့် အဝှမ်းအနှံ့အပြား ထိထိရောက်ရောက် ပညာသင်ကြား ပေးနိုင်သည့် ကျောင်းများကိုအမျိုးသားကလေးသူငယ်များအတွက် ပညာသင်ကြားမှုလုပ်ငန်းဆောင်တာထဲ သို့သွတ်သွင်းနိုင်လျှင်၊သွတ်သွင်းရန်သင့်လျော်လှပေသည်။ ပြည်သူ့ပညာသင်ကြားရေးအတွက် တာဝန်ခံများကို သံဃာတော်များဝိုင်းဝန်းကူညီမစခြင်းဖြင့်၊အဆိုပါကိစ္စပြီးမြောက်လျှင် အလွန်ခရီးရောက်၍အကျိုးကျေးဇူးများစွာဖြစ်ထွန်းပါလိမ့်မည်။

သို့ရာတွင် ၁၉၂၄ ခုနှစ်၊ တိုင်းရင်းဘာသာ ပညာသင်ကြားရေး ကော်မီတီအစီရင်ခံစာနှင့် ဘုန်းတော်ကြီးစာသင်ကျောင်းကို ပညာသင်ကြားရေး ကိစ္စတွင်ပါဝင်ကူညီ စေခြင်းငှါ၊ အစိုးရမင်းတို့ကြိုးစား အားထုတ်ရာတွင် တွေ့ကြုံရသည့် အဖြစ်အပျက်တို့ကို ဖော်ပြသော ကင်းဘဲလ်ကော်မီတီအစီရင်ခံစာအခဏ်း (၇) ကိုနှလုံးမူသတိချပ်ရန်ကောင်းပေသည်။

ထိုမှတပါးလည်း ပညာသင်ကြားရေး ရည်ပင်ပြန့်ပွါးမှုနှင့်စပ်လျဉ်း၍ ရှေးအခါကဉူးရာပ တိုက်ရှိနိုင်ငံများတွင် ရဟန်းတော်အာဏာပိုင်များနှင့်လူအာဏာပိုင်များ ကြာရှည်လေးမြင့်စွာ အငြင်းအခုံဖြစ်နေကြ၍၊ ပညာသင်ကြားရေး တိုးတက်မှုတွင် အနှောင့်အယှက် ဖြစ်ခဲ့ကြောင်း ရာဇဝင်ကိုနှလုံးစွဲမှတ်သတိချပ်ရန်ကောင်းပေသည်။

ယင်းသည့် အကြောင်းအခြင်းအရာများကို လည်းသတိမူ နှလုံးပိုက်ခါ၊ မြန်မာနိုင်ငံတော်ရှိ ကလေးသူငယ်များ ပညာသင်ကြားရေးတိုးပွါးဖြစ်ထွန်းမှုမှာ၊ အစိုးရနှင့်သံဃာတော်များပညာ သင်ကြားမှုအုပ်ချုပ်ရေးအတွက် အငြင်းထွက်၍ဖြစ်ပေါ်လတ်သောဘေးရန်ကို ကြိုးစား၍ရှောင် ရှားရန်ကောင်းပေသည်။

ဤအကြောင်းခြင်းရာ အချက်အလက်များမှာ၊ စင်စစ်အားဖြင့် လွယ်ကူလှသည်မဟုတ်ပေ။ ၎င်းတို့မှာ၊ နောင်အနာဂတ်ပညာသင်ကြားရေးတိုးပွါးဖြစ်ထွန်းမှုနှင့်စပ်လျဉ်း၍ မရေမတွက်နိုင်သောအကျိုးအပြစ် ဖြစ်ထွန်းရာဖြစ်ထွန်းကြောင်းများနှင့်ပြည့်နှက်လျက်ရှိပေသည်။

သို့ပါသောကြောင့် ယခုဖွဲ့စည်းဆဲဖြစ်သည့် ကော်မီတီအား လွှဲအပ်မည့် ကိစ္စများသည်၊ အရေးကြီးကြောင်းနှင့်ထိုကော်မီတီ၏အစီရင်ခံစာ ညွှန်ပြဝါဒကထာမှ ဖြစ်ပေါ်မည့်ပညာသင်စံနစ်မှာ၊မည်ကဲ့သို့သော အကျိုးအပြစ်များ ရှိနိုင်ကြောင်းကို ကျွန်တော်အကျယ်တဝင့် ပြောဆိုရပါသည်။

စဉ်းစားရမည့်အချက်မှာ ယခုခေတ်အမယဒီမိုကရေစီအုပ်ချုပ်ရေး နည်းစံနစ်အရလိုလားချက်၊စံနမူနာထားချက်များနှင့်လျော်ညီစွာ၊ ခေတ်မှီပညာသင်ကြားရေးတွင် ရိုင်းပင်းကူညီရန်စိတ်စေတနာ ဘုန်းတော်ကြီးများမှာ ဖြစ်အောင် တတ်နိုင်မည် မတတ်နိုင်မည်၊ဘုန်းတော်ကြီးစာသင်ကျောင်းများသည်၊ ပညာရေး အာဏာပိုင်များကိုကူညီသောအားဖြင့်၊ ထိုအာဏာပိုင်တို့၏လက်အောက်တွင်ဆောင်ရွက်မည်မဆောင်ရွက်မည်ဖြစ်ပေသည်။

ကျွန်တော်အကြံဉာဏ်ပေးသည့်ကိစ္စများကို ကော်မီတီအားလွှဲအပ်ပါလျှင်၊ လိုရင်းအချက်အလက်များနှင့်စပ်လျဉ်း၍ ထိုကော်မီတီ၏တတ်အပ်သေချာသောအဖြေများကိုရသင့်ပါသည်။

တိုင်းရင်းဘာသာ ပညာသင်ကြားရေးကိစ္စတွင်၊ ဘုန်းတော်ကြီး စာသင်ကျောင်းများ၏ ကူညီမစခြင်းကိုမည်ကဲ့သို့ခံယူရမည်ဟူသောပြဿနာသည် ရှုပ်ထွေးခက်ခဲကြောင်းကို ဘုရင်ခံမင်းကြီးလုံးဝသိမြင်တော်မူပါသည်။ ယင်းကဲ့သို့သိမြင်တော်မူခြင်းကြောင့်၊ ဘုရင်ခံမင်းကြီးက

ကော်မီတီအားလွှဲအပ်သည့်ကိစ္စများကို ကျယ်ဝန်းနိုင်သမျှကျယ်ဝန်းအောင်ပြုလုပ်ရန်ငှင်း၊ ပညာဌာနဝန်ကြီးအကြံဉာဏ်ပေးရာပါချုပ်ချယ်ကန့်သတ်သည့်စည်းကမ်းများကိုပြဋ္ဌာန်းခြင်းအားဖြင့်၊ ကော်မီတီနှင့်ဩဝါဒါစရိယအဖွဲ့တို့အား ချုပ်တည်းခြင်း မပြုရန်ငှင်း၊ ဆုံးဖြတ်တော်မူပြီးဖြစ်ပါသည်။

ယင်းသည်နှင့်လျော်ညီစွာ၊အစိုးရ၏ပြဋ္ဌာန်းချက်တွင်ကော်မီတီနှင့်ဩဝါဒါစရိယအဖွဲ့အား၊ မြန်မာတိုင်းရင်းဘာသာပညာပြန့်ပွါးထွန်းကားစိမ့်သောငှါ၊ ဗုဒ္ဓဘာသာရဟန်း သံဃာတော်တို့ ထံမှစေတနာအလျောက်စွမ်းအားဉဿုံပေါင်းဆုံဆောင်ရွက်မှုကိုမည်သည့်နည်းလမ်း၊မည်သည့် စည်းကမ်းအချက်အလက်များဖြင့်မဆို ခံယူရရှိနိုင်မည်ကိုအကြံဉာဏ်ပေးရန်။ ထိုသို့အကြံဉာဏ် ပေးရာ၌၊ဝိနည်းဒေသနာတော်များနှင့်လျော်ညီ၍ဗုဒ္ဓဘာသာ ရဟန်းသံဃာတော် အပေါင်းတို့ ပိုမိုနှစ်သက်လက်ခံတော်မူနိုင်သော အခြေအနေသို့ရောက်အောင်၊ ဘုန်းတော်ကြီး စာသင် ကျောင်းများအား၊ အသိအမှတ်ပြုခြင်း၊မှတ်ပုံတင်ခြင်း၊ အထောက်အပံ့ပေးကမ်းခြင်း ဆိုင်ရာ စည်းကမ်းများတွင်မည်သည့် ပြင်ဆင်ချက်များမဆိုလိုကြောင်းကိုငှင်း၊ ထိုကျောင်းများအတွက် သတ်မှတ်ရာသင်ရိုးဘာသာရပ်များတွင်မည်သို့ပြုပြင်ပြောင်းလဲရန်မဆိုလိုကြောင်းကိုငှင်း၊ အကြံဉာဏ်ပေးရန်မေတ္တာရပ်ခံပါသည်။

သို့ရာတွင် ပညာဌာနဝန်ကြီး၏အကြံဉာဏ်ပေးချက်နှင့်မြွက်ဟပြောဆိုချက်ကို ကော်မီတီနှင့်ဩဝါဒါစရိယအဖွဲ့က အထိုက်အလျောက်စဉ်းစားဆင်ခြင်သင့်သည်ဟု ဘုရင်ခံမင်းကြီးထင်မြင်တော်မူပါသည်။

(၃) ယခုစာပါနောက်ဆက်တွဲ (ခ) တွင် ကော်မီတီနှင့် ဩဝါဒါရိယ အဖွဲ့စစ်ဆေးရန် အကြံဉာဏ်ပေးသည့်စီရင်စုအလိုက်သက်သေစာရင်းများကိုပူးတွဲပေးပို့လိုက်ပါကြောင်း။ ဤစာရင်းများတွင် ပညာဘက်ဆိုင်ရာ အရာရှိများမပါပြားသော်လည်း၊ ပညာဝန်တို့အား မိမိတို့၏လက်အောက်ပညာဝန်ထောက်များမှစ၍အမှုထမ်းရင့်သောပညာအုပ်များနှင့် ဆွေးနွေးတိုင်ပင်လျက်၊ မိမိတို့၏သဘောပါဝင်သောထင်မြင်ချက်ကိုကော်မီတီနှင့်ဩဝါဒါစရိယအဖွဲ့အားကူညီသောအားဖြင့်၊ဖွင့်ဟပြောကြားရန်ညွှန်ကြားပြီးဖြစ်ပါကြောင်း။

ကန့်ကွက်ဘွယ်ရာမရှိခဲ့သော်၊ ဆိုင်ရာစီရင်စုနယ်အတွက် ပညာဝန်ကို ၎င်းစီရင်စုနယ်မှ သက်သေများ စစ်ဆေးနေစဉ်၊ ကြားအတိုင်ပင်ခံအဖြစ်ဖြင့် အစည်းအဝေးများတွင်ရှိစေရန် ကော်မီတီနှင့် ဩဝါဒါစရိယအဖွဲ့ကို လူကြီးမင်းကမေတ္တာရပ်ခံစေလိုသည့်အပြင်၊ ထိုပညာဝန်သည်သက်သေများ ထွက်ဆိုသည့် အချက်အလက်များနှင့်စပ်လျဉ်း၍ မိမိ၏သဘောယူဆချက်များကိုပြောဆိုရန်အခွင့် အရေးရစေခြင်းငှါ၊ သူ၏သက်သေခံချက်ကို နောက်ဆုံးမှ ယူစေလိုပါကြောင်း။

(၄) ၁၉၄၀ ပြည့်နှစ်၊ ဥပဒေပြု အောက်လွှတ်တော် ဘတ်ဂျက် အစည်းအဝေးတွင် အမင်းမင်းဦးကွန်း၏ကြယ်တံဆိပ်ပြမေးခွန်းနံပါတ် ၄၀၂ ကိုဖြေဆိုရာတွင်၊ လွန်ခဲ့သည့်အစိုးရက၊ မြန်မာနိုင်ငံတော်တဝှမ်းလုံးရှိကျောင်းသားတချို့ခန့်လက်ခံနိုင်သောဗုဒ္ဓဘာသာဘုန်းတော်ကြီးစာသင်ကျောင်းများတွင်၊အနည်းဆုံးမူလတန်း၊ သို့မဟုတ်အလယ်တန်းထိ မြန်မာဘာသာနှင့်အင်္ဂလိပ်မြန်မာ နှစ်ဘာသာပညာရပ်များကိုသင်ကြားရန် သင့်မသင့်စုံစမ်းမည်ဟု ဂတိထားခဲ့လေသည်၊သို့ပါ၍ ကော်မီတီနှင့်ဩဝါဒါစရိယအဖွဲ့သည် ဤကိစ္စကိုစုံစမ်း၍အကြံဉာဏ်ပေးကြပါရန် မေတ္တာရပ်ခံပါသည်။ ပညာဝန်တို့၏ အစီရင်ခံစာများနှင့် ပညာဌာနဝန်ကြီး၏ထင်မြင်ချက်ကိုဤရုံးတွင်အလွယ်တကူရရှိနိုင်သည့်ပြင်၊၎င်းတို့ကိုတောင်းဆိုကပေးပို့မည်ဖြစ်ပါကြောင်း။

(၅) အထက်ပါအကြံဉာဏ်များကို ကော်မီတီနှင့် ဩဝါဒါစရိယ အဖွဲ့ကစဉ်းစားရန် ချသပေးခြင်း ဖြစ်ပါသည်။ ကော်မီတီနှင့်ဩဝါဒါ စရိယအဖွဲ့မှာ၊ မိမိတို့လုပ် နည်းကိုင်နည်းနိဿယျည်းကိုသတ်မှတ်ရွေးချယ်ရန်ငှင်း၊ နိုင်ငံလှည့်လည်သွားလာရန်ငှင်း၊ မိမိတို့လိုအပ်သည်

ဟုယူဆလောက်သော သက်သေများကို စစ်ဆေးရန်၎င်း၊ အစိုးရမင်းတို့ပေးစွမ်း နိုင်သောမည်သည့်အကူအညီကိုမဆိုတောင်းဆိုရန်၎င်း၊ လုံးဝလွတ်လပ်ခွင့်ရပေသည်။

ဆရာတော်သံဃာတော်များနှင့်ဗုဒ္ဓဘာသာဝင် ပြည်သူပြည်သားတို့မှာ တစုံတရာအထင်အမြင်မှားစရာစိုးစဉ်းမျှမရှိစေခြင်းငှါ၊ အစီရင်ခံစာနှင့် ဩဝါဒကထာကို မြန်မာဘာသာဖြင့်တင်သွင်းသင့်ပေသည်။သို့ရာတွင်ကော်မီတီနှင့်ဩဝါဒါစရိယအဖွဲ့တို့၏ အကြံဉာဏ်ပေးချက်များနှင့်စပ်လျဉ်း၍၊ အစိုးရမင်းတို့ကလျင်လျင်မြန်မြန်အရေးယူဆောင်ရွက်နိုင်စေခြင်းငှါ၊ ထိုအစီရင်ခံစာကိုအင်္ဂလိပ်ဘာသာတခါတည်းပြန်ဆိုရန်လည်း၊စက္ကရီတေရီအားညွှန်ကြားသင့်ပေသည်။

(၆) မြန်မာနိုင်ငံတော်ရှိ ကလေးသူငယ်အမြောက်အမြားတို့ ဘုန်းတော်ကြီးစာသင်ကျောင်းများတွင်ပညာသင်ယူဆည်းဘူးကြခဲ့သည့် ရှေးမြန်မာထုံးတမ်းအစဉ်အလာကိုပြန်လည်ပေါ်ထွန်းစေခြင်းငှါ၊ကော်မီတီနှင့်ဩဝါဒါစရိယအဖွဲ့ဝင်အားလုံးတို့က၊ နည်းလမ်းများကြံ့ပမ်းရှာဖွေလျက်ရှိကြောင်းကို မိမိတို့စုံစမ်းမေးမြန်းရာ၌၎င်း၊နိုင်ငံလှည့်လည်သွားရာ၌၎င်း၊ အခွင့်ရရှိသည့်အလျောက်အခါခပ်သိမ်း၊ အများပြည်သူတို့အား သိရှိနားလည်စိမ့်သောငှါ၊ ပြောကြားဆောင်ရွက်ပါမည့်အကြောင်းဖြင့်၊ ကော်မီတီနှင့် အဖွဲ့အားကျွန်တော် ထပ်မံတောင်းပန်ရပါကြောင်း။

ဆိုခဲ့သည့်ထုံးတမ်းအစဉ်အလာ ပြန်လည်ပေါ်ထွန်းခြင်းကို ပညာရေးသာသနာရေးနှင့် အမျိုးသား ကြီးပွါးရေးအတွက် အကျိုးစီးပွါးဖြစ်ထွန်းစေခြင်းအလို့ငှါ၊ များစွာလိုလားအပ်ကြောင်းကို ရှင်းလင်းပြောကြားစေလိုသည့်အပြင်၊ ယင်းသို့ပြန်လည်ပေါ်ထွန်းစေရန်အရေးကို အစိုးရမင်းတို့ကဖြစ်စေ၊ ရပ်ကွက်ဆိုင်ရာ ပညာရေးအာဏာပိုင်တစုံတရာကဖြစ်စေ၊ မည်သည့်အတင်းအကြပ်တိုက်ဘွန်းမှုမျိုး တစုံတရာမှမပြုမလုပ်ဘဲ၊ သံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင်ပြည်သူအပေါင်းတို့မှာ၊ မိမိတို့အသိဉာဏ်အလျောက်ဖြစ်ပေါ်သော၊ ထက်သန်သောစေတနာစိတ်ထားနှင့် ဝိုင်းဝန်းကူညီခြင်းဖြင့်သာလျှင် ဖြစ်ထွန်းပြီးမြောက်စေသင့်သည့် အကြောင်းကိုလည်း၊ လေးနက်စွာထပ်မံပြောကြားစေလိုပါသည်။

အဆိုပါထုံးတမ်းအစဉ်အလာပြန်လည်ပေါ်ထွန်းခြင်းလိုလားအပ်ကြောင်းကို ဆရာတော်သံဃာတော်များနှင့်တကွ၊ ဗုဒ္ဓဘာသာဝင်ပြည်သူအပေါင်းတို့ အလေးဂရုပြုကြစေခြင်းငှါ ညွှန်ကြားရန်၎င်း၊ ထိုထုံးတမ်းစဉ်လာပြန်လည်ပေါ်ထွန်းစေရန် အရေးတွင်အစိုးရမင်းတို့က ဆရာတော်သံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင်ပြည်သူအပေါင်းတို့အား မည်သည့်နည်းလမ်းစည်းကမ်းများဖြင့်အထိရောက်ဆုံးကူညီနိုင်မည်ဟူသော နည်းလမ်းကိုရှာဖွေရန်၎င်း၊ ဤကိစ္စကိုအစိုးရကစတင်၍အရေးယူပါကြောင်းကို ကော်မီတီနှင့်ဩဝါဒါစရိယအဖွဲ့က အများပြည်သူအားကြားသိစေနိုင်ပါသည်။

မြန်မာနိုင်ငံပညာဝန်ထမ်း ပဌမတန်းဦးစိန်ရွှက်မှာ ကော်မီတီ၏ထာဝစဉ် စက္ကရီတေရီဖြစ်လိမ့်မည်။ ဦးစိန်ရွှက်မှာကော်မီတီ၏ ထာဝစဉ် စက္ကရီတေရီ အဖြစ်ဆောင်ရွက်ရမည့် အပြင်၊ ဩဝါဒါစရိယအဖွဲ့ဝင်ဆရာတော်များသွားလာနေထိုင်ရေးစသည်တို့အတွက် စီမံဆောင်ရွက်ရန် ထိုအဖွဲ့၏ဝေယျာဝစ္စစက္ကရီတေရီအဖြစ်ဖြင့်လည်းဆောင်ရွက်ရလိမ့်မည်။

(၇) (က) ဘုန်းတော်ကြီးစာသင်ကျောင်းများကိုအသိအမှတ်ပြုခြင်း၊မှတ်ပုံတင်ခြင်း၊ အထောက်အပံ့ပေးခြင်းဆိုင်ရာဥပဒေများ။

(ခ) ကျောင်းများတွင် ပညာသင်ကြားရမည့် သင်ရိုးများနှင့် စပ်လျဉ်းသော ဥပဒေများကိုလည်း၊ ကော်မီတီနှင့် ဩဝါဒါစရိယအဖွဲ့အသုံးပြုရန် ယခုစာနှင့်အတူ နောက်ဆက်တွဲ (ဂ) အဖြစ်ပေးပို့ပါကြောင်း။

အထောက်အပံ့မရအသိအမှတ်ပြုသောဘုန်းတော်ကြီးကျောင်းများနှင့်၎င်းကျောင်းများ၏ အဆင့်အတန်း၊ တပည့်ဦးရေ၊ ကုန်ကျသောစရိတ်စာရင်းတခုကိုလည်း နောက်ထပ်မံပို့ပါမည်။

မှတ်ပုံတင်ထားသည့် ဘုန်းတော်ကြီးစာသင်ကျောင်းများ၏ အရည်အတွက်မှာ၊ ၁၈၉၁ ခုနှစ်တွင် ၂၄၃၄ ကျောင်းမှ ၁၉၃၀ ခုနှစ်တွင် ၉၇၆ ကျောင်းသို့ ယုတ်လျော့ကျသွားလေရာ၊ မှတ်ပုံတင်ထားသည့်လူကျောင်းအရေအတွက်မှာမူကား၊ ထိုကာလအပိုင်းအခြားအတွင်းမှာပင် ၇၅၇ ကျောင်းမှ ၅၂၅၅ ကျောင်းသို့တိုးတက်လာသည့်အချက်ကိုကော်မီတီနှင့်ဩဝါဒါစရိယအဖွဲ့ဂရုပြုစေလိုပါသည်။

(၈) ကော်မီတီနှင့်ဩဝါဒါစရိယအဖွဲ့ စဉ်းစားဆင်ခြင်ရန်အလို့ငှါ၊ မေးခွန်း အကြမ်း တစောင်ကိုလည်းပေးပို့လိုက်ပါကြောင်း။

ထိုအမှာတော်စာ၏ နောက်ဆက်တွဲ (က)သည်၊ ဩဝါဒကထာနှင့် အစီရင်ခံစာတွင် နောက်ဆက်တွဲ (က) အဖြစ်နှင့်ပါရှိသည်။ သို့ရာတွင်ထိုအမှာတော်စာ၏ အခြားနောက်ဆက်တွဲများကို ဤဩဝါဒကထာနှင့်အစီရင်ခံစာမှာပူးတွဲ၍မထည့်လိုက်ပေ။

## ကော်မီတီအဖွဲ့ဥက္ကဋ္ဌ၏လျှောက်လွှာ။

ကော်မီတီအဖွဲ့နှင့်ဩဝါဒါစရိယဆရာတော်များ၏အဖွဲ့သည် အချင်းချင်းတိုင်ပင်ဆွေးနွေး ကြရန်၎င်း၊ သက်သေများ၏ သဘောထင်မြင်ချက်နှင့် အကြံဉာဏ်များကိုယူရန်၎င်း၊ စည်းဝေး ကြသောအခါတိုင်းအတူပူးပေါင်း၍သာလျှင်စည်းဝေးခဲ့ကြလေသည်။

ထိုနှစ်ဖွဲ့ပေါင်း၏ ပဌမအစည်းအဝေးတွင်၊ ကော်မီတီအဖွဲ့၏ဥက္ကဋ္ဌကဩဝါဒါစရိယဆရာ တော်များကိုအောက်ပါအတိုင်းလျှောက်ထားလေသည်။

တပည့်တော်ရှိခိုးလျှောက်ထားပါသည်၊ဆရာတော်အရှင်သူမြတ်များဘုရား။

တပည့်တော်များ၏မြန်မာနိုင်ငံမှာ၊ရှေးအခါက ကလေးသူငယ်များသည်၊ ငယ်ရွယ်စဉ်မှ စ၍ဘုန်းတော်ကြီးကျောင်းများမှာသာလျှင်၊မြန်မာစာပေ၊ ဂဏန်းသင်္ချာနှင့်အခြားပညာများကို သင်ကြားခဲ့ကြရပါသည်။ စာပေပညာသင်ကြားရန်အတွက် လူကျောင်းများ မရှိသလောက်ပင် ဖြစ်ခဲ့ပါသည်။ ထိုစဉ်အခါက မြန်မာအမျိုးသားတို့သည်၊ ငယ်စဉ်ကပင် ဆရာဘုန်းတော်ကြီး များ၏ အဆုံးအမ ဩဝါဒကိုရရှိခဲ့ကြပါသည်။ ထိုမျှသာမကသေး အချိန်တန်အရွယ်ရောက်၍ ရှင်သာမဏေပြုကြသောအခါလည်း၊ တပါနှစ်ပါးစရှိသည်ဖြင့် အတန်ကြာမြင့်အောင်ဘုန်း တော်ကြီးကျောင်းများ၌ နေခဲ့ကြပါသည်။ သို့အတွက် ထိုစဉ်အခါက မြန်မာအမျိုးသားတို့၏ ရတနာသုံးပါးကို ကိုင်းရှိုင်းမှုမှာ ကြေနပ်စရာဖြစ်ခဲ့ပါသည်။ ဆရာတော် သံဃာတော်များနှင့် ကျောင်းသားမိဘများမှာ၊ ဆရာဒါယကာအဖြစ်ဖြင့် များစွာရင်းနှီးခဲ့ကြပါသည်။ ကျောင်းသား များနှင့် ဆရာများမှာမူကား ဆိုဘွယ်ရာပင်မရှိခဲ့ပါ။ သို့အတွက် ထိုစဉ်အခါကမြတ်စွာဘုရား၏ သာသနာတော်သည်၊ မြန်မာပြည်၌များစွာထွန်းကားခဲ့ပါသည်။ သို့ရာတွင်အင်္ဂလိပ်အစိုးရမင်း တို့၏လက်ထက်တွင်လူကျောင်းများမှာ တနှစ်တခြားတိုးပွါးစည်ကား၍လာခဲ့ပါသည်။ ကလေး များကို မြန်မာစာပေသင်ကြား၍ပေးသော ဘုန်းတော်ကြီးကျောင်းများ၏ အရေအတွက်သည် လည်း တနှစ်ထက်တနှစ် ဆုတ်ယုတ်လျော့ပါးခဲ့ပါသည်။ ဥပမာပုံဆိုသော်၊ ၁၈၉၁ ခုနှစ်တွင် ထိုကဲ့သို့သောကျောင်းပေါင်း ၂၄၃၄ ရှိသည့်အနက်မှ၊ ၁၉၃၀ ခုနှစ်တွင် ၉၇၆ ကျောင်းကျော် သာလျှင်ကျန်ပါတော့သည်။ လူကျောင်းများမှာလည်းအချို့သာခရစ်ယာန်သာသနာပြုကျောင်း များဖြစ်ပါသည်။ အချို့က ခရစ်ယာန်သာသနာပြုကျောင်းများမဟုတ်ကြသော်လည်း လောကီ ပညာကိုသာလျှင်အဓိကထား၍သင်ကြားသောကျောင်းများဖြစ်ပါသည်။ ထို့ကြောင့်ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းမှာနေ၍၊ ဆရာဘုန်းတော်ကြီး၏အဆုံးအမဩဝါဒကိုရကြသောကလေး သူငယ်ဦးရေမှာ တနှစ်ထက်တနှစ်လျော့ခဲ့ပါပြီ။ ခရစ်ယာန်သာသနာပြုကျောင်းနှင့် အခြား ကျောင်းများမှာ ပညာသင်ကြားရသောကလေးသူငယ်ဦးရေမှာမူကားတနှစ်ထက်တနှစ် တိုးပွါး လျက်ရှိပါသည်။ ထိုကလေးများသည်လည်း၊ အချိန်တန်အရွယ်ရောက်၍ ရှင်ပြုကြသောအခါ၊

ရှေးကကဲ့သို့ဘုန်းတော်ကြီးကျောင်းတွင်တဝါနှစ်ဝါမနေကြပါ။သို့အတွက်ကလေးသူငယ်တို့မှာ၊ ဆရာတော်သံဃာတော်များနှင့် နီးစပ်မှု လျော့ပါးခဲ့ပါသည်။ ထိုသို့လျော့ပါးသည့်အလျောက် သူတို့၏သဏ္ဌာန်မှာရာဘနာသုံးပါးကိုကိုင်းရှိုင်းမှုလျော့ပါးပါသည်။ အချို့အချို့မှာခရစ်ယာန်ပင် ဖြစ်၍သွားခဲ့ကြပါပြီ။အချို့အချို့မှာဗုဒ္ဓဘာသာပင်ဖြစ်လျက်ရှိသေးသော်လည်း၊မိမိတို့၏အယူဝါဒ ကိုကောင်းစွာမသိနားမလည်ကြဘဲရှိကြပါပြီ။ ကလေးသူငယ်တို့၏ မိဘများနှင့်ဘုန်းတော်ကြီး များ၏ဒါယကာဆရာအဖြစ် ရင်းနှီးမှုသည်လည်းလျော့ပါးခဲ့ပါပြီ။ ယခုလက်ရှိဒါယကာ၊ဒါယိ ကာမများနှင့်ဒါယကာဆရာအဖြစ် ရင်းနှီးတန်သမျှ ရင်းနှီးသေးသော်လည်း သူတို့၏သားသမီး များလက်ထက်သို့ကျသောအခါရင်းနှီးလိမ့်ဦးမည်ဟူ၍မြော်လင့်စရာအကြောင်းများစွာမရှိတော့ ပါ။သည့်အတိုင်းသာဆက်၍သွားပါလျှင်၊မြန်မာအမျိုးသားတို့၏အလယ်တွင်ပင် မြတ်စွာဘုရား ၏သာသနာတော်သည်၊တဖြည်းဖြည်းဆုတ်ယုတ်သွားဘို့သာရှိပေတော့မည်။ ထိုသို့ဆုတ်ယုတ် ၍သွားသဖြင့် ဆရာတော်သံဃာတော်များမှာပစ္စည်းလေးပါးအတွက်ပင်အခက်အခဲများတွေ့ကြုံ ရကြတော့မည်ဟု စိုးရိမ်ပါသည်။ ယခုပင်အချို့အရပ်များ၌ ဂေါစရပ္ပါရမပြည့်၍ ဆရာတော် သံဃာတော်များ သီတင်းမသုံးနိုင်ကြတော့ပါ။ အချို့အချို့အရပ်များမှာ သီတင်းသုံးတော်မူနိုင် ကြသေးတော်လည်းဆင်းရဲငြိုငြင်စွာသီတင်းသုံး၍နေကြရပါပြီ။

သို့ပါ၍ ယခုအခါသမယတွင် ကလေးသူငယ်များသည်၊ မြန်မာစာပေနှင့် ဂဏန်းသင်္ချာ စသောပညာများကို ဘုန်းတော်ကြီးကျောင်းတွင် သင်ကြားကြသော ရှေးခေတ်ဟောင်းကို မည်ကဲ့သို့ပြန်လည်၍ထူထောင်ရလျှင်၊ အောင်မြင်လိမ့်မည်နည်းဟု ဆရာတော်သံဃာတော်များ နှင့်ဗုဒ္ဓဘာသာဝင် တိုင်းသူပြည်သားလူအများတို့ စဉ်းစားကြရန်အချိန်ကာလသမယဖြစ်သည့် အတိုင်း၊ မြန်မာပြည်အစိုးရမင်းတို့က ဤကော်မိတီကိုဖွဲ့စည်းလိုက်ပါသည်။ ဆရာအရှင်သူမြတ် များကိုလည်း ဤကော်မိတီ၏ဩဝါဒါစရိယအဖွဲ့အဖြစ်ဖြင့်ဖွဲ့စည်းလိုက်ပါသည်။

ဤကော်မိတီနှင့်ဩဝါဒါစရိယဆရာတော်ဘုရားများ၏ကိစ္စမှာ၊နံပါတ် (၁) ဘုန်းတော်ကြီး များသည်ယခုထက်ပိုမို၍ကလေးသူငယ်များကို မိမိတို့၏ကျောင်းများ၌လက်ခံ၍၊ မြန်မာစာပေ အစရှိသော ပညာများကိုသင်၍ပေးချင်ကြအောင် အဘယ်သို့ဆောင်ရွက်သင့်သည်ကို စုံစမ်း၍ အကြံဉာဏ်ပေးရန်နှင့် နံပါတ် ( ၂ ) ကလေးသူငယ်တို့၏မိဘများသည် ကလေးသူငယ်များကို ဘုန်းတော်ကြီးကျောင်းများတွင် ထားချင်ကြအောင်၊ သို့မဟုတ် ယခုထက်ပိုမို၍ ထားချင်ကြ အောင်၊ ကလေးသူငယ်များလည်းဘုန်းတော်ကြီးကျောင်းတွင်ယခုထက်တိုး၍ပညာသင်ချင်ကြ အောင် အဘယ်သို့ပြုလုပ်သင့်သည်ကို စုံစမ်း၍အကြံဉာဏ်ပေးရန်ဖြစ်ပါသည်။ ဘုန်းတော်ကြီး များသည် ယခုထက်တိုး၍မိမိတို့၏ကျောင်းများ၌ကလေးသူငယ်များကိုလက်ခံ၍ ပညာသင်ပေး ချင်အောင် ပြုလုပ်သင့်သော အချက်များကိုစဉ်းစားရာ၌၊ မြန်မာနိုင်ငံတော်အစိုးရ၏ စာသင် ကျောင်းများကိုအသိအမှတ်ပြုရေး၊ မှတ်ပုံတင်ရေး၊အကူအညီအထောက်အပံ့ပေးရေး၊ ဆိုင်ရာ ဥပဒေစည်းကမ်းများကို မည်သို့ ပြုပြင်ပြောင်းလဲရသော်၊ ဘုန်းတော်ကြီးများ ယခုထက်ပိုမို၍ ကြိုက်နှစ်သက်တော်မူကြလိမ့်မည်ဟူ၍၎င်း၊ စာမေးပွဲအတွက် သတ်မှတ်သောဘာသာများနှင့် သင်ခန်းစာများကို မည်သို့ ပြုပြင်ပြောင်းလဲရသော်၊ ဘုန်းတော်ကြီးများက ယခုထက်ပိုမို၍ နှစ်သက်လက်ခံတော်မူနိုင်ကြလိမ့်မည်ဟူ၍လည်းကောင်းစုံစမ်းကြရပါလိမ့်မည်။

မိဘများသည့်ကလေးသူငယ်များကို ဘုန်းတော်ကြီးကျောင်းတွင် ယခုထက်ပိုမို၍ထားချင် ကြအောင်၊ ကလေးများလည်း ဘုန်းတော်ကြီးကျောင်းများတွင် ယခုထက်ပိုမို၍ ပညာသင်ချင် ကြအောင် အဘယ်သို့ပြုလုပ်မည်ဆိုရာ၌၊ ဘုန်းတော်ကြီးကျောင်းများတွင် ကလေးများကိုပညာ သင်၍ပေးမည့်ဆရာများ၏အရည်အချင်း မည်သို့ဖြစ်သင့်သည်ဟူ၍လည်းကောင်း၊ ဘုန်းတော် ကြီးကျောင်းမှကလေးများသည် လူကျောင်းမြန်မာစာသင်ကျောင်း၊ သို့မဟုတ်အင်္ဂလိပ်-မြန်မာ စာသင်ကျောင်းသို့ပြောင်းသော်၊ မည်ကဲ့သို့သောအရေးအခွင့်များကို ရသင့်ကြကြောင်းစုံစမ်း

ကြရပါလိမ့်မည်။ အဆိုပါကိစ္စများနှင့်စပ်လျဉ်း၍ စုံစမ်းရာ၌လည်းကောင်း၊ အကြံဉာဏ်များပေးရာ၌လည်းကောင်း၊ ကလေးသူငယ်များ၏အကျိုးကိုမြှော်ကိုးသောအားဖြင့်ဘုန်းတော်ကြီးကျောင်းများ၌သင်ကြား၍ပေးမည်ဖြစ်သောပညာအရည်အချင်းအဆင့်အတန်းသည်လူကျောင်းများ၌ သင်ကြား၍ပေးသော ပညာအရည်အချင်းအဆင့်အတန်းထက် မယုတ်မနိမ့်ရအောင် သတိပြုကြရပါလိမ့်မည်။ ထိုသို့သတိပြုကြပါမှလည်း တိုင်းသူပြည်သားတို့ထံမှ ကောက်ခံရရှိသော အခွန်တော်ငွေများဖြင့် ဘုန်းတော်ကြီး စာသင်ကျောင်းများတွင် မြန်မာပညာစာပေသင်ကြားရေးကိုအားပေးရာ၌စရိတ်ငွေကုန်ကျသည့်အတွက်ငွေကုန်ကျိုးနပ်ပါလိမ့်မည်။

ကော်မီတီနှင့် ဩဝါဒါစရိယအဖွဲ့သည်၊ စုံစမ်း၍အကြံဉာဏ်ပေးရမည့်ကိစ္စသည် ကလေးသူငယ်များ မြန်မာ စာပေပညာတတ်မြောက်ရေး သက်သက်မဟုတ်ဘဲ၊ ကလေးများသည် ငယ်စဉ်ကစ၍ဆရာတော်သံဃာတော်များ၏အဆုံးအမဩဝါဒကိုကြြေစေရန်၎င်း၊ ထိုသို့အဆုံးအမကိုရကြ၍သူတို့၏စိတ်သဏ္ဍာန်တွင် ဗုဒ္ဓဘာသာသာသနာတော်၏ အမြစ်အခြေခိုင်မြဲစေရန်၎င်း၊ထိုသို့ခိုင်မြဲခြင်းကိုအကြောင်းပြု၍ သာသနာတော်သည်၊ မြန်မာပြည်တွင် ဆထက်တန်ဘိုးတိုး၍ထွန်းလင်းစည်ကားစေရန်၎င်း၊ အလွန်အရေးကြီးသောကိစ္စများဖြစ်ပါသည်။ ထိုမျှအရေးကြီးသောကိစ္စများဖြစ်သောကြောင့်၊ မေးခွန်းများကိုထုတ်ဝေ၍ရဟန်းရှင်လူပြည်သူအများတို့၏သဘောထင်မြင်ချက်များနှင့် အကြံဉာဏ်ပေးချက်များကို တောင်းယူကြရပါမည်။ ထိုမှတပါး အထူးသိနားလည်မည့် အကြံဉာဏ်ပေးနိုင်မည်ဟုထင်မှတ်ရသော ပုဂ္ဂိုလ်ကြီးများကိုမြန်မာပြည်အတွင်းလှည့်လည်၍စစ်ဆေးကြရပါမည်။ သို့မှသာလျှင် ဤမျှအရေးကြီးသောကိစ္စများ၌ ရဟန်းရှင်လူပြည်သူအများ၏ စိတ်နေသဘောထားကို သိနိုင်ပါမည်။ အကြံဉာဏ်များကိုလည်းရနိုင်ပါမည်။ ထိုသို့သိမှရမှလည်း အများပြည်သူရှင်လူရဟန်းတို့၏သဘောနှင့်လိုက်လျောသင့်လျော်သောအကြံဉာဏ်များကိုပေးနိုင်ကြပါမည်။ ထိုကဲ့သို့သောအကြံဉာဏ်များကို ပေးနိုင်မှလည်း ဤကိစ္စများအောင်မြင်နိုင်ပါမည်။

သို့ပါ၍ယခုအစည်းအဝေး၌၊ နိုင်ငံသို့ထုတ်ဝေရန်မေးခွန်းများကိုစီစဉ်ကြရပါမည်။ မြန်မာပြည်အတွင်းလှည့်လည်၍သက်သေများကိုစစ်ဆေးရန်ခရီးစဉ်ကိုလည်းစီစဉ်ကြရပါမည်။

ကော်မီတီအဖွဲ့နှင့်ဩဝါဒါစရိယအဖွဲ့သို့လွှဲအပ်သောကိစ္စများမှာ၊အမျိုး၊ဘာသာ၊သာသနာ ပညာ၊လေးဌာနစလုံးအတွက် မူလအခြေခံကိစ္စကြီးများဖြစ်ကြပါသည်။ သို့ပါ၍ဆရာတော်များသည်၊ ထိုလေးဌာနအကျိုးမြှော်ကိုးလျက်ခရီးဒေသစာရီလှည့်လည်ရသည်ကို ပင်ပန်းသည်ဟု သဘောမထားဘဲ၊ စည်းဝေးမည့် အရပ်ဒေသအားလုံးသို့ မပျက်မကွက်ဆက်ဆက်ကြွရောက်ချီးမြှောက်တော်မူကြပါရန် လျှောက်ထားရပါသည်ဘုရား။

ပညာဝန်ဦးစိန်ရွှက်သည်၊ကော်မီတီအဖွဲ့၏စက္ကရီတေရီသာမဟုတ်၊ ဩဝါဒါစရိယအဖွဲ့၏စက္ကရီတေရီလည်းဖြစ်ပါသည်။ ခရီးလှည့်လည်ရာတွင်ဆရာတော်များမငြိုမငြင်မပင်မပန်းသွားလာတည်းခိုနိုင်ရန်နှင့်ဆွမ်းကွမ်းအစရှိသောကိစ္စများကိုဦးစိန်ရွှက်သည်၊မိမိလက်အောက် ငယ်သားစာရေးစာချီများနှင့်စီမံဆောင်ရွက်ပါလိမ့်မည်။

ကော်မီတီနှင့်ဩဝါဒါစရိယအဖွဲ့၏လုပ်ငန်းဆောင်တာတွင် အနှောင့်အယှက်ကင်းသည်သာမက၊ အကူအညီ အကြံဉာဏ်များကို ရနိုင်စေရန် ရဟန်းရှင်လူ ပြည်သူ အများတို့သည်၊ အောက်ပါအရေးကြီးသော အကြောင်းအချက်များကို ရှင်းရှင်းလင်းလင်းသိနားလည်ကြစေလိုပါသည်။

နံပါတ် ၁။ ။မြန်မာပြည်အစိုးရ၏ရည်ရွယ်ချက်မှာ၊ဘုန်းတော်ကြီးများသည် ဥပဒေစည်းကမ်းများနှင့် ဘာသာသင်ခန်းစာများကို ကြေနပ်ကြ၍၊ မိမိတို့၏သဘောအလိုအလျောက်၊မေတ္တာစေတနာဖြင့်မြန်မာစာပေ ပညာသင်ကြားရန်ကလေးများကိုလက်ခံ၍ သင်ကြားပေးခြင်းကိုသာလျှင် အလိုရှိကြောင်း။

မည်သည့် ဘုန်းတော်ကြီး တပါးပါးကိုမျှ ဥပဒေဖြင့် သော်လည်းကောင်း၊ အခြားနည်းလမ်း တစုံတရာဖြင့် သော်လည်းကောင်း၊ ကလေးသူငယ် တယောက်ယောက်ကို စာသင်၍ပေးရမည်ဟု အတင်းအကြပ်ပြုလုပ်ရန် ဆန္ဒအလျှင်းမရှိကြောင်း။ ကော်မီတီနှင့်ဩဝါဒါစရိယအဖွဲ့ကလည်း၊ စည်းကမ်းဥပဒေစသည်တို့ကိုမည်ကဲ့သို့ပြုပြင်ပြောင်းလဲ၍ပေးသော်၊ဘုန်းတော်ကြီးများမှာ၊ကလေးများကိုမြန်မာစာပေပညာသင်ကြား၍ပေးလိုသောဆန္ဒယခုထက်ပိုမို၍ ဖြစ်ပေါ်လိမ့်မည်ဟူ၍သာလျှင် အကြံဉာဏ်ပေးကြမည်ဖြစ်ကြောင်း။ ထိုသို့ အကြံဉာဏ် ပေးကြရာ၌လည်း မြန်မာစာပေ ပညာသင်ကြားရေးကိုသာလျှင် အလေးဂရုမပြုဘဲ၊သာသနာတော်ရေးကိုပါ အလေးဂရုပြု၍အကြံဉာဏ်များပေးကြမည်ဖြစ်ပါကြောင်း။

နံပါတ် ၂။ ။မြန်မာပြည်အစိုးရမှာ၊ မည်သည့်မိဘကိုမျှ သားသမီးကိုဘုန်းတော်ကြီးစာသင်ကျောင်းတွင် မထားလိုဘဲ၊ အတင်းအကြပ် ထားစေရန် ဆန္ဒအလျှင်းမရှိကြောင်း။ မည်သည့် ကလေးသူငယ်ကိုမျှလည်း ဘုန်းတော်ကြီးစာသင်ကျောင်းတွင်မနေချင်ဘဲ၊ အတင်းအကြပ်နေစေရန် ဆန္ဒအလျှင်းမရှိကြောင်း။ မြန်မာပြည်အစိုးရသည်၊ မိဘများက မိမိတို့၏ကလေးများကို မိမိတို့၏သဘောအလိုအလျောက် ဘုန်းတော်ကြီးကျောင်းများ၌ထားကြခြင်းကိုသာလျှင် အလိုရှိကြောင်း။

ကလေးသူငယ်များလည်းဘုန်းတော်ကြီးကျောင်းများကိုကြိုက်နှစ်သက်၍ မိမိတို့သဘောအလိုအလျောက် ထိုကျောင်းများ၌ နေကြခြင်းကိုသာလျှင် အလိုရှိကြောင်း။ ကော်မီတီနှင့်ဩဝါဒါစရိယအဖွဲ့က မိဘများမိမိတို့၏သားသမီးများကိုဘုန်းတော်ကြီးစာသင်ကျောင်းများ၌ထားချင်ကြအောင်၊ ဥပဒေစည်းကမ်းနှင့် ဘာသာသင်ခန်းစာအစရှိသည်တို့ကို မည်သို့ပြုပြင်ပြောင်းလဲသင့်ကြောင်း၊ ကလေးသူငယ်များဘုန်းတော်ကြီးစာသင်ကျောင်းများတွင်နေချင်ကြအောင် ဘုန်းတော်ကြီးကျောင်းထွက်သူငယ်များအား မည်ကဲ့သို့သောအရေးအခွင့်များကို ပေးသင့်ကြောင်းကိုသာလျှင် အကြံဉာဏ်ပေးကြလိမ့်မည်ဖြစ်ကြောင်း။

နံပါတ် ၃။ ။ကော်မီတီနှင့် ဩဝါဒါစရိယ အဖွဲ့ကပေးသော အကြံဉာဏ်များကို အစိုးရကလက်ခံပြီးလျှင် ဥပဒေစည်းကမ်းဘာသာသင်ခန်းစာများကိုပြုပြင်ပြောင်းလဲ၍၊ ဘုန်းတော်ကြီးများ၊ ကလေးမိဘများနှင့် ကလေးသူငယ်များကြိုက်နှစ်သက်သောကြောင့်၊ ဘုန်းတော်ကြီး စာသင်ကျောင်းများ အများအပြားထွန်းကား၍လာစေကာမူ၊ ယခုလက်ရှိလူကျောင်းများကိုထိခိုက်လိမ့်မည်မဟုတ်ကြောင်း။ စင်စစ်သော်ကား ဘုန်းတော်ကြီးစာသင်ကျောင်းများကိုအမှီသဟဲပြု၍ လူကျောင်းများမှာ အထူးသဖြင့် ခရစ်ယာန်သာသနာပြုမဟုတ်သော ကျောင်းများမှာ ယခုထက်ပင်ပိုမို၍ စည်ကားကြမည်ဖြစ်ကြောင်း။ကင်းဘဲလ်ကော်မီတီ၏အစီရင်ခံစာအရ ၁၉၃၃-၃၄ ခုနှစ်မှာမြန်မာနိုင်ငံတော်တွင်အသက် ၆ နှစ်မှ ၁၁ နှစ်အတွင်း စာသင်ရွယ် ကလေးသူငယ်ပေါင်း တသန်းတသောင်းနှင့် တထောင်သည်၊ စာသင်ကျောင်းတစုံတရာတွင်မနေကြသေးချေ။ဘုန်းတော်ကြီးစာသင်ကျောင်းများအမြားအပြားထွန်းကား၍လာလျှင် ယခုကျောင်းတွင် မနေကြသေးသော ကလေးသူငယ်များအလို့ငှါဖြစ်ပေလိမ့်မည်။ ထိုမှတပါးဘုန်းတော်ကြီးစာသင်ကျောင်းများ

သည် များသောအားဖြင့် မူလတန်းပညာလောက်သာလျှင်သင်ကြား၍ပေးကြမည် ဖြစ်သောကြောင့် ထိုကျောင်းများက ကလေးသူငယ် များသည် အလယ်တန်းပညာအစရှိသည်တို့အတွက် လူကျောင်းများသို့ကူးပြောင်းကြရမည်ဖြစ်ကြောင်း။ ထို့ကြောင့်ဘုန်းတော်ကြီး စာသင်ကျောင်းများကိုအမှီပြု၍ လူကျောင်းများမှာ ယခုထက်ပိုမို၍စည်ကားလိမ့်မည်ဖြစ်ကြောင်း။ ဤအကြောင်းအကျိုးတို့ကိုထောက်ဆ၍လူကျောင်းများသည်ဘုန်းတော်ကြီးစာသင်ကျောင်းများထွန်းကားသော်၊ မိမိတို့၏ကျောင်းများပိုမို၍ စည်ကားရန်အကြောင်းအထောက်အပံ့ဖြစ်ပေလိမ့်မည်ဟုဝမ်းမြောက်ကြသင့်ကြောင်း။

နံပါတ် ၄။ ။ယခုအခါသမယသည်ဘုန်းတော်ကြီးစာသင်ကျောင်းများမှာ၊ မြန်မာစာပေ ပညာသင်ကြားရေးကို လသာတုန်းဒိုးငင့် ဆိုသောစကားကဲ့သို့ ဆောင်ရွက်ရန် အသင့်လျော်ဆုံးသောအခါသမယဖြစ်ကြောင်း။ အမျိုးနှင့် သာသနာထွန်းကားရေးမှာ၊ အမျိုးသားများစာပေ ပညာတတ်မြောက်ရေးပေါ်တွင်အခြေတည်လျက်ရှိသည့်အတိုင်း၊ မြန်မာပြည် ဥပဒေပြုလွှတ်တော်ကမူလတန်းပညာဆိုင်ရာ အက်ဥပဒေကိုပြဋ္ဌာန်းလိုက်လေပြီ။ ထိုဥပဒေအရနယ်ပယ်အသီးသီးတွင်ရပ်ကွက်ဆိုင်ရာပညာရေးအာဏာပိုင်တို့က တောင်းဆိုလျှင် အသက် ၁၁ နှစ် မပြည့်သေးသောမူလတန်း စာမေးပွဲကိုလည်း၊ မအောင်သေးသော ကလေးတိုင်း စာသင်ကျောင်းများတွင် နေကြရမည်ဟူသောစီမံကိန်းကိုထုတ်ပြန်နိုင်ပေသည်။စီမံကိန်းများထုတ်ပြန်သော်၊ ဆိုင်ရာရပ်ကွက်နယ်ပယ်များတွင် ကလေးအားလုံးအတွက်၊ စာသင်ကျောင်းများလုံလောက်အောင်ထားရှိရပေလိမ့်မည်။ထိုသို့ထားရှိရာတွင် ဘုန်းတော်ကြီးစာသင်ကျောင်းများလည်းပါဝင်ကြမှသာလျှင် အခါကောင်းအခွင့်ကောင်းနှင့်ကြုံကြိုက်ကျိုးနပ်ပေလိမ့်မည်။ ထိုသို့မပါဝင်ကြလျှင် ဆိုင်ရာရပ်ကွက်နယ်ပယ်တွင် ကလေးအားလုံးအတွက်၊ လူကျောင်းများချည်း ထားရှိလိမ့်မည်။ ရပ်ကွက်အသီးသီးတွင်စာသင်ရွယ်ကလေးအားလုံးအတွက် လူကျောင်းများလုံလောက်စွာရှိနေပြီးသောအခါ၊ ဘုန်းတော်ကြီးကျောင်းများမှာ၊ မြန်မာစာပေ ပညာကိုသင်ကြား၍ ပေးရန်စီမံသော်၊နောက်ကျလွန်း၍ အခက်အခဲများစွာတွေ့ရလိမ့်မည်ဖြစ်ပါကြောင်း။

နံပါတ် ၅။ ။ကော်မီတီနှင့်ဩဝါဒါစရိယအဖွဲ့သည်သက်သေများကိုစစ်ဆေး၍အကြံဉာဏ်များ တောင်းရန် အစည်းအဝေးတိုင်း မည်သူမဆို လာရောက်နားထောင်နိုင်ကြကြောင်း။ အထူးအားဖြင့် သတင်းစာဆရာများနှင့် သတင်းထောက်များကိုဘိတ်ကြားကြောင်း။ အကူအညီလည်းပေးမည်ဖြစ်ကြောင်း။ အထက်ပါ အကြောင်းအချက်များကို ရဟန်းရှင်လူပြည်သူ အများသေချာရှင်းလင်းစွာသိနားလည်ကြလျှင်၊ ကော်မီတီနှင့် ဩဝါဒါစရိယ အဖွဲ့အား၊ ဤသာသနာတော်ရေး၊ ပညာရေး၊ အမျိုးသားတို့၏အရေး ကိစ္စကြီးတွင် ကြိုးကြိုးစားစား အကြံဉာဏ်များပေးကြလိမ့်မည်ဟု တပည့်တော်ယုံကြည်မြော်လင့်ပါသည်ဘုရား။

## မေးခွန်းများ။

ကော်မီတီအဖွဲ့၏ဥက္ကဋ္ဌကထိုသို့လျှောက်ထားပြီးသည့်နောက်၊ ဩဝါဒါစရိယ ဆရာတော်များနှင့်ကော်မီတီလူကြီးများသည်၊အစိုးရ၏ပြဋ္ဌာန်းချက်ကိုရင်း၊အတွင်းဝန်၏အမှာတော်စာကို

၄င်း၊ ထိုစာ၏နောက်ဆက်တွဲများကိုင်၄င်း ဘတ်ရှုကြပြီးလျှင်၊ ရဟန်းရှင်လူ ပြည်သူအများတို့၏ သဘောထင်မြင်ချက် အကြံဉာဏ်ပေးချက်တို့ကို ခံယူရရှိနိုင်စေရန် မေးခွန်းများကိုအောက်ပါ အတိုင်းစီစဉ်ကြလေသည်။

၁။ ။(က) ဒေသန္တရပညာရေးအာဏာပိုင်တို့က ယခုပေးထားသော တိုင်းရင်း ဘာသာ ပညာသင်ကြားမှု အခွင့်အရေးတို့သည် လုံလောက်ပါ၏လော။

(ခ) အကယ်၍ မလုံလောက်ခဲ့လျှင်၊ မည်သည့်ရပ်ကွက်တို့၌ မလုံမလောက်ဖြစ်နေ သည်ဟုထင်မြင်ပါသနည်း။

၂။ ။(က) ကိုယ်ပိုင်အလွတ်ပညာသင်ဘုန်းတော်ကြီးကျောင်းများကိုယောကျ်ား ကလေးများနှင့် မိန်းမကလေးများပါ မူလတန်းပညာကို တာဝန်ယူ၍သင် ကြားဘို့တိုက်တွန်းရန်နှင့်

(ခ) ယခုတည်ရှိသော အသိအမှတ်ပြုပြီးကျောင်းများ၌ လိုက်နာ သင်ကြားသော သင်ရိုးသင်တမ်းနှင့်အနည်းငယ်ကွာခြားသောသင်ရိုးသင့်တမ်းကို သင်ကြား ရမည့် အစမ်းသဘောဖြင့် အသိအမှတ်ပြုသော ဘုန်းတော်ကြီး မူလတန်း ကျောင်းစံနစ်ကိုစီမံရန်သင့်တော်သည်ဟုထင်မြင်ပါသလော။

၃။ ။မူလတန်းဘုန်းတော်ကြီးကျောင်းများကိုယခုစီမံကိန်းအရ၊ အစမ်းသဘောဖြင့် အသိအမှတ်ပြုရာတွင်၊ အစိုးရဘဏ္ဍာတော်မှ ကုန်ကျမည့်စရိတ်သည် အခွန် ထမ်းဆောင်သူများနှင့် ဆိုင်ရာ ကလေး သူငယ်များအတွက် ထိုက်သင့် လျောက်ပတ်စွာကြေနပ်လောက်အောင်၊ အကျိုးခံစားခွင့်ရှိလိမ့်မည်ဟုကေန် ကေသိမှသာလျှင်၊ ယင်းသို့သောကျောင်းမျိုးဖွင့်လှစ်ရန်သင့်သည်ဟု ဆိုလျှင် သဘောတူညီပါသလော။

၄။ ။ရပ်ကွက်ဌာနတခုတွင် ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း၊ သို့မဟုတ်အများ ရှိခဲ့သော် ယခုစီမံကိန်းအရ ပညာသင်ကြားမှု အခွင့်အရေး ပြုပြင်စီမံရာ၌ ဂိုဏ်းဂဏ ကွဲပြားမှုတို့ကို ပဓါနမထားဘဲ၊ စာသင်ခန်းများလုံလောက် စွာရနိုင်သော အသင့်တော်ဆုံးသော ဘုန်းတော်ကြီးကျောင်း၌သာစီမံရန် သဘောတူညီပါသလော။

၅။ ။(က) ယခုကဲ့သို့သော ပညာရေးစံနစ်ကို ကူညီအားပေးရန်နှင့် မိမိတို့၏ ပရဝုဏ်အတွင်း၌အစမ်းသဘောဖြင့် အသိအမှတ်ပြုထားသည့် ကျောင်းများ တည်ထောင်ခွင့်ပြုမည့် ဆရာတော်များ၏ ဘွဲ့တော်များကို ဖေါ်ပြနိုင်ပါ သလော။

(ခ) ၄င်းဆရာတော်များ၏ ဩဝါဒခံနယ်ပယ်များ မည်မျှကျယ်ဝန်း ကြီးမားပါ သနည်း။ ၄င်းဆရာတော်ကြီးကျောင်းများ၌ စာသင်နေကြသော ကျောင်း သားဦးရေခန့်မှန်းခြေအားဖြင့်မည်မျှရှိပါသနည်း။

(ဂ) ၄င်းဆရာတော်များ၏ ကျောင်း၌စာသင်ခန်းများအတွက် မည်မျှကျယ်ဝန်းပါ သနည်း။

၆။ ။(က) ဘုန်းတော်ကြီးကျောင်းများ၌ မည်သည့်ဘာသာရပ်များကို သင်ကြား လျက်ရှိပါသနည်း။ ၄င်းဘာသာရပ်များတွင် မည်မျှပေါက်ရောက်၍ မည်မျှ အဆင့်အတန်းအထိသင်ကြားပါသနည်း။

(ခ) ဘုန်းတော်ကြီးကျောင်းများကို အစမ်းသဘောဖြင့် အသိအမှတ်ပြုသောအခါ မည်သည့်ဘာသာရပ်များကိုသင်ကြားစေအပ်ပါသနည်း။

(ဂ) အနည်းဆုံးသော သင်ရိုးသင်တမ်းနှင့် ၎င်းသင်ရိုးသင်တမ်းအတိုင်း ဘာသာရပ်အသီးသီးတွင်မည်ရွေ့မည်မျှသင်ကြားစေမည်ဟုပြဋ္ဌာန်းသင့်ပါသနည်း။

(ဃ) အစမ်းသဘော အသိအမှတ်ပြုမည့် ကျောင်းများနှင့် ယခုရှိပြီးအသိအမှတ်ပြုသောကျောင်းများ၏ပညာအရည်အချင်းအဆင့်အတန်းကို မည်သို့ညှိနှိုင်းဆက်သွယ်၍ထားမည်နည်း။

၇။ ။(က) သင့်တော်၍ အစမ်းဖွင့် ကျောင်းအုပ်များ လက်ခံနိုင်လောက်အောင် မည်သို့မည်ပုံ မည်ရွေ့မည်မျှထောက်ပံ့သင့်သနည်း။

(ခ) ၎င်းကျောင်းများတွင် ရဟန်းဆရာ၊ သို့မဟုတ်လူဆရာကိုပင် ပညာသင်ကြားပို့ချရန်ထားသင့်ပါသလော။

(ဂ) ၎င်းဆရာ၏အရည်အချင်း (ကျောင်းတန်း၊ဆရာဖြစ်တန်း) အနိမ့်ဆုံးမည်မျှရှိရမည်နည်း။

(ဃ) အစမ်းဖွင့် ကျောင်းများတွင်၊ ခန့်ထားရန် ဆရာများကို မည်သို့စုဆောင်း၍ ဦးရေလုံလောက်စွာ ရအောင်မည့်သို့ စီမံမည်နည်း။ အရည်အချင်းမပြည့်စုံသောဆရာများအတွက် ဆရာဖြစ်အတတ်သင်ကြားမှု အခွင့်အရေးများကို မည်သို့စီမံထားရှိမည်နည်း။

(င) ယခုရှိရင်း အသိအမှတ်ပြုပြီးသော ကျောင်းများတွင် ခန့်ထားလျက်ရှိသော ဆရာဖြစ်လက်မှတ်ရဆရာများ၏လစာအခွင့်အရေးများကို ထောက်ရှုလျက်၊ အစမ်းဖွင့်ကျောင်းဆရာများအတွက် အထောက်အပံ့အမျိုးအမည်နှင့် နှုန်းထားများကိုမည်သို့သတ်မှတ်သင့်ပါသနည်း။

၈။ ။ဘုန်းတော်ကြီးကျောင်းများကို အစမ်းသဘောဖြင့် အသိအမှတ်ပြုမည့်အပြင်၊ သင်ကြားမည့်ဘာသာရပ်များနှင့်သင်ခန်းစာများမှာ၊အနည်းငယ်ကွာခြားနေမည်ဖြစ်သောကြောင့် အစမ်းဖွင့်ကျောင်းများအား၊ ရှိရင်းစွဲအသိအမှတ်ပြုပြီးကျောင်းများနှင့်တန်းတူထားရန်သင့်မည်မဟုတ်လေရာ—

(က) အစမ်းဖွင့်ကျောင်းများကို အုပ်ချုပ်စောင့်ကြပ် ကြည့်ရှုစစ်ဆေးရန်နှင့် စာမေးပွဲများပြုလုပ်ရန် မည်ကဲ့သို့စီမံသင့်သည်ဟုအကြံဉာဏ်များပေးလိုပါသနည်း။

(ခ) တိုင်းရင်းဘာသာပညာရေးကိုဥပဒေ၊ဒေသန္တရ ကိုယ်ပိုင်အုပ်ချုပ်ရေးအက်ဥပဒေနှင့်မူလတန်းပညာရေးအက်ဥပဒေအရ၊ ကျောင်းများဖွဲ့စည်းတည်ထောင်ခြင်း၌အစမ်းဖွင့်ကျောင်းများပါ အကျုံးဝင်လာစေအောင် ပြုလုပ်မည့်စီနစ်ကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် တိုင်းရင်းဘာသာ ကိုဥပဒေတွင် အထူးသဖြင့် အသိအမှတ်ပြုခြင်း၊ စာရင်းတင်သွင်းခြင်း၊အထောက်အပံ့ပေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်တို့နှင့်ပတ်သက်၍၊ မည်သည့်ထည့်သွင်းချက်ပြင်ဆင်ချက်၊ ညှိနှိုင်းချက်များကိုလိုအပ်ပါသနည်း။

(ဂ) အစမ်းဖွင့်ကျောင်းကိုစစ်ဆေးရန်အထူးအရာရှိများခန့်ထားရမည်ဖြစ်လျှင်၊ ၎င်းအရာရှိများသည် မည်သည့်အရည်အချင်းနှင့်ပြည့်စုံ၍၊ ၎င်းတို့အား မည်သည့်လစာအခွင့်အရေးများပေးသင့်ပါသနည်း။

(ဃ) အစမ်းဖွင့်ကျောင်းများတွင် ကျောင်းသားဦးရေလုံလောက်၍ ကျောင်းတက်မှန်စေရန်၎င်း၊ သင်ကြား ပြသရာတွင် ကျကျနနရှိစေရန်၎င်း၊ မည်သည့်စည်းကမ်းဥပဒေများကိုပြဋ္ဌာန်းသင့်ပါသနည်း။

(အထက် နံပါတ် ၃ မေးခွန်းကိုကြည့်ပါ)။

၉။ ။(က) ဤစီမံကိန်းကို ကျောင်းဒါယကာများက စိတ်ရောကိုယ်ပါ ကူညီပါမည်လော။

(ခ) စာအုပ်၊ စာသင်ကိရိယာ၊ ကျောင်းသုံးပရိဘောဂများအတွက် စရိတ်ကာမိစေရန် လစဉ်ကြေး၊ သို့မဟုတ် သဒ္ဓါကြေးများကို ထိုကျောင်းရှိရာရပ်ကွက်များ၌ကောက်ခံနိုင်ပါမည်လော။

၁၀။ ။(က) မူလတန်းပညာရေး အက်ဥပဒေကို အတည်ပြုသော ရပ်ကွက်တွင် အစမ်းဖွင့် ဘုန်းတော်ကြီးကျောင်းကို ၎င်းဥပဒေ၏ ရည်ရွယ်ချက် အတိုင်း အသိအမှတ်ပြုသင့်သည်ဟုထင်ပါသလော။

(ခ) ပြုသင့်သည်ဟုဆိုလျှင် မည်သည့်စည်းကမ်းနှင့် အသိအမှတ် ပြုသင့်ပါသနည်း။

(ဂ) အကယ်၍ အသိအမှတ်မပြုသင့်လျှင် အဘယ်ကြောင့်ပါနည်း။

၁၁။ ။ဘုန်းတော်ကြီးကျောင်းများကို မူလတန်းပညာ သင်ကြားရေးအတွက်သာ အစမ်းအသိအမှတ်ပြုသင့်သလော။ အလယ်တန်းနှင့် အထက်တန်းပညာ သင်ကြားရေးအတွက်လည်း အစမ်းအသိအမှတ်ပြုသင့်သလော။

၁၂။ ။အဘယ်အခြေအနေသို့ ရောက်သောအခါ၊ အဘယ်သတ်မှတ်ချက်များနှင့် အစမ်းအသိအမှတ်ပြုသော ဘုန်းတော်ကြီးကျောင်းများကို အတည် အသိအမှတ်ပြုသင့်သနည်း။

၁၃။ ။(က) (၁) ဘုန်းတော်ကြီးကျောင်းများတွင် အတည်အသိအမှတ်ပြုခြင်း။

(၂) မှတ်ပုံစာရင်းတင်သွင်းခြင်း။

(၃) အထောက်အပံ့ပေးခြင်းနှင့်ပတ်သက်၍၊ လက်ရှိ စည်းကမ်းဥပဒေ သတ်မှတ်ချက်များကိုစိတ်ကြေနပ်ပါ၏လော။

(ခ) စိတ်မကြေနပ်လျှင် အဘယ်ပြောင်းလဲချက်များကိုထောက်ခံလိုပါသနည်း။

၁၄။ ။(က) အတည်အသိအမှတ်ပြုပြီး ရရှိနေသော ဘုန်းတော်ကြီးကျောင်းများမှာ၊ ယခုသင်ကြားသော သင်ရိုးသင်တမ်းနှင့် ဘာသာအစီအစဉ်ကိုကြေနပ်ပါ၏လော။

(ခ) မကြေနပ်လျှင် အဘယ်ပြောင်းလဲချက်များကို ထောက်ခံလိုပါသနည်း။

၁၅။ ။(က) အသိအမှတ်ပြုသော ဘုန်းတော်ကြီးကျောင်းများတွင် (ပဋ္ဌသီလမင်္ဂလသုတ်-ဓမ္မစက္ကပဝတ္တနသုတ်စသော သုတ်များကဲ့သို့သော) ပါဠိကို မသင်မနေရဟူ၍ပညတ်သင့်သည်ဟုထင်ပါသလော။

(ခ) မထင်မြင်လျှင် အဘယ်ကြောင့်ပါနည်း။

(ဂ) ထင်မြင်လျှင်—

(၁) သင်ရိုးသင်တန်းနှင့်အစီအစဉ်ကိုအကြံဉာဏ်ပေးပါ။

(၂) မည်သည့်ဘာသာရပ်အစား၊ ပါဠိကိုသင်သင့်ကြောင်းဖော်ပြပါ။

(၃) ဤသို့အစားသွင်းလျှင် လူကျောင်း (တိုင်းရင်းဘာသာ၊ အင်္ဂလိပ်နှင့် တိုင်းရင်းဘာသာသင်) များအတွက် သင်ရိုးသင်တမ်း ဘာသာ အစီအစဉ်ကိုပြောင်းလဲရန်လိုမလိုကိုထင်မြင်ချက်ပေးပါ။

မှတ်ချက်။ ။(၁) ယခုတည်ဆဲ သင်ရိုးသင်တမ်းအရ၊ ဘုန်းတော်ကြီးကျောင်းများတွင်၊ ပထဝီဝင်၊ သို့မဟုတ် မူလတန်းလောကဓါတ်ပညာအစား၊ ပါဠိကိုသင်နိုင်ပါသည်။

(၂) ပဉ္စမ၊ ဒုတိယ၊ တတိယ၊ ပဉ္စမ၊ ဆဋ္ဌမ၊ အဋ္ဌမတန်းများအတွက် ပါဠိသင်ရိုး အသေ အချာ သတ်မှတ်ခြင်းမရှိပါ။

၁၆။ ။အောက်ပါအချက်များနှင့် ပတ်သက်၍ ထပ်လောင်း အကြံဉာဏ်ပေးလိုက် စေလိုပါသည်။

(၁) မြန်မာစာပေပညာ သင်ကြားရေးအကျိုး ဖြစ်ထွန်းစေခြင်းငှါ၊ ဘုန်းတော်ကြီးများ၏စေတနာရှေ့ထား၍ ကူညီစောင်မခြင်းကိုခံယူရရှိနိုင်ရန်။

(၂) ဘုန်းတော်ကြီးကျောင်းများ၌၊ မြန်မာစာပေ ပညာ သင်ကြားရေးကို လူကြိုက်များ၍ပိုမိုထိရောက်ခရီးပေါက်ရန်။

(၃) ဘုန်းတော်ကြီးကျောင်းများ၌၊ ကလေးသူငယ် ပညာသင်ကြားရေး မြှော်လင့်အားထားချက်ကောင်းမွန်ရန်။

၁၇။ ။(က) ဘုန်းတော်ကြီးကျောင်းများတွင် အင်္ဂလိပ်စာသင်ယူနိုင်ရန် အခွင့်အရေးပေးသင့်ပါသလော။

(ခ) ပေးသင့်လျှင်မည်သည့်အင်္ဂါနှင့်ပြည့်စုံမှပေးသင့်ပါသနည်း။

(ဂ) မပေးသင့်လျှင် အဘယ်ကြောင့်ပါနည်း။

ထို့နောက်မေးခွန်းများကိုပုံနှိပ်၍၊ အောက်ပါ အသင်းအဖွဲ့ ပုဂ္ဂိုလ်စသည်တို့ထံသို့ ပေးပို့ကြလေသည်။

(၁) အသိအမှတ်ပြုသောအထောက်အပံ့ရမရ၊ဘုန်းတော်ကြီးစာသင်ကျောင်းများ။
(၂) ဒေသန္တရပညာရေးအဖွဲ့များ။
(၃) လက်ရှိနှင့်အငြိမ်းစား ပညာဝန်၊ ပညာဝန်ထောက်နှင့်ပညာအုပ်များ။
(၄) မြန်မာနိုင်ငံလုံးဆိုင်ရာ တိုင်းရင်း ဘာသာ (မြန်မာ) ကျောင်းဆရာများအသင်းချုပ်။
(၅) အမျိုးသားပညာရေးအဖွဲ့။
(၆) အထက်လွှတ်တော်အမတ်များနှင့် အောက်လွှတ်တော်အမတ်များ။
(၇) သုဓမ္မာဆရာတော်ဘုရားများ။
(၈) သာသနဒုမိုကသံဃာ့မဟာနိကာယအဖွဲ့ဝင် ဆရာတော်ဘုရားများ။
(၉) မန္တလေးရဟန်းပျိုအဖွဲ့။
(၁၀) ဒွါရဂိုဏ်းဆရာတော်ဘုရားများ။
(၁၁) ရွှေကျင်ဂိုဏ်းဆရာတော်ဘုရားများ။
(၁၂) ဝေဠုဝန်ဂိုဏ်းဆရာတော်ဘုရားများ။
(၁၃) မြန်မာသတင်းစာ၊ မဂ္ဂဇင်းနှင့်ဂျာနယ်တိုက်များ။
(၁၄) ခရိုင်ဝန်ရှင်တော်မင်းကြီးများမှတဆင့်၊ အရေးပိုင်၊ နယ်ပိုင်နှင့်မြို့ပိုင်များ။
(၁၅) တောင်တန်းသာသနာပြုအသင်း၊ ရန်ကုန်မြို့။
(၁၆) ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၊ ရန်ကုန်မြို့။
(၁၇) လူငယ်များကြီးပွါးရေးအသင်း၊ ရန်ကုန်မြို့။
(၁၈) ကျေးလက်တောရွာပြုပြင်ရေးအဖွဲ့၊ ရန်ကုန်မြို့။
(၁၉) မြန်မာမိန်းမများအသင်း၊ ရန်ကုန်မြို့။
(၂၀). ဘားမားဂေဇက်။

<u>သက်သေများဆိုင်ရာအစီအစဉ်။</u>

ထို့နောက် အတွင်းဝန်၏အမှာတော်စာတွင်၊ နောက်ဆက်တွဲ (၁) ဖြင့်သော စာရင်းပါ သက်သေများကိုစစ်ဆေးရန် ဩဝါဒါစရိယအဖွဲ့နှင့်ကော်မီတီအဖွဲ့၏ခရီးစဉ်များကိုစီစဉ်ကြလေသည်။ ထိုသက်သေစာရင်းတွင်ပါဝင်သောပုဂ္ဂိုလ်များမှာ၊ အောက်ပါအတိုင်းဖြစ်လေသည်။

(၁) ဆိုင်ရာစီရင်စုရှိ ထင်ရှားသောဂိုဏ်း သံဃာ့အဖွဲ့တိုင်း၏ ကိုယ်စားလှယ်ဆရာတော်များ။
(၂) ဆိုင်ရာစီရင်စုရှိ ထင်ရှားသော ဘုရား ဘဏ္ဍာတော်ထိန်း အဖွဲ့များ၏ ကိုယ်စားလှယ်များ။
(၃) ဆိုင်ရာစီရင်စုရှိ ဒေသန္တရ ပညာရေးအဖွဲ့ဖြစ်သော စီရင်စုကျောင်းအဖွဲ့နှင့် မြူနီစီပယ်အဖွဲ့၏ကိုယ်စားလှယ်များ၊ ပညာရေးအတွက်ဒေသဆိုင်ရာ ရံပုံငွေကို အရေးပိုင်မင်းစီမံခန့်ခွဲရသောနယ်များအတွက် အရေးပိုင်မင်းများ။
(၄) ဒေသဆိုင်ရာဥပဒေပြုလွှတ်တော်အမတ်များ။
(၅) ဗုဒ္ဓဘာသာ သာသနာတော်ကို ချီးမြှောက်တတ်သည်ဟု ထင်ရှားကျော်ကြားသောပုဂ္ဂိုလ်များ။
(၆) ဆိုင်ရာစီရင်စုတွင် အထောက်အပံ့ရရှိနေသော အကြီးဆုံးသောဘုန်းတော်ကြီး မြန်မာစာသင်ကျောင်းများ၏ကျောင်းအုပ်ဆရာတော်များ။

## ဩဝါဒါစရိယဆရာတော်များပြောင်းလွဲခြင်း။

ပညာရေးဌာနအတွင်းဝန်၏ အမှာတော်စာအရ၊ မြန်မာပြည်တဝှမ်းလုံးကို လှည့်လည်၍ သက်သေများ၏ သဘောထင်မြင်ချက်နှင့် အကြံဉာဏ်များကိုခံယူရဦးမည်ဖြစ်လေရာ၊ အသက်အရွယ်ကြီးရင့်သော ဩဝါဒါစရိယဆရာတော်ကြီးသုံးပါးတို့သည် ခရီးလှည့်လည်ရန်မစွမ်းနိုင်သဖြင့်၊ဩဝါဒါစရိယဆရာတော်အဖြစ်မှနုတ်ထွက်ကြရလေသည်။ထိုဆရာတော်ကြီးများမှာ—
(၁) မန္တလေးမြို့၊ သုဓမ္မာအဖွဲ့၏ဥက္ကဋ္ဌဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ရွှေဂူကြီးဆရာတော်ဘုရား။
(၂) ရန်ကုန်မြို့ သာသနာ့ဝုမိုကသံဃာ့မဟာနိကာယအဖွဲ့၏ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ မင်္ဂလာဇေယျုံဆရာတော်ဘုရား။ နှင့်
(၃) ရွှေကျင်ဂိုဏ်းအတွက် ကိုယ်စားလှယ်ဖြစ်တော်မူသော မန္တလေးမြို့ အဂ္ဂမဟာပဏ္ဍိတ အဘယာရာမဆရာတော်ဘုရားများဖြစ်ကြသည်။

ထိုဆရာတော်ဘုရားများနုတ်ထွက်ကြသည့်အတွက်—
(၁) မန္တလေးမြို့၊ သုဓမ္မာအဖွဲ့၏ ကိုယ်စားလှယ်အဖြစ်နှင့် ရွှေလောင်းဆရာတော် ဦးစန္ဒသီရိကိုရင်း။
(၂) ရန်ကုန်မြို့ သာသနာ့ဝုမိုကသံဃာ့မဟာနိကာယအဖွဲ့၏ဒုတိယဥက္ကဋ္ဌဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ငါးထပ်ကြီးဆရာတော် ဦးဇဋိလကိုရင်း။
(၃) ရွှေကျင်ဂိုဏ်းအတွက်ကိုယ်စားလှယ်အဖြစ်ဖြင့်၊ မန္တလေးမြို့ အဂ္ဂမဟာပဏ္ဍိတ ဝိဇ္ဇာလက်ာရဆရာတော် ဦးသုန္ဒရကိုရင်း

မြန်မာပြည်အစိုးရက ကော်မီတီအဖွဲ့၏ ဩဝါဒါစရိယအဖြစ် တင်မြှောက်တော်မူခဲ့လေသည်။

## စက္ကရီတေရီအပြောင်းအလွှဲ။

ကော်မီတီအဖွဲ့နှင့် ဩဝါဒါစရိယအဖွဲ့သည်၊ သက်သေများကို ရန်ကုန်မြို့၊ ပဲခူးမြို့၊ တောင်ငူမြို့၊ ပျဉ်းမနားမြို့၊ ရမည်းသင်းမြို့၊ မိတ္ထီလာမြို့၊ ကျောက်ဆည်မြို့နှင့် မန္တလေးမြို့များတွင် စစ်ဆေးပြီးသည့်နောက်၊ စက္ကရီတေရီပညာဝန်ဦးစိန်ရွှက်သည်၊ မကျန်းမမာ၍ အခွင့် လေးလ ယူရလေသည်။ ဤအဖွဲ့များသည် ဟံသာဝတီစီရင်စုနှင့် အင်းစိန်စီရင်စုမှ သက်သေများကို စစ်ဆေးကြရာတွင် ပညာရေးဌာနဝန်ကြီး၏အခွင့်အမိန့်အရ၊ ပညာဝန် ဦးကြင်က စက္ကရီတေရီ

အဖြစ်နှင့်ဆောင်ရွက်ရလေသည်။ ထို့နောက် ဤအဖွဲ့နှစ်ရပ်သည် သက်သေများကိုသာယာဝတီမြို့နှင့် ပြည်မြို့တွင်စစ်ဆေးကြသောအခါ၊ မြန်မာပြည်အစိုးရ၏အမိန့်အရ၊ ပညာဝန် ဦးသာလှသည် စက္ကရီတေရီအဖြစ်နှင့်ဆောင်ရွက်ရလေသည်။

ပြည်မြို့တွင် သက်သေများကို စစ်ဆေးပြီးသည့်နောက်၊ မူလက အစိုးရခန့်မှန်းသောအချိန်သည်ခေါ့သည့်အပြင်၊ ဩဝါဒါစရိယဆရာတော်များသည်၊ ဝါတွင်း၌ခရီးဒေသစာရီလှည့်လည်နိုင်ကြမည်မဟုတ်သောကြောင့်၊ စုံစမ်းရေးကိစ္စကိုရပ်ဆိုင်း၍ထားကြလေရသည်။ ကော်မီတီအဖွဲ့နှင့်ဩဝါဒါစရိယအဖွဲ့သည်၊ ပြည်ကိုလှည့်လည်၍ သက်သေများကို စစ်ဆေးကြရာ၌၊ စနေ၊ တနင်္ဂနွေ အစရှိသော ရုံးပိတ်ရက်များမှာပင် အနားမယူကြဘဲ၊ မိမိတို့၏ပင်ပန်းနွမ်းနယ်မှုကို မငဲ့ဘဲ အလုပ်တွင်တွင်ပြီးစေရန် ခရီးသွားရသောရက်များကိုသာရက်အားထား၍ စစ်ဆေးခဲ့ကြသည်။ သို့ပါလျက် စုံစမ်းရေးကိုရပ်ဆိုင်းလိုက်သောအခါတွင်၊ မန္တလေးနှင့် ရန်ကုန် မီးရထားလမ်းတလျှောက်နှင့် ရန်ကုန်နှင့်ပြည် မီးရထားလမ်းတလျှောက်ရှိ စီရင်စုများမှတပါး၊ အခြားစီရင်စုမှ သက်သေများကို စစ်ဆေးရန်ကျန်လျက်ပင်ရှိနေသေးသည်၊ သို့အတွက် မြန်မာပြည်အစိုးရသည်စုံစမ်းရေးကိစ္စကို ဝါကျွတ်ပြီးသည့်နောက်၊ ၁၉၄၁ ခု၊ နိုဝင်ဘာလ ၃ ရက်နေ့မှစ၍ သုံးလဆက်လက်ရန် အခွင့်ပြုခဲ့ရလေသည်။ ဝါကျွတ်၍ ဆက်လက်စုံစမ်းသောအခါ၊ မူလစက္ကရီတေရီပညာဝန် ဦးစိန်ရွက်သည်၊ ကျန်းမာ၍ စက္ကရီတေရီအဖြစ်နှင့် ဆက်လက်၍ဆောင်ရွက်နိုင်လိမ့်မည်ဟု ဩဝါဒါစရိယ ဆရာတော်များနှင့် ကော်မီတီလူကြီးမင်းများသည်မြှော်လင့်ခဲ့လေသည်။ သို့ရာတွင် ဦးစိန်ရွက်သည် စက္ကရီတေရီအဖြစ်နှင့် ဆောင်ရွက်နိုင်လောက်အောင်မကျန်းမာသေးသောကြောင့်၊ မြန်မာပြည်အစိုးရသည် အမှုထမ်းကောင်း တံဆိပ်ရမင်း ပညာဝန်ဟောင်း ဦးထွန်းအောင်ကို စက္ကရီတေရီခန့်ခဲ့ရလေသည်။ သို့နှင့် ဦးထွန်းအောင်သည် စုံစမ်းရေးကိစ္စ အတော်အတန်ပြီးမှ စက္ကရီတေရီဖြစ်၍လာလေသည်။ သို့ရာတွင် ဦးထွန်းအောင်သည် လုံ့လဝီရိယရှိသော ပုဂ္ဂိုလ်တဦးဖြစ်၍၊ စုံစမ်းရေးကိစ္စတွင် အဖွဲ့နှစ်ရပ်လုံးကြေနပ်လောက်အောင်ပင်ဆောင်ရွက်နိုင်ပါပေသည်။

## ရရှိသောသဘောထင်မြင်ချက်များနှင့်အကြံဥာဏ်များ။

ဩဝါဒါစရိယအဖွဲ့နှင့် ကော်မီတီအဖွဲ့သည် မေးခွန်းများကို အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်း၊ ပြည်တော်တဝှမ်းလုံးကို ထုတ်ဝေခဲ့ရာ၊ ရေးဖြေစာစောင်ပေါင်း ၇၄၅ ကိုရရှိခဲ့လေသည်။

ဤအဖွဲ့နှစ်ရပ်သည် အရေးပိုင်မင်းတို့၏ ရုံးစိုက်ရာ မြို့ကြီးပေါင်း ၂၃ မြို့ကိုသွားရောက်၍၎င်း၊ ဟံသာဝတီနှင့်အင်းစိန်စီရင်စုများမှသက်သေများကို ရန်ကုန်မြို့သို့ပင့်ဘိတ်၍၎င်း၊ ဗန်းမော်စီရင်စုမှသက်သေများကို ကသာမြို့သို့ပင့်ဘိတ်၍၎င်းစုံစမ်းစစ်ဆေးကြရာ၊ စီရင်စုပေါင်း ၂၆ ခုမှ သက်သေစုစုပေါင်း ၃၀၀ ယောက်တို့ကိုစစ်ဆေးခဲ့ကြလေသည်။

## သက်သေများကိုစစ်ဆေးမှုရပ်စဲခြင်း။

အဖွဲ့ ၂ ရပ်သည် မျှာပုံမြို့၌၊ ၁၉၄၁ ခု၊ ဒီဇဘာလ ၂၂ ရက်နှင့် ၂၃ ရက်နေ့များတွင် စစ်ဆေးပြီးနောက်၊ သက်သေစစ်ဆေးသောကိစ္စကိုရပ်စဲရန်ဆုံးဖြတ်ကြလေသည်။ ထိုသို့ဆုံးဖြတ်ကြသည်မှာ၊ အောက်ပါအကြောင်းအချက်များကြောင့်ဖြစ်သည်။

(၁) အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း၊ ရေးဖြေ စာစောင်ပေါင်း ၇၄၅ ရရှိပြီးဖြစ်ခြင်း။

(၂) စီရင်စုပေါင်း ၂၆ ခုမှ သက်သေပေါင်း ၃၀၀ ယောက်တို့ကို စစ်ဆေးပြီးပြီဖြစ်ခြင်း။

(၃) ထိုရေးဖြေများနှင့်သက်သေများထွက်ချက်အရ၊ ပြည်ပိုင်အစိုးရအား၊ ဩဝါဒ နှင့် အကြံဉာဏ်များပေးနိုင်လောက်ပြီဖြစ်ခြင်း။

(၄) အဖွဲ့ ၂ ရပ်တို့သွားရောက်၍ သက်သေများကိုစစ်ဆေးရန် ကျန်သောနယ်များ မှာ၊ သထုံစီရင်စု၊ ကျိုက္ကမိစီရင်စု၊ ထားဝယ်စီရင်စု၊ မြိတ်စီရင်စုနှင့် ရခိုင် ပြည်ဖြစ်ရာ၊ ထိုနယ်များမှရေးဖြေ အများအပြားရရှိပြီးဖြစ်ခြင်း။

(၅) ၁၉၄၁ ခု၊ ဒီဇဘာလ ၈ ရက်နေ့မှစ၍ ဂျပန်ပြည်နှင့်စစ်ဖြစ်နေသောကြောင့်၊ စိုးရိမ်မကင်းရှိနေကြရခြင်း။

(၆) မြန်မာပြည်ဥပဒေပြုလွှတ်တော် ၂ ရပ်သည်၊ ၁၉၄၂ ခု၊ ဇန္နဝါရီလ ၁၅ ရက်နေ့မှစ၍စည်းဝေးကြမည်ဖြစ်ရာ၊ ကော်မီတီအဖွဲ့တွင်အထက်လွှတ်တော် အမတ်တဦး၊ အောက်လွှတ်တော်အမတ် သုံးဦး ပါသောကြောင့်၊ ဩဝါဒ ကထာနှင့် အစီရင်ခံစာအတွက် ကော်မီတီ လူကြီးများနှင့် ဩဝါဒ စရိယ ဆရာတော်များသည်ထိုနေ့မတိုင်မီ တိုင်ပင်ဆွေးနွေးပြီးဖြစ်သင့်ခြင်း။

ထိုသို့သက်သေစစ်ဆေးခြင်းရပ်စဲရန်ဆုံးဖြတ်ကြသော်လည်း ဆိုခဲ့သောနယ်များမှ ရေးဖြေ မပေးနိုင်ကြရသေးသော သက်သေများကို မိမိဘာသာထင်မြင်ချက်နှင့် အကြံဉာဏ်များကို ရေး၍ ပေးကြရန်တောင်းပန်တိုက်တွန်းကြသေးသည်။

<u>စုံစမ်းရေးအဖွဲ့ဝင်များနှင့် ဩဝါဒါစရိယဆရာတော်များဆွေးနွေးကြခြင်း။</u>

၁၉၄၁ ခု၊ ဒီဇဘာလ ၂၃ ရက်နေ့ အစည်းအဝေးတွင် သက်သေများ စစ်ဆေးခြင်းကို ရပ်စဲရန်ဆုံးဖြတ်ကြပြီးနောက်၊ စုံစမ်းရေးအဖွဲ့ဝင်များနှင့် ဩဝါဒါစရိယ ဆရာတော်များသည်၊ ရရှိပြီးရေးဖြေများနှင့် သက်သေထွက်ချက်တို့တွင် ပါရှိသောအကြံဉာဏ်များကို ဆင်ခြင်စဉ်းစား ရန်အချိန်ယူတော်မူကြလျက်၊ မိမိတို့အချင်းချင်း တိုင်ပင်ဆွေးနွေးရန် အစည်းအဝေး များကို မန္တလေးမြို့၌၊ ၁၉၄၂ ခု၊ ဇန္နဝါရီလ ၃ ရက်နေ့မှစ၍ ကျင်းပရန်ဆုံးဖြတ်တော်မူကြသည်။

အထက်ပါဆုံးဖြတ်ချက်အရ၊ စုံစမ်းရေးအဖွဲ့ဝင်များနှင့် ဩဝါဒါစရိယ ဆရာတော်များ သည်၊ မန္တလေးမြို့၌ ၁၉၄၂ ခု၊ ဇန္နဝါရီလ ၃ ရက်နေ့မှစ၍၊ ရက်ပေါင်း ၁၂ ရက်ဆွေးနွေး တိုင်ပင်တော်မူကြသည်။

စက္ကရီတေရီ ဦးထွန်းအောင်သည်၊ ဖျာပုံမြို့၌ကျင်းပသော အစည်းအဝေးများ ပြီးသည့် နောက်၊ မကျန်းမမာ၍ ၁၉၄၁ ခု၊ ဒီဇဘာလ ၃၁ ရက်နေ့မှ ၁၉၄၂ ခု၊ ဇန္နဝါရီလ ၁၄ ရက်နေ့အထိ၊ ရောဂါတခင်အခွင့် ၁၅ ရက်ယူရလေသည်။ သို့အတွက် စုံစမ်းရေးအဖွဲ့ဝင်များ နှင့် ဩဝါဒါစရိယ ဆရာတော်များသည်၊ မူလကစက္ကရီတေရီဖြစ်ခဲ့သော မန္တလေးနယ်ပညာ ဝန် ဦးစိန်ရွှက်အား၊ ဦးထွန်းအောင် အခွင့်ယူ၍ ထားသောရက်များအတွင်း ခေတ္တစက္ကရီ တေရီအဖြစ်နှင့်ကူညီပါရန် မေတ္တာရပ်ခံကြလေသည်။ ဦးစိန်ရွှက်လည်း စိတ်အား ထက်သန်စွာ နှင့်ကူညီဆောင်ရွက်သည်သာမက၊ အလွန်သင့်လျော် ကောင်းမြတ်သော အကြံဉာဏ်များကို ပေးခဲ့သည်။ ဦးထွန်းအောင် အခွင့်မှပြန်လာပြီးနောက်လည်း ဦးစိန်ရွှက်သည်၊ ဩဝါဒကထာ နှင့် အစီရင်ခံစာပြီးသည့်တိုင်အောင် ဆက်လက်၍ကူညီခဲ့သည်။ သို့အတွက် စုံစမ်းရေးအဖွဲ့ဝင် များနှင့် ဩဝါဒါစရိယ ဆရာတော်များသည်၊ ဦးစိန်ရွှက်အား များစွာ ကျေးဇူးတင်တော်မူကြ ပါသည်။

## ဒုတိယကဏ္ဍ—ရာဇဝင်။

### <u>မြန်မာဘုရင်များ၏လက်ထက်တော်။</u>

မြန်မာပြည်သို့ဗုဒ္ဓဘာသာ သာသနာတော်ပြန့်ပွါးထွန်းလင်း၍လာသည့်အခါမှစ၍၊ မြန်မာ ဘုရင်မင်းမြတ်များ၏ လက်ထက်တော်မှာ၊ ယောကျာ်းကလေးများ ပညာသင်ကြား ကြရန်

ဘုန်းတော်ကြီးကျောင်းများသာလျှင်ရှိခဲ့၏။ ထိုစဉ်အခါက ယောကျ်ားကလေးများသည်၊ ဘုန်းတော်ကြီးကျောင်းများ၌ အသက် ၆ နှစ် ၇ နှစ်မှစ၍၊ အနည်းဆုံး ၂ နှစ် ၃ နှစ်နေကြ၏။

ထိုစဉ်အခါက မင်းများသည်လည်း၊ သာသနာ့ဒါယကာမင်းများဖြစ်ခဲ့ကြ၍၊ ဘုန်းတော်ကြီးများ တန်ခိုးကြီးသော ခေတ်ဖြစ်ပေသည်။ အစိုးရအမှုထမ်း အရာထမ်း အစရှိသောအလုပ်အကိုင်များရနိုင်ရန်အတွက်လည်း၊ ဘာသာခြားစကားများကို တတ်မြောက်ရန် လိုသောခေတ်လည်းမဟုတ်သည့်အပြင်၊ နိုင်ငံခြားသားများလည်းပြည်တွင်းသို့ လာရောက်နေထိုင်ကြပြီးလျှင်၊ တိုင်းရင်းသားတို့နှင့် ယှဉ်ပြိုင်လုပ်ကိုင်ကြခြင်း မရှိသေးလောက် နည်းပါးသေးသည်။ သို့အတွက် ထိုခေတ်သမယမှာ၊ ဘုန်းတော်ကြီးကျောင်းများ၌ရသောပညာသည်၊ တိုင်းသူပြည်သား လူအများတို့အတွက် သင့်လျော်လုံလောက်ခဲ့လေသည်။

ဘုန်းတော်ကြီးစာသင်ကျောင်းများစည်ကားစေရန့်အတွက်လည်း—

(၁) ဘုန်းတော်ကြီးကျောင်းအဆောက်အဦအဝန်းအဝိုင်းများကောင်းကြခြင်း။

(၂) ဆရာဘုန်းတော်ကြီးများသည်၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ဖြင့်ပြည့်စုံ၍ကြည်ညိုဖွယ်ဖြစ်ကြခြင်း၊ နှင့်

(၃) ကျောင်းတွင် သင်ကြားပေးသောပညာများ၏အဘိုးထိုက်တန်ခြင်းတို့က များစွာအကျိုးဇူးပြုခဲ့လေသည်။ ကျောင်း အဆောက်အဦးများသည် ဂုဏ်ကျက်ပြန့်ပြန့်သန့်သန့်ရှင်းရှင်းရှိ၍၊ ကျောင်းသားများ ကစားခုန်စားကြရန် နေရာလုံလောက်စွာ ရှိခဲ့လေသည်။ အဆောက်အဦးနှင့် အဝန်းအဝိုင်း များမှာ၊ မြန်မာတို့၏ ဗိသုကာအတတ်အစရှိသောအတတ်များနှင့် မြန်မာပြည်သည့်ယဉ်ကျေး မှုတို့ကို ထွန်းပြလျက် ရှိကြလေသည်။ ဘုန်းတော် ကြီးများနှင့် ကျောင်းသားများသည်လည်း၊ ဆရာတပည့်သာ မဟုတ်ကြဘဲ၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် ပြည့်စုံသော ဆရာဘုန်းတော်ကြီးနှင့် ထိုဆရာဘုန်းတော်ကြီးများကို ကိုးကွယ်ဆည်းကပ်ရာဟူ၍ ကြည်ညို လေးစားကြသောတပည့်များ ဖြစ်ကြလေသည်။ သို့အတွက် ဆရာဘုန်းတော်ကြီးများဆုံးမပဲ့ပြင်ကြရာတွင် ယခုကာလ လူဆရာများဆုံးမပဲ့ပြင်ကြသည်ထက် ပိုမို၍အောင်မြင် ခဲ့လေသည်။ ကျောင်း အဝန်းအဝိုင်း သည်၎င်း၊ ဆရာဘုန်းတော်ကြီး၏နေပုံ ထိုင်ပုံ၊ ပြောဆိုပုံ စသည်တို့သည်၎င်း၊ ကျောင်းသားသူငယ်များလိမ္မာယဉ်ကျေးကြဖို့ဖြစ်ခဲ့လေသည်။

ထို့မှတပါး၊ ကျောင်းတွင်သင်ကြား၍ပေးသောပညာများသည်လည်း—

(၁) မြန်မာစာဘတ်တတ်ရှိုနှင့် သတ်ပုံသတ်ညွှန်းမှန်ကန်ကျနစွာရေးတတ်ဘို့။

(၂) ဂဏန်းသင်္ချာအတတ်၊ နှင့်

(၃) မင်္ဂလသုတ်အစရှိသောဗုဒ္ဓဘာသာသင်ခန်းစာများ

ဖြစ်ခဲ့လေရာ၊ ကျောင်းသားသူငယ်များသာတတ်ကြရုံသာမက၊ ဗုဒ္ဓဘာသာတရားတော်ကိုသိနားလည်ကြသော ယဉ်ကျေးလိမ္မာသော သူများဖြစ်ကြစေရန် ပြဋ္ဌာန်းသောပညာရပ်များဖြစ်ကြလေသည်။

ထိုစဉ်အခါက မြန်မာအိမ်ထောင်တိုင်းမိမိတို့၏လိုအပ်သောအဝတ်အစားအသုံးအဆောင်စသည်တို့ကို မိမိတို့ကိုယ်တိုင် ယက်လုပ် ကြိုးစားကြပြီးလျှင်၊ အခြားတပါးမှ ဝယ်ယူသုံးစွဲကြခြင်းအလွန်နည်းပါးသောခေတ်ဖြစ်၍၊ အသက်မွေးဝမ်းကျောင်းပညာများကို ကျောင်းများတွင်သင်ရန် မလိုကြသေးချေ။ ထို့မှတပါး အိမ်တိုင်းမှာလိုပင်၊ ကြိတ်များ၊ ရဟတ်များ၊ ယက်ကန်းစင်များအစရှိသော ခေတ်သုံး ဝတ္ထုဗေဒိယာများရှိသောကြောင့်၊ ကလေးသူငယ်များသည်

ငယ်ရွယ်စဉ်ကပင် ၎င်းတို့နှင့်အလုပ် လုပ်ကိုင်ကြပုံကို တွေ့မြင်၍ နေကြသည့်အပြင်၊ ၎င်းတို့ကို မိမိတို့ကိုယ်တိုင်အသုံးပြုရန်ကျောင်းများ၏အပြင်ပမှပင်၊ သင်ကြားတတ်မြောက်ခဲ့ကြလေသည်။

ထိုခေတ်သမယတွင်—

(၁) မိန်းကလေးများနှင့်

(၂) ဘုန်းတော်ကြီး ကျောင်းများတွင် ထားရန် ငယ်လွန်းသေးသော ယောကျ်ား ကလေးများအတွက်သာလျှင်

လူကျောင်းများရှိခဲ့လေသည်။ သို့ရာတွင်ထိုကျောင်းများမှာ ပြောပလောက်အောင် များပြားခဲ့သည်မဟုတ်ချေ။ ခရစ်ယာန်ကျောင်းများလည်း မရှိသလောက်ပင်နည်းပါး ခဲ့သေး၏။ ရှိသော ခရစ်ယာန်ကျောင်းများသည်လည်း—

(၁) ဘုရင်ကိုးများနှင့်

(၂) အနောက်ဘက်လွန် မင်းတရားကြီးသည်၊ သံလျင်မြို့ကို ဖျက်ဆီး ပြီးနောက်၊ အထက် မြန်မာပြည်တွင်ထားသော ပေါ်တူဂီလူမျိုး၊ မာလဘာရီလူမျိုးနှင့် အင်္ဂလိပ် ကပြားများပါဝင်သော ကုလားပျက်များအတွက်သာဖြစ်ခဲ့၏။

(၁၉၃၆ ခုနှစ်၊ တိုင်းရင်းဘာသာပညာနှင့် အသက်မွေးဝမ်းကျောင်း ပြုပြင်စီမံမှုကော်မီတီအစီရင်ခံစာပါ၊ အပိုဒ် ၁၇၇-၁၇၀ နှင့် ပညာဝန် ဦးကောင်း၏ မြန်မာပြည်ပညာရေး ရာဇဝင်စာတမ်းကိုကြည့်ပါ)။

## <u>ဗြိတိသျှအစိုးရ၏လက်ထက်တော်။</u>

### (က) အစိုးရအရာရှိများ၏ခေတ်။

ဗြိတိသျှအစိုးရသည်၊ အောက်မြန်မာပြည်ကို လက်နက်နိုင်ငံပြုပြီးသည့်နောက်၊ ကောဇာသက္ကရာဇ် ၁၂၂၅-၂၆ ခုနှစ်တွင်၊ တိုင်းရင်းဘာသာ ပညာပြန့်ပွါးရေး အစီအစဉ် တခုကို ဖန်တီးရာ၌၊ မဟာဝန်ရှင်တော်မင်းကြီး ဆာအာသာဖယ်ယာသည်၊ ဘုန်းတော်ကြီးကျောင်းများ၏ အဆောက်အဦ အဝန်းအဝိုင်း ကောင်းပုံ၊ ကျယ်ပြန့်ပုံ၊ ဆရာ ဘုန်းတော်ကြီးများ၏ ဩဇာကြီးပုံနှင့် သင်ပြသော အတတ်ပညာတို့၏ ကလေးသူငယ်များတို့ လိမ်မာယဉ်ကျေးမှုနှင့် အကျင့်စာရိတ္တ ကောင်းမှုများအတွက် ကျေးဇူးများပုံတို့ကိုသိတော်မူသဖြင့်၊ တိုင်းရင်းဘာသာ ပညာသင်ကြားရေးအတွက် ဘုန်းတော်ကြီးကျောင်းများကိုသာလျှင် အားကိုးအားထားပြုထိုက် ကြောင်း။ ထိုကျောင်းများမှာ သင်ကြားရင်းဖြစ်သော ဗုဒ္ဓဘာသာ သင်ခန်းစာ များအပြင်၊ လောကီ ရေးရာအတွက် အသုံးဝင်မည့် ပညာ ရပ်များလည်း၊ တပည့် ကျောင်းသား များကို သင်ကြား ပြသတော်မူကြပါရန် ဆရာ ဘုန်းတော်ကြီးများကို တောင်းပန် လျှောက်ထားသင့် ကြောင်း။ ထိုသို့လျှောက်ထားကြရာ၌လည်း၊ ဖြစ်မြောက်အောင်ဉာဏ်ပညာဖြင့် မြော်မြင်နိုင်းဆ၍လျှောက်ထားကြရလိမ့် မည်ဖြစ်ကြောင်း။ လိုရာစာအုပ်များကိုလည်း ဘုန်းတော်ကြီးများအား လှူဒါန်းရမည်ဖြစ်ကြောင်း။ မြို့ငယ် များနှင့် ရွာများတွင် အိမ်ကျောင်းများ ဖွင့်လှစ် ခဲ့သော်၊ ဘုန်းတော်ကြီးကျောင်းများနှင့် အပြိုင်အဆိုင် ဆန့်ကျင်ဘက်ဖြစ်သည်ဟု ယူဆကြမည်ကိုစိုးရိမ်ကြကြောင်း။ သို့အတွက် ဘုန်းတော်ကြီးကျောင်းများနှင့် အပြိုင်အဆိုင်သော်၎င်း၊ ထိုကျောင်းများကိုဖြည့်စွက်သောအနေအားဖြင့်သော်၎င်း၊ လူကျောင်းများမဖွင့်သင့်ကြောင်း ရေးသားညွှန်ကြားခဲ့လေသည်။ [တိုင်းရင်းဘာသာပညာနှင့် အသက်မွေးဝမ်းကျောင်းပညာပြုပြင်စီမံမှုကော်မီတီအစီရင်ခံစာ အပိုဒ် ၁၀၀ နှင့် ၁၀၁ ကို၎င်း၊ ၁၈၆၀-၆၉ ခုနှစ်၊ ပညာ သင်ကြားရေး နှစ်ချုပ်အစီရင်ခံစာ၏နောက်ဆက်တွဲ (ဂ) ကို၎င်း ကြည့်ပါ]။

ကောဇာသက္ကရာဇ် ၁၂၂၆ ခုနှစ်မှ ၁၂၇၀ ခုနှစ်အထိ မြန်မာပြည် အစိုးရ၏ တိုင်းရင်းဘာသာပညာသင်ကြားရေးဝါဒသည်၊ များသောအားဖြင့် အထက်ပါမဟာဝန်ရှင်တော်မင်းကြီး၏ညွှန်ကြားချက်များအပေါ်တွင် အခြေပြုသောဝါဒဖြစ်ခဲ့လေသည်။ ထိုနှစ်များအတွင်း မြန်မာပြည်အစိုးရသည်၊ ဘုန်းတော်ကြီးကျောင်းများကို အသိအမှတ်ပြုရဘို့၊ အထောက်အပံ့ပေးရဘို့ အမျိုးမျိုးကြိုးစည် အားထုတ်ခဲ့လေသည်။ သို့အတွက် ကောဇာသက္ကရာဇ် ၁၂၂၉ ခုနှစ်တွင် အောက်မြန်မာပြည်မှာ ဘုန်းတော်ကြီးစာသင်ကျောင်း ၃၁ ကျောင်း အသိအမှတ် ပြုရပြီးလျှင် ကောဇာသက္ကရာဇ် ၁၂၄၀ ခုနှစ်တွင်ဘုန်းတော်ကြီး စာသင်ကျောင်းပေါင်း ၃၉၇၅ ကျောင်း အသိအမှတ်ပြုရသောအခြေသို့ဆိုက်ရောက်ခဲ့လေသည်။ အထက်မြန်မာပြည်တွင်လည်း အဆိုပါဝါဒအတိုင်းကြိုးစားအားထုတ်ခဲ့ရာ၊ ကောဇာသက္ကရာဇ် ၁၂၅၀ ခုနှစ်တွင် ဘုန်းတော်ကြီး စာသင်ကျောင်းပေါင်း ၂၉၉၀ ကျောင်းအသိအမှတ်ပြုရသော အခြေသို့ ဆိုက်ရောက်ခဲ့လေသည်။ သို့ရာတွင်အဆိုပါနှစ်များ၏နောက်ကိုအသိအမှတ်ပြုရသောဘုန်းတော်ကြီး စာသင်ကျောင်းများအရေအတွက်ယုတ်လျော့၍လာလေရာ၊ ကောဇာသက္ကရာဇ် ၁၂၇၀ ခုနှစ်ကျသောအခါအထက်အောက်မြန်မာပြည်နှစ်ရပ်ပေါင်းတွင်မှ အသိအမှတ်ပြုရသော ဘုန်းတော်ကြီး စာသင်ကျောင်းပေါင်း ၃၀၉၁ ကျောင်းသာရှိတော့လေသည်။ မြန်မာပြည်အစိုးရသည့်တိုင်းရင်းဘာသာပညာသင်ကြားရေးအတွက်ဘုန်းတော်ကြီးစာသင်ကျောင်းများကိုအသိအမှတ်ပြုရအောင် ကြံဆောင်ကြိုးစားသော်လည်း အလိုရှိသလောက်မအောင်မြင်ခဲ့ချေ။ လိုသလောက် မအောင်မြင်ခဲ့သည်မှာလည်း ယခုကာလသမယမှာကဲ့သို့ရဟန်းတော်အရှင်မြတ်များ၏ သဘောထင်မြင်လိုအင်ဆန္ဒများကိုငင်း ဗုဒ္ဓဘာသာဝင်ပြည်သူပြည်သားလူအများတို့၏သဘောထင်မြင်ချက်များနှင့် လိုအင်ဆန္ဒများကိုငင်းရရှိအောင်၊ ပြည်သူနှင့်သံဃာ၏ကိုယ်စားလှယ်များပါဝင်သော စုံစမ်းရေးအဖွဲ့ဖွဲ့စည်း၍မစုံစမ်းခဲ့ဘဲ၊ ဗုဒ္ဓဘာသာဝိနည်းဒေသနာတော်ကိုမသိနားမလည်သော လူမျိုးခြားဘာသာခြားအရာရှိကြီးများ၏ သဘော ထင်မြင်ချက် အတိုင်းသာလျှင်၊ စီမံ ဖန်တီးခဲ့ကြသောကြောင့် ဖြစ်ချေသည်။ ထိုစီမံဖန်တီးချက်များကို ရဟန်းတော်များ ပိုမို၍လက်ခံကြလိမ့်နိုးနိုးနှင့် အမျိုးမျိုးပြုပြင်ခဲ့ကြသော်လည်း၊ ၎င်းတို့သည်ဝိနည်းဒေသနာတော်နှင့်လျော်ညီလှသည်လည်းမဟုတ်၊ ရဟန်းတော်အများ၏သဘောကျလည်းမဟုတ်သောကြောင့်၊ နှစ်ပေါင်း ၅၀ ကျော်အတွင်းမှာ ထိုမျှလောက်သာ အောင်မြင်ခဲ့ကြလေသည်။ (ထိုစီမံ ဖန်တီးချက်တို့၏ အပြစ်ဒေါသ အချို့သည် အောက်တွင်ထင်ရှားလတ္တံ့။)

မြန်မာပြည်အစိုးရသည်ဘုန်းတော်ကြီးစာသင်ကျောင်းများကို အားကိုးအားထားပြုလျက် ၎င်းတို့ကို အသိအမှတ်ပြုရန်အမျိုးမျိုးကြိုးစားအားထုတ်ပါသော်လည်း၊ မှန်းတိုင်းမပေါက်ခရီးများစွာမရောက်ဘဲရှိသောအခါ၊ ဘုန်းတော်ကြီးကျောင်းများကို အသိအမှတ်ပြုရန် ကြိုးစားမှုကိုလက်မလွှတ်သော်လည်း အိမ်ကျောင်းများကိုအားပေးခဲ့ကြရလေသည်။

ထို့ကြောင့်ကောဇာသက္ကရာဇ် ၁၂၃၀ ပြည့်နှစ်တွင် အသိအမှတ်ပြုသော အိမ်ကျောင်း တကျောင်းမျှမရှိပါဘဲလျက်၊ ကောဇာသက္ကရာဇ် ၁၂၇၀ ခုနှစ်တွင် အိမ်ကျောင်းပေါင်း ၃၆၇၀ ကျောင်းအသိအမှတ်ပြုရသောအခြေသို့ဆိုက်ရောက်ခဲ့လေသည်။

ထိုနှစ်တွင်ကျောင်းအရေအတွက်သည်အသိအမှတ်ပြုသောဘုန်းတော်ကြီးစာသင်ကျောင်းအရေ အတွက် ထက် အနည်းငယ်သာ ပိုသေးသော်လည်း၊ အိမ်ကျောင်းမှာ ကျောင်းသားပေါင်း ၂၄၁၂၅၅ ရှိပြီးလျှင်၊ အသိမှတ်ပြုသော ဘုန်းတော်ကြီး စာသင်ကျောင်း များမှာ ၁၀၀၉၄၄ သာရှိတော့၍ များစွာကွာခြားလျက်ရှိနေချေပြီ။

**ကျောင်းအဖွဲ့များ၏ခေတ်။**

ကောဇာသက္ကရာဇ် ၁၂၇၀ ခုနှစ်တွင်မြန်မာပြည်အစိုးရ ပညာရေးဌာနသည်၊ တိုင်းရင်းဘာသာပညာသင်ကြားရေးကို တဦးတည်းအုပ်ချုပ်ရသောအဖြစ်မှရပ်စဲခဲ့လေသည်။ ထိုနှစ်တွင်

တိုင်းရင်းဘာသာ ပညာသင်ကျောင်းများအတွက် ခရိုင်ကျောင်းအဖွဲ့များ ဖြစ်ပေါ်၍လာလေသည်။ ထို့နောက် ကောဇာသက္ကရာဇ် ၁၂၇၃ ခုနှစ်တွင် မြူနီစီပါယ်နှင့် စီရင်စုများအတွက် ကျောင်းအဖွဲ့များဖြစ်ပေါ်၍လာပြန်လေသည်။ထိုဒေသန္တရအဖွဲ့များ၊တိုင်းရင်းဘာသာပညာသင်ကျောင်းများကိုကြီးကြပ်ရသောခေတ်မှာ၊ အသိအမှတ်ပြုသော ဘုန်းတော်ကြီး စာသင်ကျောင်းများသည်ရှေးကထက်တိုး၍ပိုမိုယုတ်လျော့ပြီးလျှင်၊အသိအမှတ်ပြုသောအိမ်ကျောင်းများ၏အရေအတွက်သည်ရှေးကထက်တိုးခဲ့ပြန်လေသည်။ သို့အတွက်ကောဇာသက္ကရာဇ် ၁၂၉၄ ခုနှစ်တွင် အသိအမှတ်ပြုသောဘုန်းတော်ကြီးစာသင်ကျောင်း ၉၂၀ ကျောင်းသာရှိပြီးလျှင်၊အသိအမှတ်ပြုသော အိမ်ကျောင်း ၄၉၆၇ ကျောင်းရှိလေသည်။ (တိုင်းရင်းဘာသာ ပညာနှင့် အသက်မွေးဝမ်းကျောင်းပညာပြုပြင်စီမံမှုကော်မီတီအစီရင်ခံစာအပိုဒ် ၁၉၁ ကိုကြည့်ပါ)။

ကောဇာသက္ကရာဇ် ၁၂၉၄ ခုနှစ်နောက်ကိုလည်း၊ အသိအမှတ်ပြုသော ဘုန်းတော်ကြီး စာသင်ကျောင်းအရေအတွက်သည် ဆုတ်ယုတ်လျက်ပင် ရှိသေး၏။ ( * ) ခုနှစ်တွင်အသိအမှတ်ပြုသော ဘုန်းတော်ကြီးစာသင်ကျောင်း အရေအတွက်သည် ( * ) ရှိတော့၏။ထိုနှစ်တွင်အသိအမှတ်ပြုသော ဘုန်းတော်ကြီးကျောင်း အရေအတွက်မှာ ( * ) ဖြစ်၏။ သည့်အတိုင်းသာဆက်လက်၍သွားလျှင်၊ ဘုန်းတော်ကြီးစာသင်ကျောင်းများကွယ်ပျောက်ပြီးလျှင် အိမ်ကျောင်းများသာဖြစ်တန်ရာ၏။

ဤကဲ့သို့ဖြစ်၍နေရခြင်းသည်၊အကြောင်းအမျိုးမျိုးကြောင့်ဖြစ်၏။ထိုအကြောင်းများအနက် အောက်ပါတို့သည်၊အရေးကြီးသောအကြောင်းများဖြစ်ကြ၏။

(၁) အထက်တွင်ရေးသားဖော်ပြခဲ့သည့်အတိုင်း၊ ဘုန်းတော်ကြီး စာသင်ကျောင်းများကိုအသိအမှတ်ပြုရအောင် ကြံဆောင်ဖန်တီးခဲ့ကြသော အစိုးရအရာရှိများသည်၊ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများမဟုတ်ကြသည့်အပြင်၊ဝိနည်းဒေသနာတော်ကိုလည်း မသိနားမလည်ကြသောကြောင့် ထိုသူတို့၏ စီမံချက်များသည် ဝိနည်းဒေသနာတော်နှင့်မဆီလျော်လှခြင်း။

(၂) ထိုသူများသည်လည်းဗုဒ္ဓဘာသာ သာသနာတော်ကျေးဇူးရှိရာ ရှိကြောင်းကိုသာလျှင်၊ စီမံဖန်တီး ကြလိမ့်မည်ဟု ရဟန်းရှင်လူ ပြည်သူ အများတို့အားထားယုံကြည်သောသူများမဟုတ်ခဲ့ခြင်း။

(၃) ထိုသူများ၏စီမံဖန်တီးချက်တို့ကို ရဟန်းတော်အများမကျေနပ်ကြ၍၊ မိမိတို့၏ကျောင်းများကိုအသိအမှတ်ပြုရန်မလိုလားခဲ့ခြင်း။

(၄) အသိအမှတ်မပြုရသေးသောဘုန်းတော်ကြီးစာသင်ကျောင်းပေါင်း တသောင်းရှစ်ထောင်ရှိနေသေးခြင်း။ (၁၉၃၇-၃၈ ခုနှစ်၊မြန်မာပြည် ပညာသင်ကြားရေးနှစ်ချုပ်အစီရင်ခံစာ၊စာမျက်နှာ ၄ နှင့် ၅ ကိုကြည့်ပါ)။

(၅) အစိုးရ အရာရှိများ၊ စီမံဖန်တီးခဲ့သော စည်းကမ်းဥပဒေများသည် ဝိနည်းဒေသနာတော်နှင့်မဆီလျော်လှသည့်ပြင်၊ထိုစည်းကမ်းဥပဒေများအရ လိုက်နာဆောင်ရွက်ကြသောသူများ၏ အပြုအမူတို့သည်လည်း မသင့်လျော်လှသောကြောင့်၊ဒေသန္တရကျောင်းအဖွဲ့ဝင် လူကြီးအချို့နှင့် အရာရှိအချို့တို့သည်၊စာသင်ကျောင်းများကိုအုပ်ချုပ်တော်မူကြသောဘုန်းတော်ကြီးများကို အမျိုးသား၏အကျိုးနှင့်ဗုဒ္ဓဘာသာ သာသနာတော်၏အကျိုးကိုမြော်ကိုး၍ ဒါယကာဒါယိကာမတို့၏ကလေးသူငယ်များကိုလိမ္မာယဉ်ကျေးသော လူကောင်း သူကောင်းများဖြစ်အောင် မေတ္တာစေတနာနှင့် စောင့်ရှောက်မစ

---

* စာရွက်စာတမ်းများပြည့်စုံစွာမရှိသဖြင့်၊ ဘုန်းတော်ကြီးစာသင်ကျောင်းအရေအတွက်များကို သက်ဆိုင်ရာနှစ်အတွက်မရနိုင်။

တော်မူကြပေသော ဆရာဘုန်းတော်ကြီးများဟု ရိုရိုသေသေ လေးလေးစားစားအမှတ်မထားကြဘဲ၊ လောကီအလုပ်လူဆရာတို့၏ အလုပ်ကိုလခစားအဖြစ်နှင့်မိမိတို့အဖွဲ့များ၏ လက်အောက်တွင် ဝင်ရောက်လုပ်ကိုင်ကြသောသူများ ဖြစ်သည်ဟုအထင်မှားခဲ့ကြခြင်း၊

(၆) ထိုသို့ အထင်မှားခဲ့ကြသည့်အတွက် အချို့လူကြီးများနှင့် အချို့အရာရှိများသည်၊ နောက်ထပ်ဘုန်းတော်ကြီးကျောင်းများကို အသိအမှတ်မပြုဘဲသာမက၊ရှိဟောင်းအသိအမှတ်ပြုပြီးသောကျောင်းများကိုပင်အသိအမှတ်ပြုခြင်း ရပ်စဲအောင်ကြံဆောင်ကြိုးစားခဲ့ကြခြင်း။

(၇) ဆိုင်ရာဒေသန္တရ ကျောင်းအဖွဲ့များမှာ ရံပုံငွေမလုံလောက်သဖြင့်၊ ကျောင်းအသစ်များကို အသိအမှတ်မပြုနိုင်ခြင်း၊အသိအမှတ်ပြုပြီးကျောင်းများကိုပင် အသိအမှတ်ပြုခြင်း ရပ်စဲခဲ့ရခြင်း၊ ထိုအခါ ဘုန်းတော်ကြီး စာသင်ကျောင်းများကို ပိုမို၍ထိခိုက်တတ်ခြင်း၊ (၁၉၃၆ ခုနှစ်တိုင်းရင်းဘာသာ ပညာနှင့်အသက်မွေးဝမ်းကျောင်းပညာရေး ပြုပြင်စီမံမှုကော်မီတီအစီရင်ခံစာ အပိုဒ် ၁၉၃ တွင်အောက်ပါအတိုင်းရေးသားပါရှိ၏)။

''စုံစမ်းရရှိသော စာရင်းအခြေအရအားဖြင့်ဆိုလျှင် လူဝတ်ကြောင်တို့အတွက် သင့်လျော်သော ပညာရေး တွင်ပါဝင်ကြသော ဘုန်းကြီးကျောင်းများမှာ တနေ့တခြား သိသိသာသာယုတ်လျော့လျက်ရှိလေသည်။ အချို့သောဒေသန္တရ ပညာရေးဆိုင်ရာ အာဏာရှင်တို့က ရဟန်းကျောင်းများကိုအသိအမှတ်မပြုဘဲ၊ ဘုတ်အဖွဲ့ကျောင်းများနှင့် အသိအမှတ်ပြုထားသော အိမ်ကျောင်းများအတွက်သာလျှင် ရံပုံငွေလုံးလုံးလျားလျားသုံးစွဲရန်ကို လိုလားကြောင်းမှာ၊ အများအသိပင်ဖြစ်လေသည်။''

(၈) ၁၂၈၅ ခုနှစ်တွင်၊တိုင်းရင်းဘာသာပညာရေးကော်မီတီအဖွဲ့တဖွဲ့သည်၊ ဘုန်းတော်ကြီးစာသင်ကျောင်းများကိုအားကိုးအားထားပြုလျက်၊၎င်းတို့ကိုအသိအမှတ်အတူးပြုရအောင်ကြံဆောင်ကြိုးစားမှုကိုရပ်စဲပြီးလျှင်၊ဘုန်းတော်ကြီးစာသင်ကျောင်းနှင့် အိမ်ကျောင်းများကို တန်းတူထားရန် အချိန်တန်ပြီဟု မြန်မာပြည်အစိုးရအားအကြံဉာဏ်ပေးခဲ့ခြင်း၊ ထိုအကြံဉာဏ်အရ ယခင်နှစ်ပေါင်း ၅၀ ကျော်လိုက်နာခဲ့သော ဘုန်းကြီးကျောင်းများကို အသိအမှတ်ပြုရအောင်လိုက်လျောစွာ စီမံဖန်တီးရေးဝါဒကိုစွန့်လွှတ်ခဲ့ခြင်း၊ (၁၉၂၄ ခုတိုင်းရင်းဘာသာ ပညာရေး ကော်မီတီ၏ အစီရင်ခံစာ၊စာမျက်နှာ ၁၁ မှ ၁၄ အထိကြည့်ပါ)။

(၉) ၁၉၃၆ ခုနှစ်၊တိုင်းရင်းဘာသာပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေး ပြုပြင်စီမံမှုကော်မီတီကလည်း၊ အထက်ပါကော်မီတီ၏အကြံဉာဏ်ပေးချက်ကိုထောက်ခံခဲ့ခြင်း၊ (ထိုကော်မီတီအစီရင်ခံစာအပိုဒ် ၁၉၇ ကိုကြည့်ပါ)။

<u>ပစ္စုပ္ပန်အခြေ။</u>

ဘုန်းတော်ကြီးကျောင်းများကို—

(၁) ကလေးများကိုစာသင်၍ပေးသောကျောင်းများနှင့်

(၂) ကလေးများကိုစာသင်၍မပေးဘဲ—

(က) ပရိယတ္တိ တည်းဟူသော စာပေ ချို့လေ့လာခြင်းကိုသာ ပြုလုပ်သော ကျောင်းများနှင့်

(ခ) သမထ ဝိပဿနာကိုသာ ပွါးများ လေ့လာကြသော ကျောင်းများဟူ၍ အကြမ်းအားဖြင့်အမျိုးအစားခွဲခြားရာ၏၊

ကလေးများကိုလက်ခံ၍သင်ကြားသောကျောင်းများကိုလည်း—

(၁) အသိအမှတ်ပြုသောကျောင်းများ

(၂) အသိအမှတ်မပြုသောကျောင်းများ

ဟူ၍ ထပ်မံခွဲခြားရာ၏။

အသိအမှတ်ပြုခြင်းဆိုင်ရာ ဝါဒနှင့် အသိအမှတ်ပြုသောကျောင်းများ၏ အခြေအနေဆိုင်ရာ ရာဇဝင်ကိုအထက်တွင်ရေးသားဖော်ပြခဲ့ပြီး။အသိအမှတ်ပြုခြင်းဆိုင်ရာ ဥပဒေစည်းကမ်းနှင့် လုပ်ကိုင်ဆောင်ရွက်ပုံနေရာမကျသောကြောင့်ဘုန်းတော်ကြီးကျောင်းများကိုအစိုးရမင်းတို့အလို ရှိသလောက်အသိအမှတ်မပြုရကြောင်း။ခေတ်နှင့်ဝါဒပြောင်းလဲမှုများကြောင့်၎င်း၊ဒေသန္တရအဖွဲ့ များတွင်ငွေပုံမလုံလောက်မှုကြောင့်၎င်း အကြောင်း၊ အသိအမှတ်ပြုသော ဘုန်းတော်ကြီး စာသင်ကျောင်း၏အရေအတွက်သည်တနှစ်တခြားလျော့ပါးလျက်ရှိနေရာ ၎င်းအတိုင်းသာ ဆက်လက်၍သွားလျှင် နောင်နှစ်ပေါင်းများစွာ မကြာမြင့်မီအသိအမှတ်ပြုသော ဘုန်းတော်ကြီး စာသင်ကျောင်းများမရှိသောအခြေအနေသို့ ဆိုက်ရောက်လိမ့်မည်ဟု စိုးရိမ်ဘွယ်ရှိကြောင်းအထက်တွင် ဖော်ပြခဲ့ပြီ။

ယခုအခါ အသိအမှတ်မပြုသော ဘုန်းတော်ကြီးကျောင်းများ၏အခြေအနေကို ရေးသားဖော်ပြပေအံ့။အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မြန်မာဘုရင်မင်းမြတ်တို့၏ လက်ထက်တော်မှာ ဘုန်းတော်ကြီးကျောင်းများသည် ကျောင်းသားများနှင့် စည်စည်ကားကားရှိခဲ့ကြ၏။ သို့ရာတွင် ဗြိတိသျှအစိုးရ၏ လက်လက်တော်တွင် ဘုန်းတော်ကြီးစာသင်ကျောင်းများ၌ ပညာသင်ကြားသော ကလေးသူငယ်တို့၏ ရာခိုင်နှုန်းအရေအတွက်သည် များစွာလျော့ပါး ဆုတ်ယုတ်ခဲ့လေသည်။ ဘုန်းတော်ကြီးကျောင်းအချို့မှာ ကျောင်းသားသူငယ်များ မရှိသည့်အတွက် အခက်အခဲများကို တွေ့လျက်နေခဲ့၏။ အချို့သော ကျောင်းများမှာလည်း ထိုကဲ့သို့ အခက်အခဲများမတွေ့ရအောင် ကျောင်းသားသူငယ်များကို ရှာဖွေစုဆောင်းပြီးလျှင် ချော့မော့၍ ထားကြရ၏။

ဘုန်းတော်ကြီး စာသင်ကျောင်းများ၌ ကလေးသူငယ်များ လျော့ပါးသွားရခြင်း အကြောင်းရင်းတို့မှာ အောက်ပါအတိုင်းဖြစ်ကြ၏။

(၁) ဗြိတိသျှအစိုးရ၏ လက်ထက်မှာ မြန်မာစာသက်သက် တတ်တတ်သော သူများသည်၊ရှေးအခါကလို ရာထူးဌာနန္တရနှင့်အလုပ်အကိုင်များမရနိုင်ကြသောကြောင့်၊ တတ်နိုင်သော သူများသည် မိမိတို့၏ သားသမီးများကို အင်္ဂလိပ် စာသင်ကျောင်းများတွင် ထားကြခြင်း။

(၂) မြန်မာပြည်တွင်းသို့ လူမျိုးခြား ဘာသာခြားများ ဝင်ရောက်၍ တိုင်းရင်းသူ တိုင်းရင်းသားများနှင့် ယှဉ်ပြိုင်လုံ့ လုပ်ကိုင်ရှာဖွေကြခြင်း၊ တနှစ်တခြား များပြားလာသည့်အတွက် ထိုသူတို့နှင့် ယှဉ်ပြိုင်ဆက်ဆံနိုင်စေမည့် ပညာများကို ပိုမိုလိုလားကြခြင်း။

(၃) ဆိုခဲ့သောပညာများကို သင်ကြားပေးနိုင်သောအိမ်ကျောင်းများ ဟနှစ်တခြား ပိုမိုများပြား၍လာခြင်း။

(၄) ဘုန်းတော်ကြီးကျောင်းများကလည်း မိမိတို့ကျောင်းများတွင် မြန်မာဘုရင်မင်းမြတ်တို့ လက်ထက်တော်အခါက သင်ရိုးသင်တမ်း အတိုင်းသာလျှင် ဆက်လက်သင်ကြားကြပြီးလျှင် ခေတ်အလိုက်အလိုကြရှိသောပညာများကို သင်၍မပေးကြခြင်းနှင့်သင်၍ပေးရန် အခွင့်ပင်မပြုကြခြင်း။

(၅) ထိုသို့သင်ကြားမပေးသည့်အတွက် အိမ်ကျောင်း မရှိသော အရပ်များမှာ သာလျှင် ကလေးများကို ဘုန်းတော်ကြီးကျောင်းများမှာ ထားကြခြင်း။

(၆) အိမ်ကျောင်းရှိသောအရပ်များတွင် အိမ်ကျောင်းမှာမထားနိုင်လောက်အောင် အလွန်ဆင်းရဲမှသာလျှင် ဘုန်းတော်ကြီးကျောင်းများတွင် ထားကြခြင်း။

(၇) အချို့မှာ ဆင်းရဲလွန်း၍ ကလေးများကိုပင် ခိုင်းစေကြရသေးသောကြောင့် ဘုန်းတော်ကြီးကျောင်းများတွင်ပင် မထားနိုင်ကြခြင်း။

အမျိုးသား အစိုးရ ၏ဝါဒ။

အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း အသိအမှတ်ပြုသော ဘုန်းတော်ကြီးစာသင်ကျောင်းများနှင့်စပ်လျဉ်း၍ အခက်အခဲများ စိုးရိမ်ဘွယ်များ ဖြစ်ပွါးလျက်ရှိလေရာ၊ နိုင်ငံအုပ်ချုပ်ရေးအကြံဥပဒေနှင့် နည်းစံနစ်ပြောင်းလွဲ၍ တန်ခိုးကြီးလာသော အမျိုးသားအစိုးရ အဖွဲ့သည်၊ အောက်ပါဝါဒနှင့်ထပ်ဆင့်ဝါဒတို့ကို ပြဋ္ဌာန်းကြေညာတော်မူလေသည်။

"မြန်မာနိုင်ငံတော်တွင် မူလတန်းပညာကို မသင်မနေရ အခလွတ်လည်း သင်ရအောင် ဆောလျင်နိုင်သမျှ ဆောလျင်စွာပြုလုပ်ရန်ဝါဒအရ၊ မြန်မာပြည်အစိုးရမင်းတို့က အသေအချာ ဆောင်ရွက်တော့မည်ဟု သဘောထားပြီးဖြစ်ပါကြောင်း။ ဗုဒ္ဓဘာသာရဟန်းသံဃာတော်တို့မှာ ဦးရေအင်အားရှိခြင်း၊ တိုင်းသူပြည်သားတို့အပေါ်၌ ဩဇာတိက္ကမရှိခြင်း၊ မရေမတွက်နိုင်လောက်အောင် များလှသော ကျောင်းအဆောက်အဦများ ရှိခြင်း၊ ပညာသင်ကျောင်းသားအရွယ် ဆင်းရဲသော ကလေးသူငယ်တို့အား ခိုကိုးရာဌာနစားရေး သောက်ဘွယ်တို့ကိုပေးကမ်းနိုင်စွမ်းရှိခြင်းများကြောင့် မြန်မာပြည်တွင် မူလတန်းပညာကို အခမဲ့ အနှံ့အပြား မသင်မနေရဖြစ်အောင် ပြုလုပ်ရန် စီမံချက်၏ထမြောက်အောင်မြင်ရာအောင်မြင်ကြောင်းအလို့ငှါ အဘိုးအနဃ္ဃထိုက်တန်သော အကူအညီဖြစ်နိုင်သည်ဟု အစိုးရမင်းတို့ ယုံကြည်မြော်ကိုးသဖြင့် မြန်မာအမျိုးသားစာပေပညာပြန့်ပွါးထွန်းကားစိမ့်သောငှါ၊ ရဟန်းသံဃာတော်တို့၏ စွမ်းအားဥဿုံ ပေါင်းဆုံဆောင်ရွက်ခြင်းကို ခံယူရရှိရန်တည်းဟူသော ထပ်ဆင့်ဝါဒအရလည်း၊ မြန်မာပြည်အစိုးရမင်းတို့က ဆောင်ရွက်ကြတော့မည် ဖြစ်ပါကြောင်း။"

ထိုသို့ကြေညာတော်မူသည့်အတွက် တိုင်းရင်းဘာသာ ပညာသင်ကြားရေးဘုန်းတော်ကြီးစာသင်ကျောင်းများ စည်ကားပြန့်ပွါးရေးနှင့်ဗုဒ္ဓဘာသာ သာသနာတော် အရေးများအတွက် အားတက်ဘွယ်ဖြစ်ရပြန်သည်။

---

## တတိယကဏ္ဍ—ဝိတ္ထာရဝိနိစ္ဆယ။

ဤဝိတ္ထာရဝိနိစ္ဆယ တစောင်လုံးတွင် မြန်မာဟူသော စကားအစား၌ မွန်၊ ရခိုင်၊ ရှမ်း၊ ကရင်၊ တောင်သူ၊ ချင်း၊ ကချင်စသော တိုင်းရင်းသားအားလုံး ပါဝင်သည်။

**မေးခွန်းနံပါတ် (၁)။**

မေးခွန်းနံပါတ် (၁) မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ဒေသန္တရပညာရေးအာဏာပိုင်တို့က ယခုပေးထားသော တိုင်းရင်းဘာသာပညာသင်ကြားမှု အခွင့်အရေးတို့သည် လုံလောက်ပါ၏လော။

(ခ) အကယ်၍ မလုံလောက်ခဲ့လျှင် မည်သည့်ရပ်ကွက်တို့၌ မလုံမလောက်ဖြစ်နေသည်ဟု ထင်မြင်ပါသနည်း။

ဒေသန္တရ ပညာရေးအာဏာပိုင်တို့က ယခုပေးထားသော တိုင်းရင်းဘာသာ ပညာသင်ကြားမှု အခွင့်အရေးတို့သည်မလုံလောက်ချေ။ ဒေသန္တရကျောင်းအဖွဲ့အားလုံးလိုပင် မိမိတို့ဆိုင်ရာဒေသ၌ အသိအမှတ်ပြုပြီး အထောက်အပံ့ပေးထားသောကျောင်းများ၏ အရေအတွက်သည် မလုံမလောက်ကြောင်း၊ ရှိတန်သမျှသော ကျောင်းများ အတွက်လည်း ဆရာများ လုံလောက်အောင်မပေးနိုင်ကြောင်း။ နောက်ထပ် ဘုန်းတော်ကြီးစာသင်ကျောင်းများကိုဖြစ်စေ၊ အိမ်ကျောင်းများကိုဖြစ်စေ၊အသိအမှတ်ပြု၍ အထောက်အပံ့ပေးနိုင်ရန် အလွန် ခဲယဉ်းကြောင်း ဝန်ခံကြလေသည်။

၁၉၃၉-၄၀ ခုနှစ် အတွက်၊ မြန်မာပြည် ပညာသင်ကြားရေး နှစ်ချုပ် အစီရင်ခံစာ စာမျက်နှာ ၈ နှင့် ၉ မှာလည်း၊ ဒေသန္တရပညာရေး အာဏာပိုင်အဖွဲ့ အချို့တို့မှာ (ဒန်းဆက်တလ်မင်း) ခေါ် အလွန်ကြပ်တည်းကျဉ်းမြောင်းသော တိုင်းရင်းဘာသာ ပညာသင်ကြားရေး အတွက် စရိတ်ငွေထောက်ပံ့ခြင်းဆိုင်ရာ နည်းစံနစ်ကို မြန်မာပြည် အစိုးရသည် လိုက်နာ၍ နေသောကြောင့် ဘဏ္ဍာရေးအခက်အခဲများကို တွေ့ကြုံ၍နေကြရကြောင်း။ များသောအားဖြင့် ထိုအဖွဲ့များသည် တိုင်းရင်းဘာသာပညာသင်ကျောင်းများ သဘာဝအတိုင်း ကြီးပွါးတိုးတက်သည့်အလိုက် ပိုမိုကုန်ကျရမည့် စရိတ်ကိုပင်မခံနိုင်ကြကြောင်း။ (ဒန်းဆက်တလ်မင်း) အရ ထောက်ပံ့သောကျောင်းပေါင်း ၆၅၂ ကျောင်းမှာ နောက်ထပ် ကျောင်းဆရာ တယောက်စီ အရေးတကြီးလိုလျက်ရှိကြောင်း။ ထိုမှတပါး အခြားကျောင်းပေါင်း ၈၈၇ ကျောင်းမှာလည်း အထောက်အပံ့တစုံတရာမရသေးဘဲလျက် သင်ကြားပြသလျက်နေရကြရာ၊ ထိုကျောင်းများသည် ကြာမြင့်စွာ ဆက်လက်၍၊ သင်ကြားပြသနိုင်ကြတော့မည်မဟုတ်ကြောင်း ရေးသား ပါရှိလေသည်။ ထိုမှတပါး မြန်မာပြည်အစိုးရ၏ ငါးနှစ်စီမံကိန်းအရ ဖွင့်၍ထားသော မြန်မာစာသင်ကျောင်းများအတွက် အစိုးရ၏ အထောက်အပံ့ငွေ မလုံလောက်လျှင် ဒေသန္တရအဖွဲ့များက လိုသလောက်စိုက်ကြရပါလျက်၊ ထိုငွေမှပိုလျှင် ပိုသမျှအားလုံးကို အစိုးရအား ပြန်၍ပေးကြရသောကြောင့် မညီမျှဖြစ်ပြီး အခက်အခဲများလည်း တွေ့ကြုံ၍နေကြရသည်။

စုံစမ်းရေးအဖွဲ့နှင့် ဩဝါဒါစရိယ ဆရာတော်များ ပြည်ကိုလှည့်၍ စုံစမ်းကြရာ၊ အသိအမှတ်ပြုခြင်း၊ ထောက်ပံ့ခြင်းကိုအလိုရှိသော ဘုန်းတော်ကြီး စာသင်ကျောင်း အများအပြား ရှိသေးကြောင်း။ သို့ရာတွင် ဆိုင်ရာဒေသန္တရအဖွဲ့များမှာ ငွေမလုံလောက်၍ အသိအမှတ်မပြုနိုင်သေးကြောင်း၊ အထောက်အပံ့မပေးနိုင်သေးကြောင်း ကြားသိရသည်။ သည့်ပြင်မကသေး အချို့အရပ်ဒေသများ၌ ငွေမလုံလောက်သောကြောင့် အသိအမှတ်ပြုပြီးဘုန်းတော်ကြီးများအား ဆွမ်းဆန်ဘော်လူဒါန်းခြင်းကိုပင် ရပ်စဲ၍ထားရသေးကြောင်း ကြားသိရသည်။

ဒေသန္တရ ပညာရေးအာဏာပိုင်တို့၏ နယ်ပယ်အားလုံးမှာပင် စာသင်ကျောင်းများနှင့် ဆရာများမလုံမလောက်ဖြစ်၍နေရာ တောရွာများနှင့်နှိုင်းဆသော် မြို့များမှာ တော်ပေသေး၏။ တောရွာများမှာ များစွာလိုလျက်ရှိ၏။

၁၉၃၆ ခုနှစ်၊တိုင်းရင်းဘာသာပညာနှင့် အသက်မွေးဝမ်းကျောင်း ပြုပြင်စီမံမှု အစီရင်ခံစာ အပိုဒ် ၂၀၅ တွင် အသိအမှတ်မပြုသော ဘုန်းတော်ကြီး စာသင်ကျောင်းများတွင် စာသင်လျက်နေသော ကလေးပေါင်း နှစ်သိန်း ရှိမည်ဟူ၍၎င်း၊ ထိုကလေးများအပြင် ကျောင်းသားအရွယ်ကလေး တသန်းခန့်သည်၊ မည်သည့်ကျောင်းများမှမနေဘဲ ရှိနေသေးကြောင်း ခန့်မှန်းချက်များ ပါရှိလေသည်။ ထိုခန့်မှန်းချက်အရ မည်သည့်ကျောင်းများမှ မနေသော ကလေးတသန်းခန့်၌ များသောအားဖြင့် တောရွာများက ကလေးများ ဖြစ်တန်ရာသည်။ အသိအမှတ် မပြုသော ဘုန်းတော်ကြီး ကျောင်းပေါင်း တသောင်း ရှစ်ထောင်သည်လည်း၊ များသောအားဖြင့် တောရွာများကကျောင်းများ ဖြစ်တန်ရာ၏။ သို့အတွက်အမျိုးသားအစိုးရ၏ ဝါဒနှင့်ထပ်ဆင့်ဝါဒအတိုင်း ဘုန်းတော်ကြီးကျောင်းများကို အသိအမှတ်ပြု၍ ဘုန်းတော်ကြီး

များ၏ အကူအညီကိုရလျှင် တိုင်းရင်းဘာသာ ပညာသင်ကြားရေးအတွက် အလွန်ကျေးဇူး များရာ၏။

## မေးခွန်းနံပါတ် (၂)။

မေးခွန်းနံပါတ် (၂) မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ကိုယ်ပိုင် အလွတ်ပညာသင် ဘုန်းတော်ကြီးကျောင်းများကို ယောကျာ်း ကလေးများနှင့် မိန်းကလေးများပါ မူလတန်း ပညာကို တာဝန်ယူ၍ သင်ကြားဘို့ တိုက်တွန်းရန်၊ နှင့်

(ခ) ယခုတည်ရှိသော အသိအမှတ်ပြုပြီးကျောင်းများ၌ လိုက်နာသင်ကြားသော သင်ရိုး သင်တမ်းနှင့် အနည်းငယ် ကွာခြားသော သင်ရိုး သင်တမ်းကို သင်ကြားရမည့် အစမ်းသဘောဖြင့် အသိအမှတ်ပြုသော ဘုန်းတော်ကြီး မူလတန်းကျောင်းစံနစ်ကို စီမံရန်သင့်ဘော်သည်ဟု ထင်မြင်ပါသလော။

## ဘုန်းတော်ကြီးစာသင်ကျောင်းများ၌ စာသင်ရခြင်း၏ အဘိုးတန်ပုံ။

အသက်ငယ်ရွယ်သော ကလေးသူငယ်များကို ကျောင်းများ၌ ပညာသင်ကြားခြင်း၏ ရည်ရွယ်ချက်များမှာ၊ ဝတတ်ဘိုသာမဟုတ်ဘဲ အကျင့်စာရိတ္တကောင်း၍ လိမ္မာယဉ်ကျေး သော သူများဖြစ်စေရန်လည်း ပါဝင်သည်သာမက၊ အကျင့်စာရိတ္တကောင်း၍ လိမ္မာယဉ်ကျေး သောသူများဖြစ်စေဘို့က သာ၍အရေးကြီးပေသည်၊ အကျင့်စာရိတ္တကောင်း၍လိမ္မာယဉ်ကျေး သော လူများဖြစ်စေဘို့မှာလည်း ကျောင်းအဆောက်အဦး အဝန်းအဝိုင်းသည်၎င်း၊ သင်ပြသော ဆရာများ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်သည်၎င်း၊ ထိုဂုဏ်များကိုအစဉ်အမြဲထွန်းပြသော ကိုယ်အမူအရာ နှုတ်အမူအရာသည်၎င်း၊ ကျောင်းတွင် နေ့စဉ်တွေ့မြင်ကြားသိရသော အရာများ သည်၎င်း၊ ကျောင်းတွင် ပေါင်းသင်းဆက်ဆံရသော ကျောင်းသားချင်းများ စသည်တို့သည် ၎င်း၊ အလွန်အရေးကြီးပေသည်။

မြန်မာပြည်တခွင်လုံးကိုခြုံ၍ တောရွာမြို့ရှိသော ကျောင်းများကိုကြည့်လျှင်၊ ဟိုင်းရင်း ဘာသာပညာသင်အိမ်ကျောင်းများ၏ အဆောက်အဦးအဝန်းအဝိုင်းတို့သည် ဘုန်းတော်ကြီး ကျောင်းများ၏ အဆောက်အဦးအဝန်းအဝိုင်းများလောက် မကောင်းကြချေ။ ဘုန်းတော်ကြီး ကျောင်းများသည် များသောအားဖြင့် မိမိတို့နိုင်ငံရာရပ်ရွာတွင် အကောင်းဆုံး အကျယ်ပြန့်ဆုံး သောအဆောက်အဦးများဖြစ်တတ်သည်။ အကောင်းဆုံးအကျယ်ပြန့်ဆုံး မဟုတ်လျှင်လည်း၊ အကောင်းဆုံးအကျယ်ပြန့်ဆုံးအဆောက်အဦးများတွင် အပါအဝင်ဖြစ်တတ်သည်။ ထို့မှတပါး ၎င်းတို့ကိုဆောက်လုပ်ပုံ မွမ်းမံချယ်လှယ်ပုံတို့သည် မြန်မာတို့၏မြန်မာပြည်ယဉ်ကျေးမှုကိုထွန်းပြ လျက်ရှိတတ်သည်။ ဘုန်းတော်ကြီးကျောင်းပရဝုဏ်များသည်လည်း များသောအားဖြင့်ကျောင်း သားသူငယ်များကစားခုန်စားနိုင်လောက်အောင်ကျယ်ပြန့်ကြသည်၊ အဝန်းအဝိုင်းများမှာလည်း သင့်လျော် သပ်ရပ်သော အဝန်းအဝိုင်းများ ဖြစ်တတ်သည်။ သို့အတွက် အဆောက်အဦး ဆောက်လုပ်ပုံ၊ ကျယ်ပြန့်ပုံ၊ ကစားခုန်စားရန် မြေနေရာရှိပုံ၊ အဝန်းအဝိုင်း သင့်လျော်ပုံတို့ကို ထောက်ရှုသော် ဘုန်းတော်ကြီးကျောင်းများသည် အိမ်ကျောင်းများထက်၎င်း၊ ရပ်ရွာ၌ရှိ အခြားအဆောက်အဦးများထက်၎င်း၊ စာသင်ကျောင်းများအဖြစ် အသုံးပြုရန် များစွာပိုမို၍ သင့်လျော်ကြပေ၏။

ပုဂ္ဂိုလ်ဆရာနှင့်လူဆရာတို့၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များသည်၎င်း၊ ထိုဂုဏ် များကို အစဉ်အမြဲထွန်းပြသော ကိုယ်အမူအရာ၊ နှုတ်အမူအရာသည်၎င်း၊ နှိုင်းယှဉ်စရာပင် မရှိချေ။ ကလေးများသည်လည်း ဗိဒ္ဓာနုဂတိကို အစဉ်လိုက်၍ မိမိတို့ဆရာ၏ပြုမူပြောဆိုပုံတို့ကို

အတုမြင် အတတ်သင်ဆိုသလို အတုပြုတတ်ကြလေသည်။ သို့အတွက် ကလေးများ အကျင့်စာရိတ္တကောင်းမှု၊ လိမ္မာယဉ်ကျေးမှုအတွက် ဘုန်းတော်ကြီး စာသင်ကျောင်းများမှာ ထားခြင်းသည်၊ အိမ်ကျောင်းများမှာထားခြင်းထက် အလွန်ကျေးဇူးများသည်။ ဤအရာ၌ ဘုန်းတော်ကြီး တပါးသည် စာသင်ကျောင်း ကျောင်းအုပ်ဘုန်းတော်ကြီးမဖြစ်မီ ကျောင်းထိုင်ဘုန်းတော်ကြီး ဖြစ်ရဦးမည့်အကြောင်းကိုငင်း၊ ၅ ဝါရသေးသော ရဟန်းသည် မြတ်စွာဘုရား သတ်မှတ်တော်မူသော ဂုဏ်အင်္ဂါများနှင့်ပြည့်စုံလျှင် ဆရာကင်း၍ နေနိုင်သော်လည်း၊ တပည့် မမွေးနိုင်သေးကြောင်းကိုသော်ငင်း၊ သတိချပ်သင့်သည်။ ကျောင်းထိုင်ပုဂ္ဂိုလ်ဖြစ်ဘို့ရာမှာ " ဆယ်ဝါပြည့်တင်း၊ ပိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခဏ္ဍကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ဟောပြောနိုင်၊ ကျောင်းထိုင်ငါးအင်္ဂါ "ဆိုသည့်အတိုင်း ရဟန်းအဖြစ် ဆယ်ဝါရခြင်း၊ ပိဋကနှစ်ကျမ်းကို ကောင်းစွာ တတ်မြောက်ခြင်း၊ ဥပသမ္ပဒ အစရှိသော သံဃာ့ကံတို့ကို ဆောင်နိုင်စွမ်းခြင်း၊ ဝင်္ကြီး ဝတ်ငယ်တို့၌ ကျွမ်းကျင်လိမ္မာခြင်း၊ ရုပ်တရား-နာမ်တရားတည်းဟူသော အဘိဓမ္မာတရား ပိုင်ပိုင်နိုင်နိုင် ဟောပြောနိုင်ခြင်းတည်းဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံရချေမည်။ ထိုသို့ပြည့်စုံမှလည်း တပည့်များ မွေးနိုင်သည်။

ထိုမှတပါး ဘုန်းတော်ကြီးကျောင်း၌ နေ့စဉ်တွေ့မြင်ကြားသိ၍ နေရသော အရာများသည်လည်း၊ ရတနာသုံးပါးနှင့်စပ်၍ လိမ္မာယဉ်ကျေးမှု ပွါးများစေမည့်အရာများဖြစ်မည်။ ထိုအရာများသည့် အိမ်ကျောင်းများ၌ နေ့စဉ်တွေ့မြင်ကြားသိရမည့်အရာများထက် အတိုင်းမသိ ကောင်းမြတ်၍အဘိုးထိုက်တန်လိမ့်မည်။

ဘုန်းတော်ကြီးကျောင်း၌တွေ့ကြုံဆက်ဆံ ပေါင်းသင်းရမည့်သူများသည်လည်း၊ ရတနာသုံးပါးကိုရိုသေမြတ်နိုး၍လိမ္မာယဉ်ကျေးသောသူများဖြစ်တန်ရာ၏။ သို့အတွက်ပေါင်းသင်းဆက်ဆံမှုကိုလိုက်၍ဖြစ်တတ်သော အကျင့်စာရိတ္တကောင်းမှု၊ လိမ္မာယဉ်ကျေးမှုကိုထောက်၍၊ ၎င်း ဘုန်းတော်ကြီးကျောင်းများသည် ကလေးများကိုစာသင်ရန်အတွက် အိမ်ကျောင်းများထက်ပိုမိုသင့်လျော်ကြောင်းထင်ရှားပေသည်။ ဤအရာ၌မင်းစိုးရာဇာ ကုန်သည် လယ်လုပ် အဆင့်အတန်းမရွေး ကလေးသူငယ်များကို ဘုန်းတော်ကြီးစာသင်ကျောင်းများတွင်ထားခဲ့ကြသော ရှေးခေတ်ဟောင်းကိုသတိချပ်သင့်ပေသည်။ ယခုအခါ အင်္ဂလိပ်စာသင်ကျောင်းများနှင့်လောကီပညာသင် အိမ်ကျောင်းများခေတ်စား၍ ဘုန်းတော်ကြီးစာသင်ကျောင်းများခေတ်တိမ်ခိုက်ဖြစ်သောကြောင့် အထူးသဖြင့်မြို့များ၌ ဆင်းရဲနွမ်းပါး၍ အခြားကျောင်းများမှာ မထားနိုင်မှ ဘုန်းတော်ကြီးကျောင်းများမှာထားကြသဖြင့် အချို့သက်သေများအစစ်ခံကြသကဲ့သို့ (ဘုန်းကြီးကျောင်းသားသူတောင်းစား) ဟု အထင်သေးခံ၍နေရသောအခြေအနေကိုသာလျှင်မထောက်ရှုသင့်ပေ။ စုံစမ်းရေးအဖွဲ့ဝင်များနှင့် ဩဝါဒါစရိယ ဆရာတော်များ အကြံဉာဏ်ပေးသည့်အတိုင်း အစိုးရနှင့်ဒေသန္တရအဖွဲ့သည် ဘုန်းတော်ကြီးစာသင်ကျောင်းများကို ကောင်းမြတ်သောစိတ်စေတနာနှင့် အားပေးကြလျှင် ရှေးခေတ်ဟောင်းသည် ပြန်ပြောင်း၍ ပေါ်လာပေလိမ့်မည်။

## လျှောက်ထားတောင်းပန်သင့်ကြောင်း။

အထက်ပါအကြောင်းအချက်များကို ထောက်ထားသောအားဖြင့်၊ ပညာရေးသက်သက် အနေအားဖြင့် ဆင်ခြင်စဉ်းစားသည့်တိုင်အောင်၊ ဘုန်းတော်ကြီး စာသင်ကျောင်းများသည် ပိုမိုသင့်လျော်သည်။ ထိုကျောင်းများကို အစိုးရနှင့်ဒေသန္တရအဖွဲ့တို့သည် အားပေးကူညီထိုက်သည်။ အားပေးလိုသောစိတ်ကောင်းစေတနာကောင်းနှင့် ဘုန်းတော်ကြီးများကိုကလေးသူငယ်များအား လောကုတ္တရာနှင့် လောကီ ဗဟုသုတပညာများသင်ကြားဆုံးမရန် လက်ခံတော်မူကြပါမည့်အကြောင်း တောင်းပန်လျှောက်ထားကြသင့်ပေသည်။

သာသနာတော် အရေး အနေနှင့်ကြည့်သော်ကား၊ သာ၍ပင်တောင်းပန်လျှောက်ထားရန်သင့်လျော်သေး၏။ ကလေးသူငယ်များသည် ဘုန်းတော်ကြီးကျောင်းများ၌ စာမသင်ကြရလျှင် ဗုဒ္ဓဘာသာတရားတော်ကို သိနားလည်မှု၊ ရတနာသုံးပါးကို ရိုသေကိုင်းရှိုင်းမှု၊ မြန်မာ ငြိမ့်ငြိမ်းလိမ္မာယဉ်ကျေးမှုဆုတ်ယုတ်လိမ့်မည်။ သာသနာ့ဝန်ထမ်း ရဟန်းပြုလိုမှုလျော့ပါးလိမ့်မည်။ ဘုန်းတော်ကြီးများနှင့် ဒါယကာဆရာအဖြစ်နှင့် ရင်းနှီး၍ပစ္စည်းလေးပါးထောက်ပံ့မှုဆုတ်ယုတ်လိမ့်မည်။ သာသနာတော်အားလျော့လိမ့်မည်။ ထိုဘေးအန္တရာယ်များကို ကာကွယ်ရန်ငှင်း၊ အပြန်အလှန်ဖြစ်သောအကျိုးအာနိသင်များကိုရရန်ငှင်း၊ ဘုန်းတော်ကြီးစာသင်ကျောင်းများကို အထူးအားပေးရန်သင့်ပေသည်။

ဤအရာ၌ အချို့က ဘုန်းတော်ကြီးများသည်၊ ကလေးများကို ပညာသင်ပေးကြပြီးလျှင် အထောက်အပံ့များကို အလှူခံ၍နေကြလျှင်၊ မိစ္ဆာဇီဝဖြစ်မည်။ လူတို့၏အစေအပါးခံရာရောက်၍ ဝိနည်းသိက္ခာပုဒ်တော်များကို ငြိစွန်းမည်၊ သို့အတွက် သာသနာတော် ပျက်စီးရာပျက်စီးကြောင်းဖြစ်မည်ဟုစိုးရိမ်ကြ၏။ ထိုသူတို့၏စိုးရိမ်ချက်သည်လည်း အကြောင်းသင့်သောစိုးရိမ်ချက်ပူပန်ချက်များဖြစ်ကြ၏။ သို့အတွက် ဘုန်းတော်ကြီးများအား ကလေးသူငယ်များကိုလက်ခံ၍ လောကုတ္တရာနှင့်လောကီဗဟုသုတပညာများသင်ကြားဆုံးမရန်လျှောက်ထားခြင်း၊ ဘုန်းတော်ကြီး စာသင်ကျောင်းများအတွက် ထောက်ပံ့လှူဒါန်းခြင်း၊ စာသင်ကျောင်း ကိစ္စနှင့်ပတ်သက်၍ ဥပဒေစည်းကမ်းစီမံထုံးဖွဲ့ခြင်း စသည်တို့၌၊ ထိုသူတို့၏ စိုးရိမ်ချက်လွတ်ကင်းပြီးလျှင် ဝိနည်းဒေသနာတော်နှင့်လျော်ညီ၍ ဗုဒ္ဓဘာသာသာသနာတော်ကို မထိပါးမပျက်စီးစေသည်သာမက၊ ချီးမြှောက်ရာပင်ကျအောင် သတိသမ္ပဇဉ် တရားလက်ကိုင်ထား၍ ကြိုးစားကြံဆောင်ကြရပေလိမ့်မည်။ လျှောက်ပုံ လျှောက်နည်း လှူဒါန်းထောက်ပံ့နည်းနှင့် အရေးကြီးသောစည်းကမ်းများမှာ အောက်တွင်ဖော်ပြသည့်အတိုင်းဖြစ်သော်၊ ထိုသူတို့၏စိုးရိမ်ချက်သည်လည်း ယခုလက်ရှိကျောင်းအသိအမှတ်ပြုခြင်း၊ ထောက်ပံ့ခြင်း၊ ဥပဒေစည်းစနစ်ကိုထောက်ချင့်သဖြင့် အကြောင်းသင့်သောစိုးရိမ်ပူပန်ခြင်းကင်းလွတ်၍၊ သာသနာတော်ကိုမထိပါးဘဲ ချီးမြှောက်ရာပင်ရောက်ပေလိမ့်မည်ဟု စုံစမ်းရေးအဖွဲ့ဝင်လူကြီးများနှင့် ဩဝါဒါစရိယဆရာတော်များသဘောရကြသည်။

## ယောကျ်ားကလေးများအတွက်သာလျှောက်ထားသင့်ကြောင်း။

ဘုန်းတော်ကြီးကျောင်းများတွင် ကလေးသူငယ်များကို လက်ခံ၍ လောကုတ္တရာနှင့်လောကီဗဟုသုတပညာများ သင်ကြားဆုံးမပါရန် ဘုန်းတော်ကြီးများကိုလျှောက်ထားသင့်၏။ သို့သော်လည်း ယောကျ်ားကလေးများအတွက်သာလျှင် ထိုသို့လျှောက်ထားသင့်၏။ သာသနာ့ဒါယကာ မြန်မာမင်းမြတ်တို့ လက်ထက်တော်အခါမှာ၊ မိန်းကလေးများကို ဘုန်းတော်ကြီးကျောင်းများ၌ စာသင်ရန် လက်ခံရိုးထုံးစံလေ့မရှိခဲ့ချေ။ ယခုတိုင်လည်း ဗုဒ္ဓသာသနာဝင်ရဟန်းရှင်လူပြည်သူအများတို့သည်၊ ဘုန်းတော်ကြီးကျောင်းများ၌ မိန်းကလေးများကိုအသက် (၆) နှစ်နှင့် (၁၁) နှစ်အတွင်း မူလတန်းပညာသင် အရွယ်ပင်ဖြစ်လင့်ကစား၊ လက်ခံသင်ကြားရန်မသင့်ဟုထင်မြင်ယူဆလျက်ရှိကြသေးသည်။ သို့ဖြစ်၍ မိန်းကလေးများအတွက်လျှောက်ထားသော်လည်း ဘုန်းတော်ကြီးအများပင် လက်ခံတော်မူကြလိမ့်မည်မဟုတ်ချေ။ ယခုလက်ရှိအသိအမှတ်ပြုပြီး ဘုန်းတော်ကြီးစာသင်ကျောင်းအချို့မှာ၊ မိန်းကလေးများကို လက်ခံသင်ကြားကြ၍ ကောဇာသက္ကရာဇ် ၁၃၀၁ ခု နှစ်မှာ၊ မြန်မာပြည်တဝှမ်းလုံးရှိအသိအမှတ်ပြုပြီး ဘုန်းတော်ကြီးစာသင်ကျောင်းများ၌ မိန်းကလေးပေါင်း (၃၂၂၀၉) ယောက်ရှိနေကြောင်းကို စုံစမ်းရေးအဖွဲ့ဝင်လူကြီးမင်းများနှင့် ဩဝါဒါစရိယဆရာတော်များကြားသိရ၏။ ထိုမျှလောက်များပြားစွာလက်ခံထားရှိသော်လည်း၊ ဝိနည်းဒေသနာတော်နှင့်ငြိစွန်းခြင်းမရှိသလောက် နည်း

ပါးခဲ့ကြောင်းကြားသိရ၍ ဝမ်းမြောက်ကြ၏။ သို့ရာတွင် ၁၉၂၄ ခု၊ နှစ် တိုင်းရင်းဘာသာ ပညာသင်ကြားရေး ကော်မီတီ၏ အစီရင်ခံစာတွင်ပါရှိသည့်အတိုင်းပင် ဘုန်းတော်ကြီးစာသင်ကျောင်းများ၌ မိန်းကလေးများကို လက်ခံ၍သင်ကြားခြင်းသည်၊ ယေဘုယျမှုဟုတ်အပ္ပကမျှသာဖြစ်သည်ဟုသဘောရကြသည်။ ထိုကော်မီတီ၏အစီရင်ခံစာ စာမျက်နှာ ၁၄-၁၅ တွင် အောက်ပါအတိုင်းရေးသားပါရှိ၏။

"ဘုန်းတော်ကြီးကျောင်းများ၏ အကျိုးကိုမြော်ကိုးလျက် ချွင်းချက်ထားရပေလိမ့်မည်။ အချို့သောဘုန်းကြီးကျောင်းတွင်သာ မိန်းကလေးကျောင်းသားများဝင်ခွင့်ရှိသဖြင့်၊ ကျောင်းသားများဝင်လိုတိုင်းဝင်ခွင့်ရမှသာ ထိုကျောင်းကိုအသိအမှတ်ပြုမည်ဖြစ်ခဲ့လျှင်၊ ကျောင်းပေါင်းများစွာပင် ပျက်စီးရန်ရှိကြောင်း။ ထိုသို့ ဘုန်းကြီးကျောင်းများ ပျက်ပြားမှုကိုလည်း အထက်ဘော်ပြရာ အကြောင်းများအတွက်မနှစ်သက်မလိုလားအပ်ပေ။"

## မိန်းကလေးများအတွက်ချွင်းချက်။

ယောကျ်ားကလေးများအတွက်သာလျှင် လက်ခံသင်ကြားဆုံးမပါရန် လျှောက်ထားသင့်သည်ဆိုသော်လည်း၊ ဆိုင်ရာရပ်ကွက်၌ မိန်းကလေးများ ပညာသင်ကြားရန် အခြားကျောင်းမရှိသည့်အပြင်၊ ဘုန်းတော်ကြီးကျောင်းတွင် ဗုဒ္ဓဘာသာသင်ခဏ်းစာမှတပါး၊ အခြားပညာရပ်များကိုသင်ကြားမည့်ဆရာများသည် လူဆရာများဖြစ်လျှင် အသက် (၆) နှစ်မှ (၁၁) နှစ်အတွင်း မိန်းကလေးများကိုလက်ခံခဲ့သော်၊ ကန့်ကွက်ရန်မရှိပေ။ အဘယ်ကြောင့်ဆိုသော် အသက် (၆) နှစ်နှင့် (၁၁) နှစ်အတွင်း မိန်ကလေးများကို စာသင်ရန် ကျောင်းတွင်လက်ခံခြင်းသည် ဝိနည်းဒေသနာတော်နှင့်မဆန့်ကျင်ပေ။ ထိုလက်ခံမှုကို အကြောင်းပြု၍ နောင်သောအခါ အငြိအစွန်းအရှုပ်အထွေး ဖြစ်လာမည်ကိုစိုးရိမ်သောကြောင့်တကြောင်း၊ ထိုသို့ဖြစ်ပေါ်လာလျှင် မိန်းကလေးများကို လက်ခံသင်ကြားရန် လျှောက်ထားသူ၊ သို့မဟုတ် အဖွဲ့၏ တာဝန်မကင်းဖြစ်မည်ကို စိုးရိမ်သောကြောင့်တကြောင်း၊ မိန်းကလေးများအတွက်လျှောက်ထားလျှင်အောင်မြင်မည်မဟုတ်ဟု ထင်မြင်သောကြောင့်တကြောင်း၊ ဤအကြောင်းများကြောင့်သာလျှင် ယောကျ်ားကလေးများအတွက်သာ လျှောက်ထားသင့်သည်ဟု ဆိုခဲ့ရပေသည်။ အထက်တွင်ဖေါ်ပြခဲ့သောအရပ်ဒေသမျိုး၌ ဘုန်းတော်ကြီးစာသင်ကျောင်းကမှ လက်မခံလျှင်၊ မိန်းကလေးများသည် လောကုတ္တရာနှင့်လောကီဗဟုသုတ မရဘဲရှိနေကြတော့မည်ကို သိမြင်သဖြင့်၊ ၎င်းတို့ကိုအစဉ်သနားသောအားဖြင့် ဘုန်းတော်ကြီးများသည် လက်ခံသင်ကြားသော်၊ ထိုသို့လက်ခံသင်ကြားရာ၌လည်း ဗုဒ္ဓဘာသာစာများကိုသာ ကျောင်းအုပ်ဘုန်းတော်ကြီးက သင်ကြားပြသပြီးလျှင်၊ အခြားပညာရပ်များကို လူဆရာများကသင်ကြားသော်၊ ဝိနည်းသိက္ခာပုဒ်တော်များကို ထိပါးရန်အကြောင်း ပြောပလောက်အောင် ရှိတော့မည်မဟုတ်ချေ။ သို့အတွက် ထိုကဲ့သို့သောကျောင်းများတွင်အသက် (၆) နှစ်နှင့် (၁၁) နှစ်အတွင်း မိန်းကလေးများကိုလက်ခံသင်ကြားသော် ကန့်ကွက်ရန်မရှိချေ။

## မြန်မာကျောင်းဆရာများ၏အကျိုး။

စုံစမ်းရေးအဖွဲ့နှင့် ဩဝါဒါစရိယဆရာတော်များ၏ အောက်တွင်ဘော်ပြ လတ္တံ့သော အကြံဉာဏ်ပေးချက်များအရ၊ ဘုန်းတော်ကြီးများကို လျှောက်ထားပြီးလျှင် ဘုန်းတော်ကြီးစာသင်ကျောင်းများကို အသိအမှတ်ပြု၍လျှူဒါန်းထောက်ပံ့သော်၊ မြန်မာဆရာများမှာ အကျိုးတစုံတရာမယုတ်သည့်အပြင် အကျိုးစီးပွါး ဖြစ်ထွန်းကြစရာပင်ရှိသေး၏။ အဘယ့်ကြောင့်ဆိုသော်၊ ယခုအသိအမှတ် မပြုရသေးသော ဘုန်းတော်ကြီး စာသင်ကျောင်းပေါင်း

၁၀၁၀ ရှိသော်လည်း၊ ထိုအကြံဉာဏ်ပေးချက်များအရ ပြုပြင်၍လျှောက်ထားထောက်ပံ့သည့်တိုင်အောင် ထိုကျောင်းများအားလုံး အသိအမှတ်ပြုခြင်းနှင့် ထောက်ပံ့လှူဒါန်းခြင်းကိုခံယူကြမည်မဟုတ်ချေ။ အသိအမှတ်ပြုခြင်းနှင့် ထောက်ပံ့လှူဒါန်းခြင်းကိုခံယူသော ဘုန်းတော်ကြီးစာသင်ကျောင်းများမှာလည်း၊ ဗုဒ္ဓဘာသာသင်ခန်းစာမှတပါး အခြားပညာရပ်များကို သင်ကြားပြသသော ရဟန်းလက်ထောက်ဆရာများထားရှိသောကျောင်း အလွန်နည်းပါးလိမ့်မည်။ ကျောင်းအများတွင် ထိုပညာရပ်များကိုသင်ကြားရန် လူဆရာများလိုလိမ့်မည်။ သို့အတွက် ၁၉၄၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း အစီရင်ခံချက်အရ၊ ဆရာဖြစ်စာမေးပွဲများအောင်မြင်ကြပြီး ဖြစ်လျက် အလုပ်လက်မဲ့ဖြစ်၍နေကြသော မြန်မာဆရာပေါင်း ၁၉၅၄ ယောက်တို့သည်၊ ၎င်းတို့နောက်မှာနှစ်စဉ် ဆရာဖြစ်သင်ကျောင်းများမှ အောင်သောသူတို့၏ အရေအတွက်သည် နှစ်စဉ်လစ်လပ်သော ဆရာအလုပ်ထက်ပိုမိုသောကြောင့် အလုပ်မရဖြစ်နေသော မြန်မာဆရာများသည်၎င်း၊အလုပ်ရ၍လာကြလိမ့်မည်။ ငွေစစ်သော်ကား ထိုဆရာများနှင့်ပင်မလုံမလောက်ဘဲရှိမည်ကို စိုးရိမ်ရာရှိသေးသည်။

အထက်ပါအကြောင်းအချက်များကိုထောက်ထားသောအားဖြင့် တိုင်းရင်းဘာသာပညာပြန့်ပွါးရေး၊ သာသနာတော်တည်တံ့ထွန်းကားရေး၊ အမျိုးသားတို့မြန်မာငြိငြိယဉ်ကျေးလိမ္မာရေး၊ မြန်မာကျောင်းဆရာများအလုပ်အကိုင်ရရှိရေး၊ မြန်မာစကားနှင့်မြန်မာစာပိုမိုပြီးအထက်တန်းရောက်ရေးအားလုံးတို့အတွက်၊ ဘုန်းတော်ကြီးကျောင်းများတွင် ယောက်ျားကလေးများကိုလက်ခံ၍ လောကုတ္တရာနှင့် လောကီဗဟုသုတပညာများကို သင်ကြားပေးပါရန်ရှိသေစွာတောင်းပန်လျှောက်ထားဘို့သင့်ပေသည်။

## လျှောက်ရန်တာဝန်နှင့် လျှောက်ပုံ။

ကျောင်းများတွင် ယောက်ျားကလေးများကို လက်ခံ၍ လောကုတ္တရာနှင့် လောကီဗဟုသုတပညာများကိုသင်ကြားဆုံးမရန် လက်ခံတော်မူကြပါမည့်အကြောင်း ဘုန်းတော်ကြီးများကိုတောင်းပန်လျှောက်ထားရန်မှာ၊ ခိုင်ရာ ဒသနာ့ ရပညာရေးအဖွဲ့များ၏ တာဝန်ဖြစ်သင့်သည်။ ထိုအဖွဲ့များသည်ရှေးဦးစွာဆိုင်ရာနယ်ပယ်ရှိ ဂဏနာယက ဆရာတော်များကို အောက်ပါအတိုင်းရိုသေစွာတောင်းပန်လျှောက်ထားကြသင့်သည်။

> ‘‘ အရှင်ဘုရား၊ ဗုဒ္ဓဘာသာကလေးသူငယ်များသည်၊ လောကီဗဟုသုတပညာများကိုများစွာလိုလားကြပြီးလျှင် ဘုန်းတော်ကြီးကျောင်းများနှင့်ဝေး၍နေကြသောကြောင့်၊ ဗုဒ္ဓဘာသာတရားတော်ကိုသိနားလည်မှုနှင့် မြန်မာငြိငြိလိမ္မာယဉ်ကျေးမှုများ လျော့ပါးလာလေပြီ အခြားဘာသာအယူသို့ ပြောင်းသွားသူများလည်း များလှလေပြီဖြစ်ပါသောကြောင့်၊ ဗုဒ္ဓဘာသာသာသနာတော်၏အကျိုးနှင့်မြန်မာတိုင်းရင်းဘာသာပညာပြန့်ပွါးခြင်း အကျိုးငှါ၊ တကာတကာမများနှင့် သူတို့၏ကလေးသူငယ်များကို အစဉ်သနားသောအားဖြင့်၊ ကလေးသူငယ်များကို လောကုတ္တရာနှင့် လောကီ ဗဟုသုတ ပညာများသင်ကြားဆုံးမရန် အရှင်ဘုရားအုပ်ချုပ်တော်မူသော ကျောင်းများအနက်၊ မည်သည့်ကျောင်းထိုင်ပုဂ္ဂိုလ်များသည် ပရိယတ္တိအခြေခံရှိပြီးလျှင်၊ သတိမန္တ မိတိမန္တ ဖြစ်၍ ဝိနည်းသိက္ခာပုဒ်တို့ကိုရိုသေလေးစားသည်ဟု အရှင်ဘုရား၏ဂဏက အသိအမှတ်ပြုကြောင်း၊ ကိုကျောင်းထိုင်ပုဂ္ဂိုလ်များ၏ ကျောင်းအဆောက်အဦးများသည်လည်း သင့်လျော်ကြောင်း ညွှန်ကြားတော်မူပါရန်တောင်းပန်လျှောက်ထားပါသည်ဘုရား။’’

ထိုနောက်ဂဏနာယက ဆရာတော်များညွှန်းတော်မူကြသောကျောင်းထိုင်ဘုန်းတော်ကြီးများကို အောက်ပါအတိုင်း ရိုသေစွာတောင်းပန်လျှောက်ထားကြသင့်သည်။

“ အရှင်ဘုရား၊ ဗုဒ္ဓဘာသာကလေးသူငယ်များသည်၊ လောကီဗဟုသုတပညာများကို များစွာလိုလားကြပြီးလျှင် ဘုန်းတော်ကြီးကျောင်းများနှင့်ဝေး၍ နေကြသောကြောင့်၊ ဗုဒ္ဓဘာသာတရားတော်ကိုသိနားလည်မှုနှင့်မြန်မာပြည်ဖြစ်မြန်မာယဉ်ကျေးမှုများလျော့ပါးလှလေပြီ၊ အခြားဘာသာအယူသို့ပြောင်းသွားသူများလည်းများလှလေပြီ ဖြစ်ပါသောကြောင့်၊ ဗုဒ္ဓဘာသာသာသနာတော်၏အကျိုးနှင့် မြန်မာတိုင်းရင်းဘာသာပညာပြန့်ပွါးခြင်းအကျိုးငှါ၊ဒါယကာ ဒါယိကာမများနှင့် သူတို့၏ကလေးသူငယ်များကို အစဉ်သနားသောအားဖြင့်၊ ကလေးသူငယ်များကို လောကုတ္တရာနှင့် လောကီဗဟုသုတပညာများ သင်ကြားဆုံးမရန် အရှင်ဘုရား၏ကျောင်း၌ လက်ခံတော်မူရန် တောင်းပန်လျှောက်ထားပါသည်ဘုရား။”

“ အရှင်ဘုရား၏ကျောင်း၌ ကလေးသူငယ်များကို လက်ခံ၍၊နေစဉ် ပျင်းမျှခြင်းကျောင်းတက်သော ကလေးသူငယ်တို့၏ အရည်အတွက်သည် ၂၀ ထက်မနည်းသောအခါတပည့်တော်အားမိန့်ကြားတော်မူပါဘုရား။” ထိုမှတပါး—

ဘုန်းတော်ကြီးစာသင်ကျောင်းများ၌ မိမိ၏သားငယ်ကို ထားလိုသောမိဘ၊ သို့မဟုတ် အုပ်ထိန်းသူသည်၊ ကျောင်းအုပ်ဘုန်းတော်ကြီးကို အောက်ပါအတိုင်းလျှောက်ထားသင့်သည်။

အရှင်ဘုရား၊ တပည့်တော်၊ သို့မဟုတ် တပည့်တော်မ၏ သားကို အစဉ်သနားသောအားဖြင့် လောကီအကျိုး၊ လောကုတ္တရာအကျိုး နှစ်ဖြာသော အကျိုးအလို့ငှါ၊လိမ်မာယဉ်ကျေးအောင်သင်ကြားပြသဆုံးမတော်မူပါရန် အပ်နှံလျှောက်ထား ပါသည်ဘုရား။

အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း တောင်းပန် လျှောက်ထားကြသော်၊ ကျောင်းအုပ်ဘုန်းတော်ကြီးများသည်၊ ဂဏနာယကဆရာတော်ကြီးများ၊ ညွှန်ကြားသောပုဂ္ဂိုလ်များဖြစ်တော်မူကြ၍ သင့်လျော်သောဘုန်းတော်ကြီးများချည်း ဖြစ်ကြပါလိမ့်မည့်အပြင်၊ ထိုဘုန်းတော်ကြီးများသည် ဂဏနာယကဆရာတော်များနှင့် ဂိုဏ်းဂဏ၏အကူအညီအစောင့်အရှောက်ကို ရတော်မူကြပါလိမ့်မည်ဟု မြော်လင့်စရာရှိသည်။ အလျှောက်အထားကောင်းသည့် အတွက်လည်း ထိုဘုန်းကြီးကျောင်းများမှာ၊ စာသင်ကျောင်းဖွင့်ခြင်း၊ ကလေးများကို လက်ခံခြင်းအတွက် လောကကြောင်း၊ ဓမ္မကြောင်း အပြစ်တစုံတရာမရှိ၊ ချီးမွမ်းဘွယ်သာရှိသည်ဖြစ်လိမ့်မည်။ ယခုအခါမှာ ဘုန်းတော်ကြီးများသည်၊ မိမိတို့၏ စာသင်ကျောင်းများကို အသိအမှတ်ပြု၍ ထောက်ပံ့လှူဒါန်းစေလိုသော်၊ မိမိတို့ကိုယ်တိုင်ဖြစ်စေ၊ ဒါယကာ ဒါယိကာမများကို အကြောင်းပြု၍ဖြစ်စေ စွမ်းဆောင်ကြရသည်။ သို့အတွက်၊ အသိအမှတ်ပြုသော် မိမိတို့၏တပည့်သူငယ်များ စာမေးပွဲဝင်ခွင့်ရကြခြင်း၊ အထောက်အပံ့ရသော် ကျောင်း၌ တပည့်သူငယ်များအတွက် အရည်အချင်းနှင့်ပြည့်စုံသောဆရာများကိုထားနိုင်ခြင်း၊ကျောင်းသုံးပရိဘောဂနှင့် စာသင်ကိရိယာတန်ဆာများ လုံလောက်ခြင်း၊ ဆင်းရဲသောတပည့်သူငယ်များအား ကျောက်သင်ပုန်း၊ ကျောက်တံ၊ စာအုပ်ခဲတံစသည်တို့ကို ထောက်ပံ့နိုင်ခြင်း၊ ထိုထက်ပင် ဆင်းရဲသေးသော တပည့် သူငယ် များကို ကျောင်းတွင်ကျွေးမွေး၍ပင်ထားနိုင်ခြင်းအစရှိသော တပည့်သူငယ်များအတွက် အကျိုးကျေးဇူးများကိုသာ မြော်ခေါ်၍ စွမ်းဆောင်ကြသည် ဆိုသော်လည်း၊ အချို့က ထိုဘုန်းကြီးများသည် သူတို့၏အကျိုးအတွက်သာလျှင် စွမ်းဆောင်အားထုတ်၍နေကြသည်ဟု အထင်သေးအမြင်သေးဖြစ်၍နေကြသေး၏။ နောင်အခါ၌ အထက်တွင် ဖေါ်ပြခဲ့သည့် အတိုင်းသာလျှင် တောင်းပန်လျှောက်ထားကြပါမူ၊ ဘုန်းတော်ကြီး များမှာ မိမိ တို့ ၏ ကျောင်းများကို အသိအမှတ်ပြု၍

ထောက်ပံ့လှူဒါန်းကြရန် စွမ်းဆောင်ရသောဒုက္ခနှင့် ထိုသို့ စွမ်းဆောင်မှုကို အကြောင်းပြု၍ဖြစ်တတ်သော ပရူပဝါဒဘေးမှ ကင်းဝေးကြပေလိမ့်မည်။

## အင်္ဂလိပ်သင်ရိုးသင်တမ်း။

အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်း တောင်းပန်လျှောက်ထား၍ ဖွင့်လှစ်တော်မူကြသော ဘုန်းတော်ကြီး စာသင်ကျောင်းများတွင် သင်ပြသော သင်ရိုးသင်တမ်း၏ အဆင့်အတန်းသည် အသိအမှတ်ပြုပြီးဖြစ်သော မြန်မာစာသင်ကျောင်းများ၌ သင်ကြားပြသသော သင်ရိုးသင်တမ်း အောက် စိုးစဉ်းမျှ မယုတ်မလျော့ထိုက်ချေ။ စင်စစ်သော်ကား ထိုသင်ရိုး သင်တမ်းများသည် ထပ်တူထပ်မျှဖြစ်မှသာလျှင် သင့်လျော်ချေမည်။ ရှေးအခါက ဘုန်းတော်ကြီးကျောင်းများတွင် စာသင်ကျောင်းများကို (ခ) စာရင်းဝင် ကျောင်းများအဖြစ်နှင့် အသိအမှတ်ပြုခဲ့ဘူးလေသည်။ သို့ရာတွင် ထိုကျောင်းများတွင် သင်ကြားပြသသော သင်ရိုးသင်တမ်းများသည်၊ အခြားကျောင်းများတွင် သင်ကြားပြသသော သင်ရိုး သင်တမ်းများအောက် ယုတ်လျော့သောကြောင့်၊ ထိုကျောင်းများသည် ညံ့ဖျင်းသောကျောင်းများဖြင့်သည်။ ထိုကျောင်းများမှ အတန်းအောင်သော ကလေးများသည် အခြားကျောင်းများမှ အတန်းအောင်သော ကလေးများလောက်မတော်ပဲရှိ၍ အများက မလေးစားခဲ့ကြချေ။ ထိုသို့မလေးစားကြသည့်အတွက် (ခ) စာရင်းဝင်ကျောင်းများ အဖြစ်နှင့် အသိအမှတ်ပြုသောနည်းစံနစ်ကို မြန်မာပြည်အစိုးရ ပညာရေးဌာနသည် စွန့်လွှတ်ပယ်ဖျက်ခဲ့ရဘူးလေသည်။ ယခုလည်းဘုန်းတော်ကြီးကျောင်းများ၌ သင်ကြားပြသသောသင်ရိုးသင်တမ်းများသည် ညံ့ဖျင်းသည်ဟု ကလေးများကို ဘုန်းတော်ကြီးကျောင်းများတွင်ထားခြင်း လျော့ပါး၍နေသောကြောင့်၊ ပိုမိုပြီးထားကြစေရန်စီမံရာတွင် ဘုန်းတော်ကြီးကျောင်းများ၌သင်ကြားပြသမည့် သင်ရိုးသင်တမ်းသည်၊ အခြားအသိအမှတ်ပြုသောကျောင်းများတွင် သင်ကြားပြသသောသင်ရိုးသင်တမ်းအောက် ယုတ်လျော့၍နေပြန်လျှင် ဘုန်းတော်ကြီးကျောင်းများတွင် ပိုမို၍ထားကြလိမ့်မည်မဟုတ်ချေ။

## ဗုဒ္ဓဘာသာသင်ခန်းစာ။

စင်စစ်သော်ကား ဘုန်းတော်ကြီးများသည် တိုင်းရင်းဘာသာပညာရေး၌ အားပေးကူညီကြခြင်းသည်၊ ဗုဒ္ဓဘာသာ သာသနာတော်ကို အားပေးရာလည်းရောက်မှ၊ ကလေးသူငယ်များကို ပရိယတ္တိဘက်ကချို့မြှောက်ရာလည်းရောက်မှ စိတ်အားထက်သန်စွာ အားပေးကူညီတော်မူကြပါမည်ဖြစ်သောကြောင့်၊ ဘုန်းတော်ကြီးစာသင်ကျောင်းများအတွက် သင်ရိုးသင်တမ်းစာတွင် ဗုဒ္ဓဘာသာသင်ခန်းစာကို ကျောင်းသားများသည်မအောင်လျှင် အတန်းမတက်ရသောပညာတရပ်အဖြစ်နှင့် သတ်မှတ်ပြဋ္ဌာန်းရန်သင့်သည်။

ယခုလက်ရှိ အသိအမှတ်ပြုပြီး ဘုန်းတော်ကြီးစာသင်ကျောင်းများနှင့် အခြားဗုဒ္ဓဘာသာဝင်တို့အုပ်ရသော အိမ်ကျောင်းများအတွက် ဗုဒ္ဓဘာသာသင်ခန်းစာသည် ကျောင်းသားများ မသင်ဘဲမနေရသောသင်ခန်းစာဖြစ်၏။ သို့ရာတွင် ကျောင်းသားများသည် ထိုသင်ခန်းစာမှာ မအောင်သော်လည်း၊ တခြားပညာများကိုအောင်မြင်က အတန်း တက်ကြရ၏။ သို့အတွက် ဗုဒ္ဓဘာသာသင်ခန်းစာများကိုသင်ယူကြရာ၌ အခြားပညာရပ်များကိုသင်ယူသကဲ့သို့ လေးစားကြပုံမပေါ်ချေ။ အချို့ကျောင်းများမှာလည်း၊ ဗုဒ္ဓဘာသာသင်ခန်းစာများအတွက် စာမေးပွဲများပင်မလုပ်ကြချေ။ မြန်မာပြည်အစိုးရပညာရေးဌာနက ကျင်းပသော မြန်မာဒသမတန်းစာမေးပွဲမှာပင် ဗုဒ္ဓဘာသာသင်ခန်းစာကို စစ်မေးခြင်းမရှိပေ။ ဤကဲ့သို့ဖြစ်၍ နေခြင်းသည်၊ အလျှင်း မသင့်လျော်ချေ။ မြန်မာလူမျိုးတို့၏ဓလေ့ထုံးစံများနှင့် မြန်မာပြိုင် ယဉ်ကျေးလိမ္မာမှုများသည် ဗုဒ္ဓဘာသာတရားတော်အပေါ်တွင် များစွာအခြေပြုလျက်၊ လိုကရားတော်နှင့် များစွာရောနှောလျက်ရှိသည်။ သို့အတွက်မြန်မာဗုဒ္ဓဘာသာကလေးများသည်၊ ဗုဒ္ဓဘာသာတရားတော်ကိုသိနား

လည်ကြဘို့အလွန်အရေးကြီးသည်။ ယခုအခါ ဝတ်မှု၊ စားမှု၊ နေထိုင်မှု၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာစသည်တို့၌ မြန်မာပြီပြီယဉ်ကျေးမှုများ-တဖြည်းဖြည်းဆုတ်ယုတ်လျက်ရှိခြင်း၊ ၁၉၃၇-၃၈ ခုနှစ်၊ မြန်မာပြည်ပညာသင်ကြားရေးနှစ်ချုပ်အစီရင်ခံစာ စာမျက်နှာ ၅၅ တွင် ရှေးအခါကမြန်မာလူငယ်များသည် မိဘနှင့်ဆရာများကို ရိုသေလေးစားကြကြောင်း ထင်ရှားကျော်ကြားသော်လည်း၊ ယခုအခါ၌ မရိုသေမလေးစားကြပြီဟု မြန်မာပြည်ပညာရေးဌာနဝန်ကြီးရေးသားရသောအခြေသို့ဆိုက်ရောက်ရခြင်းမှာ၊ ဗုဒ္ဓဘာသာကလေးသူငယ်များ ဗုဒ္ဓဘာသာတရားကို သိနားလည်မှု လျော့ပါး၍၊ ထိုတရားတော်ကို လေးစားမှု ဆုတ်ယုတ်သောကြောင့်ဖြစ်သည်။ သို့အတွက် ဘုန်းတော်ကြီးများနှင့် အခြား ဗုဒ္ဓဘာသာဝင်များအုပ်သော မြန်မာစာသင်ကျောင်းများနှင့် ဒေသန္တရပညာရေးအဖွဲ့ပိုင် မြန်မာစာသင်ကျောင်းများအားလုံးတွင် ဗုဒ္ဓဘာသာသင်ခန်းစာကိုကျောင်းသားများမအောင်လျှင် အတန်းမတက်ရသောပညာတရပ်အဖြစ်ပြဋ္ဌာန်းရန်သင့်သည်။ သည့်အတိုင်းလက်ရှိသင်ရိုးသင်တမ်းကိုပြင်ဆင်ရန် စုံစမ်းရေးအဖွဲ့နှင့် ဩဝါဒါစရိယဆရာတော်များအကြံဥာဏ်ပေးကြ၏။ ဤအရာ၌ ဘုန်းတော်ကြီးများနှင့် အခြားဗုဒ္ဓဘာသာဝင်များအုပ်သော မြန်မာစာသင်ကျောင်းများနှင့်ဒေသန္တရပညာရေးအဖွဲ့ပိုင် မြန်မာစာသင်ကျောင်းများ၌ ဗုဒ္ဓဘာသာသင်ခန်းစာများကို ကျောင်းသားများသည် မအောင်လျှင် အတန်းမတက်ရဟုပြဋ္ဌာန်းသော်၊ ထိုကျောင်းများ၌ ဗုဒ္ဓဘာသာဝင်မဟုတ်သောကလေးများအတွက် သင့်လျော်ပါမည်လောဟု စောဒကတက်ဘွယ်ရှိ၏။ စုံစမ်းရေးအဖွဲ့နှင့် ဩဝါဒါစရိယဆရာတော်များညွှန်ကြားသောနည်းစံနစ်အတိုင်း၊ ဘုန်းတော်ကြီးကျောင်းများကို မြန်မာပြည်အစိုးရနှင့် ဒေသန္တရအဖွဲ့များက အားပေးကြလျှင် မြန်မာစာသင်ကျောင်းများတွင် ဘုန်းတော်ကြီး စာသင်ကျောင်းများက များလိမ့်မည်ဟုမြော်လင့်ဘွယ်ရှိသည်၊ ဘုန်းတော်ကြီးစာသင်ကျောင်းများတွင်နေသောကလေးများသည်လည်း၊ ဗုဒ္ဓဘာသာဝင်များချည်းသာ ဖြစ်ကြလိမ့်မည်ဟု မြော်လင့်ဘွယ်ရှိ၏။ အိမ်ကျောင်းများတွင်နေကြသောကလေးများမှာလည်း ရာခိုင်နှုန်း အနည်းငယ်မျှသာလျှင် ဗုဒ္ဓဘာသာမဟုတ်သူများဖြစ်ကြလိမ့်မည်ဟု ယုံကြည်စရာရှိ၏။ ထိုကလေးများမှာလည်း ဗုဒ္ဓဘာသာတရားတော်ကို သင်ကြားနားလည်သည့်အတွက် ဗုဒ္ဓဘာသာ မြန်မာများနှင့် ပေါင်းသင်းဆက်ဆံရာတွင် ပိုမို၍အောင်မြင်သောအကျိုးကျေးဇူးကိုရနိုင်ရာ၏။ ယခုအခါ ဘာသာခြားတို့သည် ဗုဒ္ဓဘာသာတရားတော်ကို မသိနားမလည်ကြသောကြောင့်၊ ရံဖန်ရံခါ မြန်မာတို့မနှစ်သက်မခံရပ်နိုင်သော အရာများကို ပြောမိဆိုမိ ပြုလုပ်မိတတ်ကြောင်း၊ ထိုသို့ ပြောဆို ပြုလုပ်မိသည့်အတွက် သူတို့မှာအကျိုးကျေးဇူး ဆုတ်ယုတ်ပျက်ပြားတတ်ကြောင်းများကို သတိပြုကြရာ၏။

## ကျောင်းသားများတရားနာကြရန်။

ကိုင်းရင်းဘာသာ ပညာသင်ကြားရေးဥပဒေအခန်း ၅၊ အပိုဒ် ၁၂ တွင် ဗုဒ္ဓဘာသာဝင်များအုပ်သော မြန်မာစာသင်အိမ်ကျောင်းများမှ ကျောင်းသား သူငယ်များကို ၇ ရက် တကြိမ် ဘုန်းတော်ကြီး ကျောင်းများသို့ ဗုဒ္ဓဘာသာ တရားတော်များ ကြားနာရန်၊ သို့မဟုတ် ရတနာသုံးပါးကိုပူဇော်ကံတော့ရန် ဆရာများက ခေါ်ဆောင်သွားသင့်သည်။ သို့မဟုတ် ဘုန်းတော်ကြီးများကို ဆရာများက ပင့်၍တရားနာကြစေသင့်သည်ဟူ၍ ညွှန်ကြားချက် အနေနှင့်ပါရှိ၍၊ သက်သေများထွက်ချက်အရ များသောအားဖြင့် ထိုသို့ကဲ့မပြုလုပ်ကြကြောင်း စုံစမ်းရေးအဖွဲ့ဝင်လူကြီးမင်းများနှင့် ဩဝါဒါစရိယဆရာတော်များကြားသိရသည်၊ သို့အတွက် ထိုဥဒေကိုရည်ညွှန်းချက်အနေမျိုးမှ အမိန့်ပေးသော အာဏာတို့က အနေသို့ရောက်အောင် ပြင်ဆင်သင့်သည်။ ပြင်ဆင်သောဥပဒေသည် ဒေသန္တရအဖွဲ့ပိုင် မြန်မာစာသင်ကျောင်းအားလုံးနှင့်လည်း သက်ဆိုင်စေသင့်သည်။ ထိုသို့ကျောင်းသားများကိုခေါ်ဆောင်သွားရသည့်အတွက်၊သို့မဟုတ် ဘုန်းတော်ကြီးများကိုပင့်ရသည့်အတွက် ဆရာများမှာလည်း ဝန်လေးလှမည်မဟုတ်ကြောင်း၊ ကျောင်း

သားများမှာလည်း ရတနာသုံးပါးတို့ကို ငိုမိ၍သည်းကပ်တတ်ကြမည်ဖြစ်ကြောင်း သက်သေများ အားလုံးလိုပင် ညီညီညွတ်ညွတ်ထွက်ဆိုခဲ့ကြသည်။

ထိုမှတပါး ဗုဒ္ဓဘာသာဝင်များအုပ်သော ကျောင်းများမှာ ထုံးဥပဒေအရ ကလေးများကို တရားနာစေသောအလေ့အကျင့် နည်းပါးခဲ့သည်မှာ၊ ကျောင်းအုပ်ဆရာကြီးများနှင့် ဒေသန္တရ ပညာရေးအဖွဲ့ဝင်လူကြီးအများသည်၊ မြန်မာသက်သက်တတ်ကြ၍ တိုင်းရင်းဘာသာပညာသင် ကြားရေးဥပဒေပအုပ်ကလည်း အင်္ဂလိပ်ဘာသာနှင့်သာရှိသောကြောင့်၊ ထိုသို့ပြုလုပ်ရန်ဥပဒေ ရှိကြောင်းကိုပင် မသိကြသောကြောင့်ဖြစ်ချေသည်။ သို့အတွက် ဤနေရာတွင် စကားအလျှင်း သင့်သည့်အတိုင်း တိုင်းရင်းဘာသာပညာသင်ကြားရေးဥပဒေစာအုပ်သည် မြန်မာဘာသာဖြင့် ရှိသင့်သည်။ မြန်မာဘာသာဖြင့်ရှိစေခြင်းနှင့်လည်း မြန်မာပြည်ပညာရေးဌာနက အမြန်စီမံသင့်သည်။ ပြီးသည့်နောက် အသိအမှတ်ပြုသော ကျောင်းအားလုံးကို ထိုစာအုပ်တအုပ်စီ ဝေငှလှူဒါန်း၍ ထားသင့်သည်။

## လောကဓါတ်ပညာ။

ဘုန်းတော်ကြီးစာသင်ကျောင်းများနှင့် အခြားဗုဒ္ဓဘာသာဝင်တို့အုပ်သောစာသင်ကျောင်း များတွင် မူလတန်းများအတွက် ကျောင်းသားသူငယ်များသည် ဗုဒ္ဓဘာသာ သင်ခန်းစာမှာ၊ မအောင်လျှင် အတန်းမတက်ရဟုပြဋ္ဌာန်းသော်၊ ထိုကျောင်းများရှိကလေးများမှာသာ သင်ခန်း စာတရပ်ပိုနေ၍ အခြားကျောင်းက ကျောင်းသားများထက် ဝန်လေး၍နေလိမ့်မည်။ မကြာမီက မြန်မာပြည်အစိုးရ၏အမိန့်ဖြင့် မူလတန်းကျောင်းများတွင် သင်ကြားခြင်း ရပ်စဲစေလိုက်သော လောကဓါတ်ပညာသည်လည်း၊ ကလေးသူငယ်များအတွက် အထိုက်အလျောက်ကျေးဇူးရှိလေ သည်။ သို့အတွက် ကျောင်းသားသူငယ်တို့၏သင်ရိုးသင်တမ်း အလေးအပေါ့ညီမျှစေရန် အခြား ကျောင်းများတွင် မူလတန်းအတွက် ကျောင်းသားသူငယ်များသည် လောကဓါတ် ပညာမှာ မအောင်လျှင် အတန်းမတက်ရဟု ပြန်၍ပြဋ္ဌာန်းရန်သင့်သည်။

## အစမ်းသာလျှင်အသိအမှတ်ပြုရန်မလိုကြောင်း။

ဘုန်းတော်ကြီး ကျောင်းများကို အထက်တွင်ဖေါ်ပြခဲ့သော လျော်ပုံလျော်နည်း အတိုင်း လျော်ထား၍၊ ဘုန်းတော်ကြီးများသည် တပည့်သူငယ်များကို လက်ခံတော်မူကြရန် နေ့စဉ်ကျောင်းတက်သော တပည့်သူငယ်များ၏ အရေအတွက်သည်၊ ပျမ်းမျှခြင်း ၂၀ ထက် မနည်းသော ထိုကျောင်းများကိုအသိအမှတ်ပြု၍ ထောက်ပံ့လှူဒါန်းရန်သင့်သည်။ ထိုကျောင်း များကိုအစမ်းသဘောဖြင့်သာလျှင် အသိအမှတ်ပြုရန်၊ သို့မဟုတ်ထောက်ပံ့လှူဒါန်းရန်မလိုချေ။ သို့အတွက်မေးခွန်းနံပါတ် ( ၁၂ ) အရ၊အဘယ်အခြေအနေသို့ရောက်သောအခါ အဘယ်သတ် မှတ်ချက်များနှင့် အစမ်းအသိအမှတ်ပြုသော ဘုန်းတော်ကြီးကျောင်းများကို အတည်အသိ အမှတ်ပြုသင့်သနည်းဟူသောပြဿနာကိုဖြေဆိုရန်မလိုပြီ။

## မေးခွန်းနံပါတ် ( ၃ )။

မေးခွန်းနံပါတ် ( ၃ ) မှာအောက်ပါအတိုင်းဖြစ်သည်။

> ''မူလတန်းဘုန်းတော်ကြီးကျောင်းများကိုယခုစီမံကိန်းအရ၊အစမ်းသဘောဖြင့် အသိ အမှတ်ပြုရာတွင်၊ အစိုးရ ဘဏ္ဍာတော်မှကုန်ကျမည့်စရိတ်သည်၊အခွန်ထမ်း ဆောင်သူများနှင့်ဆိုင်ရာကလေးသူငယ်များ အတွက်၊ထိုက်သင့်လျော်ကပတ် စွာကြေနပ်လောက်အောင် အကျိုးခံစားခွင့်ရှိလိမ့်မည်ဟုကေန်ကေသမှသာ လျှင်၊ယင်းသို့သော ကျောင်းမျိုးဖွင့်လှစ်ရန်သင့်သည်ဟုဆိုလျှင်သဘောတူညီ ပါသလော။''

ဘုန်းတော်ကြီးစာသင်ကျောင်းများကို အစမ်းသဘောသာလျှင်မဟုတ်၊ မူလကပင်အတည် အသိအမှတ်ပြုသင့်ဟု အထက်တွင်အကြံဥာဏ်ပေးခဲ့ပြီ။ ထိုသို့အသိအမှတ်ပြုရာ၌အစိုးရဘဏ္ဍာ တော်မှကုန်ကျမည့်စရိတ်သည်၊အခွန်ထမ်းဆောင်သူများနှင့်ဆိုင်ရာကလေးသူငယ်များအတွက်၊ ထိုက်သင့်လျောက်ပတ်စွာ ကြေနပ်လောက်အောင် အကျိုးခံစားခွင့် ရှိမှရှိပါမည်လားဟုယုံမှား သံသယမရှိသင့်ပေ။ ထိုကဲ့သို့သောအကျိုးခံစားခွင့်ရှိမည်ကေန်ဖြစ်၏။အထက်တွင်ဖေါ်ပြခဲ့သော အကြောင်းအခြင်းအရာတို့ကိုထောက်ထားသောအားဖြင့် ကလေးသူငယ်များသည်၊ဘုန်းတော် ကြီးကျောင်းများတွင် မူလတန်းပညာကိုသင်ကြားခံယူကြရသော်၊ အတိုင်းမသိကျေးဇူးများလိမ့် မည်အမှန်ဖြစ်၏။ ကလေးများကျေးဇူးခံစားကြရလျှင်လည်းအခွန်ထမ်းဆောင်သူများ၏အကျိုး သည်လည်း ပြီးမြောက်တော့၏။ ထိုမှတပါး အောက်တွင်ဖေါ်ပြလတ္တံ့သော စုံစမ်းရေးအဖွဲ့နှင့် ဩဝါဒါစရိယဆရာတော်များ၏အကြံဥာဏ်ပေးချက်များသည်၊ကျောင်းများအတွက်စရိတ်ကုန် နည်းသမျှနည်းပြီး အကျိုးကျေးဇူး အများဆုံးဖြစ်ထွန်းစေရန် ပေးထားသော အကြံဥာဏ်များ ဖြစ်ကြ၏။

## မေးခွန်းနံပါတ် (၄)။

မေးခွန်းနံပါတ် (၄) မှာအောက်ပါအတိုင်းဖြစ်သည်။

''ရပ်ကွက်ဌာနတခုတွင် ဘုန်းတော်ကြီးကျောင်း ၂ ကျောင်း၊ သို့မဟုတ်အများရှိခဲ့ သော် ယခုစီမံကိန်းအရပညာသင်ကြားမှုအခွင့်အရေးပြုပြင်စီမံရာ၌ ဂိုဏ်းဂဏကွဲပြားမှုတို့ကို ပဓါနမထားဘဲ။ စာသင်ခဏ်းများ လုံလောက်စွာရနိုင် သောအသင့်တော်ဆုံးသောဘုန်းတော်ကြီးကျောင်း၌သာ စီမံရန်သဘောတူ ညီပါသလော။''

ဘုန်းတော်ကြီးများဂိုဏ်းဂဏကွဲပြားခြင်းနှင့် ဒါယကာဒါယိကာမတို့၏ ဂိုဏ်းကွဲပြားခြင်း တို့သည် ဝမ်းနည်းဘွယ်ရာသောအကြောင်းအချက်များဖြစ်ကြောင်း၊ ဂိုဏ်းဂဏကွဲပြားခြင်းမရှိ သော်၊အလွန်ကောင်းမည်ဖြစ်ကြောင်းကိုအားလုံးဝန်ခံကြရပေမည်။သို့ရာတွင်ယခုထက်ရှိအခြေ အနေမှာ ဂိုဏ်းဂဏများ ကွဲပြားလျက်ရှိနေသေး၏။ ကလေးသူငယ်တို့၏ မိဘများမှာလည်း ဘုန်းကြီးကျောင်းမှာ မိမိတို့၏ကလေးသူငယ်များကိုထားရမည်ဖြစ်လျှင်၊ မိမိတို့ကိုးကွယ်သော ဘုန်းတော်ကြီးကျောင်း၊ သို့မဟုတ်ထိုဘုန်းတော်ကြီးနှင့် ဂိုဏ်းဂဏတူသော ဘုန်းတော်ကြီး၏ ကျောင်းမှာသာလျှင်ထားချင်ကြပြီးလျှင်၊ ဂိုဏ်းဂဏကွဲပြားသောဘုန်းတော်ကြီးကျောင်း၌မထား လိုသောသဘောရှိနေကြသေး၏။ ထိုသဘောဆန္ဒများကိုမသိကျွမ်းကျင်ယောင်ပြုလျက်၊ ဂိုဏ်း ဂဏကွဲပြားမှုကို ပဓါနမထားဘဲ စီမံလျှင်အောင်မြင်နိုင်မည် မဟုတ်ချေ။ ထိုကြောင့်ဘုန်းတော် ကြီးကျောင်းချင်းနီးကပ်သော်လည်း၊ ဂိုဏ်းဂဏကွဲပြားလျှင် ကျောင်းချင်းနီးကပ်မှုကြောင့်အသိ အမှတ်မပြုနိုင်။ အထောက်အပံ့ မလျှော့ပါနိုင်ဟူ၍မရှိသင့်၊ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း လျှောက်ထား၍ ဂဏနာယက ဆရာတော်ကလည်းညွှန်ကြားသည်။ ကျောင်းထိုင် ဘုန်းတော် ကြီးကလည်း ကျောင်းသားသူငယ်များကိုလက်ခံသည်။ နေ့စဉ်ပျမ်းမျှခြင်းကျောင်းတက်သော သူငယ်များ၏ အရေအတွက်သည်လည်း ၂၀ ထက်မလျော့သည်ဖြစ်မူ၊ ထိုကျောင်းကိုဂိုဏ်း ဂဏမတူသော အခြားဘုန်းတော်ကြီးစာသင်ကျောင်းနှင့် နီးကပ်သော်လည်း၊ အသိအမှတ်ပြု၍ ထောက်ပံ့လှူဒါန်းရလိမ့်မည်။

ဤနေရာ၌ စကားအလျှင်းသင့်သောကြောင့် ထည့်သွင်း၍အကြံဥာဏ် ပေးလိုသည်မှာ၊ အသိအမှတ်ပြုပြီး အိမ်ကျောင်းနှင့် နီးကပ်မှုကြောင့်လည်း၊ဘုန်းတော်ကြီး စာသင်ကျောင်းကို အသိအမှတ်မပြုနိုင်၊ မလှူဒါန်းမထောက်ပံ့နိုင်ဟူ၍ မရှိသင့်ချေ။ အချို့အရပ်ဒေသများ၌ ထိုသို့နီး ကပ်မှုကြောင့် ဘုန်းတော်ကြီးကျောင်းများကိုအသိအမှတ်မပြုကြကြောင်းသတင်းများတွက်ဆို .

ကြသည်။ ထိုသို့အသိအမှတ်မပြုခြင်းသည် ဘုန်းတော်ကြီး ကျောင်းများ၌ ကလေးသူငယ်များ ပညာသင်ကြားကြရခြင်း၏ကျေးဇူးများပုံကိုအစုံအလင်မသိသောကြောင့်၎င်း၊အိမ်ကျောင်းများ ကိုထိပါးမည်စိုးရိမ်သောကြောင့်တကြောင်းဖြစ်တန်ရာသည်။ ယခုဘုန်းတော်ကြီး ကျောင်းများ တွင်ကလေးများ ပညာသင်ကြားခြင်းကို အားပေးရန်ဝါဒမျိုးနှင့်မူကား ဖြောင့်ဖြောင့်ဆန်ကျင် သည်။အချို့ဘုန်းတော်ကြီးကျောင်းများမှာ အသိအမှတ်မပြုသော်လည်း၊ အနီးရှိအသိအမှတ်ပြု သောအိမ်ကျောင်းများမှာထက်ပင် ကျောင်းသားအရေအတွက်များပြားကြသေးသည်။ ကျောင်း သားများသည်လည်း ဘုန်းတော်ကြီးကျောင်းကို အသိအမှတ်မပြုဘဲလျက်ပင် အသိအမှတ်ပြု သောအိမ်ကျောင်းများသို့ပြောင်းရွှေ့၍မနေကြကြောင်း အချို့သက်သေများထွက်ဆိုကြသည်။

## မေးခွန်းနံပါတ် (၅)။

မေးခွန်းနံပါတ် (၅) မှာအောက်ပါအတိုင်းဖြစ်သည်။

"(က) ယခုကဲ့သို့ပညာရေးစံနစ်ကို ကူညီအားပေးရန်နှင့်မိမိတို့၏ပရပုဏ်အတွင်း၌ အစမ်းသဘောဖြင့်အသိအမှတ်ပြုသောမည့်ကျောင်းများ တည်ထောင်ခွင့်ပြုမည့်ဆရာတော်များ ၏ဘွဲ့တော်များကိုဖော်ပြနိုင်ပါသလော။

(ခ) ၎င်းဆရာတော်များ၏ဩဝါဒခံ နယ်ပယ်များသည် မည်မျှကျယ်ဝန်းကြီး မားပါသနည်း။ ၎င်းဆရာတော်ကြီးကျောင်းများ၌ စာသင်နေကြသော ကျောင်းသားဦးရေနှုန်းခြေအားဖြင့်မည်မျှရှိပါသနည်း။

(ဂ) ၎င်းဆရာတော်များ၏ ကျောင်း၌ စာသင်ခန်းများ မည်မျှကျယ် ဝန်းပါ သနည်း။"

သက်သေများ၏ထွက်ဆိုချက်အရ၊ အရပ်ရပ်မှာပင်အသိအမှတ်ပြုစေလိုသော ဘုန်းတော်ကြီးစာသင်ကျောင်းများရှိနေကြသေး၏။ ယခုလက်ရှိ အသိအမှတ်ပြုနည်း ထောက်ပံ့လှူဒါန်းနည်းနှင့်ဆက်ဆံနည်းတို့သည် မကောင်းလှပါဘဲလျက်၊ အသိအမှတ်ပြုစေလိုသော ဘုန်းတော်ကြီးစာသင်ကျောင်းများ ထိုမျှလောက်များပြားသေးသည်ကိုထောက်ခြင်းအားဖြင့်၊ ဝိနည်းဒေသနာတော်နှင့်လျော်ညီပြီးလျှင်သာသနာတော်ကိုထိပါးဘွယ် ရှိဟုမစိုးရိမ်ရရုံသာမက၊ သာသနာတော်ကို ချီးမြှောက်ရာပင်ရောက်အောင်၊ ဤစုံစမ်းရေးအဖွဲ့နှင့် ဩဝါဒါ စရိယဆရာတော်များ အကြံဉာဏ်ပေးကြသည့်အတိုင်း နည်းစံနစ်များကို ပြုပြင်ပြောင်းလဲပါမူကား၊ ပရိယတ္တိစာပေချွန်မြင်းနှင့် သမထ ဝိပဿနာအလုပ်သက်သက် အားထုတ်တော်မူကြသော ဘုန်းတော်ကြီးများမှတပါး၊ အခြားဘုန်းတော်ကြီးများတို့သည် အသိအမှတ်ပြုသောကျောင်းများကို မိမိတို့၏ကျောင်းပရပုဏ်များအတွင်း၌ဖွင့်ရန်ခွင့်ပြုတော်မူကြလိမ့်မည်ဟုယုံကြည်မြော်လင့်ဘွယ်ရှိသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း၊ ဘုန်းတော်ကြီး ကျောင်းများသည် ဆိုင်ရာရင်ရွာ၌ အကောင်းဆုံး အကျယ်ပြန့်ဆုံးအဆောက်အဦးများ၊ သို့မဟုတ်အကောင်းဆုံး အကျယ်ပြန့်ဆုံး အဆောက်အဦးများတွင် ပါဝင်သော အဆောက်အဦးများဖြစ်တက်ကြသည်။ များသောအားဖြင့် ကျောင်းသားဦးရေ ၅၀ ကို လွယ်လွယ်နှင့်လက်ခံနိုင်သောကျောင်းအဆောက်အဦးများ ဖြစ်ကြသည်။

သို့ရာတွင် အချို့အရပ်ဒေသများမှာ၊ ဒါယကာဒါယိကာမများသည် အလွန်ဆင်းရဲကြ၍၊ ဘုန်းတော်ကြီးကျောင်းသည်လည်း၊ ကလေးများအတွက်စာသင်ကျောင်းအဖြစ် သုံးနိုင်လောက်အောင်၊ နိုင်ခံ့ကျယ်ပြန့်သော အဆောက်အဦးများမဟုတ်ဘဲရှိကြသည်။

"အလွန်ဆင်းရဲ နွမ်းပါးသောအရပ်ဖြစ်၍၊ ကျောင်းသားကလေးသူငယ်များ လုံလောက်သော်လည်း၊ အရပ်ကချည်းကျောင်းအဆောက်အဦးပြည့်စုံအောင်မဆောက်နိုင်လျှင်၊ပြည်ပိုင်အစိုးရသည်၊ ဒေသန္တရပညာရေးအဖွဲ့မှတဆင့် ကျောင်းအဆောက်အဦးအတွက် ကုန်ကျသောငွေ၏

ထက်ဝက်ပါဝင်လျှဒါန်းသင့်သည်။ ထိုသို့ပါဝင်လှူဒါန်းရာ၌ကျောင်း အဆောက်အဦးကိုပိုင်ဆိုင်သုံးစွဲပုံနှင့်စပ်လျဉ်း၍ အချုပ်အချယ်စည်းကမ်း တစုံတရာမရှိစေသင့်။ ထိုကျောင်း အဆောက်အဦးကိုလှူဒါန်းပုံမှာလည်း၊ ရပ်ရွာကအလှူပါဝင်သော ဒါယကာဒါယိကာမများ၏ သဘောအတိုင်းသာဖြစ်သင့်သည်။''

ရေးဖြေများနှင့်သက်သေထွက်ချက်များတွင်၊ မည်သည့်ဆရာတော်များသည် မိမိတို့၏ပရိယတ်အတွင်း၌အစမ်းသဘောဖြင့်အသိအမှတ်ပြုသောကျောင်းများကိုတည်ထောင်ရန်ခွင့်ပြုတော်မူကြလိမ့်မည်ဟူသောထင်မြင်ချက်များပါရှိကြ၏၊ ထိုဆရာတော်များ၏ဩဝါဒခံနယ်ပယ်များမည်မျှကျယ်ဝန်းကြောင်း၊ မည်မျှကျယ်ဝန်းသောစာသင်ခန်းများရနိုင်ကြောင်းပါရှိကြ၏။ သို့ရာတွင် ထိုရေးဖြေနှင့် သက်သေထွက်ချက်တို့မှာ၊ ယခုလက်ရှိနည်းစံနစ်အတိုင်း လက်ခံတော်မူကြလိမ့်မည်ဟုထင်ရသော ဆရာတော်များအတွက်သာဖြစ်၍ မပြည့်မစုံချေ။ စုံစမ်းရေးအဖွဲ့နှင့်ဩဝါဒစရိယဆရာတော်များ၏အကြံဉာဏ်ပေးချက်များအရပြုပြင်ပြောင်းလဲသော်၊အသိအမှတ်ပြုစေလိုသောဆရာတော်များသည် ထိုထက်အလွန်များပြားရာသည်။ ထိုမှတပါးထိုအကြံဉာဏ်ပေးချက်များအတိုင်းဆိုသော်၊ ဆိုင်ရာဂဏနာယကဆရာတော်များကိုလျှောက်ထားပြီးမှ၊ ထိုဆရာတော်ကြီးများညွှန်ကြားရာ ကျောင်းထိုင်ပုဂ္ဂိုလ်များကိုသာလျှင်၊ တပည့်သူငယ်များကိုလက်ခံ၍၊လောကုတ္တရာနှင့် လောကီပညာဗဟုသုတများ သင်ကြားဆုံးမတော်မူကြပါရန် တောင်းပန်လျှောက်ထားရမည်ဖြစ်ချေသည်။ သို့အတွက်ထိုရေးဖြေများနှင့် သက်သေထွက်ချက်များတွင် ပါရှိသောဆရာတော်များ၏ ဘွဲ့အမည်စာရင်းကိုမထည့်သွင်းမဖေါ်ပြလိုက်ပေ။

## မေးခွန်းနံပါတ် (၆)။

မေးခွန်းနံပါတ် (၆) မှာအောက်ပါအတိုင်းဖြစ်သည်။

(က) ဘုန်းတော်ကြီးကျောင်းများ၌ မည်သည့်ဘာသာရပ်များကို သင်ကြားလျက်ရှိပါသနည်း။

(ခ) ဘုန်းတော်ကြီးကျောင်းများကိုအစမ်းသဘောဖြင့်အသိအမှတ်ပြုသောအခါ၊ မည်သည့်ဘာသာရပ်များကိုသင်ကြားစေအပ်ပါသနည်း။

(ဂ) အနည်းဆုံးသောသင်ရိုးသင်တမ်းနှင့်ဥင်းသင်ရိုး သင်တမ်းအတိုင်း ဘာသာရပ်အသီးသီးတွင်မည်ရွေ့မည်မျှသင်ကြားစေမည်ဟုပြဋ္ဌာန်းသင့်ပါသနည်း။

(ဃ) အစမ်းသဘောအသိအမှတ်ပြုမည့် ကျောင်းများနှင့် ယခုရှိပြီးအသိအမှတ်ပြုသောကျောင်းများ၏ ပညာအရည်အချင်းအဆင့်အတန်းကို မည်သို့ညှိနှိုင်းဆက်သွယ်၍ထားမည်နည်း။

ဘုန်းတော်ကြီးကျောင်းများမှာ များသောအားဖြင့်မြန်မာစာရေးခြင်း၊ ဘတ်ခြင်းမှအစပြု၍ ဗုဒ္ဓဘာသာ တရားစာများကို အဓိကထားလျက် သင်ကြားပြသလျက်ရှိကြသည်။ အချို့အချို့ကျောင်းများကလည်းမြန်မာပြည် ပါဠိပညာရေးအဖွဲ့က ကျင်းပသောပဌမပြန်နှင့် ပရိယတ္တိစာချတန်းစာမေးပွဲများအတွက်သင်ကြားချပို့လျက်ရှိကြသည်။ အချို့ကျောင်းများကလည်းတပည့်များကို ထိုစာမေးပွဲများအတွက်တင်သွင်းလျက်ဖြစ်စေ၊ မတင်သွင်းဘဲဖြစ်စေ၊ ဗုဒ္ဓဘာသာကျမ်းစာများကို သင်ကြားပို့ချလျက်ရှိကြသည်။ ၁၉၃၉-၄၀ ပြည့်နှစ်၊ မြန်မာပြည်ပညာသင်ကြားရေးနှစ်ချုပ်အစီရင်ခံစာတွင် ပဌမပြန်စာမေးပွဲများအတွက်ချပို့သင်ကြားနေကြသော ကျောင်းပေါင်း ၁၀၉၇ ကျောင်းရှိ၍၊ စာသင်သားပေါင်း (၁၄၇၆၉)*ရှိကြောင်းဖေါ်ပြပါရှိသည်။ (ထိုအစီရင်ခံစာစာမျက်နှာ ၄၂ ကိုကြည့်ပါ)။

## (ခ)

ဘုန်းတော်ကြီးမူလတန်း စာသင်ကျောင်းများကိုအစကပဲ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်းအသိအမှတ်ပြုသင့်သည်။ ထိုကျောင်းများတွင်သင်ကြားသောဘာသာရပ်များအတိုင်းပင်ဖြစ်သင့်သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း၊ ဗုဒ္ဓဘာသာသင်ခန်းစာကိုသာလျှင်၊ ဘုန်းတော်ကြီးများနှင့် အခြားဗုဒ္ဓဘာသာဝင်များအုပ်ရသောကျောင်းများရှိ ကျောင်းသားတို့သည်၊ မအောင်လျှင် အတန်းမတက်ရသော ဘာသာအဖြစ်သို့ပြောင်းလဲသင့်သည်။ သို့မှသာလျှင်ဘုန်းတော်ကြီးအများသည်၊မိမိတို့၏ကျောင်းများတွင် မူလတန်းကျောင်းဖွင့်၍၊ ကလေးသူငယ်များကိုလက်ခံခြင်းသည် သာသနာတော်ကိုအားပေးကူညီရာချီးမြှောက်ရာကျသည်ဟုကြေနပ်တော်မူကြပြီးလျှင်၊ ကလေးများကိုလက်ခံတော်မူကြလိမ့်မည်။ ကလေးသူငယ်တို့၏ မိဘများသည်လည်း၊ မိမိတို့၏ကလေးသူငယ်များကို ဘုန်းတော်ကြီးကျောင်းတွင်ထားသော်၊ အိမ်ကျောင်းများကအတတ်ပညာများကိုရမည်သာမက၊ ရတနာသုံးပါးနှင့်ဖပ်၍ ပိုခိုပြီးတတ်သိလိမ်မာရှိကြလိမ့်မည်ဟု ယုံကြည်အားကိုးလျက် ဘုန်းတော်ကြီးကျောင်းများကိုပိုမို၍ထားကြပေလိမ့်မည်။

''ဗုဒ္ဓဘာသာသင်ခန်းစာများကိုသင်ကြားရာတွင်အသုံးပြုရန်၊ ကံငါးပါး၏အကျိုးအပြစ်ကိုပြသော ငရဲခန်းအစရှိသည်တို့ကို ရေးဆွဲထားသောစက္ကူချပ်ကားကြီးများကို ဆွဲထားကြရန်သင့်သည်။''

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း၊ မအောင်လျှင်အတန်းမတက်ရသော ဘာသာရပ်များတွင်ဗုဒ္ဓဘာသာ သင်ခန်းစာကို ထည့်သွင်းပြီးသည့်နောက်၊ အောက်ပါ ပညာများကိုလည်း ဘုန်းတော်ကြီးကျောင်း၊ အိမ်ကျောင်းမရွေး မူလတန်းကျောင်းအားလုံးတို့၌ သင်ကြား၍ပေးသင့်သည်။

(၁) ကျောင်းဥယျာဉ်စိုက်ပျိုးခြင်းပညာ။
(၂) ဆလွိုက်ခေါ်လက်မှုပညာ။

ကျောင်းဥယျာဉ်စိုက်ပျိုးခြင်းပညာသည်၊မူလရည်ရွယ်ချက်အတိုင်း သတ်မှတ်ထားရှိသောစည်းစံနစ်များအရ ကျကျနနသင်မှသာလျှင်၊ ကျောင်းသားသူငယ်တို့အတွက် ကျေးဇူးများသောပညာ၊ဥယျာဉ်စိုက်ပျိုးရန်မြေနေရာလည်းအတော်အသင့်ကျယ်ဝန်းမှသင်းကြား၍ဖြစ်သောပညာမျိုးဖြစ်၏။ကလေးတို့မှာစိုက်ပျိုးရေးပညာဗဟုသုတရမှုကိုအဓိကမထားဘဲ၊ အသီးအပွင့်စသည်တို့ရမှုလောက်ကိုသာ မှန်းထား၍သင်ကြားသော်၊ သို့မဟုတ်မြေနေရာလုံလောက်စွာမရှိဘဲသင်ကြားသော် ကျေးဇူးမများနိုင်ချေ။သို့အတွက်မြေနေရာကျယ်ကျယ်ပြန့်ပြန့်လုံလုံလောက်လောက်ရှိ၍၊နည်းစံနစ်ကျကျလည်း သင်ကြားမည့် ကျောင်းမှသာလျှင်၊ ထိုပညာကိုသင်ကြားရန်အားပေးဘို့သင့်၏။

(၁၉၃၇-၃၈ ခုနှစ်၊မြန်မာပြည်ပညာသင်ကြားရေးနှစ်ချုပ်အစီရင်ခံစာ၊စာမျက်နှာ ၄၂ ကိုနှိုင်းယှဉ်ပါ)။

ဆလွိုက်ခေါ် လက်မှုပညာသည်လည်း၊ မူလရည်ရွယ်ချက်အတိုင်း နည်းစံနစ်ကျကျသင်ကြားပြသသော ကလေးများအတွက် ကျေးဇူးများသောပညာဖြစ်သည်။ စရိတ်ပိုမိုကုန်ကျသည့်အတွက်သာ ငဲ့စားရန်ရှိသည်။ သို့အတွက်ကျောင်းတကျောင်းသည် ဆရာလုံလောက်အောင်ပေးနိုင်လျှင်၊ နီးစပ်ရာကျောင်းများအတွက် ဆရာတယောက်ပေးပြီးလျှင် ထိုပညာကိုသင်စေသင့်သည်။ ထိုပညာကိုသင်ကြားရာတွင် အခြားနည်းများဖြင့် သင်ကြားသည်သာမက၊ အောက်ပါနည်းလမ်းများအတိုင်းလည်း သင်ကြားရန်သင့်သည်။

အိမ်ငယ်ကလေးတဆောင်ဆောက်လုပ်ထားပြီးလျှင်၊ရင်း၌ကလေးများစိတ်ဝင်စား၍ မှတ်သားမိအောင်၊တိုင်-ထုတ်-ဒံ့လျှာက်-စသည်ဖြင့် အိမ်အဆောက်အဦးတွင် အမည်နာမရှိသမျှကိုပြောပြခြင်း၊ထိုနည်းအတူလှည်းကလေး၊ယက်ကမ်းစင်ကလေး လုပ်ထားပြီး

ပြောပြခြင်း၊ စတုတ္ထတန်းရောက်သောအခါ အိမ်တိုင်ထူနည်း၊ လှည်းလုပ်နည်း၊ ယက်ကန်းစင်ဆောက်လုပ်နည်း၊ ဆောက်ကိုင်နည်း၊ ဆောက်ထွင်းနည်း၊ လွှကိုင်လွှတိုက်နည်းစသည်တို့ကိုသင်ပေးခြင်း။

## ( ဂ )

ဘုန်းတော်ကြီး စာသင်ကျောင်းများ၊ အခြားဗုဒ္ဓဘာသာဝင်တို့ အုပ်သော မြန်မာစာသင်ကျောင်းများနှင့် ဒေသန္တရ ပညာရေးအဖွဲ့ပိုင် မြန်မာစာသင်ကျောင်းများတွင် ဗုဒ္ဓဘာသာသင်ခန်းစာကို မအောင်လျှင် အတန်းမတက်ရသော ပညာတရပ်အဖြစ်ဖြင့် ပြင်ဆင်သတ်မှတ်သည်မှတပါး၊ သင်ရိုးသင်တမ်းသည် လက်ရှိအသိအမှတ်ပြုသော မြန်မာစာသင်ကျောင်းများကို, သင်ရိုးသင်တမ်းအတိုင်းဖြစ်သင့်သည်။ ဘာသာရေးစ် အသီးသီးတွင်လည်း လက်ရှိအသိအမှတ်ပြုသော မြန်မာစာသင်ကျောင်းများတွင် သင်ကြားသည့် အခက်အခဲ အဆင့် အတန်းအတိုင်းပင်လျှင်သင်ကြားသင့်သည်။

၁၉၃၀-၃၉ ခုနှစ်၊ မြန်မာပြည်ပညာသင်ကြားရေး နှစ်ချုပ်အစီရင်ခံစာ စာမျက်နှာ ၃၉ တွင်ဖေါ်ပြပါရှိသည့်အတိုင်း၊ မူလတန်းကျောင်းများအတွက် သင်ရိုးသင်တမ်းသည် ကလေးများအတွက် တာဝန်မလေးတန်လေးစေသော သင်ခန်းစာ မဖြစ်စေရန်၎င်း၊ လက်မှုပညာ၊ ကျန်းမာရေးနှင့် လောကဓါတ်ပညာများကိုပိုမို၍အရေးထားရန်၎င်း၊ ပြင်ဆင်သောအခါမှာလည်း ဘုန်းတော်ကြီး စာသင်ကျောင်းများနှင့် အခြား ကျောင်းများအတွက် သင်ရိုးသင်တမ်းများသည် အတူတူပင်ဖြစ်သင့်သည်။ သို့ရာတွင် ဘုန်းတော်ကြီး စာသင်ကျောင်းများ အခြားဗုဒ္ဓဘာသာဝင်များအုပ်သော မြန်မာစာသင်ကျောင်းများနှင့် ဒေသန္တရ ပညာရေးအဖွဲ့ပိုင် မြန်မာစာသင်ကျောင်းများအတွက်မှာ အထက်စွင်ညွှန်ကြားခဲ့သည့်အတိုင်း၊ လောကဓါတ် ပညာအစား၊ ဗုဒ္ဓဘာသာသင်ခန်းစာကိုထည့်၍သာလျှင် ပြဋ္ဌာန်းရန်သင့်သည်။

## ( ဃ )

ဘုန်းတော်ကြီးစာသင်ကျောင်းများကို အသိအမှတ်ပြုရာတွင်၊ သင်ရိုးသင်တမ်းကိုလက်ရှိအသိအမှတ်ပြုပြီး စာသင်ကျောင်းများ၏ သင်ရိုးသင်တမ်းအောက် ယုတ်လျော့ ကွာခြားစေလျက်အစမ်းသဘောသာလျှင်အသိအမှတ်ပြုမည်မဟုတ်။ သင်ရိုးသင်တမ်းကိုလက်ရှိအသိအမှတ်ပြုသောကျောင်းများကသင်ရိုးသင်တမ်းနှင့်ညီတူစွာထားပြီးလျှင် အစကတည်းကပင်အသိအမှတ်ပြုရမည်ဖြစ်သောကြောင့်၊ ပညာအရည်အချင်းအဆင့်အတန်းကို အထူးညှိနှိုင်း ဆက်သွယ်ရန်မလိုပြီ။

### မေးခွန်းနံပါတ် (၇)။

မေးခွန်းနံပါတ် (၇) မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) သင့်တော်၍ အစမ်းဖွင့်ကျောင်းအုပ်များ လက်ခံနိုင်လောက်အောင် မည်သို့မည်ပုံ မည်ရွေ့မည်မျှထောက်ပံ့သင့်သနည်း။

(ခ) ၎င်းကျောင်းများတွင် ရဟန်းဆရာ၊ သို့မဟုတ် လူဆရာကိုပင် ပညာသင်ကြားပို့ချရန် ခန့်ထားနိုင်ပါသလော။

(ဂ) ၎င်းဆရာ၏ အရည်အချင်း (ကျောင်းတွင်တန်း၊ ဆရာဖြစ်တန်း) အနိမ့်ဆုံးမည်မျှရှိရမည်နည်း။

(ဃ) အစမ်းဖွင့်ကျောင်းများတွင်၊ ခန့်ထားရန် ဆရာများကို မည်သို့ စုဆောင်း၍၊ ဦးရေလုံလောက်စွာရအောင်၊ မည်သို့စီမံမည်နည်း။

(ဂ) ယခုရှိရင်း အသိအမှတ်ပြုပြီးသော ကျောင်းများတွင် ခန့်ထားလျက် ရှိသော ဆရာဖြစ်လက်မှတ်ရ ဆရာများ၏လစာအခွင့်အရေးများကိုထောက်ရှုလျက်၊ အစမ်း ကျောင်းဆရာများအတွက်၊ အထောက်အပံ့ အမျိုးအမည်နှင့် နှုန်းထားများကို မည်သို့သတ်မှတ်သင့်ပါသနည်း။

## အခြေခံသဘော။

ဝိနည်းဒေသနာတော်အရ၊ ဘုန်းတော်ကြီးများသည် လူတို့၏ အခစားအစေအပါးမဟုတ်နိုင်ကြောင်း။ ကိစ္စတစုံတရာကိုဆောင်ရွက်သည့်အတွက် အခမယူနိုင်ကြောင်း။ အကယ်၍ကိစ္စတစုံတရာ၌ ဘုန်းတော်ကြီးများသည် လူ၏အစေအပါး အခစားအနေသို့ ကျရောက်သည့် လက္ခဏာရှိလျှင်လည်း၊ ဒါယကာ-ဒါယိကာမများကြည်ညိုမှု ဆုတ်ယုတ်ပျက်ပြားတတ်ကြောင်းများကို အထူးသတိပြုလျက်၊ ပူဇာနုဂ္ဂဟ ကာမေန-ဒိန္န သမာတိ မနျတေဟူသည်နှင့် အညီ၊ ကျောင်းအုပ်ဘုန်းတော်ကြီးများအား ထောက်ပံ့လှူဒါန်းရာတွင် ကျောင်းများကိုအုပ်ချုပ်တော်မူကြသည့်အတွက်၊ တပည့်သူငယ်များကို ဗုဒ္ဓဘာသာသင်ခန်းစာများ သင်ကြား ပြသဆုံးမတော်မူသည့်အတွက်၊ အခပေးသောအနေဖြင့် ပေးလှူခြင်း အလျှင်းမဖြစ်စေရဘဲ၊ ပူဇော်ချီးမြှောက်လိုသော စိတ်စေတနာဖြင့်လှူဒါန်းခြင်းဖြစ်စေသင့်သည်။ ထိုသို့စိတ်စေတနာဖြင့် လှူဒါန်းမှလည်း ကျောင်းအုပ်ဘုန်းတော်ကြီးများသည် အလှူခံတော်မူထိုက်ကြည်။ ဒါယကာ-ဒါယိကာမများလည်းကြေနပ်ကြမည်။ ထိုမှတပါး ကျောင်းအုပ်ဘုန်းတော်ကြီးများမှာ၊ လာဘ်လာဘကိုငဲ့၍ ကျောင်းသားသူငယ်များကို လက်ခံတော်မူကြသည်ဟု သူတပါးတို့စွပ်စွဲခြင်း၊ ယုံမှားသံသယရှိခြင်းဘေးတို့မှ ကင်းဝေးသည်ထက် ကင်းဝေးစေရန် တကြောင်း၊ စာသင်ကျောင်းများမှာလည်း ကျောင်းသုံးပရိဘောဂနှင့် စာသင်ကိရိယာများပြည့်စုံစေရန်တကြောင်း၊ ဆင်းရဲသောတပည့်ကျောင်းသားများကို ထောက်ပံ့စေနိုင်ရန်တကြောင်း၊ ဤအကြောင်းများကိုလည်း ထောက်ထားသောအားဖြင့် ကျောင်းအုပ် ဘုန်းတော်ကြီးများအား ထောက်ပံ့ လှူဒါန်းခြင်းသည် (၁) စာသင်ကျောင်းသုံးပရိဘောဂ၊ (၂) စာသင်ကိရိယာတန်ဆာများ၊ (၃) စာသင်ကျောင်းကိစ္စနှင့်ပတ်သက်၍ လိုသောအခြားဝတ္ထုပစ္စည်းများ၊ (၄) ဆင်းရဲသော တပည့်သူငယ်များကို ထောက်ပံ့ရန် ဝတ္ထုပစ္စည်းများနှင့် (၅) ကျောင်းအုပ်ဘုန်းတော်ကြီး၏ ပစ္စည်းလေးပါးအတွက်လှူဒါန်းခြင်းဖြစ်စေသင့်သည်။

## ကျောင်းသုံးပရိဘောဂနှင့် စာသင်ကိရိယာတန်ဆာ။

ကျောက်ဆည်မြို့တွင် ကျင်းပသော ၁၀ ကြိမ်မြောက်၊ မြန်မာပြည်လုံးဆိုင်ရာ တိုင်းရင်းဘာသာပညာရေးအစည်းအဝေးကြီး၏ဆုံးဖြတ်ချက်နံပါတ် ၁၁ ကိုစုံစမ်းရေးအဖွဲ့နှင့် ဩဝါဒါစရိယဆရာတော်များ စဉ်းစားတော်မူကြရန် မြန်မာပြည် ပညာရေးဌာနအတွင်းဝန်က ပို့သဆက်ကပ်လိုက်လေသည်။ ထိုဆုံးဖြတ်ချက်မှာ ကျောင်းအုပ်ဘုန်းတော်ကြီးများအား ကျောင်းသုံးပရိဘောဂနှင့် စာသင်ကိရိယာတန်ဆာများအတွက် လှူဒါန်းရန်တောင်းဆိုသော ဆုံးဖြတ်ချက်ဖြစ်သည်။

ဘုန်းတော်ကြီးများသည်၊ ဒေသန္တရပညာရေးအဖွဲ့တို့က တောင်းပန် လျှောက်ထားသည့်အတိုင်း၊ ကလေးသူငယ်များကို အစဉ်သနားသောအားဖြင့် ကျောင်းတွင် လက်ခံတော်မူကြလျှင် ဆရာများနှင့် ကလေးသူငယ်များအတွက်၊ ကျောင်းသုံး ပရိဘောဂနှင့် စာသင် ကိရိယာတန်ဆာများ လိုလိမ့်မည်။ ၎င်းတို့ကို ဒေသန္တရပညာရေးအဖွဲ့တို့ကပင် လှူဒါန်းမှ စာသင်ကျောင်းဖွင့်လှစ်ရေး မြန်မြန်ထမြောက်အောင်မြင်နိုင်လိမ့်မည်။ မူလတန်းကျောင်းများအတွက်မှာလည်း အစတွင်ငွေ ၇၅ အကုန် ခံမှသာလျှင် ကျောင်းသုံး ပရိဘောဂနှင့် စာသင်ကိရိယာ

တန်ဆာများ အသင့်အတန်း ပြည့်စုံလိမ့်မည်။ ထိုသို့မှမပြည့်စုံလျှင်လည်း ဘုန်းတော်ကြီး ကျောင်းများကို အထင်သေးမြဲသေး၍ နေကြဦးမည်ကိုစိုးရိမ်ရသည်။ သို့အတွက်ဘုန်းတော်ကြီး စာသင်ကျောင်းများကို အသိအမှတ်ပြုသည်နှင့်တပြိုင်နက်၊ ကျောင်းသုံးပရိဘောဂနှင့် စာသင် ကိရိယာတန်ဆာငွေ ၇၅ တန်စီ လှူသင့်သည်။ နောင်ကိုလည်းငွေ ၇၅ တန် ကျောင်းသုံး ပရိဘောဂနှင့် စာသင်ကိရိယာတန်ဆာများ ပျက်စီးချို့ယွင်းတိုင်း အသစ်ပြုပြင် လှူဒါန်းသင့် သည်။ လှူပုံ လှူနည်းအတွက်ဆိုလျှင်၊ ကျောင်းသုံး ပရိဘောဂနှင့် စာသင် ကိရိယာတန်ဆာ များကိုဝယ်၍ ကျောင်းအုပ်ဘုန်းတော်ကြီးအား စာသင်ကျောင်း အသုံးအဆောင် အဖြစ်နှင့် လှူဒါန်းရန်ငွေကို ဆိုင်ရာဒေသန္တရပညာရေးအဖွဲ့က ဆိုင်ရာပညာအုပ်အား ထုတ်၍ပေးသင့် သည်။ ထိုပညာအုပ်က ၎င်းတို့ကိုဝယ်၍ ကျောင်းအုပ်ဘုန်းတော်ကြီးအား စာသင်ကျောင်း အသုံးအဆောင်အဖြစ်နှင့် လှူဒါန်းရန်သင့်သည်။ မူလလှူဒါန်းသောအရာများ ပျက်စီးချို့ယွင်း၍ ပြင်ဆင် လှူဒါန်းရာမှာလည်း ဤနည်းအတိုင်းပင် ပညာရေးအဖွဲ့က လိုသောငွေကို ပညာအုပ် အားထုတ်ပေး၍ ဆောင်ရွက်စေသင့်သည်။

## သုံးလတကြိမ်အလှူတော်။

ယခုအခါ ဗုဒ္ဓဘာသာသင်ခန်းစာများကို သင်ကြားပြသတော်မူကြသော ကျောင်းအုပ် ဘုန်းတော်ကြီးများအား၊ လစဉ် ဆွမ်းဆန်တော် အတွက်ငွေ ၁၅ ကျ လှူဒါန်းကြ၏။ ထိုသို့ လှူဒါန်းကြရာ၌ ဝိနည်းဒေသနာတော်အရ၊ ရဟန်းတော်များသည် ငွေကိုအလှူမခံအပ်ကြောင်း။ လှူသောတကာသည် ကပ္ပိယကာရကတယောက်အားငွေကိုအပ်၍၊ ကပ္ပိယကာရကကို အသင့် အလျော်မှာကြားပြီးလျှင်၊ ဘုန်းတော်ကြီးကိုလည်း အသင့်အလျော် လျှောက်ထားမှသာလျှင်၊ ဘုန်းတော်ကြီးများသည် အလှူခံထိုက်ကြောင်းများကို အချို့သောဒေသန္တရ ပညာရေးအဖွဲ့ အရာရှိများ သတိထားမိကြပုံမပေါ်ချေ။ ထိုအကြောင်းအချက်များကို သတိမထားမိကြသည့် အတွက်လည်း၊ ထိုသူတို့၏ ဆွမ်းဆန်တော်လှူဒါန်းပုံသည် ဝိနည်းဒေသနာတော်နှင့်ညီဘဲ ရှိခဲ့သည်။ လှူဒါန်းပုံနေရာမကျသည့်အတွက် အလှူခံတော်မူကြသော ဘုန်းတော်ကြီးများမှာ ဝိနည်း ဒေသနာတော်နှင့် မလွတ်မကင်းဖြစ်ပြီးလျှင် သူတပါးတို့၏အပြစ်တင်ကဲ့ရဲ့ခြင်း၊ ရှုတ်ချ ခြင်းတို့ကို ခံနေတော်မူကြရသည်။ အချို့သော ကျောင်းအုပ်ဘုန်းတော်ကြီးများသည် ထိုကဲ့သို့ ဖြစ်မည်ကို စိုးရိမ်တော်မူကြသည့်အတွက် ထိုကဲ့သို့ပေးလှူသော ဆွမ်းဆန်တော် အလှူတော်ကို အလှူမခံဘဲ ငြင်းပယ်၍နေတော်မူကြ၏။ ထိုမှတပါး ကျောင်းအုပ် ဘုန်းတော်ကြီးများအပေါ် တွင် ကျောင်းအုပ်ချုပ်ခြင်း၊ စာရင်း တင်သွင်းခြင်း စသည်တို့အတွက် တာဝန်ထားပြီးလျှင်၊ ဆွမ်းဆန်တော်များအတွက် အလှူငွေများကို လခစာရင်းများတွင် ထည့်သွင်း ဖော်ပြကြသည့် အပြင်၊ ဆွမ်းဆန်တော်အတွက်ငွေများကိုရကြောင်း ဘုန်းတော်ကြီးများကိုယ်တိုင်ပင်လက်မှတ် ရေးထိုးတော်မူကြစေသောကြောင့်၊ ဆွမ်းဆန်လှူပုံ လှူနည်း နေရာမကျသည်သာမက ဆွမ်းဆန် တော်သည်ပင်လျှင် ကျောင်းအုပ်ချုပ်ခဖြစ်သည်။ ကျောင်းအုပ်ဘုန်းတော်ကြီးများ လခစားဖြစ် ကြသည်ဟူ၍ ပြစ်တင်စွပ်စွဲဘွယ်များရှိကြသေး၏။

ဆိုခဲ့သော အပြစ်များကြောင့်၊ ဘုန်းတော်ကြီး စာသင် ကျောင်းများကို အားပေးရန် နှစ်ပေါင်း ၇၀ ကျော်၊ ပညာရေးဌာနက ကြိုးစားခဲ့သော်လည်း၊ အောင်မြင် သင့်သလောက် မအောင်မြင်ဘဲရှိခဲ့ရလေပြီ။

ထို့ကြောင့် ထိုအပြစ်ဒေါသတို့မှ ကင်းစင်၍ ဝိနည်းဒေသနာတော်အရ၊ ဘုန်းတော်ကြီး များလက်ခံနိုင်သော လှူဒါန်းပူဇော်ခြင်းမျိုးဖြစ်စေရန် အောက်ပါနည်းလမ်းအတိုင်း လှူဒါန်း ပူဇော်သင့်သည်။

" အထောက်အပံ့ လှူဒါန်းမည့်ဒေသန္တရပညာရေးအဖွဲ့၏ ကိုယ်စားလည်ဒါယကာ သည်၊ ကျောင်းအုပ် ဘုန်းတော်ကြီးကို ကပ္ပိယကာရက ညွှန်းတော် မူပါ

ဘုရားဟုလျှောက်ထားသင့်သည်။ ထိုသို့လျှောက်ထားသောအခါ ကျောင်းအုပ်ဘုန်းတော်ကြီးက အောက်ပါအတိုင်း မိမိကိုယ်တိုင် လက်မှတ်ရေးထိုးသောစာဖြင့် ကပ္ပိယကာရကကို ညွှန်းရဘို့သင့်သည်။ ''

______________ မြို့ / ရွာ နေ၊ ______________ သည်၊ ဆရာတော် ၏ ကပ္ပိယကာရဖြစ်သည်။

ဆရာတော်၏ဘွဲ့အမည် ______________

ကျောင်း ______________

မြို့ / ရွာ ______________

ရက်စွဲ ______________

ထိုသို့ ညွှန်းသော ကပ္ပိယ ကာရကသည်၊ ကျောင်းအုပ်ဘုန်းတော်ကြီးက ထိုစာကိုပြန်၍ မရုပ်သိမ်းသမျှကာလပတ်လုံး ကပ္ပိယကာရကအဖြစ်၌တည်ရှိစေသင့်သည်။

အထောက်အပံ့လှူသောဒေသန္တရပညာရေးအဖွဲ့၏ကိုယ်စားလှယ်ဒါယကာသည်၊ ကပ္ပိယကာရကအား အောက်ပါအတိုင်းပြောဆိုညွှန်ကြားသင့်သည်။

______________ မြို့ / ရွာ၊ ______________ ကျောင်း၊ ကျောင်းအုပ်ဘုန်းတော်ကြီး ဆရာတော်ဦး ______________ ညွှန်ကြားသော ကပ္ပိယကာရက၊ ဦး ______________ အား၊ ငွေ ______________ အပ်နှံလိုက်ပါသည်။ ၎င်းဦး ______________ က၊ ကျွန်ုပ်ကိုယ်စားပြု၍၊ ကျောင်းအုပ် ဘုန်းတော်ကြီး ဦး ______________ အား၊၎င်းငွေတန်ဘိုးအထိ (၁) စာသင်ကျောင်းသုံး ပရိဘောဂ၊ (၂) စာသင်ကိရိယာတန်ဆာများ၊ (၃) စာသင်ကျောင်းကိစ္စနှင့်ပတ်သက်၍ လိုအပ်သောအခြားဝတ္ထုပစ္စည်းများ၊ (၄) ဆင်းရဲသောတပည့်သူငယ်များကို ထောက်ပံ့ရန်ဝတ္ထုပစ္စည်းများနှင့် (၅) ကျောင်းအုပ်ဘုန်းတော်ကြီး အလိုရှိတော်မူရာပစ္စည်းလေးပါးကိုလှူဒါန်းပါ။

အထောက်အပံ့ လှူဒါန်းသော ဆိုင်ရာအဖွဲ့၏ကိုယ်စားလှည် ဒါယကာသည်၊ ကိုယ်တိုင်သွားရောက်၍ဖြစ်စေ၊ သို့မဟုတ် စာနှင့်ဖြစ်စေ၊ အောက်ပါအတိုင်း ကျောင်းအုပ်ဘုန်းတော်ကြီးကိုလျှောက်ထားသင့်သည်။

'' အရှင်ဘုရားညွှန်ကြားတော်မူသောဦး ______________ ထံမှငွေ ______________ တန်ဘိုး အထိ (၁) စာသင်ကျောင်းသုံး ပရိဘောဂ၊ (၂) စာသင်ကိရိယာတန်ဆာများ၊ (၃) စာသင် ကျောင်းကိစ္စနှင့် ပတ်သက်၍ လိုသော အခြားဝတ္ထု ပစ္စည်းများ၊ (၄) ဆင်းရဲသော တပည့်သူငယ်များကို ထောက်ပံ့ရန်ဝတ္ထု ပစ္စည်းများနှင့် (၅) အရှင်ဘုရား အလိုရှိတော်မူရာပစ္စည်းလေးပါးကို တောင်းယူအလှူခံတော်မူပါဘုရား။

အထက်တွင်ဖော်ပြခဲ့သော ကပ္ပိယကာရကညွှန်းရန်လျှောက်ထားနည်း။ ကပ္ပိယကာရကကိုညွှန်ကြားနည်း။ ကပ္ပိယကာရကထံမှ အလိုရှိရာဝတ္ထုပစ္စည်းများကို တောင်းယူအလှူခံရန် လျှောက်ထားနည်းတို့အရ၊ ကျနသေချာစွာ လှူဒါန်းပူဇော်သော် အားလုံးကြေနပ်ဘွယ်ရာရှိသည်။ သို့အတွက် ဘုန်းတော်ကြီးစာသင်ကျောင်းများကို ထောက်ပံ့လှူဒါန်းရသောဒေသန္တရအဖွဲ့များအားလုံးတွင် ထိုလျှောက်ထားပုံ၊ ညွှန်ကြားပုံများကိုပုံရိုက်၍ ဆွဲထားကြသင့်သည်။ ဒေသန္တရအဖွဲ့၏ကိုယ်စား၊ ဘုန်းတော်ကြီးစာသင်ကျောင်းများကို လှူဒါန်းပူဇော်ရသောပုဂ္ဂိုလ်

အားလုံးတို့သည် ထိုလျှောက်ထားပုံ၊ ညွှန်ကြားပုံများကို ကျနအောင် လေ့လာ၍ ထားကြသင့်သည်။

ကျောင်းအုပ် ဘုန်းတော်ကြီးများအား လှူဒါန်း ပူဇော်ခြင်းသည်၊ ကျောင်းအတွက်နှင့် ကျောင်းသားသူငယ်များ၏အတွက်အဓိကထား၍ လှူဒါန်းခြင်းဖြစ်သောကြောင့်၊ လစဉ် လစဉ် လှူဒါန်းမည့်အစား၊ သုံးလတကြိမ်လှူဒါန်းသော်၊ ကပ္ပိယကာရကမှာလည်း လစဉ်သွား၍အလှူခံရသောကိစ္စတွင်ကင်းငြိမ်းလိမ့်မည်။ ထိုမှတပါး၊ ထိုထောက်ပံ့လှူဒါန်းခြင်းသည် လခသဘော သက်ရောက်သည်ဟုစွပ်စွဲရန်အကြောင်းသည်လည်း ကင်းဝေးသည်ထက် ကင်းဝေးလိမ့်မည်။

ယခုလက်ရှိ ဘုန်းတော်ကြီး စာသင်ကျောင်းများအတွက်မှာ ကျောင်းကိုအုပ်ချုပ်၍၊ ဗုဒ္ဓဘာသာသင်ခန်းစာသင်ကြားပြသသောကျောင်းအုပ်ဘုန်းတော်ကြီးများအား ဆွမ်းဆန်တော်အလို့ငှါ၊ တလလျှင်ငွေ ၁၅ ကျ ကပ္ပိယကာရကများကိုအပ်၍ လှူဒါန်းကြရ၏။ ထိုမျှလောက်လှူဒါန်းခြင်းသည်၊ စင်စစ်အားဖြင့် ကျောင်းအုပ်ဘုန်းတော်ကြီး သုံးလိုရာ သုံးရန်သာဖြစ်သည့်အတွက် နည်းသည်ဟူ၍မဆိုနိုင်ချေ။ သို့ရာတွင် ယခုအကြံဥာဏ်ပေးသော သုံးလတကြိမ်အလှူတော်မှာ စာသင်ကျောင်းသုံးပရိဘောဂ၊ စာသင်ကိရိယာတန်ဆာ၊ ဆင်းရဲသောကျောင်းသားများအတွက် အထောက်အပံ့နှင့် စာသင်ကျောင်းအတွက် အခြားလိုရာ ဝတ္ထုပစ္စည်းများအတွက် အဓိကထားလျက်၊ လှူဒါန်းရမည့်အလှူတော်ဖြစ်သည့်အပြင်၊ သုံးလမှာလည်းတကြိမ် လှူဒါန်းရမည်ဖြစ်သောကြောင့်၊ လက်ရှိနှုန်းထားထက် အနည်းငယ်ပိုပြီးလျှင် သုံးလတကြိမ် အလှူတော်ငွေ ၅၀ တန်ဝတ္ထုပစ္စည်းများအတွက်ဖြစ်သင့်သည်။

ဒေသန္တရပညာရေးအဖွဲ့၏ကိုယ်စားလည့်ဒါယကာသည်၊ ကျောင်းအုပ် ဘုန်းတော်ကြီးက စာဖြင့်ညွှန်း၍ထားသော ကပ္ပိယကာရကအား၊ အထက်ပါပုံစံအတိုင်းညွှန်ကြားပြီးလျှင် ကျောင်းအတွက် အလှူတော်ငွေကို ထိုကပ္ပိယကာရကအား အပ်နှံသောအခါ၊ ကပ္ပိယကာရကသည် အလှူတော်ငွေကို မိမိလက်ခံရရှိကြောင်း လက်မှတ်ရေးထိုးရန် သင့်သည်။ ဒေသန္တရပညာရေးအဖွဲ့နှင့် စာရင်းစစ်အရာရှိ စသည်တို့သည်၊ ကပ္ပိယကာရက၏အလှူတော်ငွေကို လက်ခံရရှိကြောင်းလက်မှတ်နှင့်ပင်လျှင်ကြေနပ်ကြသင့်သည်။ မည်သည့်အကြောင်းကြောင့်မျှ ကျောင်းအုပ်ဘုန်းတော်ကြီးကို အလှူတော်ငွေနှင့်ပတ်သက်၍ လက်မှတ်ထိုးရန်မလျှောက်ထားသင့်ပေ။

အလှူတော်ငွေကိုအပ်နှံသောအခါမှာ၊အပ်နှံသောဒါယကာရှေ့တွင် ကပ္ပိယကာရကသည် အောက်ပါပုံစံအတိုင်း၊ ဖြတ်ပိုင်းသုံးခုရှိသောလျှောက်လွှာကိုလက်မှတ်ထိုးရသင့်သည်။

"အရှင်ဘုရားတပည့်တော်ထံမှာ__________ဒေသန္တရပညာရေးအဖွဲ့ကအပ်နှံထားသောငွေ————ရှိပါသည်။ အရှင်ဘုရားအလိုရှိတော်မူသောအခါထိုမျှတန်အထိ (၁) စာသင်ကျောင်းသုံးပရိဘောဂ၊ (၂) စာသင်ကိရိယာတန်ဆာများ၊ (၃) စာသင်ကျောင်းကိစ္စနှင့်ပတ်သက်၍ လိုသောအခြားဝတ္ထုပစ္စည်းများ၊ (၄) ဆင်းရဲသော တပည့်သူငယ်များကို ထောက်ပံ့ရန် ဝတ္ထုပစ္စည်းများနှင့် (၅) အရှင်ဘုရားအလိုရှိတော်မူရာပစ္စည်းလေးပါးကို တပည့်တော်ထံမှာတောင်းယူအလှူခံတော်မူပါဘုရား။"

ထိုဖြတ်ပိုင်းသုံးခုအနက် အရင်းပိုင်းကို ဒေသန္တရအဖွဲ့တွင်လက်ခံအဖြစ်နှင့်ထားသင့်သည်။ တပိုင်းကို ကျောင်းအုပ်ဘုန်းတော်ကြီးအား ဆက်ကပ်ရန် ကပ္ပိယကာရကအား ပေးလိုက်သင့်သည်။ ကျန်တပိုင်းကို ကျောင်းအုပ်ဘုန်းတော်ကြီးထံစာတိုက်မှပို့သဆက်ကပ်သင့်သည်။

သို့ရာတွင်၊ကပ္ပိယကာရကအားအလှူတော်ငွေကိုအပ်လိုက်ကြောင်းနှင့်ထိုကပ္ပိယကာရကထံမှာ ဝတ္ထုပစ္စည်းများကို တောင်းယူ အလှူခံပါမည့်အကြောင်း အထက်ပါပုံစံအရ လျှောက်သော လျှောက်လွှာကို မိတ္တူသုံးပိုင်းလုပ်ပြီးလျှင်၊ တပိုင်းကို ဒေသန္တရအဖွဲ့ရုံးတွင် လက်ခံအဖြစ်နှင့်ထားသင့်သည်။ တပိုင်းကို ကျောင်းအုပ်ဘုန်းတော်ကြီးအား ဆက်ကပ်ရန် ကပ္ပိယကာရက

အား ပေးလိုက်သင့်သည်။ ကျန်တပိုင်းကို ကျောင်းအုပ်ဘုန်းတော်ကြီးထံစာတိုက်မှ ပို့သဆက်ကပ်သင့်သည်။ ထိုသို့ပို့သဆက်ကပ်သော် ကပ္ပိယကာရကအား အလှူတော်ငွေ အပ်လိုက်ကြောင်း၊ ကပ္ပိယကာရကက ကျောင်းအုပ် ဘုန်းတော်ကြီးကို မလျော့တဲ့ နေစေကာမူ၊ ကျောင်းအုပ်ဘုန်းတော်ကြီးသိတော်မူလိမ့်မည်။ ကျောင်းအတွက်နှင့်ကျောင်းသားအတွက်အလိုရှိရာဝတ္ထုပစ္စည်းများကို ကပ္ပိယကာရကထံမှတောင်းယူအလှူခံတော်မူနိုင်လိမ့်မည်။

ကပ္ပိယကာရက၏လျှောက်လွှာနှင့် ဒေသန္တရအဖွဲ့ ကိုယ်စားလှယ်၏ လျှောက်လွှာ များကို ကျောင်းအုပ် ဘုန်းတော်ကြီးထံ စာတိုက်မှပို့သဆက်ကပ်ရန်သာမဟုတ်ဘဲ၊ ကပ္ပိယကာရကကိုလည်းပေးလိုက်ရန် အကြံဉာဏ်ပေးရသည်မှာ၊ အချို့ရွာများသို့ စာပို့ပျာတာများသည် နေ့စဉ်မသွားကြဘဲ ၇ ရက်တကြိမ်လောက်သာသွား၍ စာများပေးစေတတ်သောကြောင့်၊ ထိုလျှောက်လွှာများကိုမြန်မြန်ရကြစေရန်ဖြစ်သည်။

မြန်မာဘုရင်မင်းမြတ်တို့ လက်ထက်တော်များမှာ ဆွမ်းဆန်တော်အစရှိသော အလှူတော်များကို ဘုန်းတော်ကြီးကျောင်းများသို့ အရောက်ပို့သော ထုံးစံဓလေ့ရှိခဲ့၏။ သို့အတွက် အချို့သက်သေများက၊ ဘုန်းတော်ကြီးစာသင်ကျောင်းများအတွက် အလှူတော်များကို ကပ္ပိယကာရကများကိုအပ်၍လှူရာတွင်ပင်၊ ဘုန်းတော်ကြီးကျောင်းများသို့ အရောက်ပို့ပြီးလျှင် အပ်သင့်ကြောင်း အကြံဉာဏ်ပေးကြလေသည်။ သို့ရာတွင် ထောက်ပံ့လှူဒါန်းရမည့် ကျောင်းများမှာ (၁၀၀၀) ခန့်ရှိနေပြီးလျှင် စုံစမ်းရေးအဖွဲ့နှင့် ဩဝါဒါစရိယဆရာတော်များ အကြံဉာဏ်ပေးတော်မူကြသည့်အတိုင်းပြုပြင်၍အားပေးလျှင်၊ အဆမတန်ပိုမိုများပြား၍လာလိမ့်ဦးမည်ဟု မြော်လင့်ဘွယ်ရှိသည့်အပြင်၊ ကျောင်းများသည်လည်း ဒေသန္တရရုံးများမှ ခရီးဝေးကွာသော အရပ်များမှာ တည်ရှိကြမည် ဖြစ်သောကြောင့် အလှူတော်များကို ဘုန်းတော်ကြီးကျောင်းများသို့အရောက်ပို့နိုင်ရန်အလွန်ခဲယဉ်းလိမ့်မည်။ အထက်တွင်ဖေါ်ပြခဲ့သည့်နည်းစံနစ်အတိုင်း ကျောင်းအုပ်ဘုန်းတော်ကြီးများညွှန်ကြားသော ကပ္ပိယကာရကများသည်၊ ဒေသန္တရအဖွဲ့ရုံးစသည်တို့သို့ သွား၍ အလှူခံကြရသော သုံးလတကြိမ်သာ သွားကြရမည်ဖြစ်၍ ၎င်းတို့မှာဝန်မလေးတန်ရာ။ ထိုမှတပါး များသောအားဖြင့် ဘုန်းတော်ကြီးကျောင်းများမှာ လူလက်ထောက်ဆရာများရှိကြမည်ဖြစ်၍ ထိုလက်ထောက် ဆရာများသည်လည်း၊ မိမိတို့၏လခများကိုထုတ်ယူရန် လစဉ်သွားကြရမည် ဖြစ်သောကြောင့်၊ ကျောင်းအုပ်ဘုန်းတော်ကြီးများသည် မိမိတို့၏လက်ထောက်ဆရာများကိုပင် ကပ္ပိယကာရကက ညွှန်းတော်မူကြပါက၊ပိုမို၍လွယ်ကူမည့်အကြောင်းကိုလည်းနှလုံးသွင်းတော်မူကြပေလိမ့်မည်။

**ထမင်းစရိတ်အထောက်အပံ့။**

ဘုန်းတော်ကြီးကျောင်းတွင် မိဘမဲ့၍ဖြစ်စေ၊ မိဘဆင်းရဲလွန်း၍ဖြစ်စေ၊ ဘုန်းတော်ကြီးများကပင်ကျွေးမွေး၍ထားရသော ကလေးအနည်းငယ်စီရှိတတ်သည်။ အထက်တွင်အကြံဉာဏ်ပေးခဲ့သောသုံးလတကြိမ်အလှူတော်သည်စာသင်ကျောင်းနှင့် ဆင်းရဲသောကျောင်းသားသူငယ်အားလုံးအတွက်ပါရည်မှန်း၍ လှူဒါန်းပူဇော်ခြင်းဖြစ်သော်လည်း၊ ဆင်းရဲသော ကလေးများအတွက်မှာကျောက်သင်ပုန်း၊ ကျောက်တံ၊ စာအုပ်၊ ခဲတံ အစရှိသောကျောင်းသုံးကိရိယာများထောက်ပံ့ နိုင်ရုံလောက်သာ ဖြစ်နိုင်လိမ့်မည်။ အလွန်ဆင်းရဲ၍ ဘုန်းတော်ကြီးများကပင်ကျွေးမွေး၍ထားရသောကလေးများ၏ ထမင်းစရိတ်အတွက် အထောက်အပံ့ဖြစ်နိုင်ရန် ခဲယဉ်းလိမ့်မည်။ သို့ဖြစ်သောကြောင့် ဆင်းရဲသောကလေးများဖြစ်၍ ကျောင်းအုပ်ဘုန်းတော်ကြီးက မိမိကျောင်းတွင် ကျောင်းအိပ်ကျောင်းစားအဖြစ်နှင့် ကျွေးမွေးထားရကြောင်း လက်မှတ်ပေးသော ကလေးများအတွက်၊ ထမင်းစရိတ်အထောက်အပံ့ငွေ တယောက်ကို တနှစ်လျှင် ငွေ ၁၀ ကျပ်ထောက်ပံ့ရန်သင့်သည်။

ထိုထမင်းစရိတ်အတွက် အဆောက်အအုံ အလှူငွေကိုလည်း၊ အထက်ပါ နည်းအတိုင်း ကျောင်းအုပ် ဘုန်းတော်ကြီးများ ညွှန်ကြားတော်မူကြသော ကပ္ပိယကာရကများကို အပ်၍ လှူဒါန်းရန်သင့်သည်။ လှူဒါန်းသော ဒေသန္တရအဖွဲ့၏ ကိုယ်စားလှယ် ဒါယကာက ကပ္ပိယကာရကများကို ညွှန်ကြားပုံနှင့် ကျောင်းအုပ်ဘုန်းတော်ကြီးများကို လျှောက်ထားပုံများမှာမူ ကိစ္စနှင့်လျော်အောင်ပြင်ဆင်၍ညွှန်ကြားလျှောက်ထားသင့်သည်။

ဆင်းရဲလွန်းသော ကျောင်းသားများအတွက် ထမင်းစရိတ် အထောက်အပံ့ရမှသာလျှင် ဘုန်းတော်ကြီးများသည် ထိုကလေးများကို ရက်လရှည်ကြာစွာ မှန်မှန်ကျွေးမွေး၍ ထားနိုင်ကြလိမ့်မည်။ သို့မှလည်း ထိုကလေးများသည်ကျောင်းကိုမှန်မှန်တက်နိုင်ကြပေလိမ့်မည်။ သို့အတွက် ထမင်းစရိတ်ထောက်ပံ့လှူဒါန်းရန်မှာအရေးကြီးပေသည်။ မူလတန်းပညာကို ကလေးများမသင်မနေရမှုသော အက်ဥပဒေသည် နယ်ပယ်တစုံတရာ၌အတည်ဖြစ်ပါမူ၊ ထိုအရပ်ရှိဆင်းရဲနွမ်းပါးသော ကလေးများအတွက် ထမင်းစရိတ်ထောက်ပံ့ရန် သာ၍အရေးကြီးလိမ့်မည်။

ဤအရာ၌ ဘုန်းတော်ကြီး ကျောင်းများမှာ များသောအားဖြင့် ဘုန်းတော်ကြီးများ၏ အတိရေကလာဘ်လာဘဖြင့် ကျောင်းသားသူငယ်များကို ကျွေးမွေးနိုင်ကြသောကြောင့်၊ လိုရာတွင်ဖြည့်ရန်သာ ကလေးတယောက်ကိုတနှစ်လျှင် ထမင်းစရိတ် အထောက်အပံ့ငွေ (၁၀) မျှသာ အကြံဥာဏ်ပေးကြောင်းကိုသတိပြုကြသင့်သည်။

## ( ခ )

### မကျောင်းအုပ်။

ဘုန်းတော်ကြီးကျောင်းများ၌ စာသင်ကျောင်းများ ဖွင့်လှစ်သော်၊ ဘုန်းတော်ကြီးများ အုပ်ချုပ်တော်မူကြမှသင့်လျော်ပေမည်။ အချို့သက်သေများက ဘုန်းတော်ကြီးများမအုပ်ချုပ်ဘဲ ကျောင်းကော်မီတီများဖွဲ့စည်း၍ အုပ်ချုပ်စေသင့်ကြောင်း၊ သို့မဟုတ် လူလက်ထောက် ဆရာထဲမှ အကြီးဆုံးလက်ထောက်ဆရာများကို အုပ်ချုပ်စေသင့်ကြောင်း အကြံဥာဏ် ပေးကြသည်။ ထိုသို့အကြံဥာဏ်ပေးခြင်းမှာ ယခုလက်ရှိစံနစ်အရ၊ ကျောင်းအုပ် ဘုန်းတော်ကြီးများ၏အပေါ်တွင် ပညာရေးဌာနနှင့် ဒေသန္တရပညာရေးအဖွဲ့များက တာဝန်ထားကြပုံ၊ ထောက်ပံ့လှူဒါန်းပုံ စသည်တို့ကို မကျေနပ်ကြသည့်အတွက်၊ ဘုန်းတော်ကြီးများမှာ ဝိနည်းသိက္ခာပုဒ်တော်များနှင့် ပလွတ်မကင်း ဖြစ်ကြမည်။ ဂုဏ်ငယ်တော်မူကြမည်ကိုစိုးရိမ်၍ အကြံဥာဏ်ပေးခြင်းဖြစ်သည်။ စုံစမ်းရေးအဖွဲ့နှင့်ဩဝါဒါစရိယဆရာတော်များအကြံဥာဏ်ပေးကြသည့်အတိုင်း၊ပညာရေးဌာနနှင့် ဒေသန္တရအဖွဲ့များသည် ဘုန်းတော်ကြီးစာသင်ကျောင်းများအပေါ်၌ ထားရှိသော စိတ်နေသဘောထားကိုပြောင်းလွှဲကြပြီးလျှင် နည်းလမ်းကျကျ လှူဒါန်းပူဇော်ကြပါမူ၊ ဘုန်းတော်ကြီးများမှာ စာသင်ကျောင်းများကို အုပ်ချုပ်တော်မူကြသည့်အတွက် ဝိနည်းသိက္ခာပုဒ်များ ငြိစွန်းလိမ့်မည်ဟူ၍၎င်း၊ ဂုဏ်ငယ်တော်မူလိမ့်မည်ဟူ၍၎င်း၊ စိုးရိမ်စရာရှိတော့မည်မဟုတ်ချေ။

ထိုမှတပါးဘုန်းတော်ကြီး၏ကျောင်းများ၌ဖွင့်လှစ်သောစာသင်ကျောင်းများကို ကော်မီတီများကဖြစ်စေ၊ လက်ထောက် ဆရာများကဖြစ်စေ၊ အုပ်ချုပ်ကြသော ဘုန်းတော်ကြီးများနှင့် ထိုအုပ်ချုပ်သောကော်မီတီများ သို့မဟုတ်ဆရာများ သဘောကွဲလွဲကြပြီးလျှင် အခက်အခဲများ ပေါ်ပေါက်လာမည်ကိုစိုးရိမ်ရသည်။

မူလတန်း ဘုန်းတော်ကြီး စာသင်ကျောင်းများကို အသိအမှတ်ပြုသည်နှင့်တပြိုင်နက်၊ စာသင်ကျောင်းသုံး ပရိဘောဂနှင့် စာသင်ဂရိယာ တန်ဆာများ ငွေ ၇၅ တန် လှူရမည့်အပြင် ၎င်းတို့ ချို့ယွင်းပျက်စီးတိုင်း အသစ်ပြုပြင်၍ လှူရမည်ဖြစ်ပါလျက် သုံးလတကြိမ်အလှူတော်မှာ၊ စာသင်ကျောင်းသုံးပရိဘောဂနှင့် စာသင်ကိရိယာတန်ဆာများအတွက်ပါ၍နေခြင်းကို အနည်းငယ်ရှင်းလင်းရန်လိုပေသည်။ ဒေသန္တရပညာရေးအဖွဲ့များသည် စာသင်ကျောင်းသုံးပရိဘောဂ

နှင့် စာသင်ကိရိယာတန်ဆာများကို အသိအမှတ်ပြုသည့်အခါမှာသာလျှင် လှူဒါန်းရမည်။ ထိုလှူဒါန်းသောပစ္စည်းများ ပျက်စီးယိုယွင်းလျှင်သာ နောက်ထပ် ပြုပြင်ကြမည်။ နောက်ထပ်လိုသော စာသင်ကျောင်းသုံးပရိဘောဂနှင့် စာသင်ကိရိယာတန်ဆာများကို လှူကြတော့မည်မဟုတ်ချေ။ ပဌမလှူသောပစ္စည်းများသည်လည်း ကျောင်းသားများသော ကျောင်းများအတွက်၊ အစကတည်းကပင် လောက်ကောင်းမှ လောက်မည်။ ၎င်းတို့သည် အစတွင်လောက်စေကာမူ ကျောင်းသားများတိုး၍လာသောအခါ၊ သို့မဟုတ် ကျောင်းကိုကျောင်းသားများအတွက်ကျေးဇူးရှိရာ ကျေးဇူးရှိကြောင်း တိုးချဲ့၍စီမံသောအခါ လုံလောက်ကြမည် မဟုတ်ချေ။ သို့အတွက် နောက်ထပ်လိုမည့် စာသင်ကျောင်းသုံးပရိဘောဂနှင့် စာသင်ကိရိယာတန်ဆာများအတွက်၊ သုံးလတကြိမ်အလှူတော်တွင်ထည့်၍ထားရသည်။

### ဗုဒ္ဓဘာသာသင်ခန်းစာ။

အသိအမှတ်ပြုပြီးဘုန်းတော်ကြီးစာသင်ကျောင်းများတွင် ကျောင်းအုပ်ဘုန်းတော်ကြီးများပင် ဗုဒ္ဓဘာသာသာသင်ခန်းစာများကို ပြသတော်မူကြ၏။ ဗုဒ္ဓဘာသာ သင်ခန်းစာများသည်လည်း၊ ဘုန်းတော်ကြီးများ သင်ကြားပြသရန် အသင့်အလျော်ဆုံးသော ဘာသာဖြစ်၏။ စင်စစ်သော်ကား ကျောင်းထိုင်ပုဂ္ဂိုလ်အများသည်၊ မိမိတို့၏ကျောင်းများတွင် ကလေးများကိုလက်ခံတော်မူကြရာ၌၊ ဗုဒ္ဓဘာသာ သင်ခန်းစာများကို သင်ကြား ပြသပြီးလျှင် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်မှု၌ လိမ်မာအောင်ဆုံးမတော် မူလိုသောကြောင့် လက်ခံကြခြင်းဖြစ်မည်။ ကလေးများကို ဗုဒ္ဓဘာသာသင်ခန်းစာများကို သင်ကြားချီးမြှောက်တော်မူကြရသည့်အတွက်၊ အချိန်ကုန်သည်၊ပင်ပန်းသည်ဟူ၍ငြိုငြင်တော်မူကြမည်ကိုဝေးစွ အလွန်ပင်လျှင် အားရနှစ်သက်တော်မူကြပေမည်။ သို့အတွက် ကျောင်းအုပ်ဘုန်းတော်ကြီးများကိုယ်တိုင် ကျောင်းသားများကို ဗုဒ္ဓသာသာသင်ခန်းစာများသင်ကြားဆုံးမတော်ကြပါရန်တောင်းပန်လျှောက်ထားသင့်၏။

### လက်ထောက်ဆရာ။

ဘုန်းတော်ကြီး စာသင်ကျောင်းများအတွက် လက်ထောက်ဆရာများမှာ၊ လူဆရာနှင့် ရဟန်းဆရာ ၂ မျိုးစလုံးပင်သင့်လျော်၏၊ ယခုလက်ရှိအသိအမှတ်ပြုပြီးဘုန်းတော်ကြီးစာသင်ကျောင်းများတွင် လက်ထောက်ဆရာများသည် များသောအားဖြင့် လူဆရာများ ဖြစ်ကြ၏။ ရဟန်းလက်ထောက်ဆရာများ အနည်းငယ်မျှသာရှိသည်။ နောင်ကိုထောက်ပံ့လှူဒါန်းခြင်းခံယူတော်မူကြမည့် ဘုန်းတော်ကြီး စာသင်ကျောင်းများမှာလည်း၊ လူလက်ထောက်ဆရာများကိုသာ အများအားဖြင့်ထားကြလိမ့်မည်။ ရဟန်းလက်ထောက်ဆရာ အနည်းငယ်မျှသာထားကြလိမ့်မည်ဟု ထင်မှတ်ယုံကြည်ဘွယ်ရှိ၏။ သို့ရာတွင် ရဟန်းတော်များကို ရဟန်းဖြစ်သောကြောင့် ဘုန်းတော်ကြီးစာသင်ကျောင်းများတွင်ပင် ကလေးများကိုစာမသင်မပြရဟူ၍ ပိတ်ပင်တားမြစ်ရန်မသင့်ချေ။ ရဟန်းများသည် ဂဏန်းသင်္ချာ၊ ကျန်းမာရေးနှင့်ဩကာသလောက၏အကြောင်း၊ ဒေသန္တရ ဗဟုသုတ တစိတ်တဒေသဖြစ်သော ပထဝီဝင်များကို မိစ္ဆာဇီဝသဘောမဟုတ်ဘဲ၊ စင်ကြယ်သောသဒ္ဓါစေတနာဖြင့် ပညာပါရမီဖြည့်ရန် ရည်သန် တောင့်တလျက် သင်ကြားပြသသောအပြစ်တစုံတရာမရှိ ချီးမွမ်းဘွယ်သာရှိ၏။ ထိုသို့ကောင်းမြတ်စင်ကြယ်သောစေတနာဖြင့် အပိုဘာသာများကို သင်ကြားပြသလိုတော်မူကြသော၊ သင်လည်းသင်ကြား ပြသနိုင်သော ရဟန်းများလည်း ရှိတော်မူကြ၏။

သာမဏေများမှာမူကား၊ များသောအားဖြင့် အသက်အရွယ် ငယ်ကြသေးသည့်အပြင်၊ မိမိတို့ကိုယ်တိုင်မှာပင်လျှင် ပရိယတ္တိမပြည့်ဝကုန်လုံအောင် သင်ယူကြရန်ကိစ္စရှိနေသေးသောကြောင့် လက်ထောက်ဆရာများမဖြစ်ထိုက်ချေ။

## ခန့်ပုံ။

လူနှင့်ရဟန်း လက်ထောက်ဆရာများခန့်ထားရန်မှာ၊ ကျောင်းအုပ်ဘုန်းတော်ကြီးများ၏ သဘောတော်အတိုင်းသာလျှင်ဖြစ်သင့်၏။ ကျောင်းအုပ်ဘုန်းတော်ကြီးက လူကိုလက်ထောက်ဆရာခန့်တော်မူလျှင်၊ ထိုလူမှာပညာရေးဌာနနှင့် ဒေသန္တရအဖွဲ့တို့က သတ်မှတ်၍ထားသော ပညာအရည်အချင်းနှင့် ပြည့်စုံသောအကျင့်စာရိတ္တအတွက် နာမည်ပျက်လည်းမရှိသောသူဖြစ်လျှင် ပြီးစေသင့်၏။ ကျောင်းအုပ်ဘုန်းတော်ကြီးက ရဟန်းကိုလက်ထောက်ဆရာအဖြစ် ချီးမြှောက်တော်မူလျှင်၊ တပည့်ရဟန်း၏အကြောင်းကိုဆရာဘုန်းတော်ကြီးအသိဆုံးဖြစ်၍၊ ပညာရေးဌာနနှင့် ဒေသန္တရအဖွဲ့များက ပညာအရည်အချင်းကို စီစစ်ရန်ပင်မလိုပြီ။ ကျောင်းအုပ်ဘုန်းတော်ကြီးက ထိုရဟန်းသည် ဆိုင်ရာပညာရပ်များကို သင်ကြားပြသနိုင်သည်၊ သင့်လျော်သည်ဟု သဘောတော်ရ၍၊ ခန့်ထားသည့်အတိုင်းသာလျှင် ပြီးစေသင့်၏။ လူလက်ထောက်ဆရာများသည် ကျောင်းအုပ်ဘုန်းတော်ကြီးများကိုပို၍ ရိုသေလေးစားကြစေရန်တကြောင်း၊ အကယ်၍ ထိုဆရာများ၏ဆောင်ရွက်ပုံသည် ကြေနပ်ဘွယ်မရှိ၍၊ အပြစ်အားလျော်စွာပြုပြင်စီရင်ရလျှင်၊ ကျောင်းအုပ်ဘုန်းတော်ကြီးများ၏အပေါ်တွင် ဝိနည်းဒေသနာတော်အရ တာဝန်တစုံတရာ မရှိစေရန်တကြောင်း၊ ဤအကြောင်း ၂ ရပ်ကို ထောက်ထားသောအားဖြင့်၊ လူလက်ထောက် ဆရာများသည်၊ ကျောင်းအုပ် ဘုန်းတော်ကြီးက မိမိတို့ကိုလက်ထောက်ဆရာအဖြစ်ခန့်မည့်အခါတွင် အောက်ပါအတိုင်းခံဝန်ချက်ပေးထားရကြသင့်သည်။

> "ဆရာတော်ဘုရား နှစ်သက် ကြေနပ်တော် မူလောက်အောင်၊ တပည့်တော်သည် တာဝန်ဝတ္တရားများကို ကြေပွန်စွာ ဆောင်ရွက်ပါမည်။ ဆရာတော်ဘုရား နှစ်သက်ကြေနပ်လောက်အောင်တာဝန်ဝတ္တရားများကိုကြေပွန်စွာမဆောင်ရွက်နိုင်ခဲ့သော်၊ တပည့်တော်သည် ဆရာတော်ဘုရား၏ကျောင်းမှထွက်ခွာသွားပါမည်။
>
> ထိုမှတပါးတပည့်တော်သည်၊အရှင်ဘုရား၏ကျောင်း၌၊ အကြောင်းတစုံတရာကြောင့် အလုပ်ရပ်စဲသော်၊ သို့မဟုတ် ရပ်စဲရသောထိုကျောင်းမှ ၃ မိုင်ပတ်လည်အတွင်း စာသင်ကျောင်းတစုံတရာဖွင့်လှစ်မည်မဟုတ်ပါဘုရား။"

အကယ်၍ လူလက်ထောက်ဆရာသည်၊ မိမိ၏ဒုတိယခံဝန်ချက်ပျက်၍၊ ကျောင်းအုပ်ဘုန်းတော်ကြီး၏ ကျောင်းမှ ၃ မိုင်ပတ်လည်အတွင်း စာသင်ကျောင်း တည်ထောင်ခဲ့သော်၊ ဆိုင်ရာဒေသန္တရပညာရေးအဖွဲ့က သူ၏ကျောင်းကို မည်သည့်နည်းနှင့်မျှ အသိအမှတ်မပြုသင့်ချေ။ ဤဒုတိယခံဝန်ချက်ကို ပေးထားရသင့်သည်ဟု အကြံဉာဏ်ပေးရသည်မှာ ရှေးအခါကလူလက်ထောက်ဆရာများသည်။ ဘုန်းတော်ကြီး စာသင်ကျောင်းများမှခွဲ၍၊ ၎င်းတို့နှင့် အပြိုင်အဆိုင် အိမ်ကျောင်းများ ဖွင့်ဘူးကြသောကြောင့်၊ နောင်ကိုလည်း ထိုကဲ့သို့ပြုလုပ်ဦးမည်ကို စိုးရိမ်၍ ဘုန်းတော်ကြီးများသည် လူလက်ထောက်ဆရာများကိုမခန့်ဘဲမနေကြရန် အကြံဉာဏ်ပေးရခြင်းဖြစ်သည်။

ရဟန်းလက်ထောက် ဆရာများမှာမူကား၊ များသောအားဖြင့် မိမိတို့၏ဆရာဘုန်းတော်ကြီးကို ရိုသေလေးစားကြပြီးဖြစ်သည့်အပြင်၊ ဆရာဘုန်းတော်ကြီး၏ ကျောင်းမှခွဲ၍ စာသင်ကျောင်း အပြိုင်အဆိုင် ဖွင့်လိုသောစိတ်ဆန္ဒရှိကြမည် မဟုတ်သည့်အပြင်၊ လူဆရာများကဲ့သို့ အတန်းစာမေးပွဲနှင့် ဆရာဖြစ်စာမေးပွဲများအောင်မြင်ပြီးမဟုတ်ကြသဖြင့်၊ ဆရာဘုန်းတော်ကြီး၏ကျောင်းနှင့် အပြိုင်အဆိုင်ဖွင့်လိုသည့်တိုင်အောင်၊ အောင်မြင်ထမြောက်ရန် အလွန်ခဲယဉ်းသောကြောင့်၊ လူဆရာများကဲ့သို့ ကျောင်းအုပ် ဘုန်းတော်ကြီးများအား ခံဝန်ချက်များပေး၍ ထားကြရန်မလိုချေ။

( ဂ )

လူလက်ထောက်ဆရာများ၏ပညာအရည်အချင်းသည်၊ အသိအမှတ်ပြုသောအိမ်ကျောင်း လက်ထောက်များအတွက် သတ်မှတ်သောပညာအရည်အချင်းအတိုင်းပင် ဖြစ်သင့်သည်။

ရဟန်းလက်ထောက်ဆရာများအတွက်မှာမူ၊ ပညာအရည်အချင်းတစုံတရာ သတ်မှတ်ရန် မလိုချေ။ တပည့်ဦးပဉ္စင်းများ၏ပညာအရည်အချင်းနှင့်အကျင့်စာရိတ္တကို ဆရာဘုန်းတော်ကြီး များသည် အသိဆုံးဖြစ်တော်မူကြ၏။ သို့အတွက် ကျောင်းအုပ်ဘုန်းတော်ကြီးများသည်၊ ပညာ အရည်အချင်းနှင့်ပြည့်စုံ၍ သင့်လျော်သည်ဟု ရဟန်းလက်ထောက်ဆရာများကို ခန့်တော်မူကြ သည့်အတိုင်းသာလျှင် ပြီးစေသင့်၏။ ထိုသို့ပြီးစေသင့်၏ ဆိုသော်လည်း ကျောင်းအုပ်ဘုန်း တော်ကြီးများသည် ရဟန်းများကိုလက်ထောက်ဆရာခန့်ခြင်းအလွန်နည်းပါးလိမ့်မည်ဟု စုံစမ်း ရေးအဖွဲ့နှင့်ဩဝါဒါစရိယဆရာတော်များသဘောရတော်မူကြ၏။

( ဃ )

၁၉၃၉-၄၀ ပြည့်နှစ်၊ မြန်မာပြည် ပညာသင်ကြားရေးချုပ် အစီရင်ခံစာ စာမျက်နှာ ၁၅ တွင်၊ ၁၉၄၀ ပြည့်နှစ်၊ ဖေဖေါ်ဝါရီလအတွင်း ရှိသော အစီရင်ခံစာအရ ဆရာဖြစ် စာမေးပွဲ အောင်ပြီးဖြစ်လျက်၊ အလုပ်လက်မဲ့ ဖြစ်၍နေသော မြန်မာ ကျောင်းဆရာ ပေါင်း ၁၉၅၄ ယောက်ရှိကြောင်း။ မြန်မာ ဆရာဖြစ် သင်နော်မံကျောင်းများ၌ ဆရာဖြစ်အတတ်ကို သင်၍နေသော ကျောင်းသားများသည်လည်း၊ ယခုလက်ရှိကျောင်းများတွင် ဆရာများလိုသည် ထက်များစွာပို၍နေကြောင်း။ သို့အတွက် ထိုကျောင်းများတွင် လက်ခံကြရန်တပည့်တို့၏ အရေ အတွက်ကိုကြပ်တည်းစွာကြည့်ရှုစီမံမှသင့်လျော်မည် ဖြစ်ကြောင်းပါရှိသည်။ ထိုမှတပါး မြန်မာ ပြည် ပညာရေးဌာနဝန်ကြီးထံမှစုံစမ်းရေးစက္ကရီတေရီထံသို့ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် နေ့မှပေးပို့သောစာရင်းအရ၊ မူလတန်း ဆရာဖြစ်လက်မှတ်ရပြီးဖြစ်လျက်၊ အလုပ်လက်မဲ့ဖြစ်၍ နေသောမြန်မာကျောင်းဆရာပေါင်း ၁၅၁၀ ယောက်နှင့် အထက်တန်းဆရာဖြစ် လက်မှတ်ရ ပြီးဖြစ်ပါလျက်၊ အလုပ်လက်မဲ့ဖြစ်၍နေသော မြန်မာကျောင်းဆရာပေါင်း ၅၉၁ ယောက် ပေါင်း ၂၁၀၁ ယောက်ရှိကြသည်။ အကယ်၍ မူလတန်း ဘုန်းတော်ကြီးစာသင်ကျောင်းသင် များတွင် မူလတန်းဆရာဖြစ် လက်မှတ်ရဆရာများနှင့်ချည်းမလုံလောက်လျှင်၊ အထက်တန်း လက်မှတ်ရဆရာများကိုလည်းခန့်နိုင်လိမ့်မည်။ ဘုန်းတော်ကြီးစာသင်ကျောင်းများကို စံနစ်သစ် အရ အားပေးသော်လည်း၊ တနှစ်လျှင်ဘုန်းတော်ကြီးစာသင်ကျောင်းသစ်ပေါင်းတထောင်ထက် ပို၍အသိအမှတ်ပြုရမည်မဟုတ်ဟု တွေးထင်ဘွယ်ရှိသည်။ သို့အတွက် စံနစ်သစ်အရ၊ ပဌမနှစ် တွင် ထောက်ပံ့လှူဒါန်းရမည့် ဘုန်းတော်ကြီးစာသင်ကျောင်းများအတွက် လက်မှတ်ရ မြန်မာ ကျောင်းဆရာများရနိုင်ရန် အခက်အခဲ တစုံတရာရှိနိုင်မည်မဟုတ်ချေ၊ သို့ရာတွင် ပဌမ ၂ နှစ် အလွန်မှာလည်း လက်မှတ်ရ ကျောင်းဆရာတနှစ်လျှင် ၈၀၀ ခန့်လိုလိမ့်မည်ဟု မှန်းဆလျက်၊ မြန်မာဆရာဖြစ်သင် နော်မံကျောင်းများတွင် ကျောင်းသားများကိုရွေး၍ လက်ခံမည့်အစား၊ တိုး၍ပင်လျှင်လက်ခံမှ လက်မှတ်ရဆရာများအလုံအလောက်ရနိုင်လိမ့်မည်။

ဘုန်းတော်ကြီးစာသင်ကျောင်းများကို စံနစ်သစ်အရ အစိုးရက အားပေးလိမ့်မည်။ ထို ကျောင်းများမှာ လူလက်ထောက်ဆရာအများအပြားလိုလိမ့်မည်ဟုကြားကြလျက်၊ မြန်မာဆရာ ဖြစ်သင်ကျောင်းများတွင် နေချင်ကြသူများပေါများလိမ့်မည်။ စင်စစ်သော်ကား ထိုကျောင်းများ အတွက် မြန်မာလက်ထောက် ဆရာအများ ခန့်ထားရန် ရှိခြင်းသည်ပင်လျှင်၊ မြန်မာစာသင် ကျောင်းများတွင် ပိုမို၍နေကြရန် အားပေးခြင်းတရပ်ဖြစ်ပေလိမ့်မည်။

ဘုန်းတော်ကြီးစာသင်ကျောင်းများတွင် လူလက်ထောက်ဆရာများသည် အရည်အချင်း ပြည့်စုံသောသူများသာလျှင်ဖြစ်ကြရမည်။ သို့အတွက် လူလက်ထောက်ဆရာများနှင့်စပ်လျဉ်း၍

ပညာအရည်အချင်းနှင့်ပြည့်စုံသောဆရာများအတွက် မည်သို့စီမံမည်နည်းဟူသော ပြဿနာကို ဖြေဆိုရန်မလိုပြီ။ ရဟန်းလက်ထောက်ဆရာများအတွက်မှာလည်း အစိုးရအသိအမှတ်ပြုသော အတန်းစာမေးပွဲများနှင့် ဆရာဖြစ်စာမေးပွဲများကို မအောင်မြင်စေကာမူ၊ တနည်းတဖုံအားဖြင့် အောင်မြင်သောသူများအောက်မလျော့သော ပညာအရည်အချင်းနှင့် ပြည့်စုံကြလိမ့်မည် ဖြစ်သောကြောင့်တကြောင်း၊ တပည့်ကျောင်းသားများကို အလွန်တတ်သိ လိမ္မာစေလိုသော မေတ္တာစေတနာဖြင့် သည်းခံကြိုးစားလျက် သင်ကြားသပြ ဆုံးမတော်မူကြမည့် ပုဂ္ဂိုလ်များဖြစ်တော်မူကြသည့်အတွက်တကြောင်း။ သင်ကြားပြသရမည့်ပညာများသည်လည်း ခဲယဉ်းလှသည် မဟုတ်သည့်အတွက်တကြောင်း၊ ဆရာဖြစ်အတတ်ကိုသင်ကြားတော်မူကြစေရန်စီမံဘို့မလိုပြီ။

သို့ရာတွင် (ပညာမဂ္ဂဇင်း) ကိုမူကား ထွက်တိုင်းထွက်တိုင်း အသိအမှတ်ပြုသော ဘုန်းတော်ကြီးကျောင်းများ၏အစိုးရသည် တစောင်စီ လှူဒါန်း သင့်ပေသည်။ ၁၉၃၇-၃၈ ခုနှစ် မြန်မာပြည်ပညာသင်ကြားရေးနှစ်ချုပ်အစီရင်ခံစာ စာမျက်နှာ ၈ နှင့် ၄၇၊ ၄၈ တွင် ဖေါ်ပြထားသည့်အတိုင်း၊ ထိုပညာမဂ္ဂဇင်းသည် မြန်မာကျောင်းဆရာများအမြင်ကျယ်ခြင်း၊ ကျောင်းတွင်စီမံအုပ်ချုပ်ပုံနှင့်သင်ကြားပြသပုံကောင်းမွန် မှန်ကန်စေခြင်းများကိုရည်ရွယ်လျက် ထုတ်ဝေသောမဂ္ဂဇင်းဖြစ်၍၊ မြန်မာစာသင်ကျောင်းများအတွက် များစွာကျေးဇူးများပေသည်။

ထိုမှတပါး ဦးထွန်းအောင်နှင့် ဦးဘိုးဆယ်တို့၏ အကူအညီနှင့် ဦးချိုပြုစုစီရင်သောဆရာလက်စွဲ အကြံဥာဏ်ပေး စာအုပ်များကိုလည်း၊ အသိအမှတ်ပြုသော ဘုန်းတော်ကြီး စာသင်ကျောင်းများအား တနှစ်လျှင်တအုပ်ကျစီလှူဒါန်းသင့်သည်။

## ( ၄ )

လူလက်ထောက်ဆရာများ၏ ပညာအရည်အချင်းမှာ အိမ်ကျောင်းများကလက်ထောက်ဆရာများ၏အရည်အချင်းအတိုင်းသာလျှင်ဖြစ်စေသင့်သည်ဟု အကြံဥာဏ်ပေးခဲ့သည့်အတိုင်း၊ ထိုလက်ထောက်ဆရာများ၏ လခများသည်လည်း၊ အိမ်ကျောင်းကဆရာများ၏ လခနှုန်းထားအတိုင်းပင်ဖြစ်သင့်သည်။ ရဟန်းလက်ထောက်ဆရာများအတွက်မှာမူကား၊ ထောက်ပံ့လှူဒါန်းသောအလှူတော်သည် တပည့်ကျောင်းသားများကို လက်ထောက်ဆရာအဖြစ်နှင့်ပညာသင်ကြားပေးသည့်အတွက်လှူသောအခအနေအလျှင်းမကူးရောက်စေဘဲ၊ သက်သက်ပူဇာနုဂ္ဂဟပြုလိုသောစိတ်၊ ပူဇော်ချီးမြှောက်လိုသောစိတ်ဖြင့် လာဇဉ့်နိဗဒ္ဓဝတ်ထားရှိ၍လှူသောအလှူတော်သာလျှင်ဖြစ်သင့်သည်။ အချို့ကလက်ထောက်ဆရာဘုန်းတော်ကြီးများသည် သက်သက်မေတ္တာစေတနာဖြင့် သင်ကြားပြသသောပုဂ္ဂိုလ်များသာဖြစ်သင့်သည်။ လက်ထောက်ဆရာဘုန်းတော်ကြီးများအား တစုံတရာ ထောက်ပံ့လှူဒါန်းရန်မလိုပြီ။ ထောက်ပံ့လှူဒါန်းခြင်းကို လက်ခံလျှင်၊ လက်ထောက်ဆရာဘုန်းတော်ကြီးများမှာ ဂုဏ်ငယ်ကြလိမ့်မည်။ သူတပါးတို့ကဲ့ရဲ့စွပ်စွဲဘွယ်ဖြစ်ကြလိမ့်မည်ဟုအယူရှိကြသည်။ သို့ရာတွင်လက်ထောက်ဆရာဘုန်းတော်ကြီးများမှာကလေးများကိုစာသင်ပြရသောကိစ္စကြောင့် ဆွမ်းစသည်တို့ကိုအလှူခံရန်ထွက်ဘို့အချိန်မရှိသလောက်နည်းပါးပြီးလျှင်၊ ပစ္စည်းလေးပါးအတွက်ပင်ပန်းတော်မူကြမည်ကိုစိုးရိမ်ရာလည်းရှိသည်၊ ရှေးမြန်မာမင်းမြတ်များလက်ထက်တော်အခါကလည်း၊ စာချဆရာတော်များကို လစဉ် ထောက်ပံ့လှူဒါန်းခဲ့သောထုံးနည်းရှိသည်။ သို့အတွက် ထိုထုံးနည်းကိုအစဉ်လိုက်သောအားဖြင့် လက်ထောက်ဆရာဘုန်းတော်ကြီးများအား၊ စတုပါဝိပစ္စယေဟိ အကိလမန္တော သမဏဓမ္မံကာတုံ ဝဋ္ဋတိဟူသည်နှင့်အညီ ပစ္စည်းလေးပါးအတွက် မပင်မပန်းဘဲ၊ သမဏဓမ္မကို အားထုတ်တော်မူနိုင်ကြစေရန် ထောက်ပံ့လှူဒါန်းဘို့သင့်ပေသည်။ သို့ရာတွင် ထောက်ပံ့လှူဒါန်းခြင်းသည်၊ အထက်ပါကိစ္စအတွက် သက်သက် လှူဒါန်းပူဇော်ခြင်းဖြစ်၍၊ လက်ထောက်ဆရာ ဘုန်းတော်ကြီး၏ အတန်းစာမေးပွဲအောင်ခြင်း၊ ဆရာဖြစ်အောင်ခြင်းတို့ကိုမငဲ့ဘဲ၊ လှူဒါန်းခြင်းသာလျှင်ဖြစ်သည်။

ထိုမှတပါး လက်ထောက်ဆရာဘုန်းတော်ကြီးများ အလှူခံထိုက်အောင် မည်သည့်ဒေသန္တရ ပညာရေးအဖွဲ့က ဘုန်းတော်ကြီးအား ကပ္ပိယကာရကညွှန်းတော်မူပါရန်လျှောက်ထားပြီးလျှင်၊ ဘုန်းတော်ကြီးညွှန်းသောကပ္ပိယကာရကအား အလှူတော်ငွေကိုအပ်၍လှူဒါန်းသင့်သည်။ လှူသည့်အခါမှာ အလှူတော်ငွေကိုလက်ခံရရှိကြောင်း ကပ္ပိယကာရကက လက်မှတ်ရေးထိုးလျှင် ပြီးစေသင့်သည်။ ထိုငွေကိုလက်ခံရရှိကြောင်း လက်ထောက်ဆရာ ဘုန်းတော်ကြီးသည် မည်သည့်နည်းနှင့်မျှလက်မှတ်ထိုးရဘို့မသင့်ချေ။ လှူသောအခါမှာလည်း ဒေသန္တရပညာရေးအဖွဲ့၏ကိုယ်စားလည်သည် ကပ္ပိယကာရကအား အောက်ပါအတိုင်းညွှန်ကြားသင့်သည်။

"____________ မြို့ရွာ၊ ____________ ကျောင်း၊လက်ထောက်ဆရာ ဘုန်းတော်ကြီးဦး____________ညွှန်ကြားတော်မူသော ကပ္ပိလ။ ကာရက____________အား၊ ငွေ________ အပ်နှံလိုက်ပါသည် ၎င်းဦး____________က ကျွန်ုပ်၏ကိုယ်စားလှယ်ပြု၍၊လက်ထောက် ဆရာဘုန်းတော်ကြီးဦး____________အား၊ ၎င်းငွေတန်ဘိုးပစ္စည်း လေးပါးကိုလှူဒါန်းပါ။"

ထိုနောက်ဒေသန္တရပညာရေးအဖွဲ့၏ကိုယ်စားလည်သည် လက်ထောက်ဆရာဘုန်းတော်ကြီးကို စာဖြင့်အောက်ပါအတိုင်းလျှောက်ထားသင့်သည်။

"အရှင်ဘုရားညွှန်ကြားတော်မူသောကပ္ပိယဦး__________ ထံမှငွေ______ တန်ဘိုးထိ အရှင်ဘုရားအလိုရှိရာပစ္စည်းလေးပါးကိုတောင်းယူအလှူခံတော်မူပါဘုရား။"

အထက်ပါအတိုင်း လျှောက်သောလျှောက်လွှာကို ပညာရေးအဖွဲ့၏ကိုယ်စားလယ်သည်၊ လက်ထောက်ဆရာဘုန်းတော်ကြီးထံစာတိုက်မှပို့ရန်သင့်သည်။

အလှူတော်ငွေကို လက်ခံရသော ကပ္ပိယကာရကသည်၊ လက်ထောက်ဆရာ ဘုန်းတော်ကြီးအားအောက်ပါအတိုင်းလျှောက်ထားသင့်သည်။

"အရှင်ဘုရား၊...........ဒေသန္တရပညာရေးအဖွဲ့ကငွေ...........ကိုတပည့်တော်ထံအပ်နှံထားပါသည်။ ထိုမျှတန်အထိ ပစ္စည်းလေးပါးတို့ကို အရှင်ဘုရားအလိုရှိတော်မူသောအခါ၊ တပည့်တော်ထံ တောင်းယူအလှူခံတော်မူပါဘုရား။"

လစဉ်အလှူတော်ငွေမှာ လက်ထောက် ဆရာဘုန်းတော်ကြီး ပစ္စည်းလေးပါးအတွက် မငြိုမငြင်ဘဲ သမဏဓမ္မကိုအားထုတ်တော်မူနိုင်ရန် လှူဒါန်းပူဇော်ခြင်းမျှသာဖြစ်၍၊ တလလျှင် ငွေ ၁၅ တန်ဖြစ်လျှင်သင့်လျော်လောက်ပြီ။

## မေးခွန်းနံပါတ် (ဂ)။

မေးခွန်းနံပါတ် (ဂ) သည်အောက်ပါအတိုင်းဖြစ်သည်။

ဘုန်းတော်ကြီးကျောင်းများကိုအစမ်းသဘောဖြင့်အသိအမှတ်ပြုနည်းအပြင်၊သင်ကြားမည့် ဘာသာရပ်များနှင့် သင်ခန်းစာများမှာ၊ အနည်းငယ် ကွာခြားနေမည် ဖြစ်သောကြောင့်၊ အစမ်းဖွင့်ကျောင်းများအား ရှိရင်းစွဲအသိအမှတ်ပြုပြီးကျောင်းများနှင့်တန်းတူထားရန် သင့်မည် မဟုတ်လေရာ—

(က) အစမ်းဖွင့်ကျောင်းများကို အုပ်ချုပ်စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်နှင့် စာမေးပွဲများပြုလုပ်ရန်မည်ကဲ့သို့စီမံသင့်သည်ဟုအကြံဉာဏ်များပေးလိုပါသနည်း။

(ခ) တိုင်းရင်းဘာသာ ပညာသင်ကြားရေး ကိုဥပဒေ၊ ဒေသန္တရ ကိုယ်ပိုင် အုပ်ချုပ်ရေးဥပဒေနှင့် မူလတန်းပညာရေးအက်ဥပဒေအရ၊ ကျောင်းများ

ဖွဲ့စည်းတည်ထောင်ခြင်း၌ အစမ်းဖွင့်ကျောင်းများပါ အကျုံးဝင်လာအောင် ပြုလုပ်မည့်စံနစ်ကိုထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် တိုင်းရင်းဘာသာကိုဥပဒေတွင် အထူးသဖြင့် အသိအမှတ်ပြုခြင်း၊ စာရင်းတင်သွင်းခြင်း၊ အထောက်အပံ့ပေးခြင်း၊ ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်တို့နှင့်ပတ်သက်၍ မည်သည့်ထည့်သွင်းချက်၊ ပြင်ဆင်ချက်ညှိနိုင်းချက်များကိုလိုအပ်ပါသနည်း။

(ဂ) အစမ်းဖွင့်ကျောင်းများကိုစစ်ဆေးရန်အထူးအရာရှိများခန့်ထားရမည်ဖြစ်လျှင် ၎င်းအရာရှိများသည် မည်သည့် အရည်အချင်းနှင့်ပြည့်စုံ၍ ၎င်းတို့အား မည်သည့်လစာအခွင့်အရေးများပေးသင့်ပါသနည်း။

(ဃ) အစမ်းဖွင့်ကျောင်းများတွင်၊ ကျောင်းသားဦးရေလုံလောက်၍ ကျောင်းတက်မှန်စေရန်၎င်း၊ သင်ကြားပြသရာတွင် ကျကျနနရှိစေရန်၎င်း၊ မည်သည့် စည်းကမ်းဥပဒေများကိုပြဋ္ဌာန်းသင့်ပါသနည်း။

ဘုန်းတော်ကြီး စာသင်ကျောင်းများကို မူလကပင် အတည် အသိအမှတ်ပြုသင့်သည်ဟူ၍၎င်း၊ ထိုကျောင်းများတွင် သင်ကြားမည့်ဘာသာရပ်များနှင့်.သင်ခန်းစာများသည်လည်း လက်ရှိ အသိအမှတ်ပြုပြီး စာသင်ကျောင်းများတွင် သင်ကြားပြသသည့် ဘာသာရပ်များ၌ သင်ခန်းစာများအတိုင်း ဖြစ်ကြသင့်သည်ဟူ၍၎င်း၊ အထက်တွင် အကြံဉာဏ်များ ပေးပြီးဖြစ်သည်။

(က)

**အုပ်ချုပ်ရန်။**

၁၉၂၄ ခုနှစ်၊ တိုင်းရင်းဘာသာ ပညာသင်ကြားရေးကော်မီတီ၏ အစီရင်ခံစာအရ၊ ဘုန်းတော်ကြီး စာသင်ကျောင်းများနှင့် အိမ်ကျောင်းများကို တန်းတူထားသော နည်းစံနစ်ကို ပယ်ဖျက်သင့်သည်။ ဘုန်းတော်ကြီးများသည် ကောင်းမြတ်သောစိတ်စေတနာနှင့် ကလေးသူငယ်များသည် ဗုဒ္ဓဘာသာတရားတော်ကို သိနားလည်ကြပြီးလျှင်၊ လိမ်မာယဉ်ကျေးသော လူကောင်းသူကောင်းများဖြစ်ကြစေရန် အစဉ်သနားသောအားဖြင့် ချီးမြှောက်တော်မူကြသော ဆရာဘုန်းတော်ကြီးများ၊ သာသနာတော်၌ ကျရောက်မည့်ဘေးရန်များကို ကာကွယ် စောင့်ရှောက်တော်မူသောဆရာဘုန်းတော်ကြီးများဖြစ်ကြပေသည်ဟု ရိုရိုသေသေ လေးလေးစားစား ပြုကျင့်ကြကုန်ရာသည်။ ယခုအခါ အချို့ဒေသန္တရ အဖွဲ့ဝင်ပုဂ္ဂိုလ်များ၏စိတ်၌၊ အထင်မှားအမြင်မှား ဖြစ်၍နေသလို လူကျောင်း ဆရာတို့၏ကိစ္စတွင် မဝင်စွက်တန် ဝင်စွက်သော ပုဂ္ဂိုလ်များမိမိတို့ကိုယ်ကျိုး လာဘ်လာဘကို မြှော်လင့်ကြသောပုဂ္ဂိုလ်များ ဖြစ်သည့်အနေနှင့် ဆက်ဆံခြင်းအလျှင်းမရှိစေသင့်။ အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်း ပညာရေးဌာနနှင့်ဒေသန္တရ ပညာရေးအဖွဲ့တို့၏ စိတ်နေသဘောထားကို ပြောင်းလွှဲပြီးလျှင်၊ ထိုပြောင်းလွှဲချက်နှင့် လိုက်လျောစွာ လက်ရှိတိုင်းရင်းဘာသာ ပညာသင်ကြားရေးဥပဒေစည်းကမ်းများကိုလည်း၊ ဘုန်းတော်ကြီးစာသင်ကျောင်းများအတွက်သင့်လျော်အောင်ပြင်ဆင်ရပေမည်။

ထိုသို့ပညာရေးဌာနနှင့် ဒေသန္တရ ပညာရေးအဖွဲ့တို့၏ စိတ်နေ သဘောထားကို၎င်း၊ ဥပဒေစည်းကမ်းများနှင့် ဆက်ဆံပုံစံနစ်ကို၎င်း၊ ပြုပြင်ပြောင်းလွှဲသော် ဘုန်းတော်ကြီး စာသင်ကျောင်းများအပေါ်တွင်ယခုအထိ နားလည်၍နေသောအစိုးရအာဏာပိုင်တို့၏ အုပ်ချုပ်ခြင်းမျိုးမရှိတော့ဘဲ၊ သာသနာတော်၏အကျိုး၊ ဒို့မျိုးသားပညာရေး၏ အကျိုးစသည်တို့အတွက် ကောင်းမြတ်သော မေတ္တာစေတနာဖြင့် ကူညီမစလိုက် ရှိတော်မူကြသော အရှင်ကောင်းအရှင်မြတ်များ၏ စာသင်ကျောင်းများကို ဒါယကာအဖွဲ့များက ကောင်းသည်ထက်ကောင်းအောင်ကူညီစောင့်ရှောက်ခြင်း၊ထောက်ပံ့လှူဒါန်းခြင်းအနေမျိုးသာရှိပေလိမ့်မည်။

အချို့က ယခုလက်ရှိအခြေအနေကိုသာထောက်ရှုကြပြီးလျှင်၊ ဘုန်းတော်ကြီး စာသင်ကျောင်းများနှင့်စပ်လျဉ်း၍ဒေသန္တရအဖွဲ့ဝင်အချို့တန်ခိုးအာဏာတို့ကိုအလွဲသုံးစားမပြုကြကုန်။ ကျောင်းအုပ်ဘုန်းတော်ကြီးများနှင့် ဆက်ဆံရာတွင် မချေမငံပြုမူပြောဆိုကြပုံများကို မှန်စွာမြို့ကြသောကြောင့်၊ ဘုန်းတော်ကြီးစာသင်ကျောင်းများကို ဒေသန္တရအဖွဲ့များနှင့် မသက်ဆိုင်စေရဘဲ၊ ထိုကျောင်းများအတွက် အဖွဲ့သီးခြားဖွဲ့စည်းရန်အကြံဉာဏ်ပေးခဲ့ကြ၏။ သို့ရာတွင် အထက်တွင် အကြံဉာဏ်ပေးခဲ့သည့်အတိုင်း ပြုပြင်ပြောင်းလွဲသော်၊ ဘုန်းတော်ကြီးစာသင်ကျောင်းများသည် မည်သည့်အရာရှိ၊ မည်သည့်အဖွဲ့၏ လက်အောက်မှာမျှမဟုတ်တော့ဘဲ ဒါယကာအရာရှိများနှင့် ကူညီစောင့်ရှောက်ထောက်ပံ့လှူဒါန်းကြရသောကျောင်းများသာလျှင် ဖြစ်ကြတော့မည်။ သို့အတွက်မည်သည့်အရာရှိ၊ မည်သည့်အဖွဲ့ကမျှကျောင်းအုပ်ဘုန်းတော်ကြီး အပေါ်တွင် တန်ခိုးအာဏာ ပြနိုင်ကြတော့မည်၊ ချုပ်ချယ်နိုင်ကြတော့မည် မဟုတ်ပြီ။ ထို အကြောင်းများကို ဒေသန္တရပညာရေးအဖွဲ့များကပင်လျှင် ကူညီစောင့်ရှောက် ထောက်ပံ့ လှူဒါန်းကြရသည့်အတွက်၊ ထိုကျောင်းများမှာရင်း၊ ဘုန်းတော်ကြီးများမှာရင်း၊ တစုံတရာ နစ်နာဘွယ်မရှိနိုင်ပြီ။သို့အတွက်ထိုကျောင်းများအတွက်အဖွဲ့သီးခြားဖွဲ့စည်းရန်မလိုချေ။

## စစ်ဆေးရန်။

စံနစ်သစ်အရ၊ ဂဏနာယကဆရာတော်များနှင့်ကျောင်းထိုင်ဘုန်းတော်ကြီးများကို အတူးလျှောက်ထား၍ ဘုန်းတော်ကြီးစာသင်ကျောင်းများကိုအားပေးလျှင်၊ အသိအမှတ်ပြုရသော စာသင်ကျောင်းများ၏အရေအတွက်သည် များစွာတိုးတက်လိမ့်မည်။ ထိုကျောင်းများအတွက် ကြည့်ရှုစစ်ဆေးရန် အရာရှိများလည်းလိုလိမ့်မည်။ သို့အတွက် မြန်မာဘာသာ ဒသမတန်း စာမေးပွဲနှင့် အထက်တန်းဆရာဖြစ်စာမေးပွဲကို အောင်မြင်ပြီးလျှင်၊ အနည်းဆုံး ၅ နှစ် ဆရာအဖြစ်နှင့် အမှုထမ်းခဲ့ပြီးသော မြန်မာကျောင်းဆရာများကို ဒုတိယပညာအုပ်များခန့်ပြီးလျှင် မူလတန်းကျောင်းများကိုကြည့်ရှုစစ်ဆေးစေသင့်သည်။

သို့ရာတွင်ကျောင်းအုပ်ကြီးများသည် လက်ရှိအသိအမှတ်ပြုသော မြန်မာစာသင်ကျောင်း၊ ကျောင်းအုပ်ဘုန်းတော်ကြီးများနည်းတူ၊ ကျောင်းသားသူငယ်များကို စစ်ဆေးပြီးလျှင် စတုတ္ထတန်းအထိတင်နိုင်သင့်သည်။ စတုတ္ထတန်းအတွက်မှာ ဗုဒ္ဓဘာသာသင်ခန်းစာမှတပါး၊အခြားပညာရပ်များကို ဒုတိယပညာအုပ်များ၊ သို့မဟုတ်ပညာဝန်ထောက်နှင့်ပညာဝန်များ စစ်ဆေးကြသင့်သည်။ သို့ရာတွင်စတုတ္ထတန်းနှင့် အခြားအတန်းအားလုံးအတွက်ပင်လျှင် ဗုဒ္ဓဘာသာသင်ခန်းစာကို ကျောင်းအုပ်ဘုန်းတော်ကြီး ညွှန်ကြားတော်မူရာ၊ ကျောင်းအုပ်ဘုန်းတော်ကြီးထက်သိက္ခာဝါကြီးသော၊ သို့မဟုတ်ကျောင်းအုပ်ဘုန်းတော်ကြီးနှင့် သိက္ခာဝါတူမျှသော ဆရာတော်တပါးပါး၏သဘောအတိုင်း နှုတ်မေးခွန်းဖြင့်ဖြစ်စေ၊ စာနှင့်ရေး၍ဖြစ်စေ၊ သို့မဟုတ် ၂ ရပ်ပေါင်းဖြင့်ဖြစ်စေစစ်ဆေးသည့်အတိုင်းပြီးစေသင့်သည်။

ဤသို့ဗုဒ္ဓဘာသာသင်ခန်းစာများဆိုင်ရာ စစ်မေးခြင်းအတွက် သီးခြား အကြံဉာဏ်ပေးသည်မှာ ဗုဒ္ဓဘာသာသင်ခန်းစာကို ကျောင်းထိုင်ဘုန်းတော်ကြီးတပါး သင်ကြားပြသ၍ ထားရာ၊အနည်းဆုံးတိုဘုန်းတော်ကြီးနှင့် သိက္ခာဝါတူမျှသောဘုန်းတော်ကြီးတပါးပါးက စစ်မေးမှသာလျှင် သင့်လျော်လျောက်ပတ်လိမ့်မည်ဟု သဘောရသောကြောင့် တကြောင်း၊ ဗုဒ္ဓဘာသာသင်ခန်းစာကို အပြင်အပမှ ဘုန်းတော်ကြီးစစ်ဆေးမှုကို အကြောင်းပြု၍ အခြား ပညာရပ်များကိုစစ်ဆေးသည့်အခါထက် ကျောင်းသားမိဘများနှင့် ဒါယကာ၊ဒါယိကာမများ အရေးယူပြီးလျှင် ခမ်းခမ်းနားနား ပြုလုပ်ကြစေချင်သောကြောင့်တကြောင်းဖြစ်သည်။ အပြင်အပမှဘုန်းတော်ကြီးကိုစစ်မေးတော်မူပါရန် ပင့်ဘိတ်လျှောက်ထားခြင်းသည်၊ယခုတက္ကသိုလ်၌ အပြင်အပမှစစ်ဆေးသောပုဂ္ဂိုလ်များကိုဘိတ်ခေါ်ကြသောနည်းစံနစ်နှင့်နှိုင်းယှဉ်ဘွယ်ဖြစ်သည်။

ဗုဒ္ဓဘာသာသင်ခန်းစာများကိုစစ်မေးသောစာမေးပွဲကိုခမ်းနားစွာကျင်းပခြင်းသည်၊ ယခုအခါ အသင်းအဖွဲ့များက ကျောင်းသားများအတွက် ဗုဒ္ဓဘာသာ ပရိယတ္တိစာမေးပွဲများ ကျင်းပပုံနှင့် နှိုင်းယှဉ်ဘွယ်ဖြစ်သည်။ စာမေးပွဲကို ခမ်းနားစွာကျင်းပလျှင် ကျောင်းသားသူငယ်များသည် ထိုစာမေးပွဲအတွက်ပိုမို၍ကြိုးစားကြလိမ့်မည်။ ရပ်သူရွာသားဒါယကာ၊ ဒါယိကာမများမှာလည်း အောင်မြင်သောကလေးများကို ဆုတံဆိပ် စသည်တို့ ပေးကမ်း ချီးမြှောက်လိုသောဆန္ဒများ ဖြစ်ပေါ်၍လာကြလိမ့်မည်။

အိမ်ကျောင်းများအတွက်မှာမူကား၊ လက်ရှိနည်းစံနစ်အတိုင်းပင်လျှင် အောက်တန်းများ အဘို့၊ ဗုဒ္ဓဘာသာသင်ခန်းစာကို ကျောင်းအုပ်များကပင်လျှင် စစ်ဆေးနိုင်ကြသင့်သည်။ စတုတ္ထတန်းအဘို့ ဗုဒ္ဓဘာသာ သင်ခန်းစာကိုလည်း ပညာရေးဌာန အရာရှိများပင်လျှင် စစ်မေးကြဘို့သင့်၏။ ထိုကျောင်းများအတွက်မှာ လူဆရာက ဗုဒ္ဓဘာသာ သင်ခန်းစာကို သင်ပြီးလျှင်လူအရာရှိများက စစ်ဆေးရာအခါ်ပစ်ဆိုဘွယ်မရှိချေ။ သို့ရာတွင်စစ်ဆေးရမည့်အရာရှိ များသည် ဗုဒ္ဓဘာသာသင်ခန်းစာများကိုမိမိတို့ကိုယ်တိုင် မိမိရရှိအောင် လေ့လာသင်ကြား ထားကြဘို့သင့်သည်။ အထူးအားဖြင့် မြန်မာဆရာဖြစ်သင်နော်မံကျောင်းများတွင် ဗုဒ္ဓဘာသာ သင်ခန်းစာနှင့် ထိုသင်ခန်းစာ ပြသပုံနည်းစံနစ်ကို အလေးဂရုပြု၍ ကျကျနနသင်ကြား၍ ပေးပြီးလျှင်စာမေးပွဲပြုလုပ်ကြသင့်သည်။

## ( ခ )

လက်ရှိတိုင်းရင်းဘာသာပညာရေး ကိုဥပဒေတွင်ပါရှိသောစကားအသုံးနှုန်းနှင့် အစီ အစဉ်များသည် ဘုန်းတော်ကြီးကျောင်းများနှင့် မသင့်လျော်လှချေ။ အထက်တွင်အကြံဉာဏ် ပေးခဲ့သည့်အတိုင်း ဘုန်းတော်ကြီးစာသင်ကျောင်းများအပေါ်တွင် ပညာဌာနနှင့် ဒေသန္တရ ပညာရေးအဖွဲ့များ၏ စိတ်နေသဘောထားကိုပြုပြင်ပြီး၊ ဘုန်းတော်ကြီး စာသင်ကျောင်းများ အတွက် စည်းကမ်းဥပဒေများကို ဝိနည်းဒေသနာတော်နှင့် လျော်ညီအောင် ရိုရိုသေသေ လေးလေးစားစား စီမံဖန်တီးရမည်ဖြစ်ရကား၊ လက်ရှိတိုင်းရင်းဘာသာ ပညာရေး ကိုဥပဒေကိုဘုန်းတော်ကြီးစာသင်ကျောင်းများနှင့်ဆက်လက်၍မသက်ဆိုင်စေသင့်ပြီ။ အထက်တွင် ပေးခဲ့သောအကြံဉာဏ်များအရ၊ ဘုန်းတော်ကြီး စာသင်ကျောင်းများအတွက် အသိအမှတ် ပြုခြင်း၊ ထောက်ပံ့လှူဒါန်းခြင်း၊ လျှောက်ထားဆက်ဆံခြင်း စသည်တို့ဆိုင်ရာ ပညာရေးဌာန အရာရှိများနှင့်ပညာရေး ဒေသန္တရအဖွဲ့များလိုက်နာကြရန်စည်းကမ်းဥပဒေများကို သီးခြားထုံး ဖွဲ့သင့်သည်။ ထိုသီးခြားထုံးဖွဲ့သောဥပဒေစည်းကမ်းများနှင့် ဂဏနာယကဆရာတော်များကို လျှောက်ထားပုံ ကပ္ပိယကာရကများကိုညွှန်ကြားပုံ အစရှိသောပုံစံများပါရှိသည့်လက်စွဲစာအုပ် တခုကို အစိုးရကမြန်မာဘာသာဖြင့်ထုတ်ရန်သင့်သည်။ ထိုဥပဒေစာအုပ်များကိုလည်း အသိ အမှတ်ပြုသော ဘုန်းတော်ကြီးစာသင်ကျောင်းများကို တအုပ်စီလှူဒါန်း၍ ထားသင့်သည်။ အခြားဘုန်းတော်ကြီးကျောင်းများကအလှူခံလျှင်လည်း၊ ထိုစာအုပ်များကိုဒေသန္တရပညာရေး အဖွဲ့များမှလှူဒါန်းရရှိနိုင်ကြဘို့သင့်သည်။

**အသစ်ထုံးဖွဲ့မည့်ဥပဒေစည်းကမ်းများမှာ၊** ကျောင်းအုပ်ဘုန်းတော်ကြီးများ၏ အပေါ်တွင် တာဝန်ထားခြင်း၊ ချုပ်ချယ်ခြင်း တစုံတရာမပါသင့်ချေ။ ကျောင်းသားလက်ခံစာရင်း၊ နေ့စဉ် ကျောင်းခေါ်ချိန်စာရင်း၊ လချုပ်စာရင်းစသည်တို့ကို ရေးမှတ်ပြုလုပ်ရန်မှာ လက်ထောက်ဆရာ များ၏တာဝန်သာဖြစ်စေသင့်သည်။ ထိုစာရင်းများမှန်မမှန်ကို ကျောင်းအုပ်ဘုန်းတော်ကြီးများ ကိုယ်တိုင်ကစစ်လိုလျှင် မည်သည့်အခါမဆိုစစ်နိုင်သင့်သည်။ သို့ရာတွင် ထိုစာရင်းများမှန်မမှန် စစ်ဆေးရန်ကျောင်းအုပ်ဘုန်းတော်ကြီးများမှာတာဝန်မရှိစေသင့်။

မည်သည့်စာရင်းကိုမဆို ဆိုင်ရာပညာရေးဌာနအရာရှိနှင့်ဒေသန္တရပညာရေးအဖွဲ့သို့ ပို့ရန် တာဝန်ဝတ်တရားမှာ၊ လူလက်ထောက်ဆရာတယောက်သာရှိလျှင် ထိုလက်ထောက်ဆရာ၏

တာဝန်သာလျှင်ဖြစ်သင့်သည်။ အကယ်၍ လူလက်ထောက်ဆရာအများရှိသော် အကြီးရင့်ဆုံးသောလူလက်ထောက်ဆရာ၏တာဝန်သာလျှင်ဖြစ်သင့်သည်။ အကယ်၍ လူလက်ထောက်ဆရာ တယောက်မျှမရှိသော်၊ ကျောင်းအုပ်ဘုန်းတော်ကြီးညွှန်း၍ထားသော ကပ္ပိယကာရက၏တာဝန်သာလျှင်ဖြစ်သင့်သည်။

ကျောင်းအုပ်ဘုန်းတော်ကြီးများသည် အရပ်တပါးသို့ မလွှဲမကင်းသာ၍ ကြွသွားတော်လိုသောအခါ၊ ဆိုင်ရာအဖွဲ့များသို့ အကြောင်းကြားရခြင်းသည်ဝန်လေးသည်။ ဝါတွင်းအခါများမှာပင် အကြောင်းရှိလျှင် ၇ ရက်အထိကြွသွားနိုင်ရန် မြတ်စွာဘုရား ခွင့်ပြုတော်မူသော ထုံးလည်းရှိသည်။ ကျောင်းအုပ် ဘုန်းတော်ကြီးများသည်လည်း ကျောင်းသား သူငယ်များ ဗုဒ္ဓဘာသာသင်ခန်းစာသင်ကြားမှုပျက်ကွက်လျှင် နစ်နာကြမည်ဖြစ်ကြောင်း နှလုံးသွင်းတော်ကြပြီးဖြစ်မည်။ သို့အတွက် ကျောင်းအုပ်ဘုန်းတော်ကြီးများသည် တကြိမ်လျှင် ၇ ရက်ထက်မပိုစေဘဲအရပ်တပါးသို့ မလွှဲမကင်းသာသောကိစ္စတစုံတရာကြောင့်သွားရသော်၊အဖွဲ့တစုံတရာကိုဖြစ်စေ၊အရာရှိတဦးတယောက်ကိုဖြစ်စေတိုင်ကြားရဘို့မသင့်ချေ။ သို့ရာတွင်၊ဝိနည်းဒေသနာတော်အရဘုန်းတော်ကြီးများသည်၊ ဝိကာလအခါ၌ မြို့တွင်းရွာတွင်းသို့သွားလိုလျှင် သီတင်းသုံးဘော်တပါးကိုပန်ကြား၍၊ သီတင်းသုံးဘော်မရှိလျှင်လည်းအနီးဆုံးကပ္ပိယကာရကကိုပန်ကြား၍သွားရမည်ဖြစ်သောကြောင့်၊ ကျောင်းအုပ်ဘုန်းတော်ကြီးများသည်၊ခရီးသွားမည့်အခါ၊ဝိနည်းဒေသနာတော်အတိုင်း ပန်ကြား၍သွားကြလိမ့်မည်ဟု ယုံကြည်မြော်လင့်စရာရှိသည်။ ထိုသို့ပန်ကြားရာတွင် မိမိ၏ကျောင်း၌ ကလေးများကို ဗုဒ္ဓဘာသာသင်ခန်းစာ ပြနိုင်သည့်သီတင်းသုံးဘော်ရှိလျှင်၊ ထိုသီတင်းသုံးဘော်ကို ပန်ကြားသည်သာမက၊ မိမိကိုယ်စားကလေးသူငယ်များကိုဗုဒ္ဓဘာသာ သင်ခန်းစာ သင်ကြားဆုံးမရစ်ပါရန် လျှောက်ထား၍သွားလျှင် သာ၍ကောင်းလိမ့်မည်။ ဆိုကဲ့သို့သီတင်းသုံးဘော်မရှိပါမူ၊လက်ထောက်ကျောင်းဆရာကိုပင်ပန်ကြားလွှဲအပ်ပြီးလျှင်သွားဘို့ကောင်းလေသည်။

ကျောင်းအုပ်ဘုန်းတော်ကြီးများ ခရီးကြွသွားတော်မူလိုလျှင်၊ ထိုသို့ပန်ကြား လွှဲအပ်သွားတော်မူလျှင်ကောင်းပါလိမ့်မည်ဘုရားဟုကြိုတင်၍ ဒေသန္တရပညာရေးအဖွဲ့များကလျှောက်ထားကြရန်သင့်ပေသည်။ အသစ်ထုံးဖွဲ့စည်းမည့် ဥပဒေစည်းကမ်းတွင် ထိုသို့လျှောက်ထားကြရန် ညွှန်ကြားချက်ကို ထည့်သွင်းရန်သင့်ပေသည်။

ကျောင်းအုပ်ဘုန်းတော်ကြီးကပန်ကြားလွှဲအပ်၍ခရီးကြွသွားတော်မူသောအခါ၊ လူလက်ထောက်ဆရာကဆိုင်ရာအဖွဲ့သို့ကျောင်းအုပ်ဘုန်းတော်ကြီးသည်၊မည်သည့်နေ့ရက်ကမည်သည့်ပုဂ္ဂိုလ်ကိုပန်ကြားလွှဲအပ်၍ခရီးထွက်တော်မူကြောင်းအကြောင်းကြားရသင့်သည်။ ကျောင်းအုပ်ဘုန်းတော်ကြီးပြန်၍ရောက်သောအခါလည်း၊မည်သည့်နေ့ရက်တွင်ပြန်၍ရောက်တော်မူကြောင်းဆိုင်ရာအဖွဲ့သို့လူလက်ထောက်ဆရာကပင်အကြောင်းကြားသင့်သည်။အကယ်၍ထိုကျောင်းတွင်လူလက်ထောက်ဆရာမရှိလျှင်၊ ကျောင်းအုပ်ဘုန်းတော်ကြီးညွှန်း၍ ထားသောကပ္ပိယကာရကသည်၊မည်သည့်ပုဂ္ဂိုလ်ကိုပန်ကြားပြီး၊ မည်သည့်နေ့ရက်ကခရီးကြွသွားတော်မူကြောင်းနှင့်ပြန်၍ရောက်သောအခါလည်း၊ မည်သည့်နေ့ရက်က ပြန်၍ရောက်တော်မူကြောင်းကို ဆိုင်ရာအဖွဲ့သို့အကြောင်းကြားရသင့်သည်။

ရဟန်း လက်ထောက်ဆရာများအား ထောက်ပံ့ လှူဒါန်းခြင်းသည်လည်း ပူဇာနုဂ္ဂဟဖြစ်အောင် ပူဇော်ချီးမြှောက်လိုသောစိတ်ဖြင့်လှူဒါန်းပူဇော်ခြင်းသာဖြစ်သင့်ရကား၊ လခအနေဖြင့် သင်ကြားပြသသောရက်ပျက်လျှင်၊ပျက်သောရက်အတွက်လျှော့ပေါ့ရန်အလျှင်းမသင့်လှော်ချေ။ ထိုမှတပါး၊ ကျောင်းအုပ်ဘုန်တော်ကြီးသည်၊ မိမိတို့၏ သဘောအတိုင်း လက်ထောက်ဆရာဘုန်းတော်ကြီးများအား တနှစ်လျှင် ၁၅ ရက်အထိ အခွင့်ပေးနိုင်ဘို့သင့်သည်။ သို့ရာတွင် အကြောင်းအထူးမရှိလျှင် ကျောင်းအုပ်ဘုန်းတော်ကြီးများကိုယ်တိုင်ကပင်လျှင်၊ လက်ထောက်ဆရာဘုန်းတော်ကြီးများအားတကြိမ်လျှင် ၃ ရက်ထက်ပို၍အခွင့်ပေးရန်မသင့်ချေ။

လက်ထောက်ဆရာဘုန်းတော်ကြီးသည် ကျောင်းအုပ်ဘုန်းတော်ကြီးထံမှအခွင့်ပန်၍သွားသောအခါ၊ ထိုလက်ထောက်ဆရာဘုန်းတော်ကြီး ညွှန်း၍ထားသော ကပ္ပိယကာရကသည် ဆိုင်ရာအဖွဲ့သို့ မိမိဆရာဘုန်းတော်ကြီးသည် ကျောင်းအုပ်ဘုန်းတော်ကြီးထံ ခွင့်ပန်ပြီးမည်သည့်နေ့ရက်ကခရီးထွက်တော်မူကြောင်း၊ ပြန်၍ရောက်သောအခါလည်း မည်သည့်နေ့ရက်က ပြန်၍ရောက်တော်မူကြောင်းအကြောင်းကြားရသင့်သည်။

ဒေသန္တရပညာရေးအဖွဲ့များသည်၊ ဂဏနာယကဆရာတော်များကိုလျှောက်ထားကြသင့်ကြောင်း။ ထိုဆရာတော်များညွှန်ကြားသော ကျောင်းထိုင်ပုဂ္ဂိုလ်များကို လျှောက်ထားကြသင့်ကြောင်း။ ထိုကျောင်းထိုင်ပုဂ္ဂိုလ်များ၏ကျောင်းများတွင်နေ့စဉ်ကျောင်းတက်သောကလေးများ၏အရေအတွက်ကို ၂၀ ထက်မနည်းသောအခါ၊ အသိအမှတ်ပြု၍ ထောက်ပံ့ လှူဒါန်းသင့်ကြောင်း။ ဘုန်းတော်ကြီးစာသင်ကျောင်းသည်အချင်းချင်းသော်၎င်း၊ အိမ်ကျောင်းများနှင့်၎င်း၊ နီးကပ်လျက်ရှိစေကာမူ၊ အသိအမှတ်ပြု၍ ထောက်ပံ့လှူဒါန်းသင့်ကြောင်းစသည်တို့မှာ အထက်တွင်အကြံဉာဏ်ပေးပြီးဖြစ်သည်။ ထိုအကြံဉာဏ်ပေးချက်များအတိုင်းလည်း၊ အသစ်ထုံးဖွဲ့မည့်ဥပဒေစည်းကမ်းတွင်ပါရှိသင့်သည်။ ထိုမှတပါး၊ သာမန်အားဖြင့်ကျောင်းအုပ်ဘုန်းတော်ကြီးကိုယ်တော်တိုင်က အသိအမှတ်ပြုခြင်း၊ ထောက်ပံ့လှူဒါန်းခြင်းကိုလက်မခံလိုငြားဖြစ်မူ၊ သို့မဟုတ် ကျောင်းတွင် နေ့စဉ်ကျောင်းတက်သော ကလေးအရေအတွက် ပျမ်းမျှခြင်း ၂၀ မရှိပြီဖြစ်မှသာလျှင် ဘုန်းတော်ကြီးစာသင်ကျောင်းအား အသိအမှတ်ပြုခြင်း၊ ထောက်ပံ့လှူဒါန်းကိုရပ်စဲသင့်သည်။ အခြားအကြောင်းတစုံတရာကြောင့် အသိအမှတ်ပြုခြင်း၊ ထောက်ပံ့လှူဒါန်းခြင်းကိုရပ်စဲရန်မသင့်ချေ။

ဤအကြောင်းများမှတပါး အကြောင်းတစုံတရာကြောင့်၊ ဘုန်းတော်ကြီး စာသင်ကျောင်း တကျောင်းကျောင်းအား အသိအမှတ်ပြုခြင်း၊ ထောက်ပံ့လှူဒါန်းခြင်းကိုရပ်စဲလိုက ဒေသန္တရပညာရေးအဖွဲ့သည် မြန်မာပြည်အစိုးရ၏ သဘောတူညီချက်ကို ကြိုတင်၍ခံယူရရှိပြီးမှသာလျှင် ရပ်စဲသင့်သည်။

နေ့စဉ် ကျောင်းတက်ကြမှာ၊တကြိမ်လျှင် ၂ နာရီစီကြာသောကျောင်းခေါ်ကြိမ်ရဘို့နှင့်ထို ၂ ကြိမ်၏စပ်ကြားတွင် အသင့်အလျော်အားအလပ်ချိန်အဘို့သာလျှင်အကြောင်းရင်းဖြစ်သည်။ ထိုမှတပါး ဘုန်းတော်ကြီးကျောင်းများမှာ ဆွမ်းခံရသောကိစ္စနှင့် အခြားသံဃာ့ကိစ္စများလည်းရှိကြသည်။ သို့အတွက်ထိုကိစ္စများကို ထောက်ထားပြီးလျှင်၊တနေ့လျှင် ၂ နာရီစီကျောင်းခေါ်ကြိမ် ၂ ကြိမ်ရအောင်၊ထို ၂ ကြိမ်ခြားမှာလည်း၊ အနီးဆုံးနာရီဝက်ကျောင်းသားများနှင့်ဆရာများ အားလပ်ချိန်ရအောင် ကျောင်းအုပ်ဘုန်းတော်ကြီးများ စီမံတော်မူကြလျှင်၊ ထိုစီမံတော်မူချက်အတိုင်းသာလျှင် အတည်ဖြစ်သင့်သည်။ အချို့ရပ်ရွာဒေသများ၌ မိဘများသည်မိမိတို့မှာ လယ်ယာအလုပ်အကိုင် စသည်တို့နှင့်စပ်လျဉ်း၍ ကိစ္စများကြသည်အခါမှာ၊ ကလေးများကို ကျောင်းမှပြန်၍ခေါ်ယူပြီးလျှင် မိမိတို့ကိုကူညီစေတတ်ကြသည်။ ထိုအချိန်အခါမှာကျောင်းများကိုဖွင့်မြဲဖွင့်၍ထားသော်လည်း၊ ကလေးများမတက်ရောက်ကြ၍ ကျေးဇူးမများချေ။ သို့အတွက် သတ်မှတ်၍ထားသော ကျောင်းတက်ရက်အရေအတွက်မလျော့လျှင်ပြီးစေဟု အမှတ်ထားလျက်နွေအခါ ကျောင်းရက်ရှည်ပိတ်ရန် ရက်များအစား၊ မိဘများမှာ အလုပ်ကိစ္စများသည့်အခါ သင့်လျော်ရာရက်များတွင်ကျောင်းအုပ်ဘုန်းတော်ကြီးများသည်မိမိတို့၏စာသင်ကျောင်းများကို ပိတ်နိုင်ကြသင့်သည်။ အထက်တွင်အကြံဉာဏ်များပေးခဲ့သည့်အတိုင်း အသစ်ထုံးဖွဲ့မည့်ဥပဒေစည်းကမ်းတွင်ထည့်သွင်းဖော်ပြရန်သင့်သည်။

ဤအရာ၌အချို့က ကျောင်းအုပ်ဘုန်းတော်ကြီးများနှင့် လက်ထောက်ဆရာဘုန်းတော်ကြီးများအား အရေးအခွင့်တန်ခိုးအာဏာများပေးလွန်းသည်ဟု ကန့်ကွက်ကောင်း ကန့်ကွက်ကြလိမ့်မည်။ သို့ရာတွင်ဘုန်းတော်ကြီးကျောင်းများအကြောင်းနှင့်ဘုန်းတော်ကြီးများစောင့်ရှောက်

တော်မူကြရသော ဝိနည်း သိက္ခာပုဒ်များကို သိနားလည်ကြလျှင် ကန့်ကွက် ကြတော့မည် မဟုတ်ချေ။

ဘုန်းတော်ကြီးများသည်ကုသိုလ်ကောင်းမှုအရာ၌ ဝတ်ထား၍နေ့စဉ်နေ့တိုင်းပြုလုပ်ရတ်သောပုဂ္ဂိုလ်များဖြစ်တော်မူကြ၏။ မိမိတို့သဘောအလိုလိုအတိုင်း ထားရှိသောဝတ်မပျက်စေရန်လည်း အထူးကြိုးစားတော်မူလေ့ရှိကြသည်။ ထို့မှတပါး၊ ဝိနည်းဒေသနာတော်များအရ၊ မကြည်ညိုသေးသော သူများ ကြည်ညိုအောင်၊ ကြည်ညိုသောသူများပိုမို၍ကြည်ညိုအောင်ကျင့်တော်မူကြရသော ပုဂ္ဂိုလ်များဖြစ်ကြ၏။ ဒါယကာ၊ ဒါယိကာမတို့၏သဒ္ဓါတရားမဆုတ်ယုတ်မပျက်ပြားသည်သာမက၊ တိုးပွါးအောင်ပင်လျှင် ကျင့်တော်မူကြရ၏။ သို့အတွက်အထက်တွင်အကြံဥာဏ်ပေးထားသည့်အတိုင်း၊ အခွင့်အရေး၊ တန်ခိုးအာဏာများကို ရရှိတော်မူကြသော်လည်း၊ ကျောင်းအုပ်ဘုန်းတော်ကြီးများနှင့် လက်ထောက်ဆရာဘုန်းတော်ကြီးများသည်၊ ၎င်းတို့ကိုအလွဲသုံးစားပြုလုပ်ကြလိမ့်မည်ဟု စိုးရိမ်ကြောင့်ကြဘွယ်မရှိချေ။

ကျောင်းအုပ် ဘုန်းတော်ကြီးများသည် သာသနာတော်၏ အကျိုးနှင့် အမျိုးသားတို့၏ အကျိုးကိုမြော်ကိုးလျက်၊ ဒါယကာ၊ ဒါယိကာမများနှင့် သူတို့၏ ကလေးသူငယ်များကို အစဉ်သနားသောအားဖြင့်မိမိတို့၏ကျောင်းများတွင်သင်ကြားဆုံးမရန်လက်ခံတော်မူကြလျှင်၊ စာသင်ကျောင်းကို ကျကျနနအုပ်ချုပ်ရန်နှင့်ကလေးသူငယ်များကို ဗုဒ္ဓဘာသာသင်ကျော်းစာများသင်ကြားဆုံးမရန်ဝတ်ထားကြတော့မည်ကေန်ဖြစ်သည်။ မိမိတို့ထားရှိသောဝတ်မပျက်စေရန်၎င်း၊ ကျောင်းသားမိဘ ဒါယကာ၊ ဒါယိကာမများကြည်ညိုမှု တိုးတက်စေရန်၎င်း၊ စာသင်ကျောင်းအတွက် ထောက်ပံ့လှူဒါန်းသော အစိုးရနှင့်ဒေသန္တရပညာရေးအဖွဲ့ အလှူဒါယကာတို့၏သဒ္ဓါတရားကို စောင့်ရှောက်သောအားဖြင့်၎င်း၊ မိမိတို့ဝတ်မပျက်ရအောင် ကြိုးစားအားထုတ်တော်မူကြလိမ့်မည်ဟူ၍လည်း ယုံကြည်မြော်လင့်ဘွယ်ရှိ၏။

ထို့မှတပါး မိမိတို့သင့်လျော်သော ပုဂ္ဂိုလ်များဖြစ်သည်ဟူ၍ ယုံယုံကြည်ကြည် ညွှန်ကြားတော်မူလိုက်ကြကုန်သော မိမိတို့၏ ဂဏနာယက ဆရာတော်များကို လေးစားသောအားဖြင့်လည်း ပိုမို၍အားထုတ်တော်မူကြကုန်ရာ၏။

ထိုနည်းအတူ လက်ထောက်ဆရာဘုန်းတော်ကြီးများသည်လည်း၊ ကျောင်းအုပ်ဘုန်းတော်ကြီးထံမှာ လက်ထောက်ဆရာအဖြစ်နှင့် ကလေးသူငယ်များကို ကောင်းစွာသင်ကြားပြသဆုံးမပါတော့မည်ဟု ဝန်ခံပြီးဖြစ်သည့်အတိုင်း၊ မိမိ၏တာဝန်ဝတ်တရားများကို ကျောင်းအုပ်ဘုန်းတော်ကြီးနှင့်တကွ၊ ကျောင်းသားမိဘများနှင့် မိမိအားနိဗဒ္ဓဝတ်ထား၍ ထောက်ပံ့ပူဇော်သော အစိုးရနှင့် ပညာရေးဒေသန္တရအဖွဲ့ ဒါယကာများ ကြေနပ်အောင် စေတနာသဒ္ဓါတရားမပျက်မပြားမဆုတ်ယုတ်အောင်၊ အထူးကြံဆောင် ကြိုးစားတော်မူကြလိမ့်မည်ဟု ယုံကြည်မြော်လင့်ဘွယ်ရှိ၏။ ဘုန်းတော်ကြီး စာသင်ကျောင်းများဆိုင်ရာ ဥပဒေစည်းကမ်းများကို အသင်ထုံးဖွဲ့ရုံသာမက၊ ဒေသန္တရပညာရေးအဖွဲ့များသည်လည်း ထိုကျောင်းများဆိုင်ရာစာရင်းပုံစံသည်တို့ကို စုံစမ်းရေးအဖွဲ့နှင့် ဩဝါဒါစရိယဆရာတော်များ၏ အကြံဥာဏ်ပေးချက်များနှင့် လျော်ညီစွာ စကားအသုံးအနှုန်းတို့ကိုပြုပြင်၍ သီးခြားစီမံပြီးလျှင် သုံးစွဲကြသင့်သည်။

## ( ၈ )

ဘုန်းတော်ကြီးစာသင်ကျောင်းများကို အထူးလျှောက်ထား၍အားပေးလျှင်၊ အသိအမှတ်ပြုသောမူလတန်းမြန်မာစာသင်ကျောင်းများ ယခုထက်အမြောက်အမြားပိုမို၍လာမည်ဖြစ်သောကြောင့်၊ မူလတန်း မြန်မာစာ သင်ကျောင်းများကိုသာလျှင် ကြည့်ရှုစစ်ဆေးရန် ဒုတိယပညာအုပ်များခန့်ရန်သင့်၏။ ထိုပညာအုပ်များသည် မူလတန်းမြန်မာစာသင်ကျောင်းများကိုသာလျှင် ကြည့်ရှုစစ်ဆေးကြရမည်ဖြစ်သောကြောင့်၊ အင်္ဂလိပ်စာတတ်ရန်မလိုချေ။ မြန်မာစာသက်သက်

တတ်သော သူများကိုခန့်မှလည်း မြန်မာစာ သင်ကြားရေးကို အားပေးရာ ရောက်ချေမည်။ သို့အတွက် မြန်မာဘာသာဒုတိယမတန်းစာမေးပွဲနှင့် အထက်တန်းဆရာဖြစ်စာမေးပွဲကိုအောင်မြင်ပြီးလျှင်၊ ဆရာအလုပ်သက်အနည်းဆုံး ၅ နှစ်ရပြီးဖြစ်သော မြန်မာကျောင်းဆရာ များကိုသာလျှင် ဒုတိယပညာအုပ်များခန့်ရန်သင့်သည်။

ထိုမှတပါး၊ဒုတိယပညာအုပ်များကြည့်ရှုစစ်ဆေးရမည့်ကျောင်းများသည်၊မူလတန်းမြန်မာစာသင်ကျောင်းများသာဖြစ်သည့်အပြင်၊ ထိုကျောင်းများအနက် အများမှာလည်း၊ ဘုန်းတော်ကြီး စာသင်ကျောင်းများဖြစ်တန်ရာသောကြောင့်၊ မြန်မာဗုဒ္ဓဘာသာ များကိုသာလျှင် ဒုတိယပညာအုပ်ခန့်ရန်သင့်၏။ ထိုသူများသည်လည်း ဆရာဖြစ်သင်ကျောင်းတွင်ဗုဒ္ဓဘာသာသင်ခန်းစာနှင့် ဗုဒ္ဓဘာသာသင်ခန်းစာ သင်ပြပုံနည်းစံနစ်များ၌ အောင်မြင်ခဲ့သူများဖြစ်ကြသင့်သည်။

ဤအရာ၌ ရှေးအခါက ကျောင်းအုပ်ဘုန်းတော်ကြီးများသည်၊မိမိတို့ကျောင်းများကို ပညာရေးဌာနအရာရှိများ ကြည့်ရှုစစ်ဆေးခြင်းကို ကန့်ကွက်တော်မူခဲ့ကြဘူးကြောင်းကို သတိပြုသင့်သည်။ (၁၈၇၁-၇၂ ခုနှစ်၊ မြန်မာပြည်ပညာသင့်ကြားရေး နှစ်ချုပ်အစီရင်ခံစာ စာမျက်နှာ ၅၀ မှ ၅၂ အထိကြည့်ပါ)။ ထိုစဉ်အခါကကန့်ကွက်တော်မူသည်မှာ၊ ပညာရေးဌာနအရာရှိများသည် ကျောင်းအုပ်ဘုန်းတော်ကြီးများ၏ဂုဏ်သိက္ခာကိုငင်း၊ ဝိနည်းဒေသနာတော်များကိုငင်း၊ မသိနားမလည်ကြ၍ ကျောင်းအုပ်ဘုန်းတော်ကြီးများနှင့် ဆက်ဆံကြရာတွင် ရိုရိုသေသေ လေးလေးစားစားမဟုတ်သောကြောင့် ကန့်ကွက်ခဲ့ကြခြင်းဖြစ်သည်။ ယခုအခါမှာလည်းမြန်မာဗုဒ္ဓဘာသာမဟုတ်သူများကို ဒုတိယပညာအုပ်များခန့်ပြီး၊ ဘုန်းတော်ကြီးစာသင်ကျောင်းများကို ကြည့်ရှုစစ်ဆေးစေလျှင်၊ရှေးကလိုပင်ပြုမှုဆက်ဆံပုံနေရာမကျဖြစ်ဦးမည်ကိုငင်း၊ ကျောင်းအုပ်ဘုန်းတော်ကြီးများ ကန့်ကွက်တော်မူကြဦးမည်ကိုငင်း၊စိုးရိမ်စရာရှိသေးသည်။

ဒုတိယပညာအုပ်များကို လခငွေ ၈၀ မှ ၁၂၅ အထိ၊တနှစ်လျှင် ၅-၆ တိုးနှင့်ပေးသင့်သည်။ သို့မှသာလျှင် အထက်တန်းဆရာဖြစ်လက်မှတ်ရ မြန်မာကျောင်းဆရာများမှာ မြော်လင့်ဘွယ် အားတက်ဘွယ်ဖြစ်ချေမည်။

## ( ဃ )

ဘုန်းတော်ကြီး စာသင်ကျောင်းများ၌ နေ့စဉ်ပျမ်းမျှခြင်း ကျောင်းသား ဦးရေ ၂၀ ထက်မနည်းမှ အသိအမှတ်ပြု၍ ထောက်ပံ့လှူဒါန်းမည် ဖြစ်သောကြောင့်၊ ကျောင်းသားဦးရေ လုံလောက်အောင် နောက်ထပ်စည်းကမ်းဥပဒေပြဋ္ဌာန်းရန်မလိုချေ။ ကျောင်းသားများကျောင်းတက်မှန်စေရန်မှာလည်း ကျောင်းထက်ချိန် တနှစ်လျှင် ၂၅၀ ရမှ စာမေးပွဲဝင်ရမည်ဖြစ်သောကြောင့်၊ မူလတန်းပညာမသင်မနေရဟူသော ဥပဒေဆိုင်ရာရပ်ကွက်တွင်အတည်မဖြစ်မီ စည်းကမ်းဥပဒေများအထူးပြဋ္ဌာန်းရန်မလိုချေ။ သင်ကြားပြသရာတွင် ကျကျနနရှိစေရန်အတွက်မှာမူ၊ လူလက်ထောက်ဆရာများသည် နေ့စဉ်ကျောင်းခေါ်ချိန်မစမီ၊ မိမိတို့ကျောင်းသို့ ရောက်ရှိသောအချိန်ကို လက်မှတ်ရေးထိုးကြရသင့်သည်။ နေ့စဉ်ကျောင်းခေါ်ချိန်စာရင်းကို လက်မှတ်ရေးမှတ်ပြီးလျှင်၊ ဆိုင်ရာနေ့မှပင် ကျောင်းအုပ်ဘုန်းတော်ကြီးထံ တင်ပြရသင့်သည်။ နေ့စဉ်ဒိုင်ယာရီမှတ်တမ်းများကိုလည်း ရေးသားကြသင့်သည်။ ယခုလည်း အချို့ကျောင်းများ၌ လက်ထောက်ဆရာများ ထိုကဲ့သို့ရေးမှတ်ကြရသည်။ သို့ရာတွင် ဘုန်းတော်ကြီး စာသင်ကျောင်းများအတွက်မှာမူ၊ လူလက်ထောက်ဆရာများ ထိုကဲ့သို့မရေးမမှတ်ဘဲမရှိစေရဟု ပညတ်ရန်သင့်သည်။

အထက်တွင် အကြံဉာဏ် ပေးခဲ့သည့်အတိုင်း၊ ကျောင်းအုပ် ဘုန်းတော်ကြီး များသည် ကျောင်းသားမိဘများ၏ အလိုဆန္ဒနှင့် အလုပ်ချိန်ကိုငဲ့ပြီးလျှင် ကျောင်းတက်ချိန်များကိုငင်း၊ ကျောင်းပိတ်ရက်များကိုငင်း၊ စီမံဖန်တီးသော်၊ ထိုစီမံဖန်တီးမှုသည် ကျောင်းသားများ ကျောင်းတက်မှန်စေရန်အကူအညီအထောက်အပံ့ဖြစ်လိမ့်မည်။

## မေးခွန်းနံပါတ် (၉)။

မေးခွန်းနံပါတ် (၉) မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ဤစီမံကိန်းကို ကျောင်းဒါယကာများက စိတ်ရောကိုယ်ပါကူညီပါမည်လော။
(ခ) စာအုပ်၊ စာသင်ကိရိယာ၊ ကျောင်းသုံးပရိဘောဂများအတွက် စရိတ်ကာမိစေရန် လစဉ်ကြေး၊ သို့မဟုတ်သဒ္ဓါကြေးများကို ထိုကျောင်းရှိရာ ရပ်ကွက်များ၌ကောက်ခံနိုင်မည်လော။

စုံစမ်းရေးအဖွဲ့နှင့် ဩဝါဒါစရိယဆရာတော်များ အကြံဉာဏ်ပေးတော်မူကြသည့်အတိုင်း၊ ပြုပြင်ပြောင်းလဲ၍၊ အစိုးရနှင့်ဒေသန္တရအဖွဲ့များသည် စံနစ်ကျကျစီမံဆောင်ရွက်လျှင်၊ စိတ်ရောကိုယ်ပါကူညီသောကျောင်းဒါယကာများလိမ့်မည်မြော်လင့်ဘွယ်ရှိသည်။

သို့ရာတွင်စာအုပ်၊စာသင်ကိရိယာ၊ကျောင်းသုံးပရိဘောဂများအတွက် စရိတ်ကာမိစေရန် လစဉ်ကြေးနှင့် သဒ္ဓါကြေးများ ကောက်ခံ၍ ရနိုင်မည်မဟုတ်ချေ။ သုံးလတကြိမ်အလှူတော်နှင့် ထမင်းစရိတ်အထောက်အပံ့ကိုဖြည့်စွက်ရန် ဆင်းရဲသော ကျောင်းသားများအတွက်၊ ကျောက်သင်ပုန်း၊ ကျောက်တံ၊ စာအုပ်၊ ခဲတံများနှင့် ၎င်းတို့ကို ကျောင်းတွင် ကွေးမွေးထားရသော စရိတ်အတွက် အထောက်အပံ့ သဒ္ဓါကြေးများကို သာလျှင် ရနိုင်လိမ့်မည်ဟု မြော်လင့်ဘွယ်ရှိသည်။

## မေးခွန်းနံပါတ် (၁၀)။

မေးခွန်းနံပါတ် (၁၀) မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) မူလတန်းပညာရေးအက်ဥပဒေကို အတည်ပြုသောရပ်ကွက်တွင် အစမ်းဖွင့်ဘုန်းတော်ကြီး ကျောင်းများကို ၎င်းဥပဒေ၏ ရည်ရွယ်ချက်အတိုင်း အသိအမှတ်ပြုသင့်သည်ဟုထင်ပါသလော။
(ခ) ပြုသင့်သည်ဟုဆိုလျှင် မည်သည့်စည်းကမ်းနှင့်အသိအမှတ်ပြုသင့်ပါသနည်း။
(ဂ) အကယ်၍အသိအမှတ်မပြုသင့်လျှင် အဘယ်ကြောင့်ပါနည်း။

အထက်တွင်ပေးခဲ့သော အကြံဉာဏ်များအရ၊ ဘုန်းတော်ကြီး စာသင်ကျောင်းများသည် အစကပင်အတည်အသိအမှတ်ပြုသောကျောင်းများချည်းဖြစ်လိမ့်မည်။ ထိုကျောင်းများကိုလည်း မူလတန်းပညာရေးအက်ဥပဒေကို အတည်ပြုသောရပ်ကွက်များတွင် ထိုအက်ဥပဒေ၏ရည်ရွယ်ချက်အတိုင်း အသိအမှတ် ပြုသင့်သည်သာဖြစ်၏။ ထိုကျောင်းများကို ထိုအက်ဥပဒေအရ၊ အသိအမှတ်ပြုရန်လည်း အထက်တွင် အကြံဉာဏ်ပေးခဲ့သည်မှတပါး၊ အခြားစည်းကမ်း တစုံတရာ ပြုဘွယ်မရှိပြီ။

(ဂ) အမေးကိုဖြေဆိုရန်မလိုပြီ။

## မေးခွန်းနံပါတ် (၁၁)။

မေးခွန်းနံပါတ် (၁၁) မှာ အောက်ပါအတိုင်းဖြစ်သည်။

"ဘုန်းတော်ကြီးကျောင်းများကို မူလတန်းပညာ သင်ကြားရေးအတွက်သာ အစမ်းအသိအမှတ်ပြုသင့်သလော။ အလယ်တန်းနှင့် အထက်တန်းပညာသင်ကြားရေးအတွက်လည်း အစမ်းအသိအမှတ်ပြုသင့်သလော။"

ဘုန်းတော်ကြီး စာသင်ကျောင်းများကို မူလတန်းပညာ သင်ကြားရေးအတွက်မှာ၊ အစပဌမကပင် အစမ်းသဘောသာမဟုတ်ဘဲ အတည်အသိအမှတ် ပြုသင့်ကြောင်း အထက်တွင် အကြံဉာဏ်ပေးခဲ့ပြီးဖြစ်သည်။ ထိုမှတပါး ဘုန်းတော်ကြီးစာသင်ကျောင်းများကို အလယ်တန်း-

နှင့် အထက်တန်းပညာသင်ကြားရေးအတွက်လည်း အစကနဦးကပင် အစမ်းသဘောမဟုတ်ဘဲ အတည်အသိအမှတ်ပြုသင့်သေး၏။ ယခုလည်း အတည်အသိအမှတ်ပြု၍ထောက်ပံ့လှူဒါန်းထားသော မူလတန်းနှင့် အထက်တန်း ဘုန်းတော်ကြီးစာသင်ကျောင်းများရှိကြ၏။ ထိုကျောင်းများသည်လည်း အနည်းဆုံး အိမ်ကျောင်းများနည်းတူ ကြေနပ်ဘွယ်ရှိကြသည်ဟု သက်သေများထွက်ဆိုကြ၏။ နောင်ကိုလည်းစံနစ်သစ်အရ အထူးလျှောက်ထား၍ ဖွင့်လှစ်တော်မူကြသော မူလတန်းဘုန်းတော်ကြီး စာသင်ကျောင်းများမှ စတုတ္ထတန်းစာမေးပွဲကို အောင်မြင်သောကျောင်းသားအရေအတွက် များပြား၍လာသောအခါ၊ အချို့ကျောင်းအုပ်ဘုန်းတော်ကြီးများသည်၊ မိမိတို့၏တပည့်များ အလယ်တန်းပညာကို မိမိတို့၏ကျောင်းများမှာပင် ဆက်လက်၍ သင်ကြားနိုင်ကြစေရန် အလယ်တန်းဘွဲ့ကို အလိုရှိကြပေလိမ့်မည်။ ထိုနောက် သတ္တမတန်းစာမေးပွဲကိုအောင်သောတပည့်များများ၍လာပြန်သောအခါ၊ အချို့ကျောင်းအုပ်ဘုန်းတော်ကြီးများသည် အထက်တန်းဘွဲ့ကို အလိုရှိတော်မူကြပေလိမ့်မည်။ ထိုသို့အလိုရှိတော် မူကြလျှင် ဒေသန္တရပညာရေးအဖွဲ့က ထိုကျောင်းများသည် ဘုန်းတော်ကြီး စာသင်ကျောင်းများဖြစ်မှုအတွက် သက်သက်ကြောင့် ငြင်းပယ်ရန်မသင့်ချေ။

သို့ရာတွင် သာမန်အားဖြင့် အလယ်တန်းနှင့်အထက်တန်းများတွင် ရဟန်းဆရာများသည် ဗုဒ္ဓဘာသာသင်ခန်းစာနှင့် မြန်မာစာမှတပါး၊ အခြားဘာသာရပ်များကို သင်ကြားကြရတို့မသင့်ချေ။ အထူးကျွမ်းကျင်သော ရဟန်းဆရာများကိုမူကား၊ ကျောင်းအုပ်ဘုန်းတော်ကြီးက ထိုဘာသာများကို သင်ကြားရန်ခွင့်ပြုလိုသော် ခွင့်ပြုနိုင်၏။ ထိုမှတပါး အလယ်တန်း အထက်တန်းအသိအမှတ်ပြုသော ဘုန်းတော်ကြီး စာသင်ကျောင်းများအတွက် အထောက်အပံ့လှူဒါန်းခြင်းမှာ၊ မူလတန်းကျောင်းများအတွက်ထောက်ပံ့လှူဒါန်းသောမှုအတိုင်းဖြစ်စေသင့်၏။

## မေးခွန်းနံပါတ် (၁၂)။

မေးခွန်းနံပါတ် (၁၂) မှာ အောက်ပါအတိုင်းဖြစ်သည်။

"အဘယ်အခြေအနေသို့ ရောက်သောအခါ အဘယ်သတ်မှတ်ချက်များနှင့် အစမ်းအသင်အမှတ်ပြုသော ဘုန်းတော်ကြီးကျောင်းများကို အတည်အသိအမှတ်ပြုသင့်သနည်း။"

ဘုန်းတော်ကြီး စာသင်ကျောင်းများကို အစကနဦးကပင် အတည်အသိအမှတ်ပြုရမည်ဖြစ်သောကြောင့်၊ ဤမေးခွန်းကိုဖြေဆိုရန်မလိုပြီ။

## မေးခွန်းနံပါတ် (၁၃)။

မေးခွန်းနံပါတ် (၁၃) မှာအောက်ပါအတိုင်းဖြစ်သည်။

(က) (၁) ဘုန်းတော်ကြီးကျောင်းများကိုအတည်အသိအမှတ်ပြုခြင်း။
(၂) မှတ်ပုံစာရင်းတင်သွင်းခြင်း။
(၃) အထောက်အပံ့ ပေးခြင်းနှင့်ပတ်သက်၍၊ လက်ရှိ စည်းကမ်းဥပဒေသတ်မှတ်ချက်များကို စိတ်ကြေနပ်ပါ၏လော။

(ခ) စိတ်မကျေနပ်လျှင်အဘယ်ပြင်ဆင်ချက်များကို ထောက်ခံအကြံဉာဏ် ပေးလိုပါသနည်း။

လက်ရှိစည်းကမ်းဥပဒေသတ်မှတ်ချက်များကိုမကျေနပ်၍မည်သို့ပြုပြင်သင့်ကြောင်းမေးခွန်းနံပါတ် ၈ (ခ) ကိုဖြေဆိုရာတွင်အကြံဉာဏ်များအကျယ်တဝင့်ပေးပြီးဖြစ်သည်။

## မေးခွန်းနံပါတ် ( ၁၄ )။

မေးခွန်းနံပါတ် ( ၁၄ ) မှာအောက်ပါအတိုင်းဖြစ်သည်။

(က) အတည်အသိအမှတ်ပြုပြီးရှိနေသောဘုန်းတော်ကြီးကျောင်းများမှာ ယခုသင်ကြားသောသင်ရိုးသင်တမ်းနှင့်ဘာသာအစီအစဉ်ကိုကြေနပ်ပါ၏လော။

(ခ) မကျေနပ်လျှင်အဘယ်ပြောင်းလဲချက်များကိုထောက်ခံလိုပါသနည်း။

အတည်အသိအမှတ် ပြုပြီးရှိနေသော ဘုန်းတော်ကြီး စာသင်ကျောင်းများအတွက် သာမဟုတ်၊အိမ်ကျောင်းများအတွက်ပါ၊ မူလတန်းသင်ရိုးသင်တမ်းဘာသာ အစီအစဉ်ကိုမည်သို့ပြုပြင်သင့်ကြောင်း အထက်မေးခွန်းနံပါတ် ( ၆ ) ကိုဖြေဆိုရာတွင်အကြံဉာဏ်များ အကျယ်တဝင့်ပေးပြီးဖြစ်သည်။ဤနေရာမှာကျောင်းသုံးစာအုပ်များနှင့်၎င်းတို့ကိုရွေးချယ်ပြဋ္ဌာန်းခြင်း၊သင်ကြားစေခြင်းအကြောင်းနှင့်စပ်လျဉ်း၍သာ အကြံဉာဏ်ပေးရန်လိုတော့သည်။ မူလတန်းကျောင်းသားသူငယ်များအတွက်ကျောင်းသုံးစာအုပ်များသည် စက္ကူနှင့်စာလုံးမှင်ကျ ကောင်းမွန်သပ်ရပ်၍ ကျောင်းသားသူငယ်များကိုင်တွယ်ဘတ်ရှုချင်စဖွယ်စာအုပ်များဖြစ်ကြသင့်သည်။

စံနစ်သစ်အရမူလတန်းဘုန်းတော်ကြီးစာသင်ကျောင်းများကို အားပေးရာ၌အောင်မြင်ရန်အကြောင်းအထောက်အပံ့ဖြစ်စေခြင်းငှါ၊ မူလတန်းအတွက်ကျောင်းသုံးစာအုပ်များကို ရွေးချယ်သောအဖွဲ့တွင်ထင်ရှားသောဂိုဏ်းအားလုံးတို့မှကိုယ်စားလှယ်ဆရာတော် တပါးစီပါဝင်သောဩဝါဒါစရိယဆရာတော်များ၏အဖွဲ့ရှိလိုက်သည်၊ လူအဖွဲ့ကကျောင်းသုံးစာအုပ်ဖြစ်လိုက်သည်ဟုသဘောရသောစာအုပ်များကိုဩဝါဒါစရိယဆရာတော်များထံထင်မြင်ချက်ပေးသနားတော်မူကြပါရန်ပို့သဆက်ကပ်သင့်သည်။ ဩဝါဒါစရိယဆရာတော်များကလည်းထိုစာအုပ်များသည်သင့်လျော်၏ဟုသဘောထင်မြင်ချက်ပေးတော်မူကြမှသာလျှင်၊ထိုစာအုပ်များကိုကျောင်းသုံးစာအုပ်များအဖြစ်ပြဋ္ဌာန်းသင့်သည်။သို့မှသာလျှင်ကျောင်းသုံးစာအုပ်များသည်၊သာသနာတော်နှင့်မဆန့်ကျင်၍ဘုန်းတော်ကြီးစာသင်ကျောင်းများ၌လက်ခံသင်ကြားနိုင်သော စာအုပ်များဖြစ်ကြလိမ့်မည်ဟုယုံကြည်စိတ်ချရပေလိမ့်မည်။

ယခု မူလတန်းကျောင်းသုံးစာအုပ်များအဖြစ် ပြဋ္ဌာန်းပြီးဖြစ်သော စာအုပ်များကိုလည်း၊ ထိုဩဝါဒါစရိယဆရာတော်များထံ တင်ပြပြီးလျှင်၊ ဆရာတော်များက သင့်လျော်ကြပေ၏ဟုထောက်ခံတော်မူကြမှသာလျှင်၊ထိုစာအုပ်များကိုကျောင်းသုံးစာအုပ်များအဖြစ်နှင့် ဆက်လက်၍ထားရန်သင့်၏။

ဤနေရာ၌စကားအလျှင်းသင့်သောကြောင့်ထည့်သွင်း၍အကြံဉာဏ်ပေးလိုသည်မှာ၊ ယခုလည်းအလယ်တန်းနှင့်အထက်တန်းဘုန်းတော်ကြီးစာသင်ကျောင်းများရှိနေပြီး ဖြစ်သည့်အပြင်၊ နောင်ကိုလည်းထိုကျောင်းမျိုးများတိုးပွါးလိမ့်ဦးမည်ဟူ၍မြော်လင့်ဘွယ်ရှိသောကြောင့်အလယ်တန်းနှင့်အထက်တန်းအတွက်ကျောင်းသုံးစာအုပ်များ ရွေးချယ်ပြဋ္ဌာန်းရာတွင်လည်း ဩဝါဒါစရိယဆရာတော်များ၏သဘောထင်မြင်ချက်များကိုခံယူပြီးမှရွေးချယ်ပြဋ္ဌာန်းကြသင့်၏။ဩဝါဒါစရိယဆရာတော်များကြေနပ်နှစ်သက်တော်မူကြမှသာလျှင်ဆက်လက်၍ပြဋ္ဌာန်းထားသင့်၏။

ပညာရပ်တိုင်းမှာလိုပင်ပြဋ္ဌာန်း၍ထားသောကျောင်းသုံးစာအုပ်အများရှိလေရာ၊ ကျောင်းအုပ်များသည်မိမိတို့၏ကျောင်း၌ သင်ရန်စာအုပ်များကို မကြာခဏပြောင်းလဲကြသည့်အတွက် ကျောင်းသားတို့၏မိဘများမှာ ငွေမကုန်တန်ကုန်ရကြောင်း၊ကျောင်းသားများမှာလည်း အခက်အခဲမတွေ့တန်တွေ့ကြရကြောင်း သက်သေများထွက်ဆိုကြသည်။ သို့အတွက် ကျောင်းအုပ်များအားမိမိတို့၏ ကျောင်းများတွင်သုံးရန်ကျောင်းသုံးစာအုပ်များကို အနည်းဆုံး ၃ နှစ်မကြာမှီမပြောင်းလွဲသင့်ကြောင်းညွှန်ကြားလျှောက်ထားလျှင်ကောင်းလိမ့်မည်။

နောင်အခါမူလတန်းကျောင်းသုံးစာအုပ်ရေးသောစာရေးဆရာများသည်၊ မိမိတို့၏စာအုပ်များကိုဘုန်းတော်ကြီးစာသင်ကျောင်းများတွင်သင်ကြားပြသဘို့ သင့်သည်ထက်သင့်အောင်မိမိတို့၏စာသားသည်၎င်း၊ မိမိတို့ပေးပြသောဥဒါဟရုဏ်စသည်တို့သည်၎င်း၊ ရတနာသုံးပါးနှင့်စပ်နိုင်သမျှစပ်အောင်ရေးသားကြသင့်သည်။

ထိုမှတပါးပထဝီသင်ကြားနည်းနှင့် စပ်လျဉ်း၍အကြံဉာဏ်များလည်း ပေးဘွယ်ရှိသေး၏။ ကျောင်းသား သူငယ်များမှာ၊ မိမိတို့နေရာ ရပ်ကွက် နယ်ပယ် အကြောင်း၊ မြန်မာပြည်၏အကြောင်း၊ မြန်မာပြည်အနီးအနားရှိ ပြည်များအကြောင်း၊ ဒေသန္တရဗဟုသုတ ပြည့်ဝစေရန်ပထဝီသင်ခန်းစာများကိုသင်ကြားခြင်း၌အပြစ်မရှိချေ။ မိစ္ဆာဒိဋ္ဌိဝသဘော သက်ဝင်အောင်သင်ကြားပြသမှသာလျှင်အပြစ်ဆိုဘွယ်ရာရှိ၏။ မိစ္ဆာဒိဋ္ဌိဝသဘောသက်ဝင်လျှင်လည်း အခြားပညာရပ်များကိုသင်ကြားပြရန်မှာလည်း အပြစ်ဆိုဘွယ်ရှိ၏။ သို့ရာတွင်ကမ္ဘာမြေကြီးသည် လုံးသည်ဟူ၍၎င်း၊ လည်သည်ဟူ၍၎င်း၊ သင်ကြားပြသခြင်းသည် ဗုဒ္ဓဘာသာဝင်တို့၏အယူဝါဒနှင့် ဆန့်ကျင်သည်။ မူလတန်းမှာသင်ကြားပြသရမည့်ပထဝီဝင်သည်၊ ဒေသန္တရဗဟုသုတ အခြေခံမျှသာဖြစ်သောကြောင့် ကမ္ဘာမြေကြီးလုံးသည် လည်သည်မပါဘဲ၊ မြေပုံအလုံးကိုမသုံးဘဲ၊ ရိုးရိုးမြေပုံအပြားနှင့်ပင်သင်၍ဖြစ်သောပညာဖြစ်သည်။ သို့အတွက်ရှေးကကဲ့သို့ဘုန်းတော်ကြီးကျောင်းများမှာပထဝီဝင်သင်ကြားမှု၌အခက်အခဲတစုံတရာမတွေ့ရစေရန်ဘုန်းတော်ကြီးစာသင်ကျောင်းများ၌ထိုပညာကိုသင်ကြားရာတွင်ကမ္ဘာမြေကြီးသည်လုံးသည်လည်သည်ဟုအမြွက်လေသံမျှမပါစေဘဲ၊ မြေပုံအလုံးကိုလည်းအလျှင်းမသုံးဘဲသင်ကြားပြသရန်သင့်သည်။

ပထဝီဝင် ဂဏန်းသင်္ချာနှင့် ကျန်းမာရေးတို့ကိုလည်း ဘုန်းတော်ကြီး ကျောင်းများ၌သင်ကြားခြင်းကို ကန့်ကွက်သောပုဂ္ဂိုလ်များသည် အောက်ပါအကြောင်းအချက်များကိုသတိပြုသင့်သည်။

ထိုပညာများသည်၊ ပရပဏ္ဏတ္တိကိုရှေးရှုသောပညာများမဟုတ်ကြ။ စင်စစ်အားဖြင့် မြတ်စွာဘုရား၏သာသနာတော်နှင့်ဆန့်ကျင်သော ကံ၊ ကံ၏အကျိုးတမလွန်ဘဝစသည်တို့၌ သက်ဝင်ယုံကြည်ခြင်းကိုပျက်ပြားစေတတ်သောပညာမျိုးလည်းမဟုတ်။ စေန်စင်စစ်သော်ကား မြတ်စွာဘုရားသာသနာတော်၌ပင်အသုံးချတတ်က အသုံးကျမည့်ပညာမျိုးများဖြစ်သည်။ ထိုပညာများကိုရတနာသုံးပါးနှင့်စပ်အောင်သင်ကြားပြသ၍လည်းဖြစ်သည်။ ဥပမာပုံ၊ ပထဝီဝင်ကိုသင်ကြားရာ၌ပင်လျှင်၊ မြတ်စွာဘုရား၏ လောကဝိဒူဂုဏ်တော်ကို ချီကျူး၍ပြောပြနိုင်၏။ ပထဝီဝင်သည် ဩကာသလောကအကြောင်းဗဟုသုတတစိတ်တဒေသမျှသာဖြစ်ကြောင်းပြောပြနိုင်၏။ မည်သည့်မြို့ရွာအရပ်ဒေသ၌ တန်ခိုးကြီးဘုရားကြီးများရှိကြောင်း၊ ကျမ်းပြုဆရာတော်များ ထွက်ပေါ်ခဲ့ကြောင်း၊ ပရိယတ္တိသာသနာအတွက်ကျေးဇူးများသောကျောင်းတိုက်ကြီးများရှိကြောင်း အစရှိသည်တို့ကို၎င်း၊ မည်သည့်မြို့ကြီးများသည် သင်္ခါရသဘောတရားအတိုင်း ပျက်စီးဆုတ်ယုတ်၍သွားပြီဖြစ်ကြောင်းအစရှိသည်တို့ကိုသင်ကြားပြသနိုင်သည်။

ဂဏန်းသင်္ချာပညာကိုသင်ကြားပြသရာ၌လည်းရတနာသုံးပါးနှင့်စပ်အောင်သင်ပြနိုင်သည်သာဖြစ်၏။ ဥပမာအပေါင်း၊ အနုတ်၊ အမြှောက်၊ အစားတို့ကို သင်္ဂြိုဟ်သရုပ်ခွဲသလိုစိတ်ကို ပေါင်းစေနုတ်စေခြင်း၊ ပွါးစေခြင်းစသည်တို့ကိုပြုလုပ်စေနိုင်၏။

ကျန်းမာရေးသင်ကြားပြသရာ၌လည်း မြတ်စွာဘုရားသည် အာရောဂျ-ပရမံ-လာဘံ ဟု ဟောတော်မူခဲ့ပုံဇာရိယာပုဒ်လေးပါး မျှတအောင်တပည့်သားသာဝကများအား၊ ကျန်းမာရေးအဖွက်ညွှန်ကြားဆုံးမတော်မူပုံများကို ထည့်သွင်းသင်ကြားနိုင်၏။

ဆိုခဲ့သည့်အတိုင်းရတနာသုံးပါးနှင့်စပ်၍ သင်ကြားလျှင်လည်းထိုပညာရပ်များသည် မြတ်သည်သာချည်းဖြစ်ရာ၏။

## မေးခွန်းနံပါတ် (၁၅)။

မေးခွန်းနံပါတ် (၁၅) သည်အောက်ပါအတိုင်းဖြစ်သည်။

(က) အသိအမှတ်ပြုသောဘုန်းတော်ကြီးကျောင်းများတွင် (ပဥ္စသီလ၊မင်္ဂလသုတ်၊ ဓမ္မစက္ကပ္ပဝတ္တနသုတ်စသောသုတ်များကဲ့သို့သော) ပါဠိကို မသင်မနေရဟူ၍ ပညတ်သင့်သည်ဟုထင်ပါသလော။

(ခ) မထင်မြင်လျှင်အဘယ်ကြောင့်ပါနည်း။

(ဂ) ထင်မြင်လျှင်—

(၁) သင်ရိုးသင်တမ်းနှင့်အစီအစဉ်ကိုအကြံဉာဏ်ပေးပါ။

(၂) မည်သည့်ဘာသာရပ်အစားပါဠိကိုသင်သင့်ကြောင်းဖော်ပြပါ။

(၃) ဤသို့အစားသွင်းလျှင် လူကျောင်း၊ (တိုင်းရင်းဘာသာ အင်္ဂလိပ်နှင့်တိုင်းရင်းဘာသာသင်) များအတွက်၊ သင်ရိုးသင်တမ်းဘာသာ အစီအစဉ်ကို ပြောင်းလဲရန်လိုမလိုကို ထင်မြင်ချက်ပေးပါ။

ဗုဒ္ဓဘာသာသင်ခန်းစာကိုမူလတန်းကျောင်းများတွင် ကျောင်းသားများသည် မအောင်လျှင်အတန်းမတက်ရသောဘာသာအဖြစ်ပြောင်းလွဲ၍ပေးသင့်ကြောင်းအထက်တွင် အကြံဉာဏ်ပေးပြီးဖြစ်သည်။ ကြက်သရေဆောင်ရွှေစလွယ်ရမင်း ဦးကျော်ခွန်းကြီးမှူးသော မြန်မာစာသင်ကျောင်းများတွင် ဗုဒ္ဓဘာသာသင်ကြားပြသရေးဆိုင်ရာ စုံစမ်းရေးအဖွဲ့၏ ၁၉၂၀-၂၉ ခုနှစ် အစီရင်ခံစာအရပြုစီမံပြီးလျှင်၊ အစိုးရစာပုံနှိပ်တိုက်၌ရိုက်နှိပ်သော မူလတန်း ဗုဒ္ဓဘာသာ သင်ခန်းစာသည်မူလတန်းကျောင်းများအတွက် အလွန်သင့်လျော်၏။ ထိုသင်ခန်းစာတွင်ပါဠိနှင့်အနက်များအတော်အသင့်ပါ၏။ မူလတန်းကျောင်းသားများအတွက်လည်း ထိုမျှလောက်သာလျှင်သင့်လျော်၏။ကလေးများ၏အသက်အရွယ်ငယ်လွန်းခြင်းနှင့်ပါဠိဘာသာ၏ခက်ခဲခြင်းများကိုထောက်စာသဖြင့်၊ထို့ထက်တဆင့်တိုးပြီးလျှင်ပါဠိဘာသာကို မသင်မနေရဟုပြဌာန်းရန်သင့်လျော်မည်မဟုတ်ချေ။ဤအရာ၌လက်ရှိအသိအမှတ်ပြုပြီးဘုန်းတော်ကြီး စာသင်ကျောင်းများတွင် မူလတန်းများ၌ပထဝီဝင်အစားပါဠိကိုသင်နိုင်ကြပါလျက်မသင်ကြဘဲ ပထဝီဝင်ကိုသာလျှင်သင်၍နေကြကြောင်းကိုသတိပြုရသည်။ သက်သေအများကပါဠိဘာသာသည်မူလတန်းကလေးများအတွက် အလွန်ခက်သောကြောင့်ပထဝီဝင်ကိုသာလျှင်သင်ကြသည်ဟုထွက်ဆိုကြသည်။

## မေးခွန်းနံပါတ် (၁၆)။

မေးခွန်းနံပါတ် (၁၆) မှာအောက်ပါအတိုင်းဖြစ်သည်။

(၁) မြန်မာစာပေ ပညာသင်ကြားရေး အကျိုးဖြစ်ထွန်းစေခြင်းငှါ၊ ဘုန်းတော်ကြီးများ၏စေတနာရှေ့ထား၍ကူညီစောင်မခြင်းကိုခံယူရရှိနိုင်ရန်။

(၂) ဘုန်းတော်ကြီးကျောင်းများ၌မြန်မာစာပေပညာသင်ကြားရေးကိုလူကြိုက်များ၍ပိုမိုထိရောက်ခရီးပေါက်ရန်။

(၃) ဘုန်းတော်ကြီးကျောင်းများ၌ကလေးလူငယ်ပညာသင်ကြားရေးမြှော်လင့်အားထားချက်ကောင်းမွန်စေရန်၊ ဘုန်းတော်ကြီးကျောင်းများ၌ မြန်မာစာပေပညာသင်ကြားရေးကိုလူကြိုက်များစေရန်၊ မြန်မာစာသက်သက်တတ်သောသူများအား ယခုထက်ပိုမို၍အရေးအခွင့်ပေးသင့်သည်။အစိုးရရုံး၊ဒေသန္တရရုံးအစရှိသည့်တို့၌ မြန်မာစကားကိုသုံးကြသင့်သည်။၎င်းတို့ကိုလုံးဝသုံး၍ဖြစ်အောင်လည်းအထူးကြိုးစားသင့်သည်။အထူးကြိုးစားပါလျက်မဖြစ်နိုင်မှသာလျှင်အခြားဘာသာစကားကိုသုံးသင့်သည်။ ထိုသို့မြန်မာစာ၊စကား၊မြန်မာစာကိုသုံးကြခြင်းအားဖြင့်၊ မြန်မာသက်သက်တတ်သောသူများကို အလုပ်

အကိုင်ရကြစေသင့်သည်။ အချုပ်မှာ မြန်မာစာသက်သက်ဖြင့်အလုပ်အားလုံးကို လုပ်ကိုင်နိုင်သော အခြေသို့ရောက်အောင်မှန်းထား၍ ဆောင်ရွက်သင့်သည်။ ယခုအခါ အင်္ဂလိပ်စာလည်းတတ်မှရသောသူများသည် ရနိုင်သောအခြေသို့ရောက်မှကြနုပ်သင့်သည်။

အထက်ပါသဘောကိုအခြေခံထားလျက်မြန်မာပြည်အစိုးရသည်။ အောက်ပါကိစ္စများကို အမြန်ဆောင်ရွက်သင့်သည်။

(၁) ရန်ကုန်ဟိုက်ကုတ်လွှတ်တော်ရုံးမှတပါးအခြားတရားမရုံးနှင့် ရာဇဝတ်ရုံးများအားလုံးတွင်အမှုသည်နှင့်ရှေ့နေများသာမဟုတ်၊ရုံးမင်းများပါ၊မြန်မာစာကိုလုံးဝအချုပ်အချယ်ကင်းလွတ်စွာအသုံးပြုနိုင်ကြရန် ဆိုင်ရာဥပဒေစည်းကမ်းများကိုပြင်ဆင်သင့်သည်၊ဟိုက်ကွတ်လွှတ်တော်ရုံးအတွက်မှာလည်းအမှုတွဲများတွင်မြန်မာဘာသာဖြင့် ရေးသားပါရှိသည်ပို့ကို အင်္ဂလိပ်ဘာပြန်ဆိုရခြင်းသည်အမှုသည်များ၏အပြစ်မဟုတ်၊ယခုလက်ရှိမြန်မာပြည်အုပ်ချုပ်ရေးအက်ဥပဒေနှင့် အခြားဥပဒေစည်းကမ်းများကြောင့်သာ ဖြစ်သည့်အတိုင်း၊ အမှုသည်များသည်၊ဘာသာပြန်ခစရိတ်ငွေကိုမခံရအောင် ဥပဒေစည်းကမ်းများကိုပြင်ဆင်သင့်သည်။အကယ်၍ မလွှန်မြောက်နိုင်သောအကြောင်း တစုံတရာကြောင့်အမှုသည်များကိုဘာသာပြန်ခပေးရခြင်းမှ လုံးဝချမ်းသာမပေးနိုင်လျှင်ဘာသာပြန်ခနှုန်းများကိုများစွာသက်သာအောင်ပြင်ဆင်လျှော့ပေါ့သင့်သည်။

၍အရာ၌အောက်ပါအကြောင်းအချက်များကိုသတိပြုသင့်သည်။

## (က) ရာဇဝတ်ရုံးများ။

ရာဇဝတ်ကျင့်ထုံးကိုခဥပဒေပုဒ်မ ၅၅၈ အရ၊ဟိုက်ကုတ် လွှတ်တော်ရုံးမှတပါး၊ အခြားရာဇဝတ်ရုံးများ၌၊မည်သည့်ဘာသာစကားကိုသုံးရမည်ဟု မြန်မာပြည်အစိုးရသည် ပြဋ္ဌာန်းနိုင်သည်။သို့ရာတွင်မြန်မာပြည်အစိုးရသည် ရန်ကုန်စီရင်စုအတွင်းရှိ ရာဇဝတ်ရုံးများမှာ အင်္ဂလိပ်စကားသည်ရုံးသုံးစကားဖြစ်စေရမည်ဟုပြဋ္ဌာန်း၍ထား၏။ထိုမှတပါးအခြား ရာဇဝတ်ရုံးများမှာမြန်မာစကားကိုရုံးသုံးစကားဟုသတ်မှတ်သော်လည်း၊ ရုံးမင်း၏အခွင့်အမိန့်နှင့်အင်္ဂလိပ်စကားကိုသုံးနိုင်စေရမည်ဟုအခွင့်ပြု၍ထား၏။ (မြန်မာပြည်ရုံးလက်စွဲအပိုဒ် ၃၂ (က) ကိုကြည့်ပါ)။

ရာဇဝတ်ကျင့်ထုံးကိုခဥပဒေပုဒ်မ ၃၅၇ အရ၊မြန်မာပြည်အစိုးရသည် စက်ရှင်ရုံးနှင့် ရာဇဝတ်တရားသူကြီးများ၏ရုံးတွင်သက်သေများ၏ထွက်ချက်ကိုရုံးသုံးစကားဖြင့်ရေးမှတ်ရန် အမိန့်ထုတ်ပြန်နိုင်သည်၊သို့ရာတွင်ယခုထုတ်ပြန်၍ထားရှိသောအမိန့်အရ၊၎င်းတို့သည် သက်သေထွက်ချက်များကိုအင်္ဂလိပ်ဘာသာဖြင့်သော်၎င်း၊ ရုံးသုံးစကားမြန်မာဘာသာဖြင့်သော်၎င်း၊ ရေးမှတ်နိုင်ကြသည်။ (၁၉၂၇ ခုနှစ်၊တရားဌာနပြန်တမ်းနံပါတ် ၁၀၉ ကိုကြည့်ပါ။

## (ခ) တရားမရုံးများ။

တရားမကျင့်ထုံး ကိုခဥပဒေပုဒ်မ ၁၃၇ အရ လွှတ်တော်ရုံးမှတပါး၊ အခြားရုံးများအတွက် ရုံးသုံးစကားသည် မည်သည့်ဘာသာစကားဖြစ်သင့်သည်ဟု မြန်မာပြည်အစိုးရသည် ပြဋ္ဌာန်းနိုင်၏။

မြန်မာပြည်အစိုးရသည်လည်း၊ရန်ကုန်မြို့အပြင်အပ၌တရားမရုံးများအားလုံးအတွက်၊မြန်မာစကားကို ရုံးသုံးစကားအဖြစ်ပြဋ္ဌာန်း၍ထား၏။ရန်ကုန်မြို့ရှိရုံးများအတွက်မှာ၊ အင်္ဂလိပ်စကားကို ရုံးသုံးစကားအဖြစ်ပြဋ္ဌာန်း၍ထား၏။ သို့ရာတွင် ရန်ကုန်မြို့စမော်ကော်ရုံး၌အမှုသည်များသည်

မြန်မာများဖြစ်ကြပြီးလျှင်၊ အမှု၏တန်ဘိုးသည်လည်း ငွေ ၅၀၀ိ ထက်မများလျှင်၊ မြန်မာစကားသည်ရုံးသုံးစကားဖြစ်သေး၏။ မြန်မာပြည်ရုံးများဆိုင်ရာ အက်ဥပဒေပုဒ်မ ၂၀ အရ၊ အဆိုအချေများလျှောက်လွှာများကို မည်သည့်ဘာသာဖြင့်တင်သွင်းရမည်။ သက်သေထွက်ချက်များကို မည်သည့်ဘာသာဖြင့်ရေးမှတ်ရမည်ဟု မြန်မာပြည်အစိုးရသည် သတ်မှတ်နိုင်၏။ သို့ရာတွင် မြန်မာပြည်အစိုးရသည်၊ ဆိုင်ရာရုံးမင်းသည် အင်္ဂလိပ်စာတတ်သော်၊ သက်သေထွက်ချက်များကို အင်္ဂလိပ်ဘာသာဖြင့်ရေးမှတ်ရမည်။ အင်္ဂလိပ်စာမတတ်မှ မြန်မာဘာသာဖြင့် ရေးမှတ်ရမည်ဟုသတ်မှတ်၍ထား၏။ (မြန်မာပြည်ရုံးလက်စွဲဥပဒေအပိုဒ် ၄၃ ကိုကြည့်ပါ)။

အထက်တွင်ဖော်ပြခဲ့သော မြန်မာပြည်အစိုးရ၏ ပြဋ္ဌာန်းချက် သတ်မှတ်ချက်များသည်၊ မြန်မာပြည်ကို အုပ်ချုပ်ရေးအက်ဥပဒေအသစ်အရ မအုပ်ချုပ်မီ မြန်မာစာနှင့်မြန်မာစကားကို ပြန်၍ခေတ်ကောင်းအောင် အားပေးချီးမြှောက်ရန်စိတ်မပေါ်မီက ထုတ်ပြန်၍ထားသော ပြဋ္ဌာန်းချက်သတ်မှတ်ချက်များဖြစ်ကြ၏။ သို့အတွက် မြန်မာစကား၊ မြန်မာစာကို လွတ်လပ်စွာလုံးဝ အသုံးမပြုစေဘဲ ချွင်းချက်များနှင့်ချုပ်ချယ်ချက်များပါရှိ၍နေကြ၏။

ယခုခေတ်သစ်မှာမူကား၊ ထိုချွင်းချက်နှင့် ချုပ်ချယ်ချက်များကိုပယ်ဖျက်ပြီးလျှင်၊ မြန်မာစကားနှင့်မြန်မာစာကို ရာဇဝတ်ရုံး၊ တရားမရုံးအားလုံးတွင် ရုံးမင်းများပါလွတ်လွတ်လပ်လပ် အသုံးပြုနိုင်စေရန်သင့်ချေသည်။ အောက်ရုံးအားလုံးအတွက် ထိုသို့ပြုပြင်၍ ပြီးသောအခါ၊ ဟိုက်ကုတ်ရုံးအတွက် မြန်မာပြည်အုပ်ချုပ်ရေးအက်ဥပဒေကို ပြင်ဆင်ရန်တောင်းဆိုဘို့ စဉ်းစားသင့်သည်။

## (၂) ဒေသန္တရအဖွဲ့ရုံးများ။

မြူနီစီပါယ်အဖွဲ့၊ နယ်အဖွဲ့၊ စီရင်စုအဖွဲ့၊ ကျောင်းအဖွဲ့အစရှိသော ဒေသန္တရအဖွဲ့အားလုံးမှာ မြန်မာစကား၊ မြန်မာစာကိုလုံးဝလွတ်လပ်စွာသုံးနိုင်အောင် ဥပဒေစည်းကမ်းနှင့်ညွှန်ကြားချက်များကိုပြင်ဆင်သင့်သည်၊ ဤအရာ၌အောက်ပါအကြောင်းအချက်များကိုသတိပြုသင့်သည်။

## (က) မြူနီစီပါယ်အက်ဥပဒေ။

မြန်မာပြည် မြူနီစီပါယ် အက်ဥပဒေပုဒ်မ ၃၀ အရ၊ မြူနီစီပါယ်လူကြီးများသည်၊ မြန်မာဘာသာဖြင့်သော်၎င်း၊ အင်္ဂလိပ်ဘာသာဖြင့်သော်၎င်း စည်းဝေးပြောဆိုနိုင်ကြ၏။ မှတ်တမ်းများကိုရေးနိုင်ကြ၏။ သို့အတွက် မြန်မာဘာသာဖြင့် စည်းဝေးကြသော မှတ်တမ်းများကိုရေးကြသောမြူနီစီပါယ်အဖွဲ့အများရှိ၏။ သို့ရာတွင် ထိုဥပဒေပုဒ်မမှာပင် မြူနီစီပါယ်လူကြီးများအထဲတွင် မြန်မာစကားမတတ်သောလူကြီးများပါလျှင်၊ အင်္ဂလိပ်ဘာသာ ပြန်ဆိုပေးရန် စီမံ၍ထားရမည်ဟူ၍၎င်း၊ စာရင်းစစ်အရာရှိကတောင်းဆိုလျှင် မှတ်တမ်းများကို အင်္ဂလိပ်ဘာသာပြန်ဆို၍ပေးရမည်ဟူ၍၎င်းပါရှိ၏။ မြန်မာပြည်တွင် မြူနီစီပါယ်လူကြီးလုပ်လိုသူများသည် မြန်မာစကားတတ်ကြသင့်၏။ စာရင်းစစ်အရာရှိများသည်လည်း မြန်မာစာတတ်ကြဘို့သင့်၏။ တတ်ကြသူများလည်းများသည်ယူယုံကြည်ဘွယ်ရှိ၏။ သို့အတွက် မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာပြန်၍ပေးရမည်ဟူသောဥပဒေကိုပယ်ဖျက်သင့်၏။

မြန်မာပြည် မြူနီစီပါယ်လက်စွဲ စာမျက်နှာ ၁၂၁ ရှိ ညွှန်ကြားချက် ၄၅ မှာ၊ တိရစ္ဆာန်လောင်များနှင့်နွားပွဲများဆိုင်ရာစာရင်းများကိုတတ်နိုင်လျှင် အင်္ဂလိပ်ဘာသာဖြင့်ထားသင့်သည်ဟူ၍၎င်း၊ မြန်မာဘာသာသက်သက်ဖြင့်ရေးထားသောပြေစာများမှာ ငွေမည်မျှကိုမည်သူအား မည်သည့်အတွက် ပေးရသည်ဟု အင်္ဂလိပ်ဘာသာဖြင့် ရေးမှတ်ထားရမည်ဟူ၍၎င်းပါရှိ၏။ ထိုမှတပါး ထိုစာမျက်နှာရှိညွှန်ကြားချက်နံပါတ် ၄၆ တွင် မြူနီစီပါယ်အဖွဲ့၏ မှတ်တမ်းများကို သိမ်းဆည်း၍ထားရာ၌၊ သူတို့၏အင်္ဂလိပ်ဘာသာပြန်များကိုလည်းပူးတွဲ၍ထားသင့်ကြောင်းပါရှိ

၏။ ဤကဲ့သို့ပါရှိနေသည့်အတွက် မြန်မာဘာသာကိုသုံးနိုင်ရန်အရေးအခွင့်ကို လက်တဘက် ဖြင့်ပေးပြီးလျှင် လက်တဘက်ဖြင့်ပြန်၍ယူသကဲ့သို့ရှိ၏။

မြန်မာပြည် မြူနီစီပါယ်လက်စွဲ စာမျက်နှာ ၂၆၉ တွင်ရှိသောနည်းဥပဒေနံပါတ် (၆) ကို ပြင်ဆင်ချက်အရ၊ မြူနီစီပါယ်အဖွဲ့များ၊ မြို့အဖွဲ့များနှင့်ဆေးရုံအဖွဲ့များသည်၊ အစိုးရထံသို့၎င်း၊ အစိုးရအရာရှိများထံသို့၎င်း၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာဖြင့်ဖြစ်စေ၊ စာရေးနိုင်ကြကြောင်း။ သို့ရာတွင် မြန်မာဘာသာကိုအသုံးပြုလျှင် အင်္ဂလိပ်ဘာသာပြန် ပူးတွဲပါရှိစေရမည်ဟူ၍ပါရှိသည်။ ဤနည်းဥပဒေသည်လည်း လက်တဘက်ကပေးပြီး၊ လက်တဘက်က ပြန်၍ယူသောနည်းဥပဒေပင်ဖြစ်သည်။ သို့အတွက် ၎င်းကိုပြင်ဆင်ရန်သင့်သည်။

### (ခ) ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရဲအက်ဥပဒေ။

၁၉၂၆ ခုနှစ်ထုတ်၊ ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေးနည်းဥပဒေအခန်း (၁) ၊အပိုဒ် ၄၀ တွင် စီရင်စုအဖွဲ့၊ ကျောင်းအဖွဲ့နှင့် ဆေးရုံအဖွဲ့များသည်၊ မြန်မာဘာသာဖြင့်သော်၎င်း၊ အင်္ဂလိပ်ဘာသာဖြင့်သော်၎င်းစည်းဝေးနိုင်သည်။ သို့ရာတွင် ထိုဘာသာစကားကို နားမလည်သောလူကြီးများရှိလျှင် ဘာသာပြန်ပေးရန်စီမံ၍ထားရမည်ဟုပါရှိသည်။

ထိုနည်းဥပဒေအခန်း ၅၊ အပိုဒ် ၁၂ မှာ အထူးညွှန်ကြားချက်မရှိလျှင် စာရင်းများကို မြန်မာပြည်ဒေသဆိုင်ရာ ရုံပုံငွေများစာရင်းလက်စွဲ ပဋ္ဌမတွဲတွင်ပါသည့်အတိုင်း ထားရှိရမည်ဟု ပါသည်။ ထိုလက်စွဲစာမျက်နှာ ဂ၊ အပိုဒ် ၂၅ မှာလည်း၊ တိရစ္ဆာန်ထောင်များနှင့် နွားပွဲများ အတွက်မှတပါး၊ အခြားစာရင်းများကိုတတ်နိုင်လျှင် အင်္ဂလိပ်ဘာသာဖြင့် ထားသင့်ကြောင်း။ မြန်မာဘာသာပြေစာများအပေါ်တွင် ငွေမည်မျှကို မည်သူအားမည်သည့်အတွက်ပေးရကြောင်း မှတ်ချက်များရေးသားထားသင့်သည်ဟူ၍၎င်းပါရှိသည်။

ထိုနည်းဥပဒေအခန်း ၁၀၊ အပိုဒ် ၄ တွင်စီရင်စုအဖွဲ့၊ ကျောင်းအဖွဲ့နှင့် ဆေးရုံအဖွဲ့များ သည်၊ အစိုးရနှင့်အစိုးရအရာရှိများထံစာရေးရာတွင် အင်္ဂလိပ်ဘာသာကို အသုံးပြုရမည်ဟု ပါရှိသည်။

ထိုနည်းဥပဒေအခန်း ၁၀၊ အပိုဒ် ၁၅ တွင်စီရင်စုအဖွဲ့၊ ကျောင်းအဖွဲ့နှင့်ဆေးရုံအဖွဲ့များ ၏မှတ်တမ်းများကိုအင်္ဂလိပ်ဘာသာဖြင့်၎င်း၊ မြန်မာဘာသာဖြင့်၎င်း ရေးမှတ်၍ ထားရမည်ဟု ပါရှိသည်။ အထက်ပါဥပဒေနည်းလမ်းနှင့် စည်းကမ်းညွှန်ကြားချက်များမှာ ဒေသန္တရအဖွဲ့များ၊ မြန်မာစကား၊ မြန်မာစာကိုလုံးဝအသုံးမပြုနိုင်ရန်ချုပ်ချယ်ချက်များပါရှိ၍နေသည်။ ထိုချုပ်ချယ် ချက်များကိုပယ်ဖျက်ရန်သင့်သည်။ (၃) ရာဇဝတ်ရုံးတရားမရုံးများမှတပါး၊ အခြားအစိုးရရုံး များမှာလည်း၊ မြန်မာစကား၊ မြန်မာစာကို ရုံးသုံးစကား ရုံးသုံးစာအဖြစ်နှင့်သုံးသင့်ကြသည်။ ထိုသို့သုံး၍အလုပ်လုပ်နိုင်အောင်လည်း ပညာအမျိုးမျိုးကို မြန်မာစကား၊ မြန်မာစာနှင့်သင်၍ ဖြစ်အောင်စီမံသင့်သည်။ မြန်မာစာသက်သက်ဖြင့် သင်ကြား၍တတ်မြောက်သော သူများကို လည်း၊ ယခုအခါ အင်္ဂလိပ်စာဖြင့်သင်ကြားတတ်မြောက်သောသူများကို ရာထူးဌာနန္တရများ ပေးသကဲ့သို့ပေးသင့်သည်။

အထက်တွင်အကြံဉာဏ်များပေးခဲ့သည့်အတိုင်း၊ မြန်မာပြည်အစိုးရသည်၊ မြန်မာစကား နှင့်မြန်မာစာကိုချီးမြှောက်လျှင်၊ မြန်မာစကားသက်သက်တတ်သောသူများကိုလည်း အလုပ် အကိုင်ရာထူးဌာနန္တရများပေးလျှင်၊ မြန်မာစာပေ သင်ကြားလေ့လာမှု တိုးတက်၍လာလိမ့်မည်။ ဘုန်းတော်ကြီးကျောင်းများတွင် မြန်မာစာသင်ကြားခြင်းသည် လူကြိုက်များ၍ ပိုမိုထိရောက် ခရီးပေါက်လိမ့်မည်။ ဘုန်းတော်ကြီးများမှာလည်းအင်အားရှိကြ၍ ပိုမိုထက်မြက်သော မေတ္တာ စေတနာဖြင့် ကူညီစောင်မတော်မူကြလိမ့်မည်။ ဘုန်းတော်ကြီးကျောင်းများ၌၊ မြန်မာဘုရင် မင်းမြတ်တို့၏လက်ထက်တော်အခါကကဲ့သို့ ကျောင်းသားများ ပြန်၍ စည်စည်ကား လိမ့်မည်။ မြတ်စွာဘုရား၏သ သနာတော်သည်လည်း၊ နေရောင် လရောင်ကဲ့သို့ထွန်းတောက်လိမ့်မည်။

## မေးခွန်းနံပါတ် ၁၇။

မေးခွန်းနံပါတ် (၁၇) မှာအောက်ပါအတိုင်းဖြစ်သည်။

(က) ဘုန်းတော်ကြီးကျောင်းများတွင် အင်္ဂလိပ်စာ သင်ယူနိုင်ရန် အခွင့် အရေး ပေးသင့်ပါသလော။

(ခ) ပေးသင့်လျှင် မည်သည့်အဂင်္ါနှင့်ပြည့်စုံမှပေးသင့်ပါသနည်း။

(ဂ) မပေးသင့်လျှင်အဘယ်ကြောင့်ပါနည်း။

ဘုန်းတော်ကြီးစာသင်ကျောင်းသစ်များတွင် အင်္ဂလိပ်စာကိုသင်ရန်အခွင့်အရေးမပေးသင့်ချေ။ ယခုခေတ်အခါသည်၊ မြန်မာစာကိုချီးမြှောက်ရမည့်အခါဖြစ်သည်။ ပညာအရပ်ရပ်ကို မြန်မာစာဖြင့် သင်ကြားနိုင်အောင်ပြုလုပ်စီမံပြီးလျှင်၊ မြန်မာစာသက်သက်တတ်သောသူများကို အလုပ်အကိုင် ရာထူးဌာနန္တရများ ပေးရမည့်အခါဖြစ်သည်။ မြန်မာစာသင်ကျောင်းများ၌ အင်္ဂလိပ်စာကို သင်ကြားပြသစေရာမှာလည်း အောင်အောင်မြင်မြင်မရှိကြောင်း။ ၁၉၃၉-၄၀ ပြည့်နှစ်၊ မြန်မာပြည် ပညာသင်ကြားရေး နှစ်ချုပ်အစီရင်ခံစာ၊ စာမျက်နှာ ၃၂ တွင် ပါရှိသည်။

## အခြားအကြံဥာဏ်များ။

### (၁) အသိအမှတ်ပြုပြီးဘုန်းတော်ကြီးစာသင်ကျောင်းများ။

စုံစမ်းရေးအဖွဲ့နှင့်ညြိဝါဒါစနိယဆရာတော်များပေးတော်မူကြသော အကြံဥာဏ်များသည် လက်ရှိအသိအမှတ်ပြုပြီးဘုန်းတော်ကြီးစာသင်ကျောင်းများနှင့်လည်း၊ အောက်ပါချွင်းချက်များကို အထောက်အထားပြု၍စပ်ဆိုင်စေသင့်မည်။

(က) အသိအမှတ်ပြုပြီးသော ဘုန်းတော်ကြီး စာသင်ကျောင်းများ အတွက်မှာ၊ အသိအမှတ်မပြုမှီ ပညာရေး ဒေသန္တရအဖွဲ့တို့က လျှောက်ထားရခြင်း၊ ဂဏနာယက ဆရာတော်များက ညွှန်ကြားရခြင်းတို့နှင့် မစပ်မဆိုင်စေရ။ ထိုကျောင်းများကိုအသိအမှတ်ပြုပြီ ဟူ၍ပင်အမှတ်ထားရမည်။ ထိုကျောင်းများမှကျောင်းအုပ်ဘုန်းတော်ကြီးများကို မိမိတို့၏ ဂဏနာယကဆရာတော်များ မည်သည့်ပုဂ္ဂိုလ်များဖြစ်တော်မူကြကြောင်းကို ညွှန်ကြားရန်သာလျှင် ဆိုင်ရာ ဒေသန္တရပညာရေးအဖွဲ့တို့ကလျှောက်ထားသင့်သည်။

(ခ) အသိအမှတ်ပြုပြီး ဘုန်းတော်ကြီးစာသင်ကျောင်းများ၌၊ မိန်းကလေးများကို လက်ခံ၍ထားရှိပြီးဖြစ်လျှင်၊ အထက်ပါ အကြံဥာဏ်ပေးချက်များတွင်ပါရှိသောချွင်းချက်အတွင်းမကျမရောက်သော်လည်း မကန့်ကွက်သင့်။

(ဂ) လက်ရှိအသိအမှတ်ပြုပြီး ဘုန်းတော်ကြီး စာသင်ကျောင်းများတွင် ကျောင်းအုပ်ဘုန်းတော်ကြီးများနှင့် လက်ထောက်ဆရာ ဘုန်းတော်ကြီးများသည်၊ အတန်းစာမေးပွဲနှင့် ဆရာဖြစ်စာမေးပွဲများကိုအောင်မြင်ကြ၍၊ ယခုအကြံဥာဏ်ပေးသည့်အထဲတွင်ပါသည်ထက် ပိုမို၍ထောက်ပံ့လှူဒါန်းခြင်းခံနေကြရလျှင်၊ ထိုကျောင်းအုပ်ဘုန်းတော်ကြီးများနှင့် လက်ထောက်ဆရာဘုန်းတော်ကြီးများအား ထောက်ပံ့လှူဒါန်းခြင်းကိုမလျှော့ထိုက်ချေ။ ထောက်ပံ့လှူဒါန်းပုံနည်းစံနစ်ကိုသင်လျှင် အထက်တွင်အကြံဥာဏ်များပေးထားသည့်အတိုင်း၊ ဝိနည်းဒေသနာတော်နှင့် လျော်ညီအောင် ပြုပြင်ထိုက်သည်။ သို့ရာတွင် ဤချွင်းချက်သည် လက်ရှိကျောင်းများတွင် ဆက်လက်၍အုပ်ချုပ်နေခိုက်၊ သင်ကြားပြသနေခိုက်မှာသာလျှင် အတည်ဖြစ်စေရမည်။ လက်ရှိကျောင်းများမှ အကြောင်းအစုံတရာကြောင့် ပြောင်းရွှေ့သော်၎င်း၊ အလုပ်ရပ်စဲ၍

သော်၎င်း၊ , အခြားကျောင်းများတွင်အုပ်ချုပ်သော်၊ သင်ကြားပြသသော်၊ ရဟန်းဆရာသင်များအတွက် အကြံဉာဏ်ပေးထားသော နှုန်းထားအတိုင်း သာလျှင် လှူဒါန်းရန်သင့်သည်။

(ဃ) အောင်မြင်တော်မူသော အတန်းစာမေးပွဲနှင့် ဆရာဖြစ်စာမေးပွဲများကိုမငဲ့ဘဲ ကျောင်းအုပ်ဘုန်းတော်ကြီး ရှိရှိအနေနှင့်သာလျှင် လှူဒါန်းပူဇော်ခြင်းခံ၍ နေကြရသောဘုန်းတော်ကြီးများသည်၊ ယခုလက်ရှိအတိုင်း လစဉ်လှူဒါန်း ပူဇော်ခြင်းကိုခံလိုကခံနိုင်ကြသင့်သည်။ ထိုဘုန်းတော်ကြီးများသဘောဆန္ဒ အတိုင်း အထက်တွင်အကြံဉာဏ်ပေးခဲ့သော ရည်ရွယ်သတ်မှတ်ချက်အသစ် အရ၊ သုံးလတကြိမ် အလှူတော်လှူဒါန်းပူဇော်ခြင်းကိုခံလိုကလည်းခံနိုင်ကြ ရဘို့သင့်သည်။ သို့ရာတွင် လစဉ်လှူဒါန်းပူဇော်ရာ၌လည်း ဝိနည်းဒေသနာ တော်နှင့်အပ်စပ်အောင် အထက်တွင်အကြံဉာဏ်ပေးခဲ့သောလှူဒါန်းပူဇော် ပုံနည်းစံနှင်များအရ လှူဒါန်းပူဇော်ကြသင့်သည်။

**မိန်းကလေးကျောင်းများ။**

(က) မိန်းကလေးများအတွက်ချွင်းချက်ရှိသော်လည်း၊ ကျောင်းအုပ်ဘုန်းတော်ကြီးက မိန်းကလေးများကိုလက်မခံသည့်အပြင်၊ ဆိုင်ရာရပ်ရွာတွင်၎င်း၊ အနီးအနားတွင်၎င်း၊ မိန်းက လေးများအတွက် စာသင်ကျောင်းမရှိလျှင်၊ ကျောင်းတကျောင်းအတွက်လည်း မိန်းကလေး ၂၀ ထက်မနည်းရပုံပေါ်လျှင်၊ ဆိုင်ရာဒေသန္တရပညာရေးအဖွဲ့က၊ မိန်းကလေးကျောင်းတည် ထောင်ရန်စီမံသင့်သည်။

(ခ) အသစ်ဖွင့်ရမည့် မိန်းကလေးကျောင်းကို သီလရှင်အုပ်ချုပ်ရသော် သာ၍သင့် လျော်မည်။

(ဂ) သီလရှင်များအုပ်ချုပ်သော မိန်းကလေးကျောင်းများရှိလျှင်၊ အုပ်ချုပ်သူများ သည် သီလရှင်များဖြစ်မှုကြောင့်၊ အသိအမှတ်မပြုနိုင်၊ အထောက်အပံ့မပေးနိုင်ဟုမရှိသင့်ချေ။

**ဘဏ္ဍာရေး။**

စုံစမ်းရေးအဖွဲ့နှင့်ပြဲ ဒါဒါစရိယဆရာတော်များ ပြည်ကိုလှည့်လည်၍စုံစမ်းရာ၊ ဒေသန္တရ ပညာရေးအဖွဲ့များမှာ၊ မိမိတို့အသိအမှတ်ပြုကျောင်းများကို ငွေကြေးထောက်ပံ့ရာတွင် မလုံ မလောက်နိုင်၍အခက်အခဲများနှင့်တွေ့နေကြရကြောင်း။ ထိုကျောင်းများအတွက်ပင် ဆရာများ အလုံအလောက်မပေးနိုင်ကြကြောင်းကြားသိရသည်။ နောက်ထပ်ကျောင်းများကို အသိအမှတ် ပြုဘို့ ထောက်ပံ့လှူဒါန်းဘို့မှာ ထိုဒေသန္တရအဖွဲ့များ၏တာဝန်သာထားလျှင် ဖြစ်မြောက်နိုင်ရန် အလွန်ခဲယဉ်းလိမ့်မည်။ ရှေးကမြန်မာစာသင်ကျောင်းများအလွန်နည်းပါးနေသေးသေးကြောင့်၊ ငါးနှစ်ကိန်းဖြင့်တနှစ်လျှင်မြန်မာစာသင်ကျောင်းပေါင်း ၂၅၀ ကျ စုစုပေါင်း ၁၂၅၀ ဖွင့်လှစ် စေရာတွင် အစိုးရကပင် ထိုကျောင်းများအတွက်ကုန်ကျသောစရိတ်ငွေများကို လုံးဝကျခံခဲ့သော ထုံးလည်းရှိသည်။ ထို့မှတပါးအစိုးရသည်၊ မူလတန်းကျောင်းများအတွက် သုံးသောကြေးငွေ မှာ တန်းမြင့်ကျောင်းများအတွက် သုံးစရိတ်ငွေနှင့် နှိုင်းစာသော်၊ အလွန်နည်းပါးလျက်ရှိသေး သည်။ သို့အတွက် ဘုန်းတော်ကြီးစာသင်ကျောင်းများကို အားပေးသောနည်းစံနစ်အောင်မြင် ထမြောက်ပြီးလျှင်၊ လာမည့် ၁၀ နှစ်အတွင်း အသိအမှတ်မပြုရသေးသော ဘုန်းတော်ကြီး ကျောင်း တသောင်းရှစ်ထောင်အနက်၊ အနည်းဆုံးတသောင်းကို ထောက်ပံ့လှူဒါန်းနိုင်အောင် ကုန်ကျမည့်စရိတ်အားလုံးကို အစိုးရက ဒေသန္တရအဖွဲ့များအားထောက်ပံ့သင့်သည်။ သို့မှသာ လျှင် ဘုန်းတော်ကြီးကျောင်းများကို အားပေးသောနည်းစံနစ်အောင်မြင်မည်။ အားပေးသည့်

အလိုက် ကလေးများကိုလက်ခံသင်ကြားသော ဘုန်းတော်ကြီးကျောင်းများမှာလည်း ဒေသန္တရအဖွဲ့တို့၌ ရံပုံငွေမလုံလောက်မှုကြောင့်၊ ကျောင်းဆရာလျော့ခြင်း၊ ထောက်ပံ့လှူဒါန်းမှုရပ်စဲခြင်း စသောဘေးတို့မှလွတ်ကင်းနိုင်ကြမည်။

၁၉၃၉-၄၀ ပြည့်နှစ်၊ မြန်မာပညာသင်ကြားရေး နှစ်ချုပ်အစီရင်ခံစာ နောက်ဆက်တွဲ စာမျက်နှာ ၄ တွင်ပါရှိသောစာရင်းအရ၊ တန်းမြင့်ကျောင်းများအတွက် ၁၉၄၀ ပြည့်နှစ်အတွင်း သုံးသောငွေပေါင်းမှာ၊ ငွေ ၆၀,၂၉,၁၄၉ ကျပ်ဖြစ်၏။ မူလတန်းကျောင်းများအတွက် ထိုနှစ်အတွင်းသုံးသောငွေမှာ ၃၆,၄၉,၁၆၀ ကျပ်သာဖြစ်၏။ ထိုစာရင်းတွင်ပြထားသော တန်းမြင့်ကျောင်းများနှင့် မူလတန်းကျောင်းများမှာ၊ မြန်မာစာသင်ကျောင်းများသာမဟုတ်၊ အခြားကျောင်းများလည်း ပါဝင်သေး၏။ သို့ရာတွင် ထိုစာရင်းအရ မူလတန်းပညာအတွက်သုံးသောငွေသည်၊ တန်းမြင့်ကျောင်းများအတွက် သုံးသောငွေထက် ၂၄ သိန်းခန့် လျော့၍နေသေး၏။ စင်စစ်သော်ကား၊ မူလတန်းကျောင်းများမှာ၊ ကလေးများသည် အထက်တန်းကျောင်းများမှာ ထက်၊ အဆပေါင်းများစွာ ပိုမိုများပြား၏။ ငွေကိုလည်း သည်ထက်ပင် ပိုမိုများပြားအောင် ကြိုးဆောင်ကြိုးစားလျက်ရှိ၏။ မူလတန်းပညာကို မသင်မနေရဖြစ်စေရန်ပင် ရည်ရွယ်မှန်းထားလျက်ရှိ၏။ သို့အတွက်မူလတန်းကျောင်းများအတွက် ငွေအမြောက်အမြားပိုမို၍သုံးစွဲမှသာလျှင် သင့်လျော်နိုင်ချေမည်။ သို့မှလည်း အစိုးရနှင့်အများပြည်သူတို့အလိုရှိကြသည့်အတိုင်း နိုင်ငံနှင့်အဝှမ်း မူလတန်း (ခေါ်) လူတန်းစေ့ပညာကို တတ်မြောက်နိုင်ကြမည်။ အကယ်၍အသိအမှတ်ပြုခြင်း၊ ထောက်ပံ့လှူဒါန်းခြင်းကို အလိုရှိသော ဘုန်းတော်ကြီးစာသင်ကျောင်းများ များလွန်းသဖြင့်ငွေမလောက်နိုင်လျှင်၊ တောရွာများမှာပို၍အလျှင်လိုအရေးကြီးသည့်အလျောက်၊မြို့ပေါ်ရှိ ဘုန်းတော်ကြီးစာသင်ကျောင်းများအား ထောက်ပံ့လှူဒါန်းခြင်းကိုဆိုင်း၍ထားနိုင်သည်။

## (၄) အရေးပိုင်မင်းများ၏အတိုင်ပင်ခံအဖွဲ့များ။

ဒေသဆိုင်ရာ ပညာရေးအဖွဲ့မရှိဘဲ၊ ပညာရေးဆိုင်ရာ ဒေသန္တရရံပုံငွေကို အရေးပိုင်မင်းများ စီမံခန့်ခွဲရသော နယ်များမှာ၊ ဘုန်းတော်ကြီး စာသင်ကျောင်းများကို အားပေးရန်နှင့် ထိုကျောင်းများနှင့်စပ်လျဉ်း၍၊ အရေးပိုင်မင်းများကိုအကြံဥာဏ်ဖြင့်ကူညီရန် ဗုဒ္ဓဘာသာဝင်များသာပါဝင်သောအဖွဲ့တခုစီရှိသင့်သည်။

## (၅) ပညာသင်စရိတ်ထောက်ပံ့ခြင်း။

ယခုအခါမြန်မာစာသင်ကျောင်းများမှာ၊ စတုတ္ထတန်းစာမေးပွဲအောင်ပြီးနောက်၊ မြန်မာကျောင်းများတွင် ပညာဆက်လက်သင်ကြားရန် လစဉ်ပညာသင်စရိတ်ငွေများကို ဒေသန္တရအဖွဲ့များကပေး၍နေရာ၊ ဘုန်းတော်ကြီး စာသင်ကျောင်းများကို အားပေးလျှင်၊ စတုတ္ထတန်းအောင်သော ကျောင်းသားများပို၍လာကြမည်ဖြစ်သောကြောင့်၊ ထိုသို့လစဉ်ထောက်ပံ့သော ကျောင်းသားတို့၏ အရေအတွက်ကို တိုးမြှင့်သင့်သည်။ တိုးမြှင့်နိုင်အောင်လည်း မြန်မာပြည်အစိုးရသည်၊ ဆိုင်ရာဒေသန္တရပညာရေးအဖွဲ့များကို ငွေဖြင့်ကူညီသင့်သည်။

## (၆) စတုတ္ထတန်းနှင့်အလွတ်ပညာသင်ဘုန်းတော်ကြီးကျောင်းသားများ။

အချို့ဘုန်းတော်ကြီးကျောင်းများမှာ နေ့စဉ်ကျောင်းတက်သောကျောင်းသားများ ပျမ်းမျှခြင်း ၂၀ မရှိသည့်အတွက်၊ အသိအမှတ်ပြုခြင်း ထောက်ပံ့လှူဒါန်းခြင်း ခံကြရမည်မဟုတ်ချေ။ အချို့ဘုန်းတော်ကြီးကျောင်းများကလည်းစံနစ်သစ်အရထောက်ပံ့လှူဒါန်းခြင်းကိုပင်မခံယူဘဲနေကြရာသည်။ သို့အတွက်ထိုကျောင်းများမှာ၊ ကျောင်းသားသူငယ်များမနစ်နာရအောင်၊ ၎င်းတို့အား စတုတ္ထတန်းစာမေးပွဲကို အလွတ်ပညာသင်များအနေဖြင့်ဝင်ရန် အခွင့်ပေးသင့်သည်။

## (၇) မူလတန်းပညာအက်ဥပဒေနှင့် ဘုန်းတော်ကြီးကျောင်းသားများ။

မူလတန်းပညာမသင်မနေရဥပဒေအတည်ပြုသောရပ်ကွက်များတွင် အသိအမှတ်မပြုသော ဘုန်းတော်ကြီးကျောင်းများ၌၊စာသင်၍နေကြသော အသက် ၆ နှစ်မှ ၁၁ နှစ်အတွင်း ကလေးများအတွက်မှာ ကျောင်းထိုင်ဘုန်းတော်ကြီးများက၊ ထိုကလေးများသည် မိမိတို့ကျောင်း၌စာသင်၍နေကြကြောင်း။ ၎င်းတို့ကိုသင်ပြ၍ပေးနေသော ဗုဒ္ဓဘာသာသင်ခန်းစာ၊မြန်မာစာနှင့် ဂဏန်းသင်္ချာသည်လည်း၊ အသိအမှတ်ပြုသောမူလတန်းကျောင်းများတွင်သင်သောပညာများအောက် မယုတ်လျော့ကြောင်းလက်မှတ်ပေးတော်မူကြလျှင်၊ ထိုကလေးများသည် အဆိုပါအက်ဥပဒေမှ လွတ်ကင်းခွင့်ရသင့်သည်။

ထိုသို့လွတ်ကင်းခွင့်မရလျှင်၊ မူလတန်းပညာ မသင်မနေရသောအရပ်များမှ အသိအမှတ်မပြုသောဘုန်းတော်ကြီးကျောင်းများမှာ၊ အသက် ၆ နှစ်နှင့် ၁၁ နှစ်အတွင်းကလေးများမနေကြရသဖြင့်၊ ဘုန်းတော်ကြီးများသည်၎င်း၊ ကလေးမိဘများသည်၎င်း၊ များစွာမကျေမနပ်ဖြစ်ကြလိမ့်မည်။ ကင်းလွတ်ခွင့်ပေးသဖြင့်လည်း မူလတန်းပညာမသင်မနေရအက်ဥပဒေ၏ ရည်ရွယ်ချက်ကို ထိခိုက်မည်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ထိုကလေးများသည် မူလတန်းပညာတွင် အရေးအကြီးဆုံးဖြစ်သော မြန်မာစာရေးခြင်း၊ ဖတ်ခြင်း၊ဗုဒ္ဓဘာသာတရားစာနှင့် ဂဏန်းသင်္ချာတို့ကို အခြားကလေးများကဲ့သို့ပင်တတ်မြောက်ကြလိမ့်မည်ဖြစ်သောကြောင့်တည်း။

## (၈) မူလတန်းကျောင်းများ၊အထက်တန်းကျောင်းများနှင့် ဗုဒ္ဓဘာသာသင်ခန်းစာ။

ဘုန်းတော်ကြီး စာသင်ကျောင်းများ၊ ဒေသန္တရအဖွဲ့ပိုင် မြန်မာစာသင်ကျောင်းများနှင့် အခြားဗုဒ္ဓဘာသာဝင်တို့ အုပ်ချုပ်သော မြန်မာစာသင် ကျောင်းများတွင်၊ အထက်တန်းနှင့် အလယ်တန်းများအတွက်လည်း ကျောင်းသားများသည်၊ ဗုဒ္ဓဘာသာသင်ခန်းစာကိုမအောင်လျှင် အတန်းမတက်ရဟု ပြဋ္ဌာန်းသင့်သည်။ အခြားမြန်မာစာသင်ကျောင်းများတွင် အလယ်တန်းများအတွက် ဗုဒ္ဓဘာသာသင်ခန်းစာနှင့်ညီမျှအောင်၊ အက္ခရာသင်္ချာနှင့် ဂဲဩမေဋ္ဌရီကို မအောင်လျှင်အတန်းမတက်ရဟု ပြန်၍ပြဋ္ဌာန်းသင့်သည်။ အထက်တန်းများအတွက်မှာ၊ ဗုဒ္ဓဘာသာသင်ခန်းစာကို အပိုဘာသာ တရပ်အဖြစ်နှင့် ထည့်သွင်းပြီးလျှင် ဗုဒ္ဓဘာသာကျောင်းသားများအတွက်မှာ၊ ထိုအပိုဘာသာကိုမယူဘဲမရှိစေရဟုပညတ်သင့်သည်။ ထိုသို့ပညတ်သော်လည်း ဘုန်းတော်ကြီး စာသင်ကျောင်းများ၌ ပထဝီဝင်အစား၊ ပါဠိကိုသင်ကြားနိုင်သေး၍၊ ကျောင်းသားတယောက်ထည်းပင် ဗုဒ္ဓဘာသာသင်ခန်းစာအပြင်၊ ပါဠိကိုလည်းယူနိုင်သေးကြောင်း သတိချပ်သင့်သည်။

ဘုန်းတော်ကြီးကျောင်းများကို အသိအမှတ်ပြုပုံ၊ ထောက်ပံ့လှူဒါန်းပုံနှင့် ကျောင်းအုပ်ဘုန်းတော်ကြီးများ၏အပေါ်တွင် တာဝန်ထားပုံတို့ကို မကြိုက်မနှစ်သက်သော ပုဂ္ဂိုလ်အများရှိ၏။ ဘုန်းတော်ကြီး စာသင်ကျောင်းများကို အားပေးလျှင်၊ စံနစ်သစ်အရ အားပေးမည်ဖြစ်ကြောင်း။ စံနစ်သစ်သည် လက်ရှိစံနစ်နှင့် မည်သို့ကွာခြားကြောင်း ရဟန်းရှင်လူ ပြည်သူအများ သိနားလည်ကြမှ အောင်မြင်လိမ့်မည်။ သို့အတွက်—

(၁) ဩဝါဒကထာနှင့်အစီရင်ခံစာကိုပုံနှိပ်ပြီးလျှင်—

(က) ဘုန်းတော်ကြီးကျောင်းအားလုံး၊

(ခ) ဒေသန္တရအဖွဲ့အားလုံး၊

(ဂ) ဒေသန္တရပညာရေးအဖွဲ့အားလုံး၊

(ဃ) စုံစမ်းရေးအဖွဲ့နှင့် ဩဝါဒါစရိယ ဆရာတော်များရှေ့မှောက်တွင် လာရောက်၍ ကိုယ်တိုင်အကြံဉာဏ်ပေးကြသောသက်သေများအားလုံး

တို့အား တအုပ်စီလှူဒါန်းဝေငှသင့်သည်။

(၂) ထို့ပြင် ဩဝါဒကထာအစီရင်ခံစာကို ပြည်သူပြည်သားအများအလွယ်တကူ ဝယ်ယူ ဖတ်ရှုနိုင်ကြစေရန် အဘိုးချိုသာစွာနှင့်ရောင်းသင့်သည်။ ဤအရာ၌ စာမျက်နှာ ၆၄၀ ရှိသော ၁၉၃၆ ခုနှစ်၊ တိုင်းရင်းဘာသာ ပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေးပြုပြင်စီမံမှု ကော်မီတီအစီရင်ခံစာ၊ မြန်မာ ဘာသာပြန်ကို တအုပ်လျှင် အဘိုးငွေတကျပ်နှင့်သာရောင်းခဲ့ခြင်းကို သတိပြုသင့်သည်။

---

## စတုတ္ထကဏ္ဍ—သခ်ေပဝိနိစ္ဆယ။

၁။ ။ဒေသန္တရ ပညာရေးအဖွဲ့တို့က ယခုဖွင့်ထားသော စာသင်ကျောင်း များနှင့် အထောက်အပံ့ပေး၍ထားသော စာသင်ကျောင်းများသည် မလုံလောက်ချေ။ အထူးအားဖြင့် မြို့နှင့်ဝေးကွာသောတောရွာများ၌ မလုံလောက်ဖြစ်နေသည်။

၂။ ။ဘုန်းတော်ကြီးများကို မိမိတို့၏ကျောင်း၌ ကလေးများကိုလက်ခံပြီးလျှင်၊ လောကုတ္တရာနှင့် လောကီဗဟုသုတပညာတို့၏အခြေခံ မူလတန်းပညာကို သင်ကြားပြသဆုံးမတော်မူကြပါရန်တောင်းပန်လျှောက်ထားဘို့သင့်သည်။ထိုသို့လျှောက်ထားရာတွင် ယောက်ျားကလေးများအတွက်သာလျှင် လျှောက်ထားသင့်သည်။ သို့ရာတွင်ဆိုင်ရာရပ်ကွက်ဒေသ၌ မိန်းကလေးများပညာသင်ကြားရန် အခြားကျောင်းမရှိသည့်အပြင်၊ ဘုန်းတော်ကြီးကျောင်းတွင် ဗုဒ္ဓဘာသာ သင်ခန်းစာမှတပါး၊ အခြားပညာရပ်များကို သင်ကြားမည့် ဆရာများသည်လူဆရာများ ဖြစ်ကြလျှင်၊ အသက် ၆ နှစ်မှ ၁၁ နှစ်အတွင်းမိန်းကလေးများကို လက်ခံခဲ့သော်ကန့်ကွက်ရန် မရှိချေ။

၃။ ။ဘုန်းတော်ကြီးများကို တောင်းပန် လျှောက်ထားရန်မှာ ဆိုင်ရာဒေသန္တရအဖွဲ့များ၏တာဝန်ဖြစ်သင့်သည်။

၄။ ။ထိုအဖွဲ့များသည် ရွေးဦးစွာဆိုင်ရာနယ်ပယ်ရှိ ဂဏနာယက ဆရာတော်များကို ဝိတ္ထာရဝိနိစ္ဆယတွင် ပါရှိသောပုံစံအတိုင်း၊ သင့်လျော်သော ကျောင်းထိုင် ပုဂ္ဂိုလ်များနှင့် ကျောင်းအဆောက်အဦးများကိုညွှန်ကြားတော်မူကြပါရန် တောင်းပန်လျှောက်ထားသင့်သည်။ ထိုနောက် ဂဏနာယကဆရာတော်များ ညွှန်းတော်မူကြသော ကျောင်းထိုင်ဘုန်းတော်ကြီးများကို ဝိတ္ထာရဝိနိစ္ဆယတွင် ပါသောပုံစံအတိုင်း၊ ကလေးသူငယ်များကို လောကုတ္တရာနှင့် လောကီဗဟုသုတ ပညာများသင်ကြားဆုံးမရန် လက်ခံတော်မူပါမည့်အကြောင်းနှင့် ကလေးသူငယ်များကိုလက်ခံ၍၊ နေ့စဉ်ပျမ်းမျှခြင်းကျောင်းတက်သော ကလေးသူငယ် ၂၀ ထက်မနည်းသောအခါ မိန့်ကြားတော်မူပါမည့်အကြောင်း လျှောက်ထားသင့်သည်။

၅။ ။ဘုန်းတော်ကြီး စာသင်ကျောင်းများ၌ ကလေးသူငယ်များကို အပ်ထားလိုသော သူများသည်၊ ကျောင်းအုပ် ဘုန်းတော်ကြီးများကို ဝိတ္ထာရဝိနိစ္ဆယတွင်ပါသော လျှောက်ပုံအတိုင်းလျှောက်၍ ကလေးသူငယ်များကိုအပ်နှံကြသင့်သည်။

၆။ ။ဘုန်းတော်ကြီး မူလတန်းကျောင်းသစ်များတွင်၊ သင်ကြားသောသင်ရိုးသင်တမ်းသည် လက်ရှိအသိအမှတ်ပြုပြီး မူလတန်းကျောင်းများတွင်သင်ကြားသော သင်ရိုးသင်တမ်းနှင့် တန်းတူဖြစ်သင့်သည်။

၇။ ။ဘုန်းတော်ကြီးစာသင်ကျောင်းများ၊ ဒေသန္တရအဖွဲ့ပိုင်မြန်မာစာသင်ကျောင်းများနှင့် အခြားဗုဒ္ဓဘာသာဝင်များအုပ်သောမြန်မာစာသင်ကျောင်းများတွင်၊ မူလတန်းများအတွက် ဗုဒ္ဓဘာသာသင်ခန်းစာကို ကျောင်းသားများ မအောင်လျှင်၊အတန်းမတက်ရသော သင်ခန်းစာဟုပြဋ္ဌာန်းရန်သင့်သည်။ ကျောင်းသားများလည်း ၇ ရက်တကြိမ် ဘုန်းတော်ကြီးကျောင်း

များသို့သွား၍ဖြစ်စေ၊ ဘုန်းတော်ကြီးများကိုပင့်၍ဖြစ်စေ တရားမနာဘဲမနေရအောင် တိုင်းရင်းဘာသာပညာသင်ကြားရေး ကိုဧပဒေအခဏ်း ၅၊ အပိုဒ် ၁၂ ကိုပြင်ဆင်သင့်သည်။

၈။ ။အခြားမူလတန်းကျောင်းများအတွက်မှာ၊ ဗုဒ္ဓဘာသာသင်ခဏ်းစာနှင့်ညီမျှအောင် လောကဓါတ်ပညာကိုမအောင်လျှင် အတန်းမတက်ရဟုပြဋ္ဌာန်းသင့်သည်။

၉။ ။တိုင်းရင်းဘာသာ ပညာသင်ကြားရေး ကိုဧပဒေကို မြန်မာဘာသာဖြင့်ပုံနှိပ်ပြီးလျှင်၊ အသိအမှတ်ပြုသော မြန်မာစာသင်ကျောင်းအားလုံးကို တအုပ်စီဝေငှလှူဒါန်း၍ ထားသင့်သည်။

၁၀။ ။မူလတန်းဘုန်းတော်ကြီးစာသင်ကျောင်းသစ်များကို အငြိမ်းသဘောဖြင့်သာလျှင် မဟုတ်ဘဲ၊အစကနဦးကပင်အတည်အသိအမှတ်ပြုသင့်သည်။

၁၁။ ။စံနစ်သစ်အရ မူလတန်းဘုန်းတော်ကြီး စာသင်ကျောင်းများကို အသိအမှတ်ပြုသော်၊ အခွန်ထမ်းဆောင်သူများနှင့်ဆိုင်ရာကလေးသူငယ်များအတွက် ကြေနပ်လောက်အောင် အကျိုးကျေးဇူးရှိလိမ့်မည်ဟုယုံကြည်စိတ်ချသင့်သည်။

၁၂။ ။ဘုန်းတော်ကြီး ကျောင်းချင်း နီးကပ်သော်လည်း၊ ဂိုဏ်းဂဏ ကွဲပြားလျှင်၊ ကျောင်းချင်းနီးကပ်မှုကြောင့်အသိအမှတ်မပြုနိုင်၊ မထောက်ပံ့မလှူဒါန်းနိုင်ဟူ၍မရှိသင့်ချေ။

၁၃။ ။အသိအမှတ်ပြုပြီး အိမ်ကျောင်းများနှင့် နီးကပ်မှုကြောင့်လည်း၊ ဘုန်းတော်ကြီးစာသင်ကျောင်းများကိုအသိအမှတ်မပြုနိုင်ဟူ၍မရှိသင့်ချေ။

၁၄။ ။ဘုန်းတော်ကြီး ကျောင်းများသည် များသောအားဖြင့် ဆိုင်ရာရပ်ရွာတွင် အကျယ်ပြန့်ဆုံးသောအဆောက်အဦများ ဖြစ်ကြ၏။ မူလတန်းကျောင်းများအတွက် နေထိုင်ခင်း လုံလုံလောက်လောက်ရှိကြ၏။ သို့ရာတွင် အချို့အရပ်ဒေသများမှာ ဒါယကာ၊ဒါယိကာမများသည် အလွန်ဆင်းရဲကြ၍၊ ကျောင်းသား လုံလောက် သော်လည်း ကျောင်းအဆောက် အဦးပြည့်စုံအောင် အရပ်ကချည်းမတတ်နိုင်ဘဲရှိမည်။ ထိုသို့သော အရပ်ဒေသများမှာ ဒါယကာဒါယိကာမများကကျောင်းအဆောက်အဦးအတွက် ကုန်ကျမည့်ငွေထက်ဝက်ကိုလှူဒါန်းကြလျှင် ပြည်ပိုင်အစိုးရသည် ကုန်ကျမည့်ငွေ၏ထက်ဝက်ကို ဆိုင်ရာဒေသန္တရပညာရေးအဖွဲ့မှတဆင့် ပါဝင်လှူဒါန်းသင့်သည်။ သို့ရာတွင်ကျောင်းအဆောက်အဦးကို ပိုင်ဆိုင်သုံးစွဲပုံနှင့် စပ်လျဉ်း၍၊ အချုပ်အချယ် စည်းကမ်းတစုံတရာမရှိသင့်ပေ။ ကျောင်းအဆောက်အဦးကို လှူဒါန်းပုံမှာလည်း ရင်ရွာအလှူပါဝင်သော ဒါယကာ ဒါယိကာမများ၏သဘောအတိုင်းသာဖြစ်သင့်သည်။

၁၅။ ။ဘုန်းတော်ကြီးကျောင်းများမှာ မြန်မာစာရေးခြင်း ဘတ်ခြင်းမှစ၍၊ ဗုဒ္ဓဘာသာတရားစာများကိုအဓိကထား၍ သင်ကြားပြသလျက်ရှိကြသည်။ အချို့ကျောင်းများသည် စာသင်သားများကို ပဌမပြန်နှင့် အခြားပရိယတ္တိစာမေးပွဲများကို ဝင်ကြစေသည်။ အချို့ကျောင်းများကလည်း ထိုစာမေးပွဲများကိုမဝင်စေဘဲ၊ပိဋကတ်ကျမ်းစာများနှင့်အဋ္ဌကထာဋီကာစသည်တို့ကို ချမှိုသင်ကြားလျက်ရှိကြသည်။

၁၆။ ။ဘုန်းတော်ကြီး စာသင်ကျောင်းများကို အသိအမှတ်ပြုသောအခါ၊ ဘုန်းတော်ကြီးစာသင်ကျောင်းများ၌ သင်ကြားသောဘာသာရပ်များသည်၊ ယခုလက်ရှိ အသိအမှတ်ပြုပြီးကျောင်းများ၌ သင်ကြားပြသသည့် ဘာသာရပ်များအတိုင်းပင် ဖြစ်သင့်သည်။ သို့ရာတွင် ဘုန်းတော်ကြီးစာသင်ကျောင်းများ၊ အခြားဗုဒ္ဓဘာသာဝင်တို့အုပ်သော မြန်မာစာသင်ကျောင်းများနှင့် ဒေသန္တရအဖွဲ့ပိုင် မြန်မာစာသင်ကျောင်းများတွင် ကျောင်းသားများသည်၊ ဗုဒ္ဓဘာသာသင်ခဏ်းစာများကိုမအောင်လျှင် အတန်းမတက်ရဟု ပြဋ္ဌာန်းသင့်သည်။ ဗုဒ္ဓဘာသာသင်ခဏ်းစာများကိုသင်ကြားရာတွင်အသုံးပြုရန် ကံငါးပါး၏အကျိုးအပြစ်ကိုပြသော ငရဲခန်းအစရှိသည်တို့ကိုရေးဆွဲထားသော စက္ကူချပ်ကားကြီးများကို ကျောင်းခန်းများအတွင်း၌ ဆွဲ၍ထားကြရန် သင့်သည်။

ထိုမှတပါး ကျောင်းဥယျာဉ်စိုက်ပျိုးခြင်းပညာနှင့်ဆက်လျှိုက်ခေါ်လက်မှုပညာကိုလည်း၊ မူလတန်းကျောင်းအားလုံးတို့၌ အပိုဘာသာအဖြစ်နှင့် သင်ကြားရှိပေးသင့်သည်။ ဆက်လျှိုက်ခေါ် လက်မှုပညာသင်ကြားရန်အတွက်၊ ကျောင်းတကျောင်းလျှင် ဆရာတယောက်ကျ မပေးနိုင်လျှင် နီးစပ်ရာကျောင်းအများအတွက် ဆရာတယောက်ပေးသင့်သည်။

၁၇။ ။ကျောင်းအုပ်ဘုန်းတော်ကြီးများကို ထောက်ပံ့လှူဒါန်းခြင်းနှင့်လက်ထောက်ဆရာဘုန်းတော်ကြီးများအား ထောက်ပံ့လှူဒါန်းခြင်းသည်၊သက်သက် ပူဇော်ချီးမြှောက်လိုသောစိတ်ဖြင့် လှူဒါန်းပူဇော်ခြင်းများဖြစ်သင့်သည်၊ စာသင်ကျောင်းများကို အုပ်ချုပ်သည့်အတွက်၊ သို့မဟုတ် ကလေးများကို သင်ကြားပြသသည့်အတွက် အခ ပေးလှူသောအနေမျိုး အလျှင်းမဖြစ်စေသင့်။

၁၈။ ။မူလတန်း ဘုန်းတော်ကြီး စာသင်ကျောင်းများကို အသိအမှတ်ပြုသည်နှင့်တပြိုင်နက်၊ စာသင်ကျောင်းသုံးပရိဘောဂနှင့် စာသင်ကရိယာတန်ဆာငွေ ၇၅ိ တန်ကိုလှူသင့်သည်။ ထို့နောက် ထိုပစ္စည်းများချို့ယွင်းပျက်စီးတိုင်း အသစ်ပြုပြင်၍လှူသင့်သည်။ ထိုသို့လှူရန်ဒေသန္တရပညာရေးအဖွဲ့က ဆိုင်ရာပညာအုပ်အား ငွေထုတ်၍ပေးသင့်သည်။ ပညာအုပ်က ဝတ္ထုပစ္စည်းများကိုဝယ်၍လှူသင့်သည်။

၁၉။ ။ဒေသန္တရပညာရေးအဖွဲ့များသည်၊ ကျောင်းအုပ်ဘုန်းတော်ကြီးများအား ၃ လ တကြိမ်ငွေ ၅ိ တန် ဝတ္ထုပစ္စည်းများကို လှူဒါန်းပူဇော်သင့်သည်။ လှူဒါန်း ပူဇော်ပုံမှာ အဖွဲ့ကိုယ်စားလှယ်သည် ကျောင်းအုပ်ဘုန်းတော်ကြီးများကို ကပ္ပိယကာရက ညွှန်းတော်မူပါဘုရားဟု လျှောက်ထားသင့်သည်။ ထိုအခါ ကျောင်းအုပ်ဘုန်းတော်ကြီးက ဝိဇ္ဇာရ ဝိနိစ္ဆယတွင် ပါသောပုံစံအတိုင်း၊ စာဖြင့်ကိုယ်တိုင် လက်မှတ်ရေးထိုး၍ ကပ္ပိယကာရက ညွှန်းရဘို့သင့်သည်။ ကျောင်းအုပ်ဘုန်းတော်ကြီးသည် ယိုစာကိုဒေသန္တရပညာရေးအဖွဲ့မှပြန်၍ မရပ်သိမ်းသေးသမျှ ထိုစာတွင်ပါသောကပ္ပိယကာရက ညွှန်းချက်သည် အတည်ဖြစ်၍နေသင့်သည်။

ကျောင်းအုပ်ဘုန်းတော်ကြီးညွှန်း၍ထားသော ကပ္ပိယကာရကသည်၊ ၃ လ တကြိမ်အလှူတော်ငွေကိုခံယူရန်လာသောအခါ၊ ဒေသန္တရပညာရေးအဖွဲ့၏ကိုယ်စားလှယ်သည် သူ့ကိုဝိဇ္ဇာရဝိနိစ္ဆယတွင်ပါသောပုံစံအတိုင်း ညွှန်ကြားပြီးလျှင် အလှူတော်ငွေကိုအပ်သင့်သည်။ ထိုအခါ ကပ္ပိယကာရကသည်၊အလှူတော်ငွေကိုလက်ခံရရှိကြောင်း လက်မှတ်ရေးထိုးသင့်သည်၊ကျောင်းအုပ်ဘုန်းတော်ကြီးမှကား အလှူတော်ငွေကိုလက်ခံရရှိကြောင်း မည်သည့်နည်းနှင့်မှ လက်မှတ်ထိုးရဘို့မသင့်ချေ။

ကပ္ပိယကာရကသည် အလှူတော်ငွေကို လက်ခံရရှိကြောင်း လက်မှတ်ထိုးသည့် အခါမှာပင်လျှင်၊ ကျောင်းအုပ်ဘုန်းတော်ကြီးအား အလိုရှိသောအခါ ဝတ္ထုပစ္စည်းများကို မိမိထံမှာ တောင်းယူအလှူခံတော်မူပါရန် ဝိဇ္ဇာရဝိနိစ္ဆယတွင်ပါသောလျှောက်လွှာပုံစံအတိုင်း၊ ဖြတ်ပိုင်း ၃ ခုကို လက်မှတ်ရေးထိုးရ သင့်သည်။ ထို ၃ ပိုင်းအနက်၊ အရင်းပိုင်းကို ဒေသန္တရ ပညာရေးအဖွဲ့တွင်လက်ခံအဖြစ်နှင့် ထားသင့်သည်။ အခြားတပိုင်းကို ကျောင်းအုပ်ဘုန်းကြီးအား ဆက်သရန် ကပ္ပိယကာရကကိုပင် ပေးလိုက်သင့်သည်။ ကျန်တပိုင်းကိုကျောင်းအုပ်ဘုန်းတော်ကြီးထံ စာတိုက်မှပို့သဆက်ကပ်သင့်သည်။

ကပ္ပိယကာရကကို ဆိုခဲ့သည့်အတိုင်း လျှောက်လွှာပုံစံသုံးပိုင်းတွင် လက်မှတ်ရေးထိုးစေပြီးနောက် ဒေသန္တရပညာရေးအဖွဲ့ ကိုယ်စားလှယ်သည် ဘုန်းတော်ကြီးအား ကပ္ပိယထံမှအလိုရှိရာဝတ္ထုပစ္စည်းများကို တောင်းယူအလှူခံပါရန် လျှောက်သော လျှောက်လွှာကိုလည်း၊ မိတ္တူသုံးပိုင်းပြုလုပ်၍ လက်မှတ် ထိုးသင့်သည်။ ပြီးလျှင် အရင်းပိုင်းကို ဒေသန္တရ ပညာရေးအဖွဲ့ရုံးတွင် လက်ခံအဖြစ်နှင့်ထားသင့်သည်။ အခြားတပိုင်းကို ကျောင်းအုပ်ဘုန်းတော်ကြီးအား ဆက်ကပ်ရန် ကပ္ပိယကာရကအားပေးလိုက်သင့်သည်။ ကျန်တပိုင်းကိုကျောင်းအုပ်ဘုန်းတော်ကြီးထံ စာတိုက်မှပို့သဆက်ကပ်သင့်သည်။

၂၀။ ။သုံးလတကြိမ်အလှူတော်သည်—

(၁) စာသင်ကျောင်းသုံး ပရိဘောဂ။
(၂) စာသင်ကိရိယာနှင့်ဆာများ။
(၃) စာသင်ကျောင်းကိစ္စနှင့်ပတ်သက်၍ အခြားလိုသောဝတ္ထုပစ္စည်းများ။
(၄) ဆင်းရဲသော ကျောင်းသားသူငယ်များကို ထောက်ပံ့ရန်ဝတ္ထုပစ္စည်းများနှင့်
(၅) ကျောင်းအုပ်ဘုန်းတော်ကြီးအလိုရှိရာ ပစ္စည်းလေးပါးအတွက်ဖြစ်သည်။

၂၁။ ။ဆင်းရဲသောကလေးများဖြစ်၍ ကျောင်းအုပ်ဘုန်းတော်ကြီးက မိမိကျောင်းတွင် ကျောင်းအိပ်ကျောင်းစားအဖြစ်နှင့် ကျွေးမွေးထားရကြောင်း လက်မှတ်ပေးသော ကလေးများ အတွက်၊ထမင်းစရိတ်အထောက်အပံ့ငွေ တယောက်ကို တနှစ်လျှင် ၁၀ ကျပ်ထောက်ပံ့သင့်သည်၊ ထိုအထောက်အပံ့အလှူငွေကိုလည်း အထက်ပါနည်းအတိုင်း ကျောင်းအုပ် ဘုန်းတော်ကြီးများ ညွှန်ကြားတော်မူကြသော ကပ္ပိယကာရကများကိုအပ်၍ လှူရန်သင့်သည်။

၂၂။ ။ဘုန်းတော်ကြီးကျောင်းများ၌ စာသင်ကျောင်းများဖွင့်လှစ်သော်၊ ဘုန်းတော်ကြီး များပင်အုပ်ချုပ်တော်မူကြမှပင် သင့်လျော်မည်။

၂၃။ ။အသိအမှတ်ပြုသော ဘုန်းတော်ကြီး စာသင်ကျောင်းများတွင် ဗုဒ္ဓဘာသာ သင် ခန်းစာများကို ကျောင်းအုပ်ဘုန်းတော်ကြီးများ၊ ကိုယ်တိုင်ပင် သင်ကြားပြသတော် မူကြရန် သင့်သည်။

၂၄။ ။ဘုန်းတော်ကြီးစာသင်ကျောင်းများအတွက် လက်ထောက်ဆရာများမှာ လူဆရာ နှင့် ရဟန်းဆရာနှစ်မျိုးစလုံးသင့်လျော်သည်။

၂၅။ ။ဘုန်းတော်ကြီးစာသင်ကျောင်းများအတွင်း လက်ထောက်ဆရာများကို ကျောင်း အုပ်ဘုန်းတော်ကြီးများကပင် ခန့်နိုင်သင့်သည်။

၂၆။ ။လူလက်ထောက်ဆရာများသည် ကျောင်းအုပ်ဘုန်းတော်ကြီးအား ဝိတ္ထာရပိဋ္ဋိန္တ ယတွင်ပါရှိသောပုံစံအတိုင်း ဝန်ခံချက်များပေးထားကြရသင့်သည်။ အကယ်၍ လူလက်ထောက် ဆရာ တယောက်ယောက်သည်၊ ဝန်ခံချက်ကိုဖျက်ပြီး ဘုန်းတော်ကြီး စာသင်ကျောင်းများနှင့် အပြိုင်စာသင်ကျောင်းထောင်လျှင်၊ ဒေသန္တရပညာရေးအဖွဲ့က သူ့ကျောင်းကိုအသိအမှတ်မပြု သင့်ချေ။

၂၇။ ။လူလက်ထောက်ဆရာများ၏ ပညာအရည် အချင်းနှင့် လခနှုန်း များမှာ အသိ အမှတ်ပြုသော အိမ်ကျောင်းလက်ထောက်ဆရာများအတွက် သတ်မှတ်သော ပညာအရည်အ ချင်းနှင့် လခနှုန်းအတိုင်းပင်ဖြစ်သင့်သည်။

၂၀။ ။လက်ထောက်ဆရာ ဘုန်းတော်ကြီးများအတွက်မှာ ပညာအရည် အချင်း တစုံ တရာသတ်မှတ်ရန်မလိုချေ။ ကျောင်းအုပ် ဘုန်းတော်ကြီးက အရည်အချင်းနှင့်ပြည့်စုံသည်၊ သင့် လျော်သည်ဟုခန့်လျှင် ခန့်သည့်အတိုင်းပြီးစေသင့်သည်။

၂၉။ ။၁၉၄၀ ပြည့်နှစ်၊ ဖေဖေါ်ဝါရီလအတွင်း အစီရင်ခံစာအရ၊ အလုပ်လက်မဲ့ဖြစ် နေသည့် လက်မှတ်ရ မြန်မာကျောင်းဆရာပေါင်း ၁၉၅၄ ယောက်ရှိနေသည်။ မြန်မာပြည်ပညာ ရေးဝန်ကြီးထံမှစာရင်းအရလည်း ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလတွင် အလုပ်လက်မဲ့ဖြစ်၍နေသော လက်မှတ်ရဆရာပေါင်း ၂၁၀၁ ယောက်ရှိနေသည်။ စံနစ်သစ်အရ အားပေးသော်လည်း တနှစ် လျှင် ဘုန်းတော်ကြီးကျောင်း တထောင်စီထက်ပို၍ အသိအမှတ်ပြုရမည်မဟုတ်ချေ။ ထို့ကြောင့် ပဥ္စမ ၂ နှစ်အတွင်းလက်မှတ်ရမြန်မာကျောင်းဆရာအများများရနိုင်လိမ့်မည်။သို့ရာတွင်နောင်နှစ်များ အတွက် တနှစ်လျှင် လက်မှတ်ရမြန်မာကျောင်းဆရာများ ၈၀၀ ခန့်စီရနိုင်အောင် မြန်မာဆရာ ဖြစ်သင်ကျောင်းများ၌ ကျောင်းသားများပို၍လက်ခံသင့်သည်။

၃၀။ ။လက်ထောက်ဆရာဘုန်းတော်ကြီးများ ဆရာဖြစ်အတတ်ကိုသင်ကြားတော်မူကြစေရန်စီမံဘို့မလိုချေ။

၃၁။ ။ပညာမဂ္ဂဇင်းကို ထွက်တိုင်းထွက်တိုင်း အစိုးရအသိအမှတ်ပြုသော ဘုန်းတော်ကြီးစာသင်ကျောင်းများအား တစောင်စီ လှူဒါန်းသင့်သည်။ ထိုမှတပါး ဦးထွန်းအောင်နှင့်ဦးဘိုးဆယ်၏ အကူအညီနှင့်ဦးချိုပြုလုပ်စီရင်သောဆရာလက်စွဲအကြံဉာဏ်ပေးစာအုပ် များကိုလည်း၊ အစိုးရသည် အသိအမှတ်ပြုသော ဘုန်းတော်ကြီးစာသင်ကျောင်းများအား တအုပ်စီ လှူဒါန်းသင့်သည်။

၃၂။ ။လက်ထောက်ဆရာ ဘုန်းတော်ကြီးများအား ပစ္စည်းလေးပါးအတွက် မငြိုမငြင်ဘဲ သမဏာမွေကိုအားထုတ်တော်မူနိုင်ကြစေရန် နိဗ္ဗဝတ်သား၍ ဒေသန္တရပညာရေးအဖွဲ့များက တလလျှင်ငွေ ၁၅ တန်စီ ဝတ္ထုပစ္စည်းများ လှူဒါန်းပူဇော်ရန် သင့်သည်။ လှူနည်းမှာ လက်ထောက်ဆရာဘုန်းတော်ကြီးအား ကပ္ပိယညွှန်းရန် လျှောက်ထားပြီးလျှင် ထိုဘုန်းတော်ကြီးက စာဖြင့်ညွှန်သော ကပ္ပိယကာရကအား အလှူငွေကိုအပ်၍လှူသင့်သည်။ ထိုသို့လှူသည့်အခါမှာ အလှူတော်ငွေကို လက်ခံရရှိကြောင်း ကပ္ပိယကာရကသည် လက်မှတ်ရေးထိုးလျှင် ပြီးစေသင့်သည်။ လက်ထောက်ဆရာဘုန်းတော်ကြီးသည် မည်သည့်နည်းနှင့်မျှ အလှူတော်ငွေကို လက်ခံရရှိကြောင်း လက်မှတ်မထိုးရသင့်ချေ။

အလှူတော်ငွေကို ကပ္ပိယကာရကအား အပ်သောအခါ ကပ္ပိယကာရကသည် ဝိတ္ထာရဝိနိစ္ဆယတွင်ပါသောပုံစံအတိုင်း ဘုန်းတော်ကြီးအား အလိုရှိသောအခါ မိမိထံတွင် ပစ္စည်းလေးပါးတို့ကိုတောင်းယူအလှူခံတော်မူပါရန် လျှောက်ထားသောလျှောက်လွှာဖြတ်ပိုင်း ၃ ခုတို့ကို လက်မှတ်ရေးထိုးရသင့်သည်။ ထိုဖြတ်ပိုင်း ၃ ခုအနက်၊ အရင်းပိုင်းကို ဒေသန္တရပညာရေးအဖွဲ့တွင်လက်ခံအဖြစ်နှင့် ထားသင့်သည်။ အခြားတပိုင်းကို ဘုန်းတော်ကြီးအား ဆက်ကပ်ရန် ကပ္ပိယကာရကအားပေးလိုက်သင့်သည်။ ကျန်တပိုင်းကို ဘုန်းတော်ကြီးထံ စာတိုက်မှ ပို့သင့်သည်။ ထိုမှတပါး ဒေသန္တရအဖွဲ့၏ကိုယ်စားလည်းသည်၊ ဝိတ္ထာရဝိနိစ္ဆယတွင်ပါသော ပုံစံအတိုင်း ကျောင်းအုပ်ဘုန်းတော်ကြီးအား အလိုရှိတော်မူရာပစ္စည်းလေးပါးကို ကပ္ပိယကာရကထံမှတောင်းယူအလှူခံတော်မူပါရန် လျှောက်လွှာဖြတ်ပိုင်း ၃ ခုပြုလုပ် လက်မှတ်ရေးပြီးလျှင် အရင်းတပိုင်းကိုဒေသန္တရပညာရေးအဖွဲ့ရုံးတွင် လက်ခံအဖြစ်နှင့်ထားသင့်သည်။ အခြားတပိုင်းကိုဘုန်းတော်ကြီးအား ဆက်ကပ်ရန် ကပ္ပိယကာရကအား ပေးလိုက်သင့်သည်၊ ကျန်တပိုင်းကို ဘုန်းတော်ကြီးထံစာတိုက်မှ ပို့သဆက်ကပ်သင့်သည်။

၃၃။ ။ဘုန်းတော်ကြီးစာသင်ကျောင်းများကို လက်ရှိဒေသန္တရပညာရေးအဖွဲ့များသည်၊ အစိုးရအာဏာပိုင်တို့အုပ်ချုပ်သည့်အနေမျိုးဖြင့်မဟုတ်ဘဲ သာသနာတော်၏အကျိုးအမျိုးသားပညာရေး၏အကျိုးစသည်တို့အတွက်၊ ကောင်းမြတ်သောမေတ္တာစေတနာဖြင့် ကူညီမစတော်မူကြသောအရှင်ကောင်းအရှင်မြတ်များ၏စာသင်ကျောင်းများကို ဒါယကာများကကောင်းသည်ထက်ကောင်းအောင် ကူညီစောင့်ရှောက်၍၊ ထောက်ပံ့ လှူဒါန်းသည့်အနေမျိုးဖြင့် သာလျှင်ထောက်ပံ့လှူဒါန်းကြသင့်သည်။

၃၄။ ။ဘုန်းတော်ကြီး စာသင်ကျောင်းများကို စံနစ်သစ်အရအားပေးသော်၊ မူလတန်းမြန်မာစာသင်ကျောင်းများ ပိုမိုများပြား၍လာမည်ဖြစ်သောကြောင့်၊ ထိုကျောင်းများကိုကြည့်ရှုစစ်ဆေးရန် ဒုတိယပညာအုပ်များခန့်ထားသင့်သည်။

သို့ရာတွင် မူလတန်းဘုန်းတော်ကြီး စာသင်ကျောင်းများတွင် ဗုဒ္ဓဘာသာသင်းခန်းစာကို ကျောင်းအုပ်ဘုန်းတော်ကြီးများ ညွှန်ကြားသော ၎င်းတို့နှင့်သိက္ခာဝါတူ၊ သို့မဟုတ် ၎င်းတို့ထက်သိက္ခာဝါကြီးသောဆရာတော်ကြီးများ စစ်ဆေးတော်မူကြသည့်အတိုင်းပြီးစေသင့်၏။

အိမ်ကျောင်းများတွင် ဗုဒ္ဓဘာသာသင်ခန်းစာကို အောက်တန်းများအတွက် ကျောင်းအုပ်များပင်စစ်ဆေးကြသင့်သည်။ စတုတ္ထတန်းအတွက်မှာလည်း ပညာရေးဌာန အရာရှိများစစ်ဆေးကြသင့်သည်။ ထိုအရာရှိများသည် ဗုဒ္ဓဘာသာသင်ခန်းစာများကို ကျွမ်းကျင်အောင်လေ့လာ၍ထားကြသင့်သည်။ မြန်မာဆရာဖြစ်သင် နော်မံကျောင်းများမှာလည်း ဗုဒ္ဓဘာသာသင်ခန်းစာနှင့် ဗုဒ္ဓဘာသာသင်ခန်းစာ သင်ပုံသင်နည်းများကိုအလေးဂရုပြု၍ ကျကျနနသင်ကြားပြသပြီးလျှင် စာမေးပွဲပြုလုပ်စစ်ဆေးသင့်သည်။

၃၅။ ။လက်ရှိ တိုင်းရင်းဘာသာ ပညာရေးကိုဥပဒေတွင် ပါရှိသော စကား အသုံးအနှုန်းနှင့် အစီအစဉ်များသည် ဘုန်းတော်ကြီးကျောင်းများနှင့် မသင့်လျော်လှချေ။ ထိုကိုဥပဒေကို ဘုန်းတော်ကြီးစာသင်ကျောင်းများအတွက် ဆက်သက်၍မသုံးဘဲ ဘုန်းတော်ကြီးစာသင်ကျောင်းများအတွက် ပညာရေးဌာနအရာရှိများနှင့် ပညာရေးဒေသန္တရအဖွဲ့များလိုက်နာကြရန်စည်းကမ်းဥပဒေများကို သီးခြားထုံးဖွဲ့သင့်သည်။ ဘုန်းတော်ကြီး စာသင်ကျောင်းများဆိုင်ရာဥပဒေစည်းကမ်းများကို အသစ်ထုံးဖွဲ့ရုံသာမက ဒေသန္တရပညာရေးအဖွဲ့များသည်လည်း ထိုကျောင်းများဆိုင်ရာ စာရင်းပုံစံသည်တို့ကို စုံစမ်းရေးအဖွဲ့နှင့် ဩဝါဒါစရိယဆရာတော်များ၏အကြံဉာဏ်ပေးချက်များနှင့် လျော်ညီစွာ စကားအသုံးအနှုန်း တို့ကိုပြုပြင်၍ သီးခြားစီမံပြီးလျှင်သုံးစွဲစေသင့်သည်။

ထိုသီးခြားထုံးဖွဲ့သောဥပဒေစည်းကမ်းများသည်၊ စုံစမ်းရေးအဖွဲ့နှင့် ဩဝါဒါစရိယ ဆရာတော်များပေးသော အကြံဉာဏ်များအတိုင်းဖြစ်သင့်သည်။ ထိုဥပဒေစည်းကမ်းများနှင့် ဂဏနာယကဆရာတော်များကို လျှောက်ပုံ၊ ကျောင်းထိုင်ဘုန်းတော်ကြီးများကို လျှောက်ပုံ၊ ကပ္ပိယကာရကများကိုညွှန်ကြားပုံအစရှိသော ပုံစံများပါရှိသည့် လက်စွဲစာအုပ်တခုကို အစိုးရကမြန်မာဘာသာဖြင့်ထုတ်သင့်သည်။

ထိုဥပဒေစာအုပ်များကိုလည်း အသိအမှတ်ပြုသောဘုန်းတော်ကြီးစာသင်ကျောင်းများကိုတအုပ်စီ လှူသင့်သည်။ အခြား ဘုန်းတော်ကြီးကျောင်းများက ထိုစာအုပ်များကို အလှူခံလျှင်လည်း၊ ဒေသန္တရပညာရေးအဖွဲ့များမှ လှူဒါန်းရရှိနိုင်ကြဘို့သင့်သည်။

၃၆။ ။အသစ်ထုံးဖွဲ့မည့် ဥပဒေစည်းကမ်းများမှာ ကျောင်းအုပ် ဘုန်းတော်ကြီးများ၏အပေါ်တွင် တာဝန်ထားခြင်း ချုပ်ချယ်ခြင်း၊ တစုံတရာမပါသင့်ချေ။ ကျောင်းသား လက်ခံစာရင်း၊ နေ့စဉ်ကျောင်းခေါ်ချိန်စာရင်း၊ လချုပ်စာရင်းစသည်တို့ကို ရေးမှတ်ပြုလုပ်ရန်မှာ လက်ထောက်ဆရာများ၏ တာဝန်သာဖြစ်စေသင့်သည်။ မည်သည့်စာရင်းကိုမဆို ဆိုင်ရာပညာရေးဌာနအရာရှိနှင့်ဒေသန္တရပညာရေးအဖွဲ့သို့ပို့ရန် တာဝန်ဝတ်တရားမှာ လူလက်ထောက် ဆရာ၏တာဝန်သာလျှင်ဖြစ်သင့်သည်။ လူလက်ထောက်ဆရာမရှိသော်၊ ကျောင်းအုပ် ဘုန်းတော်ကြီးညွှန်း၍ထားသော ကပ္ပိယကာရက၏တာဝန်သာလျှင်ဖြစ်သင့်သည်။

၃၇။ ။ကျောင်းအုပ်ဘုန်းကြီးများသည်၊ အံရပ်တပါးသို့မလွှဲမကင်းသာ၍ကြွသွားတော်မူလိုသောအခါ၊ မိမိနှင့် သီတင်းသုံးဘော် တပါးပါးကို ပန်ကြားပြီးလျှင် ကျောင်းသားများကိုဗုဒ္ဓဘာသာသင်ခန်းစာပြသဆုံးမရန် လွှဲအပ်၍သွားနိုင်သည်။ အကယ်၍ သီတင်းသုံးဘော်မရှိလျှင် လူလက်ထောက်ဆရာအား ပန်ကြားလွှဲအပ်၍ သွားနိုင်သင့်သည်။ ခရီးကြွသွားတော်မူလိုကြလျှင် ထိုသို့ ပန်ကြားလွှဲအပ်၍ သွားတော်မူကြလျှင် ကောင်းပါလိမ့်မည်ဘုရားဟု ဒေသန္တရပညာရေးအဖွဲ့များက ကြိုတင်၍လျှောက်ထားကြသင့်သည်။

ကျောင်းအုပ်ဘုန်းတော်ကြီးများသည်၊ ထိုသို့ပန်ကြားလွှဲအပ်၍ ခရီးကြွသွားတော်မူသောအခါ၊ မည်သည့်နေ့ရက်ကမည်သည့်ပုဂ္ဂိုလ်ကို ပန်ကြားလွှဲအပ်၍ခရီးထွက်တော်မူကြောင်းပြန်၍ရောက်တော်မူသောအခါလည်း၊ မည်သည့်နေ့ရက်တွင် ပြန်၍ရောက်တော်မူကြောင်း ဆိုင်ရာအဖွဲ့သို့ လူလက်ထောက်ဆရာက အံကြောင်းကြားသင့်သည်။ လူလက်ထောက်ဆရာမရှိလျှင်

ကျောင်းအုပ် ဘုန်းတော်ကြီး ညွှန်း၍ ထားသော ကပ္ပိယ ကာရကသည် အကြောင်းကြား သင့်သည်။

၃၀။ ။လက်ထောက်ဆရာ ဘုန်းတော်ကြီး များအား ပစ္စာနုဂ္ဂဟဖြစ်အောင် ပူဇော် ချီးမြှောက်ခြင်းသာဖြစ်သင့်ရကား၊ စာသင်သောရက်ပျက်သော်လည်း ပျက်သောရက်အတွက် လျှော့ပေါ့၍လှူရန် အလျှင်းမသင့်လျော်ချေ။

၃၉။ ။ကျောင်းအုပ်ဘုန်းတော်ကြီးများသည် မိမိတို့၏ သဘောအတိုင်း လက်ထောက် ဆရာ ဘုန်းတော်ကြီးများအား တနှစ်လျှင် ၁၅ ရက်အထိ အခွင့်ပေးနိုင်ကြဘို့သင့်သည်။ သို့ ရာတွင် အကြောင်းထူးမရှိလျှင် တကြိမ်ကို ၃ ရက်ထက်ပို၍အခွင့်ပေးကြရန် မသင့်ချေ။ လက် ထောက်ဆရာဘုန်းတော်ကြီးသည် ကျောင်းအုပ်ဘုန်းတော်ကြီးထံမှအခွင့်ပန်၍သွားသောအခါ ထိုလက်ထောက်ဆရာ ဘုန်းတော်ကြီးညွှန်း၍ ထားသော ကပ္ပိယယာရကသည်၊ ဆိုင်ရာအဖွဲ့ သို့ မိမိဆရာဘုန်းတော်ကြီးသည် ကျောင်းအုပ်ဘုန်းတော်ကြီးထံခွင့်ပန်ပြီး မည်သည့်နေ့ရက်က ခရီးထွက်တော်မူကြောင်း၊ ပြန်၍ရောက်သောအခါလည်း၊ မည်သည့်နေ့ရက်က ပြန်၍ ရောက် တော်မူကြောင်း အကြောင်းကြားရသင့်သည်။

၄၀။ ။ကျောင်းအုပ်ဘုန်းတော်ကြီး ကိုယ်တော်တိုင်က အသိအမှတ်ပြုခြင်း ထောက်ပံ့ လှူဒါန်းခြင်းတို့ကို လက်မခံလိုပြီးဖြစ်မှ၊ သို့မဟုတ် ကျောင်းတွင်နေစဉ် ကျောင်းတက်သော ကလေးအရေအတွက် ပျမ်းမျှခြင်း ၂၀ မရှိပြီးဖြစ်မှသာလျှင် ဘုန်းတော်ကြီးကျောင်းကို အသိ အမှတ်ပြုခြင်း၊ ထောက်ပံ့လှူဒါန်းခြင်း ရပ်စဲသင့်သည်။ အခြားအကြောင်း တစုံတရာကြောင့် ရပ်စဲလိုသော်၊ ဒေသန္တရပညာရေးအဖွဲ့သည် မြန်မာပြည်အစိုးရ၏သဘောတူညီချက်ကိုကြိုတင် ၍ ခံယူရရှိပြီးမှသာလျှင် ရပ်စဲသင့်သည်။

၄၁။ ။တနေ့လျှင် ၂ နာရီစီကျောင်းခေါ်ချိန်နှစ်ကြိမ်ရအောင်၊ ထိုနှစ်ကြိမ်ကြားမှလည်း အနည်းဆုံး နာရီဝက်အားလပ်ချိန်ရအောင်၊ ကျောင်းအုပ် ဘုန်းတော်ကြီးများ စီမံတော်မူကြ လျှင် ထိုစီမံပေးတော်မူချက်အတိုင်းသာလျှင် အတည်ဖြစ်သင့်သည်။

၄၂။ ။ကျောင်းတက်ရက်အရေအတွက်ကို မလျှော့စေဘဲ နွေအခါကျောင်းရက်ရှေ့ပိတ် ရန်ရက်များအစား၊ ကျောင်းသားမိဘများမှာ အလုပ်ကိစ္စများသည့်အခါ၊ သင့်လျော်ရာရက် များတွင် ကျောင်းအုပ်ဘုန်းတော်ကြီးများသည် မိမိတို့၏စာသင်ကျောင်းများကို ပိတ်နိုင်ကြသင့် သည်။

၄၃။ ။မြန်မာ့ဒသမတန်းစာမေးပွဲနှင့် အထက်တန်းစာမေးပွဲကိုအောင်မြင်ပြီးလျှင်၊ဆရာ အလုပ်သက် ၅ နှစ်ရပြီးဖြစ်သော ဗုဒ္ဓဘာသာ မြန်မာကျောင်းဆရာများကိုသာလျှင်၊ ဒုတိယ ပညာအုပ်များခန့်ရန်သင့်သည်။ ၎င်းတို့သည်လည်း ဆရာဖြစ်သင်နော်မံကျောင်းတွင် ဗုဒ္ဓဘာ သာ သင်ခန်းစာနှင့် ဗုဒ္ဓဘာသာ သင်ခန်းစာသင်ပုံ ပြပုံမှာ အောင်မြင်ခဲ့သူများ ဖြစ်ကြ သင့်သည်။

၄၄။ ။ဒုတိယပညာအုပ်များကိုလခငွေ ၈၀ မှ ၁၂၅ အထိတနှစ်လျှင် ၅-၈ တိုးနှင့်ပေး သင့်သည်။

၄၅။ ။ဘုန်းတော်ကြီး စာသင်ကျောင်းများတွင် စာသင်ကြားပြသခြင်း ကျကျနနရှိစေ ရန် လူလက်ထောက်ဆရာများသည် နေ့စဉ်ကျောင်းတက်ချိန်မစမီ မိမိတို့ကျောင်းသို့ ရောက် သောအချိန်ကို လက်မှတ်ရေးထိုးကြရသင့်သည်။ နေ့စဉ်ကျောင်းခေါ်ချိန်စာရင်းကိုရေးမှတ်ပြီး လျှင်၊ ဆိုင်ရာနေ့မှာပင် ကျောင်းအုပ်ဘုန်းတော်ကြီးထံ တင်ပြသင့်သည်။ နေ့စဉ်ဒိုင်ယာရီမှတ် တမ်းများ ကိုလည်း ရေးကြရသင့်သည်။ သင်နည်း မှတ်တမ်း ကိုလည်း ရေးသား ကြရ သင့်သည်။

၄၆။ ။စုံစမ်းရေးအဖွဲ့နှင့် ဩဝါဒါစရိယဆရာတော်များ အကြံဉာဏ်များပေးတော်မူကြသည့်အတိုင်း၊ ပြုပြင်ပြောင်းလွဲ၍ အစိုးရနှင့် ဒေသန္တရအဖွဲ့ဝင်များသည်၊ စနစ်ကျကျစီမံဆောင်ရွက်လျှင် စိတ်ရောကိုယ်ပါ ကူညီသော ကျောင်းဒါယကာ များလိမ့်မည်ဟု မြော်လင့်ဘွယ်ရှိသည်။ သို့ရာတွင် စာအုပ်စာသင်ကရိယာ၊ ကျောင်းသုံးပရိဘောဂများအတွက် စရိတ်ကာမိစေရန် လစဉ်ကြေးနှင့် သဒ္ဒါကြေးများ ကောက်ခံ၍ရနိုင်မည်မဟုတ်ချေ။ ဆင်းရဲသောကျောင်းသားများအတွက် ကျောက်သင်ပုန်း၊ ကျောက်တံ၊ စာအုပ်ခဲတံများနှင့် ၎င်းတို့ကို ကျွေးမွေး၍ထားရသောစရိတ်အတွက် သုံးလတကြိမ် အလှူတော်နှင့် ထမင်းစရိတ်အထောက်အပံ့ကို ဖြည့်စွက်ရန်သာလျှင် သဒ္ဒါကြေးများရနိုင်လိမ့်မည်။

၄၇။ ။မူလတန်းပညာရေး အက်ဥပဒေတည်သောရင်ကွက်များတွင်ထို ဥပဒေ၏ရည်ရွယ်ချက်အတိုင်း မူလတန်းဘုန်းတော်ကြီး စာသင်ကျောင်းများကို အသိအမှတ်ပြုသင့်သည်။ အသိအမှတ်ပြုရန်အလို့ငှါ နောက်ထပ်စည်းကမ်းတစုံတရာပြုဘွယ်မရှိပြီ။

၄၈။ ။ဘုန်းတော်ကြီး စာသင် ကျောင်းများကို အလယ်တန်းနှင့် အထက်တန်းများအတွက်လည်း အသိအမှတ်ပြုသင့်သည်။ သို့ရာတွင်သာမံအားဖြင့်အလယ်တန်းနှင့်အထက်တန်းများတွင်၊ ရဟန်းဆရာများသည် ဗုဒ္ဓဘာသာသင်ခန်းစာနှင့် မြန်မာစာမှတပါးအခြားသာဘာရပ်များကို သင်ကြားကြရဘို့မသင့်ချေ။

အထူးကျွမ်းကျင်သောရဟန်းဆရာများကိုမူကား၊ ကျောင်းအုပ်ဘုန်းတော်ကြီးက ထိုဘာသာများကို သင်ကြားရန်ခွင့်ပြုလိုသော် ခွင့်ပြုနိုင်၏။ တိုမှတပါး လှူဒါန်းထောက်ပံ့ပုံမှာမူလတန်းကျောင်းများအတွက် လှူဒါန်း ထောက်ပံ့သော မူအတိုင်းဖြစ်စေသင့်၏။

၄၉။ ။မူလတန်းကျောင်းသားသူငယ်များအတွက် ကျောင်းသုံးစာအုပ်များသည်၊ စက္ကူနှင့် စာ လုံးမှင်ကျကောင်းမွန်သပ်ရပ်၍၊ ကျောင်းသားသူငယ်များ ကိုင်တွယ်ဘတ်ရှုချင်စဘွယ်စာအုပ်များဖြစ်ကြသင့်သည်။

၅၀။ ။မူလတန်းအတွက် ကျောင်းသုံးစာအုပ်များကို ရွေးချယ်သောအဖွဲ့တွင် ထင်ရှားသော ဂိုဏ်းအားလုံးမှ ကိုယ်စားလှယ်ဆရာတော်တပါးစီဝါဝင်သောဩဝါဒါစရိယဆရာတော်များ၏အဖွဲ့ရှိထိုက်သည်။ လူအဖွဲ့ကကျောင်းသုံးစာအုပ်ဖြစ်ထိုက်သည်ဟုသဘောရသော စာအုပ်များကို ဩဝါဒါစရိယဆရာတော်များထံ ထင်မြင်ချက်ပေးသနားတော်မူကြပါရန်ဗို့သဆက်ကပ်သင့်သည်။ ဆရာတော်များက သင့်လျော်သည်ဟု ထင်မြင်ချက်ပေးသနားတော်မူကြမှသာလျှင် ထိုစာအုပ်များကို ကျောင်းသုံးစာအပ်များအဖြစ်ပြဋ္ဌာန်းသင့်သည်။ ယခုမူလတန်းကျောင်းသုံးစာအုပ်များအဖြစ်ပြဋ္ဌာန်းပြီးဖြစ်သော စာအုပ်များကိုလည်း၊ ဩဝါဒါစရိယဆရာတော်များထံတင်ပြပြီးလျှင် ဆရာတော်များကသင့်လျော်သည်ဟု ထောက်ခံတော်မူကြမှသာလျှင်၊ ထိုစာအုပ်များကို ကျောင်းသုံးစာအုပ်များအဖြစ်နှင့် ဆက်လက်၍ထားသင့်၏။

၅၁။ ။အလယ်တန်းနှင့်အထက်တန်းအတွက် ကျောင်းသုံးစာအုပ်များ အဘို့မှာလည်း၊ ဩဝါဒါစရိယဆရာတော်များရှိသင့်သည်သာဖြစ်၏။

၅၂။ ။ကျောင်းအုပ်များသည် မိမိတို့ကျောင်းများတွင်သုံးရန် ကျောင်းသုံးစာအုပ်များကိုအနည်းဆုံး ၃ နှစ်မကြာမှီမပြောင်းလွဲသင့်ကြချေ။

၅၃။ ။မူလတန်းကျောင်းသုံးစာအုပ်ရေးသော စာရေးဆရာများသည် မိမိတို့၏စာသားသည်၎င်း၊ဥဒါဟရဏ်စသည်တို့သည်၎င်း ၊ရဟန်းသုံးပါးနှင့်စပ်နိုင်သမျှ စပ်အောင်ရေးသားကြသင့်သည်၊

၅၄။ ။ဘုန်းတော်ကြီး စာသင်ကျောင်းများ၌ ပထဝီပညာကို သင်ကြားပြသရာတွင် ကမ္ဘာမြေကြီးသည် လုံးသည်လည်းသည်ဟု အမြွက်လောက်မျှမပါစေဘဲ မြေပုံ အလုံးကိုလည်း အလျှင်းမသုံးဘဲ သင်ကြားပြသင့်သည်။

၅၅။ ။အစိုးရစာပုံနှိပ်တိုက်၌ ပုံနှိပ်သောမူလတန်းဗုဒ္ဓဘာသာသင်ခန်းစာသည်၊ မူလတန်းကျောင်းသားများအတွက် အလွန်သင့်လျော်၏။ ထိုသင်ခန်းစာတွင် ပါဠိနှင့်အနက်များ အတော်အသင့်ပါ၏။ မူလတန်းကျောင်းသားများအတွက်လည်း ထိုမျှလောက်သာလျှင် သင့်လျော်၏။ ထိုမှတဆင့်တိုးပြီးလျှင်ပါဠိဘာသာကို မူလတန်းကျောင်းများ၌မသင်မနေရဟုပြဋ္ဌာန်းရန်မသင့်ချေ။

၅၆။ ။ဘုန်းတော်ကြီးကျောင်းများ၌ မြန်မာစာပေ ပညာသင်ကြားရေးကို လူကြိုက်များစေရန် မြန်မာသက်သက်တတ်သောသူများအား၊ ယခုထက်ပိုမို၍ အရေးအခွင့်ပေးသင့်သည်။ အစိုးရရုံး၊ဒေသန္တရရုံး၊အစရှိသည့်တို့၌ မြန်မာစာနှင့်မြန်မာစကားကို သုံးကြသင့်သည်။ ၎င်းတို့ကိုလုံးဝသုံး၍ ဖြစ်အောင်လည်း အထူးကြိုးစားသင့်သည်။ ယခုအခါအင်္ဂလိပ်စာလည်းတတ်မှရသော အရေးအခွင့်အားလုံးကို မြန်မာစာသက်သက်တတ်သောသူများ ရနိုင်သောအခြေသို့ရောက်မှကြေနပ်သင့်သည်။

၅၇။ ။ဘုန်းတော်ကြီးစာသင်ကျောင်းသစ်များတွင် အင်္ဂလိပ်စာကိုသင်ရန် အခွင့်အရေးပေးရမည့်အခါမဟုတ်ပြီ။ ပေးသော်လည်း အောင်မြင်မည်မဟုတ်ချေ။ ယခုခေတ်သည် မြန်မာစကားမြန်မာစာသက်သက်နှင့် ပညာအမျိုးမျိုးကို သင်ကြားပြီးလျှင်မည်သည့်အလုပ်အကိုင်ကို မဆိုလုပ်ကိုင်နိုင်ရန် စီမံရမည့်အခါဖြစ်သည်။

၅၈။ ။စုံစမ်းရေးအဖွဲ့နှင့် ဩဝါဒါစရိယဆရာတော်များပေးသော အကြံဉာဏ်များသည် လက်ရှိအသိအမှတ်ပြုပြီး ဘုန်းတော်ကြီးစာသင်ကျောင်းများနှင့် ဝိတ္ထာရဝိနစ္ဆယတွင်ပါရှိသော ချွင်းချက်များကို အထောက်အထားပြု၍စပ်ဆိုင်စေသင့်သည်။

၅၉။ ။မိန်းကလေးများအတွက် ချွင်းချက်ရှိသော်လည်း၊ကျောင်းအုပ်ဘုန်းတော်ကြီးက မိန်းကလေးများကို လက်မခံသည့်အပြင်၊ ဆိုင်ရာရပ်ရွာတွင်၎င်း၊ အနီးအနားတွင်၎င်း၊ မိန်းကလေးများအတွက် စာသင်ကျောင်းမရှိလျှင်၊ ကျောင်းတကျောင်းအတွက်လည်း မိန်းကလေး ၂၀ ထက်မနည်းရပုံပေါ်လျှင်၊ ဒေသန္တရပညာရေးအဖွဲ့က မိန်းကလေးကျောင်းတည်တောင်ရန် စီမံသင့်သည်။

၆၀။ ။အသစ်ဖွင့်ရမည့် မိန်းကလေးကျောင်းကို သီလရှင်အုပ်ချုပ်ရသော် သာ၍သင့်လျော်မည်။

၆၁။ ။သီလရှင်များ အုပ်ချုပ်သောကျောင်းများရှိလျှင် အုပ်ချုပ်သူများသည် သီလရှင်များဖြစ်မှုကြောင့် အသိအမှတ်မပြုနိုင် အထောက်အပံ့ပေးနိုင်ဟုမရှိသင့်ချေ။

၆၂။ ။မြန်မာပြည်အစိုးရသည် တနှစ်လျှင် ဘုန်းတော်ကြီး စာသင်ကျောင်းပေါင်း တထောင်ကျနှင့် ၁၀ နှစ်အတွင်း တသောင်း ထောက်ပံ့လှူဒါန်းနိုင်အောင် ၁၀ နှစ်ကိန်း ပြုလုပ်၍ ကုန်ကျမည့်စရိတ်ငွေအားလုံးကို ဒေသန္တရအဖွဲ့များအားထောက်ပံ့သင့်သည်။

၆၃။ ။အကယ်၍ အသိအမှတ်ပြုခြင်း ထောက်ပံ့လှူဒါန်းခြင်းကို အလိုရှိသော ဘုန်းတော်ကြီးစာသင်ကျောင်းများ များလွန်းသဖြင့် ငွေမလောက်နိုင်လျှင် တောရွာများမှာ ပိုပြီးအလျင်လို အရေးကြီးသည်အလျောက် မြို့ပေါ်ရှိ ဘုန်းတော်ကြီးစာသင်ကျောင်းများအား ထောက်ပံ့လှူဒါန်းခြင်းကို ဆိုင်း၍ထားနိုင်သည်။

၆၄။ ။ပညာရေးဆိုင်ရာ ဒေသန္တရရုံပုံငွေကို အရေးပိုင်မင်းများစီမံခန့်ခွဲရသောနယ်များမှာဘုန်းတော်ကြီးစာသင်ကျောင်းများကိုအာံပေးရာနှင့်ထိုကျောင်းများနှင့်စပ်လျဉ်း၍အရေးပိုင်မင်းများကို အကြံဉာဏ်နှင့်ကူညီရန် ဗုဒ္ဓဘာသာဝင်များသာပါဝင်သောအဖွဲ့တခုစီရှိသင့်သည်။

၆၅။ ။စတုတ္ထတန်း စာမေးပွဲများ အောင်မြင်ပြီးနောက်၊ မြန်မာကျောင်းများတွင် ပညာဆက်လက်သင်ကြားရန် ပညာသင်စရိတ် ထောက်ပံ့သော ကျောင်းသားအရေအတွက်ကို

ချီးမြှင့်သင့်သည်။ တိုးမြှင့်နိုင်အောင်လည်း မြန်မာပြည်အစိုးရသည် ဒေသန္တရပညာရေးအဖွဲ့များကိုငွေဖြင့်ကူညီသင့်သည်။

၆၆။ ။အသိအမှတ်မပြုရသော ဘုန်းတော်ကြီးကျောင်းများမှ ကျောင်းသားများအား စတုတ္ထတန်းစာမေးပွဲကို အလွတ်ပညာသင်များအနေဖြင့် ဝင်ရန်အခွင့်ပေးသင့်သည်။

၆၇။ ။မူလတန်းပညာမသင်မနေရ ဥပဒေတည်သောရပ်ကွက်များတွင် အသိအမှတ်မပြုရသော ဘုန်းတော်ကြီးကျောင်းများ၌၊ စာသင်၍နေကြသော အသက် ၆ နှစ်မှ ၁၁ နှစ်အတွင်း ကလေးများအတွက်မှာ ကျောင်းထိုင်ဘုန်းတော်ကြီးများက ထိုကလေးများသည် မိမိတို့ကျောင်း၌ စာသင်၍နေကြကြောင်း၊ ၎င်းတို့ကိုသင်ပြ၍ပေးနေသော ဗုဒ္ဓဘာသာသင်ခန်းစာ၊ မြန်မာစာနှင့်ဂဏန်းသင်္ချာသည်လည်း၊အသိအမှတ်ပြုသောမူလတန်းကျောင်းများတွင်သင်သော ပညာများအောက် မယုတ်လျော့ကြောင်း လက်မှတ်ပေးတော်မူကြလျှင်၊ ထိုကလေးများသည် ထိုအက်ဥပဒေမှကင်းလွတ်ခွင့်ရသင့်သည်။

၆၈။ ။ဘုန်းတော်ကြီးစာသင်ကျောင်းများ၊ ဒေသန္တရအဖွဲ့ပိုင်ကျောင်းများနှင့် အခြားဗုဒ္ဓဘာသာဝင်တို့ အုပ်သော စာသင်ကျောင်းများတွင်၊ အထက်တန်းနှင့် အလယ်တန်းများအတွက်လည်း ကျောင်းသားများသည် ဗုဒ္ဓဘာသာသင်ခန်းစာကို မအောင်လျှင် အတန်းမတက်ရဟု ပြဋ္ဌာန်းသင့်သည်။ အခြားကျောင်းများတွင် အလယ်တန်းများအတွက် ဗုဒ္ဓဘာသာသင်ခန်းစာနှင့်ညီမျှအောင် အင်္ဂလိပ်သင်္ချာနှင့် ဂဲဩမေဋ္ဌရီကို မအောင်လျှင် အတန်းမတက်ရဟု ပြန်၍ပြဋ္ဌာန်းသင့်သည်။ အထက်တန်းများအတွက်မှာ ဗုဒ္ဓဘာသာသင်ခန်းစာကို အပိုဘာသာတရပ် အဖြစ်နှင့် ထည့်သွင်းပြီးလျှင်၊ ဗုဒ္ဓဘာသာကျောင်းသားများ အတွက်မှာ ထိုအပိုဘာသာကိုမယူဘဲမရှိစေရဟု ပညတ်သင့်သည်။ထိုသို့ပညတ်သော်လည်း ဘုန်းတော်ကြီးစာသင်ကျောင်းများ၌ ပထမဝင်အစား၊ ပါဠိဘာသာကိုသင်ကြားနိုင်သေး၍၊ ကျောင်းသားတယောက်တည်းပင် ဗုဒ္ဓဘာသာသင်ခန်းစာအပြင်၊ပါဠိကိုလည်းယူနိုင်သေးကြောင်းသတိချပ်သင့်သည်။

၆၉။ ။သြဝါဒကထာနှင့် အစီရင်ခံစာကို ပုံရိုက်ပြီးလျှင်—

(က) ဘုန်းတော်ကြီးကျောင်းအားလုံး၊

(ခ) ဒေသန္တရအဖွဲ့အားလုံး၊

(ဂ) ဒေသန္တရပညာရေးအဖွဲ့အားလုံး၊

(ဃ) စုံစမ်းရေးအဖွဲ့နှင့် သြဝါဒစရိယဆရာတော်များ ရှေ့မှောက်တွင်လာရောက်၍ကိုယ်တိုင်အကြံဉာဏ်ပေးကြသောသက်သေများအားလုံး

တို့အားတအုပ်စီလှူဒါန်းဝေငှသင့်သည်။

၇၀။ ။ထို့ပြင် သြဝါဒကထာနှင့် အစီရင်ခံစာကို ပြည်သူပြည်သားအများ အလွယ်တကူဝယ်ယူဘတ်ရှုနိုင်ကြစေရန် အဘိုးချိုသာစွာနှင့်ရောင်းသင့်သည်။ ဤအရာ၌ စာမျက်နှာ ၆၄၀ ရှိသော ၁၉၃၆ ခုနှစ်၊ တိုင်းရင်းဘာသာပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေးပြုပြင်စီမံမှု ကော်မီတီအစီရင်ခံစာ မြန်မာဘာသာပြန်ကို တအုပ်လျှင် အဘိုးငွေတကျပ်နှင့်သာ ရောင်းခဲ့ခြင်းကိုသတိပြုသင့်သည်။

---

## ပဉ္စမကဏ္ဍ—နိဂုံး။

ဘုန်းတော်ကြီးကျောင်းများ၌ လောကုတ္တရာတရားစာများနှင့် ဘက်တွဲ၍ လောကီဗဟုသုတပညာများကို သင်ကြားကြပါရန် စီမံဘို့ရာမှာ အလွန်ခက်ခဲသောကိစ္စကြီးဖြစ်၏။ ခက်ခဲသောကိစ္စကြီးဖြစ်ကြောင်းကိုလည်း၊ ကောဇာသက္ကရာဇ် ၁၂၂၅-၂၆ ခုနှစ်၊တွင် တိုင်းရင်း

ဘာသာပညာပြန့်ပွါးရေး အစီအစဉ်တခုကို ဖန်တီးသော မဟာဝန်ရှင်တော်မင်းကြီး ဆာအာသာဖယ်ယာသည် သိမြင်တော်မူခဲ့၏။ ထိုသို့သိမြင်တော်မူသည့်အတွက်ဘုန်းတော်ကြီးများအားထိုကဲ့သို့ကျောင်းသားသူငယ်များအား သင်ကြားပြသဆုံးမတော်မူကြပါရန် လျှောက်ထားရာတွင် ဉာဏ်ပညာအမြော်အမြင်နှင့် လိမ်လိမ်မာမာလျှောက်ထားကြမှသာလျှင် အောင်မြင်လိမ့်မည်ဟု၍ ရေးသားညွှန်ကြားခဲ့လေသည်။ ထိုရေးသားညွှန်ကြားချက်အတိုင်း အစိုးရအရာရှိများနှစ်ပေါင်း ၅၀ တိုင်တိုင် ကြိုးစားဆောင်ရွက်ခဲ့ကြသော်လည်း၊ အောင်မြင်သင့်သလောက်မအောင်မြင်ဘဲရှိခဲ့လေသည်။

သို့အတွက် ကောဇာသက္ကရာဇ် ၁၂၀၅ ခုနှစ်တွင်၊ တိုင်းရင်းဘာသာ ပညာရေးကော်မတီအဖွဲ့တဖွဲ့သည် စိတ်ပျက်ပြီးလျှင်၊ ဘုန်းတော်ကြီး စာသင်ကျောင်းများကို အသိအမှတ်ပြု၍ ထောက်ပံ့လှူဒါန်းရန် အထူးကြိုးစားသောနည်းစံနစ်သည်နှစ်ပေါင်း ၅၀ တိုင်တိုင်မအောင်မမြင်ခဲ့ပြီးလျှင်၊ နောင်အနှစ် ၅၀ အတွင်းလည်း အောင်မြင်လိမ့်မည်ဟု မြော်လင့်ဘွယ်ရာအကြောင်း နိမိတ်တစုံတရာမထင်ကြောင်း သို့အတွက် ဘုန်းတော်ကြီးကျောင်းများကိုအထူးအားကိုးသောနည်းစံနစ်ကို စွန့်လွှတ်ရန်သင့်ကြောင်း စသည်တို့ကို အစီရင်ခံခဲ့ရလေသည်။ (ထိုကော်မီတီအစီရင်ခံစာအပိုဒ် ၁၁ ကိုကြည့်ပါ) ထို့နောက်ကောဇာသက္ကရာဇ် ၁၂၉၇ ခုနှစ်၊ တိုင်းရင်းဘာသာပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရေးပြုပြင်စီမံမှုကော်မီတီသည် နှစ်ပေါင်း ၇၀ အတွင်း ဤကျောင်းများကို ထိထိရောက်ရောက်ကူညီထောက်ပံ့ရန် ကိစ္စကြီးမှာ၊အစိုးရမင်းတို့၏ ရှိရင်းအာဏာဖြင့်သော်၎င်း၊ဩဇာဖြင့်သော်၎င်းဆောင်ရွက်ခြင်းမှာ မစွမ်းနိုင်ခဲ့ချေဟု ရေးသားအစီရင်ခံကြရပြန်လေသည်။ (ထိုကော်မီတီ၏အစီရင်ခံစာအပိုဒ် ၁၉၅ ကိုကြည့်ပါ)။

၁၉၃၉-၄၀ ပြည့်နှစ်၊ မြန်မာပြည်ပညာသင်ကြားရေး နှစ်ချုပ်အစီရင်ခံစာ စာမျက်နှာ ၄၁ မှာလည်း၊ ဘုန်းတော်ကြီးစာသင်ကျောင်းများကို အသိအမှတ်ပြုသောစာသင်ကျောင်းအစီအစဉ်တွင်ပါဝင်နိုင်ကြစေရန်မှာ အစိုးရသည်နှစ်ပေါင်း ၇၀ ကျော် ဖြစ်မြောက်အောင်မရှင်းလင်းမဆောင်ရွက်နိုင်ခဲ့သောကိစ္စကြီးတရပ်အဖြစ်နှင့်ကျန်ရှိ၍နေသေးကြောင်းညည်းညူချက်ပါရှိသေးသည်။

စုံစမ်းရေးအဖွဲ့ဝင်များနှင့် ဩဝါဒါစရိယဆရာတော်များသည်။ မိမိတို့အကြံဉာဏ်ပေးရမည့်ကိစ္စသည် ခက်ခဲပုံကို ကောင်းစွာသိတော်မူကြ၏။ ကောဇာသက္ကရာဇ် ၁၂၃၂ ခု-၃၆ ခုနှစ်များအတွင်း၊ မဟာဝန်ရှင်တော်မင်းကြီး ဆာ အက်ရှလီအေဒင် ကြေညာသည့်အတိုင်း ဘုန်းတော်ကြီးကျောင်းများ အင်အားဆုတ်ယုတ်ပျက်ပြားလျှင် မြန်မာပြည်၏ဘာသာရေးနှင့် ပညာရေးများစွာနစ်နာလိမ့်မည်ဟူ၍လည်း စုံစမ်းရေးအဖွဲ့ဝင်များနှင့် ဩဝါဒါစရိယဆရာတော်များသည်သဘောတူညီတော်မူကြ၏။

သို့နှင့်စုံစမ်းရေးအဖွဲ့ဝင်များနှင့်ဩဝါဒါစရိယ ဆရာတော်များသည် (၁) ဘုန်းတော်ကြီးကျောင်းများကလည်း ကလေးသူငယ်များကို လောကုတ္တရာတရားစာများနှင့် ဘက်တွဲ၍လောကီဗဟုသုတပညာများကို သင်ကြားပြသနိုင်အောင်၊ (၂) ကလေးသူငယ်တို့၏ မိဘများသည်လည်း မိမိတို့၏ကလေးများကိုဘုန်းတော်ကြီးကျောင်းများတွင် ထားချင်ကြသည်သာမကထားလည်းထားနိုင်ကြအောင်၊ (၃) ဒေသန္တရအဖွဲ့များကလည်း ဘုန်းတော်ကြီးကျောင်းများကိုထောက်ပံ့လှူဒါန်းနိုင်အောင်၊ (၄) မြန်မာပြည်အစိုးရမှာလည်း ပြည်သူတို့၏အခွန်တော်ငွေထဲမှ စရိတ်ငွေကုန်ကျိုးနပ်လေအောင်၊ (၅) ဗုဒ္ဓဘာသာ သာသနာတော်နှင့် မြန်မာအမျိုးသားတို့သည်လည်း ကြီးပွါးထွန်းကားလေအောင် ကြံဆောင်ကြိုးစား၍၊ အကြံဉာဏ်များပေးတော်မူကြ၏။ ထိုအကြံဉာဏ်များအတိုင်း လိုက်နာကြလျှင် ရွှေအိုးကြီးရတနာသားမျက်နှာကိုကောင်းစွာမြင်ရပါလို၏ဟူသော ဆုတောင်းပြည့်ဘိသကဲ့သို့၊ မြန်မာပြည်တွင် ရှေးမြန်မာဘုရင်

မင်းမြတ်တို့၏လက်ထက်တော်အခါကကဲ့သို့ ဘုန်းတော်ကြီးကျောင်းများစည်ကားကြလိမ့်မည်၊ ဗုဒ္ဓဘာသာ သာသနာတော် ထွန်းလင်းတောက်ပလိမ့်မည်၊ မြန်မာစာပေပညာ ထွန်းကား တိုးတက်လိမ့်မည်၊ မြန်မာအမျိုးသားများ တနေ့တခြားကြီးပွါးကြလိမ့်မည်ဟူ၍ စုံစမ်းရေးအဖွဲ့ဝင်များနှင့် ဩဝါဒါစရိယဆရာတော်များ ယုံကြည်တော်မူကြ၏။ ထိုသို့ယုံကြည်တော်မူကြသည့်အတိုင်း အစိုးရနှင့်ရဟန်းရှင်လူပြည်သူအများ ထိုအကြံဉာဏ်များကိုလက်ခံ၍ ဆောဆောလျင်လျင် လိုက်နာဆောင်ရွက်ကြလိမ့်မည်ဟု မြော်လင့်တော်မူကြ၏။

G.U.B.C.P.O.—No. 32, Secy. Edu., 9-4-48— 1,000—IV.